www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဗိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅-၈၃

ရှင်မြတ်နိုး
ကိုကို့ကိုချစ်လို့/ရှင်မြတ်နိုး၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၂၇၂)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ကိုကို့ကိုချစ်လို့


အခန်း ( ၁ )

"အန်တီသူသူ ကိုကိုရှိလား ..."

"ဪ ... အေး ရှိတယ် ... လာလေ သမီးလေး ရွှေမှုံရဲ့"

တံခါးဝမှာရပ်ပြီး မျက်ဝန်းလေးတွေ ဝင့်ရမ်းကြည့်ရင်း အထဲသို့ ခြေကလေးစောင့်ကာ ဝင်ခဲ့သည်။ ရွှေမှုံရဲ့အပြုအမူကို အန်တီသူက ကြည့်ပြီး အပြုံးတွေနှင့် ခေါင်းလေးကိုညိတ်ရင်း ...

"ရွှေမှုံရဲ့လေး ဘာဖြစ်လာတာလဲ ... နှုတ်ခမ်းကြီးက စုထော်လို့ ... ကိုကိုနဲ့စိတ်ကောက်ပြန်ပြီလား ... ပြောလေ ... အန်တီသူကို ပြောပြပါဦး ..."

အန်တီသူ့ကို အဖြေမပေးဘဲ ခပ်ပေပေကလေးနှင့် ငြိမ်သက်နေမိသည်။ ပြီးတော့ ဆိုဖာလွတ်တစ်ခုတွင် ဝင်ထိုင်ပြီး လက်သည်းလေးနှင့် ဆိုဖာအား ထိုးဆွနေမိ၏။ အန်တီသူကလည်း သူမအနားမှာ ဝင်ထိုင်သည်။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို ဘာတွေများကိုကိုက စိတ်ကောက်အောင် လုပ်လိုက်ပြန်ပြီလဲ ... ပြောစမ်း ..."

"ဘာမှမဖြစ်ပါဘူး မေမေရာ ... ဒီနေ့ သားက သူငယ်ချင်းတွေနဲ့ချိန်းထားတာကို ရွှေမှုံက လိုက်ချင်တယ်တဲ့လေ၊ ယောကျ်ားလေးတွေပဲ သွားကြမှာ လိုက်လို့ဖြစ်မလား ... ဒီတစ်ခါတော့ လုံးဝလက်မခံဘူး၊ စိတ်ကောက်ပြနေလည်း အလကားပဲ ... မခေါ်ဘူး"

"မရပါဘူးနော် ... ရွှေမှုံလိုက်မှာပဲ တစ်ယောက်ထဲသွားလည်း ရတာပဲဟာ ... ဘာဖြစ်လဲ ... ကမ္ဘာပေါ်မှာ တစ်ယောက်ထဲနေတာက အင်အားအကြီးဆုံးပဲတဲ့"

"ဘာပြောတယ် ရွှေမှုံနော် ... နင်ကလေးပဲရှိသေးတယ်၊ ကြီးကြီးကျယ်ကျယ်တွေ ပြောမနေနဲ့ ... နင့်ကိုယ်နင် ဘာထင်နေလဲ၊ မရဘူး ... နင်တစ်ယောက်ထဲသွားရင် နင့်အိမ်ကို ငါသွားတိုင်ပြီပဲ"

"ကိုကိုနော်"

သူမကို ကလေးဟုခေါ်တာ နည်းနည်းလေးမှ မကြိုက်ပါဘူး။ ရွှေမှုံက ငယ်တဲ့အရွယ်လား။ ဘာကလေးလဲ ... ကိုကိုတမင်နှိမ်ခေါ်တာပါ။ ရွှေမှုံရဲ့က အသက်ဆယ့်ရှစ်နှစ်ပြည့်သွားတာ ကြာပြီ။ အရပ်ကမြင့်မြင့်မားမား ဖွံ့ထွားတဲ့ခန္ဓာကိုယ်အချိုးအစားလေးနဲ့ သိပ်ပြီးချောမောပြီး ချစ်စရာကောင်းတယ်လို့ လူအများက ချီးမွမ်း





လောက်တဲ့ မျက်နှာလေးလည်း ပိုင်ဆိုင်ထားတယ် ... ပြီးတော့လေ အလွန်တရာ ခံစားလွယ်တဲ့ ထူးဆန်းတဲ့နှလုံးသားလေးလည်း ရွှေမှုံ့ရင်ဘတ်ထဲမှာ ရှိသေးတယ်။ အဲဒီနှလုံးသားအစုံလေးထဲမှာလေ။

"နင်က မိန်းကလေး ယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းနေလို့ မရဘူး ... အန်တီသော်ကိုတော့ ပြောပြရမယ်၊ ရွှေမှုံရဲ့က အရွယ်ရောက်နေပြီ ထိန်းလို့ ..."

"ဘာပြောတယ် ... စောစောက ကိုကိုပြောတော့ ကလေးဆို ..."

"တိတ်စမ်း ..."

ကိုကို့ကြည့်ရတာ ရွှေမှုံလိုက်မှာကို သေမလောက်ကြောက်လန့်နေပုံပင်။ ဘာကြောက်စရာရှိလို့လဲ ... ရွှေမှုံနဲ့ကိုကိုက ငယ်ငယ်လေးထဲက အိမ်ချင်းကပ်နေထိုင်လာခဲ့ကြသူတွေပဲ။ တစ်အိမ်နှင့်တစ်အိမ် ဆွေမျိုးအရင်းအချာတွေလို နေထိုင်လာခဲ့ကြသည်။ ကိုကိုနှင့်က တတွဲတွဲ။ ဘာဖြစ်လဲ ... ဘာမသင့်တော်စရာရှိလဲ။ ကိုကိုက ထူးထူးဆန်းဆန်း တူးတူးခါးခါး ငြင်းဆန်နေသေး၏။ ရွှေမှုံ နည်းနည်းလေးမှ မကျေနပ်မိ။ ကိုကိုသွားလေရာကို ငယ်စဉ်လေးထဲက တကောက်ကောက်နှင့် ရွှေမှုံလိုက်နေကျ ဖြစ်သည်။

"ရွှေမှုံကတော့ ကိုကိုသွားလေရာကို လိုက်ရမှကျေနပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နော် ကိုကို ဘာဖြစ်တာလဲကွာ ... ညီမလေးတစ်ယောက်ထဲ မနေတတ်ဘူးဆိုတာ ကိုကိုအသိသားနဲ့ ...”

ရွှေမှုံ တမင်ညှုချွဲချွဲလေးနှင့် ကန့်ကရလေး ပြောလိုက်သဖြင့် ကိုကို မျက်ဝန်းတောက်တောက်တွေနှင့် ဆတ်ခနဲ မော့ကြည့်သည်။ ရွှေမှုံအရွယ်ရောက်နေပြီ။ အပျိုကြီးဖားဖားဖြစ်နေပြီဆိုတာ ကိုကို လက်ခံလာလို့ မဟုတ်လား။

“ကဲပါသားရယ် ... မင်းနဲ့ရွှေမှုံလေးတို့က ဒီလိုပဲ တတွဲတွဲ သွားလာနေကျပဲလေ ... ရွှေမှုံက မင်းသွားလေးရာတကောက်ကောက်လိုက်ရမှ ကျေနပ်တာလေ ... ကိုယ့်ညီမလေးပဲဟာ ... ခေါ်သွားလိုက်တော့ ...”

မေမေကို အကူအညီတောင်းကာမှ ပိုဆိုးနေသည်။ မေမေက အမြဲတမ်း ရွှေမှုံဘက်ကပဲ ရပ်တည်ပေးတတ်၏။ ရွှေမှုံအရွယ်ရောက်နေပြီ ကလေးမဟုတ်တော့။ ဟိုကောင်တွေက နောက်ပြောင်၍ သူ့ကိုယောက်ဖခေါ်တာမျိုး။ အခုတလော သူလက်မခံနိုင်ဘဲ ဒေါသတွေက ပေါက်ကွဲချင်သည်။

“မဖြစ်ပါဘူး မေမေရာ ... ဒီကောင်မလေး လိုက်လို့ကို မဖြစ်ပါဘူးဗျာ ... ရှုပ်တယ်”

“ဖြစ်တယ် ... အန်တီသူသူ၊ ကိုကိုက မခေါ်ချင်တာ သူ ရည်းစားကောင်မလေးပါလို့ ရွှေမှုံကို မခေါ်ချင်တာဖြစ်မှာပေါ့”





“ဘာတွေလာပြောနေတာလဲ ရွှေမှုံရဲ့ ... ယောက်ျားလေးတွေ တစ်အုပ်ကြီးထဲမှာ မိန်းကလေးက တစ်ယောက်ထဲ ... ပတ်ဝန်းကျင်က နင့်ကို ဘာပြောမလဲဟ”

“အို ... ဘာပြောရမှာလဲ၊ ကိုကိုနဲ့ရွှေမှုံကို ဘာထင်ထင်လေ ပြောချင်တာပြော ... ရွှေမှုံ လုံးဝ ဂရုမစိုက်ဘူး”

“တော်စမ်းပါ ... နင့်ကိုပြောလိုက်ရင် ဒီလိုကြီးပဲ”

ရွှေမှုံက ကိုကိုနဲ့ရွှေမှုံကို ရည်းစားတွေထင်ရင် ပိုတောင်ကြိုက်သေးတယ်။ ကိုကို့မျက်နှာကြီးက သုန်သုန်မှုန်မှုန်နဲ့ ရွှေမှုံကတော့ မကြောက်ပေါင်။ ရယ်ချင်နေသည်။ ကိုကို့မေမေ အန်တီသူသူကပြုံးပြီး အိမ်ထဲထဝင်သွားတော့၏။ ခေါ်သွားလိုက်ပါသားရယ်ဟုလည်း ပြောသွားသေးသည်။

“ရွှေမှုံ”

“ဟင်”

“နင် ငါ့စကားကို နားထောင်ပြီး တည်တည်ငြိမ်ငြိမ် မိန်းကလေးပီပီသသနေမယ်ဆိုရင်တော့ လိုက်ခဲ့တော့”

“ဟယ် ... တကယ်နော်၊ ဒါဆို ရွှေမှုံအလှသွားပြင်မယ်”

“ဘာ”

“ဟိုလေ ... လူမြင်ကောင်းအောင်တော့ နည်းနည်းပါးပါး သပ်သပ်ရပ်ရပ်လေး ဝတ်စားပြင်ဆင်မယ်လို့ ပြောတာပါ ကိုကိုရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"သွား ... သွား ... မြန်မြန်နော်၊ ငါလာခေါ်မယ် ... နင် အရမ်းအကြာကြီး အလှတွေပြင်နေရင်တော့ မစောင့်ဘူး၊ ထားခဲ့မယ်"

"အင်းပါ"

သူမ ပျော်ရွှင်စွာ ခုန်ပေါက်ထွက်လာခဲ့သည်။ ထုံးစံအတိုင်းပဲ ရွှေမှုံ အနိုင်ရလိုက်သဖြင့် ခုန်ပေါက်ပျော်မြူးနေ၏။ ကိုကိုဘက်က အမြဲတမ်းပဲ အလျှော့ပေးနေကျပါ။ ကိုကို့မျက်နှာကြီး ဘယ်လောက်ပဲ သုန်မှုံနေပါစေ၊ သူမကတော့ ဝမ်းသာကျေနပ်မိသည်။ အိမ်ပြန်ရောက်တော့ ရေချိုးခန်းထဲဝင်ပြီး အလျင်အမြန်ရေချိုးပြင်ဆင်နေမိ၏။ မေမေက အထဲဝင်လာသည်။

"ဟဲ့ ... ချစ်သမီး ... ဒါက ဘယ်ကိုသွားဦးမလို့လဲ၊ နေပူကြီးထဲကပြန်လာပြီး ရေချိုးရသတဲ့လား ... ဘာတွေအလောတကြီးပြင်ဆင်နေရတာလဲဟ ... မေမေ့ကို ပြောပြပါဦး"

"ရုပ်ရှင်သွားမလို့လေ"

"ဘာ ... ဘယ်သူနဲ့လဲ ချစ်သမီးရယ် ... ညည်းလေး ထူးထူးခြားခြား အလှတွေပြင်နေတယ် ... ချစ်သမီး ဘာပဲလုပ်လုပ် မေမေ့ကိုတိုင်ပင်မယ်လို့ ပြောထားတယ်နော်"

"ကိုကိုနဲ့ပါ ... ဒါတောင် ကိုကိုစိတ်ပုတ်လာခေါ်တာမဟုတ်ဘူး ... အန်တီသူသူက အတင်းတိုက်တွန်းလို့ပါမေမေရာ၊





ရွှေမှုံအကြီးအကျယ် ပြဿနာရှာပစ်တာလေ ... အဲဒီတော့မှ ခေါ်မယ်တဲ့"

"ဩော် ... သမီးရယ် ... ကိုကိုက ယောက်ျားလေးသူငယ်ချင်းတွေနဲ့ သွားမှာမဟုတ်လားကွယ်၊ သမီးက ဘာလိုက်လုပ်မှာလဲ ... ကိုကို လွတ်လွတ်လပ်လပ်သွားပါစေ"

"မေမေ မသိပါဘူး ... အခုတလော ကိုကိုက ချစ်သမီးကိုရှောင်ဖယ် ရှောင်ဖယ်လုပ်နေတာလေ ... အမြတ်ကတ်လို့လိုက်တာ အမူအယာတွေလည်း အရမ်းပျက်နေတယ်၊ ရည်းစားများရှိနေပြီလားပဲ"

သမီးလေးအရွယ်ရောက်နေပြီပဲ။ ကိုကိုက သမီးကိုစောင့်ရှောက်ပေးနေသူပါ။ ညီမလေးတစ်ယောက်လို့သို့ သဘောထားခဲ့သည်။ ဒါပေမဲ့ ... သမီးက တောင်ဆိုးမလေးပဲ။ ကလေးတစ်ယောက်လို ဂျီကျပြီး အလိုက်ကန်းဆိုးမသိ သူမဖြစ်ချင်တာကိုပဲ တဇွတ်ထိုး လုပ်ပစ်တတ်၏။ မိမိကလည်း ဖဘဆိုးလေးမို့ အလိုလိုက်ထားသဖြင့် မပြောသာ။ ချစ်သမီးလေးမျက်နှာညှိုးနေရင်တောင် မနေတတ်။ အရာရာ သမီးသဘောဆန္ဒတွေအတိုင်းပဲ ဖြစ်စေရသည်။

"ချစ်သမီးလေးရယ် ... ကိုကို့ကို မနှောက်ယှက်တာကောင်းမယ်ထင်တယ် ... သမီးလေးအကြောင်း မေမေ အသိဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါနော်”

ဟင့်အင်း … မေမေက ရွှေမှုံ့အကြောင်း မသိပါဘူး။ မေမေသိတာက ရွှေမှုံကိုကောင်ဆိုးမလေး၊ ကိုကို့အပေါ် အနိုင်ကျင့်ဗိုလ်ကျနေတတ်တဲ့ကောင်မလေးလို့ သိတာမဟုတ်လား။ သူမမျက်နှာလေး ညှိုးငယ်သွားသဖြင့် မေမေက ပြာပြာသလဲနှင့်ပြောသည်။

“ကဲပါ … ချစ်သမီးလေးက လိုက်ချင်တာမဟုတ်လား၊ မြန်မြန်ပြင်တော့ … ဘာပဲဖြစ်ဖြစ် ကိုကို့စကားကိုနားထောင်နော် ပြန်လာလို့ ကိုကိုက တိုင်တောသံတွေ မကြားချင်ဘူး … ကိုကို့ကိုလည်း မနှောက်ယှက်ရဘူး … လိမ်မာပါ”

“အင်းပါ … ရွှေမှုံ သိပါတယ်၊ မေမေက တစ်မျိုး … ”

“အမလေး ရွှေမှုံရယ် … ပြင်ဆင်ပါတော့၊ ကိုကိုစောင့်နေရဦးမယ် … တော်ပါပြီ”

မေမေ ရယ်မောရင်း လက်ကလေးမြှောက်ပြကာ ပြန်ထွက်သွားလေသည်။ ရွှေမှုံ ငယ်စဉ်လေးထဲက ဖေဖေဆုံးသွား၍ မေမေပဲ စီးပွားရှာဖွေကျွေးမွေးစောင့်ရှောက်ရင်း ရွှေမှုံအား အလိုလိုက်အကြိုက်ဆောင်ပေးနေခဲ့သည်။ ကိုကို့မိဘတွေကလည်း ငယ်သူငယ်ချင်းတွေပီပီ ရွှေမှုံတို့သားအမိအား ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြ၏။ ကိုကိုနှင့်ယှဉ်ရင်တောင် ရွှေမှုံ့ဘက်ကပဲ လိုက်၍အသာပေးခဲ့သည်။ ကိုကိုက သိပ်မကျေနပ်။ တစ်ခါတရံ ကိုကိုက မခံမရပ်နိုင်





ဖြစ်၍ ထပေါက်ကွဲလျှင် ကိုကိုပဲ အရိုက်ခံရတတ်သည်။

“ကောင်းတယ် … ကောင်းတယ် … အရိုက်ခံရတာ ပျော်တယ် … ဟား ဟား ဟား … ”

ရွှေမှုံ လက်ခုပ်လက်ဝါးတီး၍ ရယ်မောခဲ့သည်။ ကိုကိုက ငယ်စဉ်ထဲကပင် သူမအား ချဉ်ဖတ်ဟု မကြားတကြားလေးခေါ်တတ်သည်။ ထိုအခါမျိုးတွင် ရွှေမှုံ အသံပြဲကြီးနှင့် ငိုယို၍ လူကြီးတွေကို တိုင်ပစ်တတ်၏။ ကိုကိုပဲ နားပူအောင် အဆူခံရသည်၊

“ညီမလေးကို သားက အလိုလိုက်ရမယ် … မင်းကအကြီးလေ၊ သည်းခံရမယ်သား … မသင်းသီရိတို့သားအမိကို မေမေတို့စောင့်ရှောက်ရမယ် … မင်းဒီလိုနေထိုင်ရတာ ရွှေမှုံ့မိဘတွေကြောင့်ပဲသား … ဒုက္ခတွေရောက်နေတဲ့ ဖေဖေ့ကို သူတို့က အရင်းအနှီးတွေထုတ်ပေးပြီး ကြည့်ရှုလာခဲ့တယ်လေ … ကျေးဇူးရှိတယ်”

ကိုကို့ ဘာတတ်နိုင်တော့မလဲ။ ကိုကို့မှာလည်း အဖော်မရှိလို့လားမသိပါဘူး။ သည်းခံပေးခဲ့သည်။ ရွှေမှုံက မိခင်လက်ပေါ်မှာထက် ကိုကို့မိဘတွေလက်ပေါ်မှာ ကြီးပြင်းလာရတဲ့အချိန်က များခဲ့၏။ ရွှေမှုံ ပျော်ရွှင်မှုက ကိုကို့မိဘတွေအတွက် အရေးအကြီးဆုံးပဲဟု သတ်မှတ်ထားခဲ့လေသည်။

“တီ … တီ … ”

“တီ … ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုကိုလာပြီထင်တယ်၊ အမလေး ... ဒုက္ခပါပဲ၊ နှုတ်ခမ်းနီဆိုးဖို့ ကျန်သေးတယ်၊ မှန်တောင်ကြည့်ရတာ မဝသေးဘူး ကိုကိုကလဲလေ မြန်လိုက်တာ အကျင့်ပုတ်ပြီထင်တယ်"

ရွှေမှုံ ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး ကိုကိုထားခဲ့မှာလည်း ကြောက်ရသေးတယ်။ အလှအပ ပြင်တာလည်း အဆုံးသတ်ရသေးသည်။

"ချစ်သမီးလေးရေ ... အပြင်မှာ ကိုကိုရောက်လာပြီ ထွက်ခဲ့တော့လေ ... မပြီးသေးဘူးလား"

"ပြီးပါပြီ မေမေ ..."

သူမ အပြင်သို့ပြေးထွက်လာပြီး ဒေါက်အမြင့်ကြီးနှင့် ကြိုးသိုင်းဖိနပ်ကို ကပျာကယာ စီးရသည်။

"မေမေရေ သွားပြီနော် ..."

"အေး ..."

မေမေ့ကို အကျယ်ကြီးအော်ဟစ်နှုတ်ဆက်ကာ ခြံထဲမှာ ရပ်ထားတဲ့ ကိုကို့ကားရှေ့ခန်းမှာ အခန့်သားဝင်ထိုင်သည်။ ကိုကို့ မျက်နှာကြီးက တည်တည်တင်းတင်း ပုတ်သိုးသိုးနဲ့ ရွှေမှုံက နည်းနည်းလေးမှ ဂရုမစိုက်ပါဘူး။ အပြုံးတွေ အရယ်တွေနှင့်။

"ဒရိုင်ဘာကြီး မောင်းတော့လေ ... ဘာလဲ မိုးပေါ်ကနေ





နတ်သမီးလေးကျလာတယ်ထင်လို့လား မှင်သက်မိသွားပြီလား"

ကိုကိုက ဘာမှမပြောပေ။ သူမ အလှအပတွေကိုလည်း လှည့်၍ပင်မကြည့်။ ရှုတည်တည်နှင့် ကားစက်ကိုနှိုးသည်။

"ကိုကို"

"ဘာလဲ"

"သူငယ်ချင်းတွေလည်း ပါတယ်ဆို ..."

ကိုကို ဘာဖြစ်နေတာလဲ။ သူမကို အရေးအရာလုပ်၍ပင် စကားမပြော။ အရေးထဲက ကားက နှိုးမရ။ ကိုကို ဒေါသတွေဖြစ်နေပုံပင်။ စိတ်ပျက်တယ်ဗျာ ... ဒီကားက ဘာတွေဖောက်ပြန်ပြီလဲ တဲ့။ မာလိုက်တဲ့ လေသံတွေ။

"ကားက ဘာဖြစ်တာလဲကိုကို ... ဖယ်စမ်းပါ ရွှေမှုံနှိုးပေးမယ်"

"မင်း ဘာတတ်လို့လဲ ရွှေမှုံရ ... နေရာဝကာ ဆရာကြီး ဝင်မလုပ်ချင်နဲ့၊ ကားအကြောင်း မင်းက ဘာသိလို့လဲ"

"ဟွန်း ... ကျွန်မလည်း ကားမောင်းသင်ထားတာလေ၊ အမေ့က စိတ်မချသေးလို့ မမောင်းရတာပါ၊ ကားအကြောင်းလေ့လာထားပါတယ်"

"တော်စမ်းပါ ... မင်း ငါ့နောက်ကိုလိုက်ချင်ရင် စကားများဘဲ တိတ်တိတ်လေးနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

သူမနှုတ်ခမ်းလေးကို စုထော်ထော်ပြုစ်ပြီး ကိုကို့အား မျက်စောင်းလေး ထိုးပစ်လိုက်သည်။ ဘာကြီးလဲဟ … အခြောက်တိုက်ရန်လိုနေတာပဲ။ ရွှေမှုံလိုက်လာတာကိုများ ကိုကို့အတွက် ကြီးစွာသော အဟန့်အတားကြီးလို့ထင်နေတာလား။ ရွှေမှုံ ငြိမ်နေလိုက်သည်။ ကိုကိုထားခဲ့မှာလဲ ကြောက်ရသေးတယ်။ ပြောမယ့်သာ ပြောရတာ အစ်ကိုအပေါ် ရွှေမှုံ ဘယ်လောက်ပဲအနိုင်ယူ ဗိုလ်ကျခဲ့ပါစေ။ ကိုကို့ဘက်မှ စိတ်ဆိုးစိတ်ကောက်ပြီး ရွှေမှုံ့အား တစ်ယောက်ထဲထားခဲ့မှာကိုတော့ အစိုးရိမ်အကြောင့်ကျဆုံးဆိုတာ ရွှေမှုံ့နှလုံးသားကို ရွှေမှုံ အသိဆုံးပဲဖြစ်လေသည်။

+++

အခန်း ( ၂ )

"ဟင် … ကိုကို စောစောကပြောတော့ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်မယ်ဆို၊ အခု ဒီထဲဝင်ပြီး ဘာလုပ်မလို့လဲဟင်"

"ဟုတ်တယ် … စောစောကတော့ ရုပ်ရှင်ကြည့်မလို့ဘဲ၊ ဒါပေမဲ့ … အခု ပြောင်းသွားပြီလေ၊ ဆံပင်ညှပ်မယ် ခေါင်းလျှော်မယ်၊ ပြီးရင် ပြန်မယ် … မင်းကတော့ သဘောပဲ၊ ဆင်းချင်ဆင်း၊ ကားထဲမှာပဲထိုင်ချင်ထိုင် … သွားပြီ … ဘိုင် … "

စကားအဆုံးတွင် ကိုကိုကားပေါ်ကနေ ဆင်းလိုက်သည်။ စိတ်ပုတ်မ ရွှေမှုံရဲ့ နေခဲ့တော့။ မင်းတစ်သက်လုံး ငါ့အပေါ် အနိုင်ကျင့်ချင်တာ။ သူလုံးဝ သည်းမခံနိုင်တော့ပေ။ မေမေ မသိအောင် အခန်းထဲဝင်ပြီး သူငယ်ချင်းတွေကို အစီအစဉ်ပျက်ကြောင်း ဖုန်းဆက်ထားလိုက်၏။ ရွှေမှုံရဲ့ကြောင့် အစီအစဉ်တွေပျက်ရတာ။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုနေသည်။ ဒီအရူပ်မလေးကြောင့်ပေါ့။ ရွှေမှုံရံနဲ့သူငယ်ချင်းတွေက စနောက်ကြမယ်။ သူ့ကို ယောက်ဖလို့ခေါ်တာ မကြိုက်ဆုံးပင်။ သိပ်လိုက်ချင်တဲ့ ဟာမလေး။

"နင့်ကို ပညာပေးရမယ် ရွှေမှုံရံ ... ငါ့မှာ လွတ်လပ်ခွင့်ဆိုတာ မရှိဘူး ... လူကြီးမိဘတွေက မင်းကို အရေးပေးလွန်းတယ်၊ အမြင်ကတ်စရာကောင်းလိုက်တာကွာ"

သူ တမင်အမြင်ကတ်လို့လုပ်ပစ်လိုက်ခြင်း ဖြစ်သည်။ ရယ်စရာတော့ အကောင်းသား။ ရွှေမှုံရံ မျက်နှာလေးမှာ မိတ်ကပ်တွေ အဖွေးသားနှင့် နှုတ်ခမ်းနီကလည်း ဆိုးထားသေးသည်။ အပျိုစား ဝတ်စားလာ၏။ ဝတ်ထားတာလည်း ကြည့်ဦး။ ဝေါင်တံတွေ အထင်းသားပေါ်နေတဲ့ အသားကပ်ဘောင်းဘီရှည်အကြပ်နဲ့ ထိုင်နေပေဦးတော့ ရွှေမှုံရံရေ။

"မင်းလိုက်ချင်ဦးလေ ... ဒီမှာ လူလည်းစောင့်ရဦးမယ်၊ မင်းကို ပညာကောင်းကောင်း ပေးရလိမ့်မယ်"

သူ သော့ကိုလည်း ယူဆောင်လာခဲ့သည်။ ဒီကောင်မလေး ကားမောင်းထွက်သွားမှာလည်း ကြောက်ရ၏။ သူဆိုင်ထဲဝင်လာခဲ့သည်။

"ခဏလောက် ထိုင်စောင့်ပေးပါရှင် ... လူများနေလို့ပါ"

"ရတယ် ... အေးဆေးပဲ"



ကိုကို ဂျာနယ်တစ်စောင်ကိုဖတ်ပြီး အေးအေးသက်သာပဲ စောင့်နေမိသည်။ ခုထိတော့ ဒီကောင်မလေး လိုက်ဝင်မလာသေးဘူး။ နေလေ ... မင်းစိတ်ကောက်ချင်သလောက်ကောက် ဒါကတော့ ချော့မယ်မထင်နဲ့။ အကြာကြီးစောင့်ပြီးမှ သူ့အလှည့်ရောက်လာသည်။

"အစ်ကို ချောချောလေး လာပါ ... "

ဆံပင်ညှပ်မယ့်ကောင်လေးတစ်ယောက်က ခေါ်သည်။ သူဝင်ထိုင်လိုက်၏။ ခေါင်းလျှော် ဆံပင်ညှပ်ပြီး ဆိုဖာခက်တီတစ်လုံးမှာ ဝင်ထိုင်နေလိုက်သေးသည်။

"ဒီကောင်မလေး ဘာဖြစ်လို့ ဆင်းမလာရတာလဲ ... နေစမ်း ... "

ကားပေါ်မှာ စိတ်ကောက်ပြီး ဆင်းမလာတာဘဲဖြစ်မည်။ နေပေါ့ ... သိပ်လိုက်ချင်တဲ့ကောင်မလေး။ ငယ်ငယ်ကလိုက်တာ ပြောချင်ပေမယ့် ဒီအရွယ်ကြီးအထိ သူ့နောက်တကောက်ကောက် လိုက်နေတာတော့ မဟုတ်သေးဘူး။ မှတ်လောက်သားလောက်အောင် ပညာပေးရမယ်။ အိမ်ပြန်ရောက်ရင် အကြီးအကျယ် ပြဿနာရှာနိုင်သည်။

"မတတ်နိုင်ဘူး ရွှေမှုံရံ ... မင်းကို ပညာပေးရမှာပဲ ပြဿနာရှာချင်သလောက်ရှာ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ ကားစက်ပိတ်ခဲ့လို့ အဲကွန်းလည်း ဖွင့်လို့ရမှာမဟုတ်။ အိုက်စပ်ပူလောင်နေလောက်ပြီ။ အလှအပတွေပြင်ပြီး မင်းက ငါ့ကို မြူဆွယ်ဖြားယောင်းဖို့ ကြံစည်တာလား။ ဒါမှမဟုတ် ငါ့သူငယ်ချင်းတွေကိုပဲ မင်းပြင်ဆင်ထားသမျှ အလကားဖြစ်ရပြီ။ ကောင်းတယ်ကွာ ...

"စိတ်ပုတ်မ ... အလကားနေရင်း ငါးမိနစ်တစ်ခါ စိတ်ကောက်နေတယ်"

ရွှေမှုံရံက စိတ်ကောက်မြန်ပေမယ့် ဓဏလေးအတွင်းမှာပင် ဘာမှမဖြစ်သလို စိတ်ပြေလည်းမြန်သည်။ သူ အကြာကြီးစောင့်ပြီးမှ ကျသင့်ငွေရှင်းကာ ဆိုင်ထဲကနေ အပြင်သို့ပြန်ထွက်လာခဲ့သည်။

"ဟင်"

သူ အပြင်ရောက်လာသောအခါ ကိုယ့်မျက်လုံးတွေကိုပင် ကိုယ်မယုံနိုင်လောက်အောင် ဖြစ်သွားရလေသည်။ သူ့ကားပါကင်ထိုးထားသောနေရာတွင် ကားမရှိတော့။ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားရပြီး ကားအစောင့်ကောင်လေးထံ ပြေးသွား၍မေးသည်။

"ဩော် ... ဒီနေရာမှာရပ်ထားတဲ့ ကားအနက်ရောင်လေးလား၊ အစ်မချောချောလေးတစ်ယောက် မောင်းထွက်သွားပါတယ်၊ အစ်ကိုရောက်လာရင် ဒီစာလေး ပေးလိုက်ပါတဲ့ ... ရော ..."

"ဟင် ..."





ပြောပြောဆိုဆိုနှင့် ကောင်လေးက သူ့အိတ်လေးထဲမှ စာလေးကို ထုတ်ပေးသည်။ သိချင်စိတ်တွေ ပြင်းပြစွာ စာလေးကို အခန်းကတန်း ဖွင့်ဖတ်မိ၏။ လှပဝိုင်းစက်နေတဲ့ လက်ရေးလေးတွေကြားထဲမှာ ဟားတိုက်ရယ်မောလှောင်ပြောင်မှုတွေ ရောထွေးနေသည်ဟု သူထင်မိသွားရသည်။

"ကိုကို

ရွှေမှုံ ကားကို မောင်းယူသွားပါပြီ။ ရုပ်ရှင်ကြည့်ပြီးပြန်လာရင် ကိုကို့ကို ပြောပြမှာပါ။ ရုပ်ရှင်ရုံမှာ ကိုကို့သူငယ်ချင်းတွေနဲ့လည်း တွေ့နိုင်တယ်လေ။ ရုပ်ရှင်ကို အသေအချာကြည့်ခဲ့ပါ့မယ်၊ အန်တီသူက မေးရင် ပြောပြနိုင်အောင်လို့ပါ ...

ကိုကိုကတော့ အရင်ပြန်နှင့်ပြီး ရွှေမှုံတို့လာမ်းထိပ်ကနေ စောင့်နေပါ။ အတူတူပြန်မလာရင် ကိုကိုပဲ အဆူခံရမှာစိုးရိမ်လို့ပါ။

ဒါဝါပဲ

ရွှေမှုံရံ

PS. ကားသော့ အပိုတစ်ချောင်း အန်တီသူ့ဆီက တောင်းလာခဲ့ပါတယ်။ ကိုကိုအကျင့်ယုတ်မှာကို သိနေလို့ပါနော်"

ကြည့်စမ်း ...

ဘယ်လောက်ဆိုးတဲ့ကောင်မလေးလဲလို့။

သူကတော့ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်နေပြီလို့ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ။ အခုတော့ ရွှေမှုံရဲ့ လူလည်လုပ်တာ ခံလိုက်ရသည်။

"တောက် … ခံလိုက်ရပြန်ပြီ … "

မိုးမြင့်ထွဋ်ရေဒီတစ်ခါလည်း မင်းခံလိုက်ရပြီ မဟုတ်လား။ ဒါကြောင့် စိတ်ထဲက ထင်မိသားပဲ။ ဒီကောင်မလေး ငြိမ်ချက်သား ကောင်းနေတာ မဟုတ်သေးပါဘူးလို့။ ရွှေမှုံရဲ့ ဒီလောက်အထိ လူလည်ကျလိမ့်မည်ဟု ထင်မထားမိ။ ခံပြင်းစရာကောင်းသည်။

"လုပ်ထားဦးပေါ့ ရွှေမှုံရဲ့ … မတတ်နိုင်တော့ဘူးလေ၊ လမ်းထိပ်ကပဲ စောင့်ရတော့မှာပေါ့"

အတူတူပြန်မလာခဲ့ရင်လည်း မေမေက ပွက်လောရိုက်အောင် ဆူတော့မည်။ သူ အတွားကားနှင့်ပြန်လာခဲ့ရလေသည်။

ရွှေမှုံရုံကတော့ ကိုကို့ကားနှင့် ရုပ်ရှင်ရုံကို ရောက်လာခဲ့ရာတွင် ရုံရှေ့မှာတော်တော်လေး ဒုက္ခရောက်ရသည်။ ကောင်လေးတွေကလဲ ရိသဲ့သဲ့နှင့် စနောက်လာကြ၏။ သူမကို ဝိုင်းကြည့်နေကြတဲ့လူတွေကလဲ အများကြီးပဲ။ ရုပ်ရှင်မင်းသမီးလေးလားတဲ့။ ရွှေမှုံ စိတ်ကိုချုပ်တီးပြီး ရုပ်ရှင်လက်မှတ်ရောင်းတဲ့ ကောင်တာအပေါက်မှာ လက်မှတ်ဝယ်သည်။ တစ်ယောက်ထဲ လက်မှတ်ဝယ်ကြည့်တာ ပထမဆုံးပါ။

"ကိုကိုကြောင့်သိလား … ရှင်ကြီးထားခဲ့လို့လေ၊ ထင်သားပဲ … ရွှေမှုံက တော်းငအမှ မဟုတ်တာ အကျင့်ပုတ်ကြီး … "





အရင်ကဆို ရုပ်ရှင်ကြည့်လျှင် မိသားစုနှင့်ပဲကြည့်သည်။ ကိုကိုတို့ မိသားစုနဲ့ ရွှေမှုံတို့ မိသားစုကတော့ အမြဲတမ်း ရုပ်ရှင်ဝါသနာအိုးတွေ။ တမင် ကိုကို့ကို အရွဲ့တိုက်ပြချင်လို့ တစ်ယောက်ထဲလာခဲ့ပြီးမှ စိတ်ထဲမှာ ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့် တကာယ့်ကိုကြောင်စီစီနှင့် စိတ်ညစ်လာရသည်။

"သတ္တိရှိစမ်းပါ ရွှေမှုံရဲ့ … နင် နောက်ဆို တစ်ယောက်ထဲပဲ သွားလာလှုပ်ရှားရတော့မှာလေ၊ ဟွန်း … ကိုကို့ကို နင်ကသာ သံယောဇဉ်တွယ်တာရတာပါ။ ကိုကိုကတော့ နင့်ဆို အရုပ်ထုတ်မလေး သတ်မှတ်ထားတာပါ"

ကိုကို့အကြောင်း တွေးမိလျှင် သူမအရမ်းကို ဝမ်းနည်းကြေကွဲလာရသည်။

လူဆိုး …

ရွှေမှုံအပေါ် သံယောဇဉ်မဲ့လွန်းတယ်။ ငယ်ငယ်လေးကမှ တတွဲတွဲနေထိုင်သေးတယ်။ အခု ကိုကိုမျက်နှာထားကြီး ထင်းပြီး ရှောင်နေတတ်သည်။

"မဖြစ်မနေ ကြည့်ပစ်မယ် … တစ်ယောက်ထဲလဲ ဘာဖြစ်လဲ ကြည့်မယ် … လူတွေအများကြီး ရှိနေတာပဲလေ ဘာကြောက်စရာရှိလို့လဲ"

သူမစိတ်ကို အားတင်းပြီး ရုပ်ရှင်လက်မှတ်လေးနှင့် စားစရာ



www.burmeseclassic.com

www.burmeseclassic.com



မုန့်ထုတ်တွေကို တပွေ့တပိုက် ဆုပ်ကိုင်ရင်း ရုပ်ရှင်ရုံထဲသို့ ဝင်လာခဲ့သည်။ တကယ်တော့ အင်္ဂလိပ်ကားကို ရွှေမှုံစိတ်ဝင်စား၍မဟုတ်။ ကိုကို့ကို အရွဲ့တိုက်ပြချင်လို့ပါ။ ကိုကို သူငယ်ချင်းတွေနှင့် တွေ့လျှင်တော့ အပြတ်တွဲပြစ်မယ်။ ရွှေမှုံ့မှာ ကိုကိုတစ်ယောက်ထဲအဖော်ရှိတာ မဟုတ်ဘူးဆိုတာ ပြရမယ်။

"ကိုကို အခုလောက်ဆိုရင်တော့ ဆိုင်အပြင်ပြန်ထွက်လာလောက်ပြီ၊ အဟိ ... သူကားကြီးမရှိတော့ရင် ဘယ်လောက်များစိတ်ပူပြီး ဒေါသဖြစ်လိုက်မလဲ ... ရယ်ချင်လိုက်တာ၊ ရွှေမှုံ့ရဲ့ကိုဒီလို လာပညာပြလို့ ဘယ်ရမလဲ ... ကိုမိုးမြင့်ထွန်းရဲ့"

သူမက လူရှင်းမယ်ထင်ရတဲ့ ဈေးအကြီးဆုံးအပေါ်ထပ်ကို ဝယ်လိုက်သည်။ တစ်ယောက်ထဲဆိုတော့ နည်းနည်းလေးကြောက်ချင်နေ၏။ ရပါတယ် ... ရွှေမှုံပဲ။ သူမကို ရုပ်ရှင်ရုံဝန်ထမ်းက လမ်းပြသည်။

"ညီမခုံက ဒီမှာပါ"

"ဩော် ... အေး ... အေး"

သူမ ဝင်ထိုင်သည်။ ဝန်ထမ်းက သူမအနားက မသွားသေးဘဲ ရပ်ကြည့်နေသေး၍ သူမက မျက်နှာထားလေးကို တင်းပစ်လိုက်သည်။ မိန်းကလေးတစ်ယောက်ထဲဆိုပြီး အထင်လာမသေးနဲ့နော်။ သူမ အကြည့်ကို လွှဲပစ်သည်။





"ညီမက တစ်ယောက်ထဲလာကြည့်တာလား"

"ရှင် ..."

"ဩော် ... အဖော်ပါသေးလားလို့ပါ"

"မပါဘူး ... ဘာဖြစ်လို့လဲ"

ရွှေမှုံ လေသံမာမာ တင်းတင်းနှင့် ပြောပစ်လိုက်သည်။

"ဒီမှာ မဝယ်သင့်ဘူး၊ ဒါက ချစ်သူရည်းစားစုံတွဲတွေ ကြည့်တာပါ ... ဟိုမှာ ..."

သူမ ပတ်ဝန်းကျင်ကိုကြည့်မိတော့ အတွဲတွေ။ တချို့က ဖက်တောင်နေသေးတယ်။ အမလေး ... ရွှေမှုံ့ခန္ဓာကိုယ်လေး တုန်တုန်လှုပ်လှုပ်နှင့် ကြောက်လန့်သွားရသည်။

"ညီမလေး တစ်ယောက်ထဲဆိုရင် မသင့်တော်ဘူး ... ညီမဘေးမှာလည်း ဘယ်သူရောက်လာမလဲ မသိဘူးလေ"

"အို ... ဟုတ်လား၊ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမလဲဟင်"

"ရုပ်ရှင်ကလဲ ပြတော့မယ်၊ ကြည့်လိုက်ပါညီမ ... တစ်ခုခုဖြစ်ရင် ပြန်ထွက်လာခဲ့လေ၊ အစ်ကိုတို့လည်းရှိပါတယ်၊ လူတော့မပြည့်ပါဘူး"

"ဟုတ် ... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်နော်"

ဝန်ထမ်းအစ်ကိုကြီးက စေတနာနှင့်ပြောဆိုသတိပေးနေမှန်း ရွှေမှုံ သိနေသည်။ ရုပ်ရှင်ကလည်း ပြတော့မယ်။ ပြန်မထွက်

www.burmeseclassic.com



ချင်။ လူတွေက ရှုပ်ယှက်ခတ်နေကာ ရွှေမှုံကတော့ သူမဘေးမှာ လွတ်နေတဲ့ ထိုင်ခုံမှာ ယောကျ်ားလေး မလာပါစေနဲ့ဟု ဆုတောင်းနေရသည်။

"ကိုကို့ကို ရွှေမှိတာမှားပြီထင်တယ်၊ ချွေးတောင်ပျံချင်လာပြီ ... ကိုကို့ကြောင့် သူများကို မခေါ်ချင်ဘူး၊ ပြီးတော့ အကျင့်က ပုတ်သေးတယ် ... ရှင်သိမယ်"

ရွှေမှုံတစ်ယောက်ထဲ အားငယ်နေရကာ ကိုကို့ကိုပဲ ဒေါသဖြစ်ရသည်။ စုံတွဲတွေက တဖွဲဖွဲဝင်လာကြ၏။ ရွှေမှုံပတ်ဝန်းကျင်မှာက အတွဲတွေချည်းပဲ။ အမလေး ... တစ်ယောက်ကိုတစ်ယောက် နမ်းတော့မတတ်။ ရွှေမှုံ မကြည့်ရဲ။

"အချစ်ရယ် ... မောင့်ကို ချစ်လားပြောစမ်းပါကွာ၊ မောင့်ကို အရမ်းချစ်တယ်လို့ မြန်မြန်ပြောကွာ ... မောင်က အတင်းနမ်းပစ်မှာ"

အမလေး ... သေပါပြီ။ ဘယ်လိုလုပ်ရတော့မလဲ။ ရွှေမှုံ ထွက်ပြေးချင်လာသည်။ ခန္ဓာကိုယ်လေးက မကြွ။ ရှက်တာရော ကြောက်တာရောပဲ။ ကိုကို့နဲ့သာဆိုရင် မတွေးရဲတော့ပါဘူး။ ရှက်စရာကြီး ... ရွှေမှုံ မလှုပ်ရဲ။

"ဒီဘေးခုံမှာ လူမလာပါစေနဲ့ ... လာရင်လည်း ယောကျ်ားလေးမဖြစ်ပါစေနဲ့"





ရွှေမှုံ ခန္ဓာကိုယ်လေးအား ငြိမ်ငြိမ်သက်သက် အသက်ကိုပင် ရဲရဲမရှူဝံ့တော့ဘဲ ဆုတောင်းနေသည်။

"အမလေး ... မီးမှောင်ချလိုက်ပြီ ပတ်ဝန်းကျင် ... ကြောက်လိုက်တာ ... ရွှေမှုံရယ် နှင်ဟာလေ လုပ်လိုက်ရင် ဒီလိုချည်းပဲ"

ကိုယ့်ကိုယ်ကိုလည်း အပြစ်တွေတင်မိနေသည်။ ကိုကို့နဲ့ အတူတူ ဆိုင်ထဲဝင်လိုက်သွားတာမှ ကောင်းဦးမယ်။ ရှက်လို့သေတော့မယ်ထင်တယ်။ အတွဲတွေ ... အတွဲတွေ လောလောဆယ် အထိတော့ သူမဘေးသို့ လူလာမထိုင်သေးပေ၊ မလာပါစေနဲ့ ... ရုပ်ရှင်က စပြတော့မယ်။ နိုင်ငံတော်အလံကိုပင် ပြနေပြီ။ သူမ ထပြီး အလေးပြုသည်။

"ရွှေမှုံတော့ ကိုကို့ကို ရွှေပြမိတာ မှားပြီထင်တယ် ... အတွဲတွေ ဘာတွေပြောနေကြမှန်းမသိဘူး ... နားရှက်တယ်"

သူမ တစ်ယောက်ထဲ ငုတ်တုတ်လေးပြန်ထိုင်ပြီး ပတ်ဝန်းကျင်ထိုင်ခုံမှာ လူမလာစေနဲ့ဟု မျက်စိကိုမှိတ်ပြီး ဆုတောင်းရသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကလေး ... ဒါ ခုံနံပါတ်( ) မဟုတ်လား"

ရုပ်ရှင်ကားက စပြနေပြီမို့ အသံက သိပ်မကြားရပေ။ ပခုံးကိုတို့ကာ အသံကျယ်ကျယ်လေး မေးလာ၍ ရွှေမှုံ ထိတ်ခနဲဖြစ်သွားရတာ သူမဘေးနားမှာ လူလာပြီဟု အသိနှင့် ဆတ်ခနဲမော့ကြည့်မိသည်။ ရုပ်ကော်လာလက်ရှည်ကို ပုဆိုးနှင့်တွဲဝတ်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။ တော်ပါသေးရဲ့ ... တည်ကြည်တဲ့ အသက်အရွယ်ကြီးကြီး လူတစ်ယောက်ပဲ။ ရွှေမှုံ ကံဆိုးတယ်။ ဆုတောင်းမပြည့်ဘူး။ မိန်းကလေးပဲ ကျပါစေဆိုတာ မကျပေ။ သူမက အသားချင်းထိမှာစိုး၍ ပစ္စည်းတွေကို ကြားမှာခံထားလိုက်သည်။

"ကလေး ... မင်းရဲ့ပစ္စည်းတွေ နည်းနည်းရွှေ့မယ်နော်၊ ထိုင်ခုံကျဉ်းလို့ပါ"





"ဪ ... ဟုတ် ... ရပါတယ်"

ပြောလည်းပြော လက်ကလဲ သွက်လက်စွာဖြင့် မုန့်ထုပ်များကို ကောက်ကာ သူမနံဘေးတွင် ကပ်ထားလိုက်သည်။ သူက အားနာဟန်ဖြင့် တောင်းပန်နေသေး၏။ ရွှေမှုံကတော့ အကြည့်တွေကို ပိတ်ကားစီရွှေ့၍ မုန့်တွေပဲ တကျွတ်ကျွတ်ဝါးစားနေသည်။ ဘုရားရေ ... ခန့်ညားချောမောသော သူ့မျက်နှာပြင်ကို သူမတွေ့လိုက်ရတာ ပိတ်ကားဆီမှာရောက်နေတဲ့ သူမမျက်ဝန်းထဲ ဘာဖြစ်လို့ ရောက်နေရတာလဲ။ သူ့ဘက်ထပ်ပြီး လှည့်ကြည့်ချင်တဲ့ဆန္ဒတွေ သူမ ရင်ထဲမှာ ဖြစ်ပေါ်လာနေခဲ့သည်။

"ရွှေမှုံ ... နင်ဘာဖြစ်နေတာလဲ၊ သူက နင့်ကိုအရေးယူပြီး တောင် မကြည့်ဘူး ... ကြီးကျယ်နေလိုက်တာ ဟွန်း ..."

ကိုကို့ထက် အသက်ကြီးပုံရပြီး ရွှေမှုံတွေ့ဖူးတဲ့ ယောကျ်ားများထဲတွင် စိတ်ကူးယဉ်လို့ အကောင်းဆုံးယောကျ်ားဖြစ်နေသည်။ အံ့ဩဖို့ကောင်းလိုက်တာ။ အမှတ်မထင် သူ့အပြုံးလေးနောက်သို့ ရွှေမှုံ ရင်ထိတ်စွာ လိုက်ပါသွားချင်နေပြီလားတောင် မသိတော့ပါဘူး။

"ရှင့်နာမည် ဘယ်သူလဲ ... ဘယ်ကလဲဟင်၊ သိချင်နေတယ် ရွှေမှုံ ... နင် ဘာတွေဖြစ်နေတာလဲ၊ ဒီလောက် မာနမင်းသမီးလေးက ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုံဘဝတွင် ကိုကိုကလွဲပြီး ဘယ်လိုယောက်ျားမျိုးကိုမှ စိတ်မဝင်စားခဲ့ပေ။ မိတ်ဆွေသူငယ်ချင်းပင် မထားခဲ့။ သူမ အထင်ကြီးစရာ ကိုကိုပဲ ဖြစ်နေသည်။

"သူ့ကိုကြည့်ရတာ ခေတ်ပညာတတ် လူရည်သန့်ပဲ၊ ကြည့်လေ ... ဘာအခွင့်အရေးမှလည်း မယူဘူး၊ ရုပ်ရှင်ကားရဲ့ ဘာသာစကားကိုလည်း သူကနားလည်တတ်ကျွမ်းတယ်၊ အမလေး ... ရယ်နေသေးတယ်"

ရွှေမှုံ့မှာတော့ ဘာမှနားမလည်။ ဆယ်တန်းအောင်တာတောင် အင်္ဂလိပ်စာက အနည်းဆုံးအောင်မှတ်ပဲ ရခဲ့သည်။ ကိုကိုပါလာရင်ကောင်းမှာပဲ။ ရွှေမှုံ့ကို ဘာသာပြန်ပေးမှာ။ အင်း ... မကောင်းပါဘူး။ ကိုကိုပါမလာလို့ သူနဲ့ရွှေမှုံ ဆုံရတာလေ။ ကိုကို့ကိုတောင် မေ့ချင်တယ်။ အရမ်းကို နူးညံ့ညင်သာတဲ့အသံချိုချိုပိုင်ရှင်လေး။ သူ့မျက်နှာလေးကို ရွှေမှုံ မာနတွေ ဘေးဖယ်ထားပြီး ခိုးခိုးကြည့်မိသည့်အဖြစ်တွေ။ သူမ အတွေးတွေ လွန်နေရာမှ ရုပ်ရှင်ကားထဲမှ ဝုန်းဆိုတဲ့အသံကြောင့် အထိတ်တလန့်နှင့် အော်မိသွားသည်။

"ဒုန်း ..."

"အမလေး ..."

ဘေးမှာကျောက်ရုပ်တစ်ရုပ်လို ထိုင်နေတဲ့လူနား တိုးကပ်သွားမိသလို ဖြစ်သွားသဖြင့် ကိုယ့်အရှိန်ကို ပြန်ထိန်းရသည်။





"ရုပ်ရှင်ထဲကပါကွ ... သိပ်လန့်သွားလား"

သူက အပြုံးနှင့်လှည့်ကြည့်ပြီးပြောသည်၊ ဟုတ်ပါရဲ့ ... စစ်တားလာကြည့်ပြီး ဒီလောက်တော့ရှိမှာပေါ့။ တကယ်တော့ ရွှေမှုံ အဲဒီလောက်အသည်းမငယ်တတ်ပါဘူး။ စိတ်တွေ အာရုံတွေက ဇိတ်ကားပေါ်မှာမှ မရှိတာဘဲ။ ရှက်လိုက်တာနော် ... ဒီမျက်နှာကြီး ဘယ်သွားဖွက်ထားရမှန်းပင် မသိတော့။ ရှက်ရှက်နှင့်ပဲ နေကြာစေ့ထုတ်ကို ဖောက်ကာ တကျွတ်ကျွတ် စားနေလိုက်သည်။

"အမေ့"

ရုပ်ရှင်ကားထဲမှာ မင်းသားနှင့်မင်းသမီးက အကြာကြီးနမ်းနေကြသဖြင့် ရွှေမှုံ ကြည့်ပြီး ဆတ်ခနဲ အကြည့်ကိုလွှဲပစ်စဉ် သူကလှည့်အကြည့်နှင့် ဆုံမိသွားရကာ ရွှေမှုံ ဘာဖြစ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။ တစ်ကိုယ်လုံး ထူထူပူပူနှင့် ဘေးမှာချထားတဲ့ ကျွတ်ကျွတ်အိတ်ကြီးထဲ ဟိုဟာရှာ ဒီဟာရှာနှင့် သူမလုပ်မိလုပ်ရာ သုပ်နေမိသည်။

"ကိုယ် ရေနည်းနည်းသောက်လို့ရမလား ကလေးမ"

"ရှင် ..."

သူမ ကျွတ်ကျွတ်အိတ်ကြီးထဲမှာ ရေဘူးကို သူမသဘောတူကြောင်း ခေါင်းညိတ်မပြရသေးခင် ယူသောက်သည်။

"သူကတော့ ရိုးရိုးသားသား တည်တည်ငြိမ်ငြိမ်ပါ ... ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်နေတာ ... ရင်တွေတုန်ချင်လာပြီ၊ ဘုရားရေ ... ဒီလူကြီး ရွှေမှုံ့ရင်ခုန်လိုက်တုန်နေပါလား"

ရုပ်ရှင်ဇာတ်ကားက နိုင်ငံခြားဆိုတော့ ပွင့်လင်းလွန်းသည်။ အချစ်ခန်းတွေက ဘာညာတွေပါ ပြနေသေး၏။ ရွှေမှုံ့ သေတော့မယ်။ ခန္ဓာကိုယ်လေးကလည်း မလှုပ်ရဲ၊ အသံကြားလျှင် သူ့လှည့်ကြည့်မှာ ကြောက်သည်။

"မြန်မြန်ပြီးပါတော့ အပြင်ထွက်ချင်နေပြီ ... မီးလင်းလာရင်တော့ ဒုက္ခပါပဲ၊ သူ့မျက်နှာ ဘယ်လိုကြည့်ရမလဲနော်"

ကိုကိုရေ ... ရွှေမှုံ့ အရှဲ့တိုက်မိတာလေ။ အခုတော့ အခက်တွေ့နေရပြီ။ သူများကို ပညာပြချင်တဲ့ ရွှေမှုံ့လေ။ ဇောချွေးတွေပင် ပျံ့ချင်လာတယ်။

"ကျေးဇူးပဲနော် ကလေး ..."

"ရပါတယ် ... ကျွန်မနာမည် ရွှေမှုံ့ရုံပါ"

"ရွှေမှုံ့ရုံ"

ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့လောက်အောင်ပဲ ရွှေမှုံ့ အရှက်မရှိလိုက်တာ။ သူက မမေးဘဲ သူမနာမည်ကို မဆီမဆိုင် ပြောမိသွားသည်။ နင့်ကို ဘာထင်တော့မလဲ ရွှေမှုံ့။ ဟိုက မေးလို့လား။ သိက္ခာမရှိလိုက်တာ မိန်းကလေးက စတယ်လို့ထင်သွားရင် ဘယ်လိုလုပ်မလဲဟဲ့။





"ဟင်"

မီးတွေက ဖြတ်ခနဲလင်းသွားလေသည်၊ သူမ စိတ်တွေ ကယောင်ချောက်ချားနှင့် ရုပ်ရှင်ပြီးဆုံးသွားတာကိုပင် မသိလိုက်။ မျက်နှာပူလိုက်တာ။ သူ့ကိုလည်း မကြည့်တော့။ ဒါတောင် သူ့မှာ ထားသော့ပါလာတာကို သူမ သတိပြုမိလိုက်သေးသည်။

ကြည့်ရတာ လူကြီးလူကောင်း သူဌေးပုံစံပဲ။

ကိုကို့ထက်တောင် ယောကျ်ားပီသပြီး ချောသေးတယ်။

ဟွန်း ... အခြောက်တိုက် ဘဝင်မြင့်ပေးနေတဲ့ကိုကို။ သူက တော့ သူမအားတစ်ချက်ကြည့်ကာ ပြုံးပြသည်။

"သွားပါ"

"ဟုတ်"

သူက ရှေ့မှသွားစေရန် ခန္ဓာကိုယ်အား ဖယ်ပေးသည်။ မိန်းကလေးကို ဦးစားပေးတဲ့သဘောပဲ။ သူမ သူ့ကိုကျော်တက်ပြီး ရှေ့မှသွားနှင့်၏။ ပြီးတော့ ... ပတ်ဝန်းကျင်မှာက အတွဲတွေ။ တစ်ချို့ဆိုတော်တော်လေး ဖရိုဖရဲနှင့် ရုပ်ပျက်လွန်းနေသည်။

"သူက ခပ်တည်တည်ပဲ ငါ့နာမည်လည်း မမေးဘူး ... သူ့နာမည်လည်း မပြောဘူး၊ ဒါပေမဲ့လေ ... သူ့အပြုံးကတော့ ငါ့ရင်ထဲ မိမ့်စမ်းရေလေး စီးဝင်သွားသလိုပဲ"

သူမ ရှေ့မှသွားရင် သူ့အကြောင်းတွေပဲ စဥ်းစားမိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များလဲဆိုလျှင် သူ့ခန္ဓာကိုယ်မှာ ဆွတ်ထားတဲ့ အကောင်းစားရေမွှေးနံ့သင်းသင်းလေးကိုပင် နိုးချုရှူရှိုက်မိနေသည်။

အပြင်ရောက်တော့မှ ရွှေမှုံအသက်ကိုဝဝလေး ရှူသွင်းနိုင်ပြီး စိတ်လက်ပေါ့ပါးသွားရသလို သူမကားရပ်ထားရာနေရာသို့ ရောက်လာသည်။ လူတွေကြပ်နေ၍ ကားက မထွက်နိုင်။ သူက ရော အရိပ်အယောင်ပင် မတွေ့ရတော့။ ရွှေမှုံကို လှည့်ကြည့်သွားပုံပင်မရ။ စိတ်မဝင်စားဘူး ထင်တယ်။

တကယ်ပါပဲ ...

ရှင့်နာမည်တောင် မသိလိုက်ရဘူး ကိုဘဝင်ကြီးထင်တယ်။

"တကယ်ပါပဲ ... ဒီလောက်ချောမောလှပနေတဲ့ ရွှေမှုံရဲ့ကို နည်းနည်းလေးမှတောင် အဖက်မလုပ်ခဲ့ပါလား"

နာမည်လေး ထည့်ပြောလိုက်တော့ ဘာဖြစ်သွားမှာမို့လို့လဲ။

တစ်ယောက်ထဲ သူ့အရိပ်အယောင်ကို ကားတွေလူတွေ ကြားမှာလိုက်ရှာရင်း ရင်ထဲမှာ အောက်သက်သက်နှင့် ခံရခက်နေသည်။ လှူရှင်းတော့မှ သူ့ကိုလည်း မတွေ့ရဘူးဆိုတဲ့အသိတွေ ဝင်လာမှ ကားလေးကို မောင်းထွက်လာခဲ့သည်။

"ဟိုမှာ ကိုကိုပဲ ..."

သူမတို့ရပ်ကွက်ထိပ်ရောက်တော့ ကိုကိုက လမ်းထိပ်စတိုး





ဆိုင်လေးမှာ ခုံပုလေးနှင့် ထိုင်စောင့်နေသည်။ ရွှေမှုံ ရယ်ပစ်လိုက်၏။ မှတ်ထား ... ရွှေမှုံကို ဒီလိုပညာပေးလို့ရမလား။ ကိုမိုးမြင့်ထွန်း။ သူမလာမယ့်လမ်းဘက်ထိ ငေးမျှော်ကြည့်နေ၏။ သူမကားလေးကို မြင်မှ ထလိုက်လေသည်။

"ဘယ်လိုလဲဟင် ... ဒီမှာကားတောင် စက်မသတ်ရသေးဘူး။ ဘာတွေအသည်းအသန် ဖြစ်နေရတာလဲကိုကို ..."

"မင်းဝါးစပ်ကို ပိတ်ထားစမ်းပါ ရွှေမှုံရဲ့ ... ဘာလုပ်တာလဲ၊ မင်းတော်တော် အကျင့်ယုတ်တာပဲ ... ငါအရမ်းဒေါသဖြစ်တယ်"

"ဟာ ... ဘာလိုင်းကြီးပဲ၊ ဒီပြဿနာကို ဘယ်သူကစတာလဲ၊ ကိုကိုပဲလေ ... ရွှေမှုံကိုစပြီး ရန်စတာက ရှင် ... မကျေနပ်လည်း သူကြီးတွေကို အဆုံးအဖြတ်ပေးခိုင်းရမယ်"

"ဘာပြောတယ်"

"ကိုကို့ဘက်က မောင်းဖြစ်တာလေ ... ကျွန်မကို တမင် ညစ်ပတ်ပြီး မဟုတ်တဲ့နေရာတွေ ခေါ်သွားတာ၊ ကျွန်မက ဒီစစ်ဘားကိုအရမ်းကြည့်ချင်လို့ အောက်ကျနောက်ကျခံပြီး လိုက်လာခဲ့တာပါ"

"တော်တော့ ... ဆက်မပြောနဲ့တော့၊ ဖယ် ... ငါမောင်းမယ်"

ဒေါသတွေ အလွန်အမင်းထွက်ပြီး ပေါက်ကွဲနေတဲ့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက သူမအား လည်ပင်းညှစ်သတ်တော့မလားတောင် ထင်မှတ်ရသည်။ တကယ်ပါပဲ ... ကိုကိုဘာဖြစ်လို့များ ရွှေမှုံအပေါ် ရန်သူတစ်ယောက်လို ဆက်ဆံနေမှန်း မသိတော့ပါဘူး။ ကားပေါ်မှ သူမ ဆင်းပေးလိုက်သည်။ ကိုကိုက မောင်းသူနေရာမှာဝင်ထိုင်ပြီး ကားတံခါးကို ခပ်ကြမ်းကြမ်း ဆွဲပိတ်ပစ်၏။ သူမကတော့ ကား နောက်ခန်းထဲပဲ ဝင်ထိုင်လိုက်လေသည်။

"ရှူး"

"မေ့ ... "

ကားကို ဆောင့်ထွက်ပစ်သည်။ သူမလုပ်ရပ်က ကိုကို့ဘဝ ကြီးတစ်ခုလုံးကို ဘာတွေများနစ်နာပျက်စီးသွားစေလို့လဲဟင်။ သူမ ခန္ဓာကိုယ်လေး ဘေးသို့ပင် ယိမ်းယိုင်ပြိုလဲကျသွားရသည်။ ကိုကိုက ဘာမှပြောမနေတော့ဘဲ သူ့ခြံထဲသို့ အရင်မောင်းဝင်ခဲ့၏။ သူမအား အရင်ပို့ရမှာပါ။ ကားပေါ်မှဆင်း၍ သူ့အခန်းထဲတန်းဝင်သွားသည်။ မေမေပါရောက်နေ၏။ သူမကို စိတ်ပူစွာ စောင့်နေကြပုံရသည်။

"ရုပ်ရှင်က ကောင်းလား ရွှေမှုံလေး ... "

"ဟုတ် ... "

"စစ်ကားလား"

"ဟုတ် ... "

"ဘာလဲ ... သမီးနဲ့ကိုကို ရန်ဖြစ်လာကြပြန်ပြီလား။ ဝင်လာ





ကတည်းက စိတ်ကောက်လာကြပုံပဲ ... ဘာတွေဖြစ်လာလဲ ချစ် သမီး"

မေမေက မေးသည်။ ရွှေမှုံ မဖြေ။ ပြန်မယ်ဟုပဲ ပြောလိုက် ၏။ အန်တီသူသူပင် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။

"အဲဒါပြောတာပေါ့ ... သားက အကြီးပဲ နည်းနည်းလေးမှ သည်းမခံချင်ဘူး ... အန်တီသူတော့ သားကို ဆုံးမရဦးမယ်၊ အငယ် နဲ့ယှဉ်ပြီး ဆိုးရလား"

"ပြန်တော့မယ် အန်တီသူသူ ... ထားလိုက်ပါ၊ ရွှေမှုံလည်း လွန်တယ်"

ကိုကို့နှင့်ပြဿနာတွေ ထပ်မတတ်ချင်လောက်အောင် စိတ် ပျက်မိသည်။ ရွှေမှုံလည်း ဒီလိုမဟုတ်သင့်ဘူးဆိုတာ အသိတော့ဝင် ပါတယ်။ တစ်ဖက်ခြံကြီးထဲသို့ ရွှေမှုံ ဦးဆောင်၍ ပြန်လာတော့ မေမေလည်း နောက်မှလိုက်လာ၏။ ရင်ထဲတွင် ဘာရယ်မဟုတ်ဘဲ နာကျင်လေးလံနေသည်။

"ရွှေမှုံ ချစ်သမီးလေး ... ကိုကိုနဲ့ ဘာဖြစ်လာတာလဲ၊ လွန် တယ်ထင်တာပဲ ... ကိုကို့အပေါ် အရမ်းနွဲ့ဆိုး ဆိုးလွန်းတယ်ကွာ၊ မောင်မိုးမြင့်ထွဋ်က သူ့စိမ်းလေ ... အရွယ်တွေလည်း ရလာကြပြီ ပဲ"

ဒေါ်မြတ်မြတ်သော်တာကတော့ ချစ်သမီးပဲ လွန်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။ ငယ်စဉ်လေးထဲက သည်းမခံနိုင်လောက်အောင် ချစ်သမီးလေးက ဂျီကျပြီး အနိုင်ကျင့်နေခဲ့၏။ သမီးကိုပဲ အပြစ်တင်ရမလား။ ကိုကို့အပေါ် အလွန်အမင်း အစွဲအလမ်းကြီးရှာပြီး သံယောဇဉ်တွယ်နေတာတော့ မိမိ ရိပ်စားမိနေလေသည်။

"သမီး အနားယူချင်တယ် ... ကိုကိုနဲ့ရွှေမှုံတို့က ဖြစ်နေကြပြီ မေမေရာ ... ထားလိုက်ပါ ... "

"ချစ်သမီးလေး"

"ကိုကိုနဲ့ ဘာမှမဖြစ်ပါဘူးဆို ... သူ့ကိုထားခဲ့လို့ပါ။ နောက်မှ မေမေ့ကို အားလုံးရှင်းပြမယ် ... အိပ်တော့မလို့ ... "

"ချစ်သမီးလေး ... ဟဲ့ ... "

မေမေ့စကားကို ခိုးအောင်နားမထောင်တော့ဘဲ ရွှေမှုံ အိပ်ခန်းထဲဝင်လာခဲ့ကာ အခန်းတံခါးကို လော့ခ်ချပစ်လိုက်သည်။

"ဟူး ... တကယ်ပါပဲ စိတ်မောလိုက်တာ၊ ဘာတွေမှန်းကို မသိတော့ဘူးကွာ"

သူမ အဝတ်အစားတွေပင် မလဲတော့ဘဲ အိပ်ရာပေါ် ပြစ်လှဲချပစ်သည်။ ကိုကိုက ဘာကြီးလဲ ... ဟိုလူနဲ့တော့ မဆိုင်ဘူး။ တကယ့်ကို လူကြီးလူကောင်းစတိုင်လ်။

"လောလောဆယ်တော့ ရွှေမှုံ့ရင်ကို လှုတ်ခတ်စေတာက ရှင်ပဲလေ ... တကယ်ထူးဆန်းတယ်သိလား ... ကျွန်မလေ ရှင့်





အကြောင်းပဲ တွေးနေမိလို့ပါ"

သူ့အကြောင်း တွေးမိတော့လည်း စောစောက ကိုကိုနှင့် ပြဿနာဖြစ်ပြီး စိတ်ရှုပ်ထွေးခဲ့ရတာတွေ မေ့ပျောက်သွားသည်။ သူမ နှုတ်ခမ်းလေးပေါ်တွင် အပြုံးယောင်တွေပင် ယှက်သန်းလာနေသည်။

"ကလေး ... မင်းပစ္စည်းတွေကို နည်းနည်းလေးတိုးမယ်နော် ... ထိုင်ရတာ ကြပ်လို့ပါ"

နူးညံ့ချိုသာ ပျူငှာနေတဲ့အသံ။ ပြီးတော့ ချောမောခန့်ညား သူ့ အမည်မသိ။

ဘယ်မှာနေမှန်းပင် မသိတော့။

ကလေးဟု သူမအား နူးညံ့သိမ်မွေ့စွာ ခေါ်တတ်တဲ့လူကြီး။

အပြုံးနုနုလေးများဖြင့် လူတဖက်သားစိတ်ကို ညို့ယူဖမ်းစားထားနိုင်သော သူ့ကို ဘယ်လိုမှမေ့ပျောက်ပစ်လို့ မရတာ ထူးဆန်းမနေဘူးလားကွယ်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

“တူ … တူ … ”

“တူ … ”

သူ့ဟန်းဖုန်းမှ မြည်လာ၍ သူကောက်ယူပြီး နားထောင်လိုက်သည်။ စိတ်တွေက မကြည်လင်။ ဘယ်ကဖုန်းလဲ … ရွှေမှုံရီလား။ သူ့ကို ပြန်ချော့တာပဲဖြစ်နိုင်၏။ ဒီကောင်မလေးက ဒီလိုပဲ။ သူ့ဒေါသတွေ မပြေသေးဘဲ ရွှေမှုံရီကို ဟောက်ပစ်မည်ဟု စိတ်ကူးထားလိုက်သည်။

“ဟဲလို”

“ဟယ်လို … ဒီမှာ ကလေးရှိလား”

“ဩော် … ဒီလိုပါ ကလေးပါ … ကောင်မလေး ဖုန်းပိုင်ရှင်ပါ”

“အခုဖုန်းကိုင်တဲ့ မိန်းကလေးပါ”





“အခု ဖုန်းပိုင်ရှင်ပဲ ပြောနေတာလေ … ဒီမှာ မိန်းကလေးဆိုလို့ ကိုယ့်အမေပဲရှိတယ်”

“ဟာဗျာ … ခုက္ခပါပဲ၊ ဒီမှာ ကောင်မလေး မရှိဘူးလား၊ ဒီလိုပါ … ကိုယ်နဲ့ကောင်မလေးတစ်ယောက် ဘေးချင်းကပ်ရပ်ရှင်ကြည့်ပြီး ဖုန်းမှားသွားလို့ပါ”

ရွှေမှုံရီတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ သူလည်း စိတ်တွေဆိုး ဒေါသတွေဖြစ်ပြီး ကိုယ့်ဖုန်းကိုယ်တောင် မကြည့်မိ။ ဘယ်ကနေ ဘယ်လို ယောက်ျားတစ်ယောက်နှင့် ဘေးချင်းကပ်ထိုင်ပြီး ဖုန်းကမှားလာရပြန်ပြီလဲ။ မနေ့က သူ့ဖုန်းကားထဲပါသွားသည်။ ရွှေမှုံရီ အိုက်တင်နဲ့ယူသွားတာပဲ ဖြစ်မည်။

“ဒီမှာဗျု … ဟဲလို … ကိုယ်သတိရပြီ ကောင်မလေးနာမည်က ရွှေမှုံရီတဲ့”

သေချာပါတယ် ရွှေမှုံရီပဲ။ ပြဿနာမလေး … အမြဲတမ်း ဖြေရှင်းပေးနေရသည်။ သူ ဒေါသဖြစ်ရတာ အဲဒါပဲလေ။

“ရွှေမှုံရီကိုတော့ သိပါတယ်နော်၊ ပစ္စည်းတွေများပြီး ဖုန်းချင်းမှားသွားတယ်ထင်တယ် … ခင်ဗျားလက်ထဲမှာ ကိုင်ထားတာက ကိုယ့်ဖုန်းပါ။ ကျေးဇူးပြုပြီး လဲကြရအောင် … ကိုယ် လာယူပါ့မယ် … လိပ်စာပဲပြောပါ”

ရွှေမှုံရီတစ်ယောက်ထဲ ရုပ်ရှင်သွားကြည့်တာကိုက သူ့ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။ မိန်းကလေးဖြစ်ပြီး မကြောက်မရွံ့။ သူ့ကို တမင်အရွဲ့တိုက်ထွက်သွားတာပဲ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဖုန်းကတော့ လဲရမှာပဲ ဖြစ်သည်။

"ရွှေမှုံရုံက ကိုယ်တို့အိမ်ဘေးခြံက မိန်းကလေးပါ၊ နေ့ခင်းက ဖုန်းယူသွားလို့လေ … ခင်ဗျားရှိတဲ့နေရာကိုပဲပြောပါ၊ ကျွန်တော် လာခဲ့ပါ့မယ်"

"ကျေးဇူးပါပဲဗျာ … ဒီကောင်မလေးက ဖြူစင်ပါတယ်၊ အမှတ်တမဲ့ မှားသွားတာပါ … ကျွန်တော်တို့နှစ်ယောက် အလယ်မှာပဲ ဆုံကြတာပေါ့ … သပြေရိပ်စားသောက်ဆိုင်ကို လာခဲ့ပါ … ခင်ဗျား သိပါတယ်နော်"

"သုဝဏ္ဏတော်ဝင်လမ်းထိပ်ကလား … အိုကေ ကျွန်တော် သိပါတယ် … လာခဲ့မယ်"

"အိုကေ"

ရွှေမှုံရဲ့ … မင်းကတော့လေ ယောကျ်ားတစ်ယောက်နှင့် ဘေးချင်းကပ်ထိုင်ပြီး ဘာတွေများဖြစ်ပျက်လာပြီလဲ။ ဒီစစ်ကားက အချစ်ခန်းတွေကြမ်းသည်ဟု သူသိထားသည်။ ယောကျ်ားတစ်ယောက်နှင့်အတူယှဉ်တွဲပြီး ကြည့်နေတာ မတွေးရဲစရာပင်။ ရွှေမှုံရဲ့ မင်းကတော့လေ။

"သားရေ … သား နိုးလာပြီလားကွယ် … တံခါးဖွင့်ပါဦး"





ခပ်ဖွဖွတံခါးခေါက်သံနှင့်အတူ မေမေ့အသံချိုချိုကိုလည်း ကြားရသည်။

"မေမေ"

သူ တံခါးဖွင့်လိုက်တော့ မေမေရဲ့ အပြုံးလက်လက်တွေနှင့် သူ့ကိုကြည့်သည်။

"မင်းညီမအကြောင်း မင်းအသိဆုံးပဲကွယ် … ရွှေမှုံလေးကို စိတ်မဆိုးပါနဲ့"

"ထားလိုက်ပါ မေမေရာ … ဒီကောင်မလေးအကြောင်း မပြောချင်တော့ဘူး … သားသူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတယ် … သွားစရာရှိတယ်"

"သွားလေ … ဒါပေမဲ့ ရွှေမှုံလေးအပေါ်တော့ မင်းသည်းခံပြီး အလျှော့ပေးရမယ် … မေမေတို့မှာ ရွှေမှုံလေးအဖေရဲ့ ကျေးဇူးတွေရှိတယ် … မမေ့ပါနဲ့ကွယ်၊ ဒါကြောင့် … မေမေတို့ သားအမိက ပြန်ဆပ်ရလိမ့်မယ်"

မေမေ့ကို ရွှေမှုံနှင့်ပတ်သက်နေတာတွေ မပြောပြချင်။ ယောကျ်ားလေးတစ်ယောက်နှင့် ဘယ်လိုအတိုင်းအတာအထိ ရှုပ်ထွေးလာလဲမှ မသိတာဘဲ။ မေမေ့ကို ပြောပြနေတော့ရော ဘာမှမထူး။ သူ့ကိုပဲ အပြစ်ဖို့မှာ သေချာသည်။

"သား … သွားမယ်မေမေ … "



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ သား ... ဒါပေမဲ့ ညစာကိုတော့ ရွှေမှုံလေးတို့အိမ်မှာ သွားစားကြမယ်၊ မင်းတို့နှစ်ယောက် ပြန်သင့်မြတ်အောင်ပါ"

မေမေကတော့ ရွှေမှုံရှုမှ ရွှေမှုံရှု၊ ငယ်စဉ်လေးထဲက အရိပ်တကြည့်ကြည့်နှင့် သူ့ထက်ပင် ချစ်သည်ဟု ထင်မိခဲ့ရသည့်အထိပင် သည်းသည်းလှုပ်နေခဲ့သည်။

"ချစ်သမီးလေး စိတ်ဆိုးပြေအောင် လုပ်ရမယ်နော် သား"

"အင်းပါ"

သူ အလွယ်တကူပဲ အင်းပါဟု ဖြေလိုက်ရပေမယ့် စိတ်ထဲမှာတော့ ရွှေမှုံရှုကို တော်တော်လေးအမြင်ကတ်နေသည်။ ဖေဖေကပြောတယ် သားအမေက သမီးရူးတဲ့။ အစ်ကိုတွေကြားထဲမှာ နေလာရလို့ သမီးလေးပဲ မွေးချင်တာတဲ့။ သူလည်း မေမေ့ကို နှုတ်ဆက်ပြီး အပြင်ထွက်လာခဲ့သည်။

"ခင်ဗျားက ဘယ်လိုလူမျိုးလဲ ... ရွှေမှုံရှုအကြောင်း ခင်ဗျားဘယ်လောက်သိမှာလဲ ... အထင်မကြီးနဲ့၊ လူဆိုးမလေး အကျင့်ကလည်းဖုတ်သေးတယ်"

မိုးမြင့်ထွန်း တစ်လမ်းလုံး စဉ်းစားလာမိသည်။ သူသိချင်နေတာက ရွှေမှုံရှုနှင့်ဘယ်လိုအတိုင်းအတာအထိ ပတ်သက်ခဲ့လဲဆိုတာပင်။ သူကတော့ ရွှေမှုံရှုလုပ်ရပ်ကို တွေးမိတိုင်း ဒေါသတွေဖြစ်ရ၏





ပေါက်ကွဲပစ်ချင်သည်။ ငယ်စဉ်လေးကပဲ သူ့မိဘတွေဆီက အချစ်တွေကို လုယူသွားတဲ့ကောင်မလေးဟု ထင်မြင်ခဲ့သည်။ ရွှေမှုံရှုတိုင်တော၌ သူ့အမြဲတမ်း အရိုက်ခံခဲ့ရ၏။ အဆူအပွက်ခံရသည်။

"တောက် ... ငါဒေါသထွက်လွန်းလို့ နင့်ကို ခွင့်မလွှတ်နိုင်ဘူး ရွှေမှုံရှု ..."

သူ ...

သုဝဏ္ဏ ဘော်စဉ်လမ်းထိပ်မှာ ဖွင့်ထားတဲ့သပြေရိပ် စားသောက်ဆိုင်ရှေ့ရောက်လာသည်။ ဆိုင်ရှေ့တွင် တန်ဖိုးကြီးတဲ့ နောက်ဆုံးပေါ်ကားတစ်စီး ရပ်ထားတာလည်း တွေ့ရ၏။ ဆိုင်ထဲဝင်လာပြီး ထောင့်ကျကျစားပွဲတွင် လူတစ်ယောက်ထိုင်နေရာသို့ လျှောက်သွားသည်။

"ရွှေမှုံရှုနဲ့ ပတ်သက်တာထင်တယ်"

"ဟုတ်ပါတယ်"

"ထိုင်ပါ"

သူ ဝင်ထိုင်သည်။ ယောက်ျားပီပီသသနှင့် ချောမောခန့်ညားသူပင်။ ဖြူနှစ်ဝင်းအိသော အသားအရည်နှင့် သူ့ထက်တစ်နှစ်လောက်ပဲ ကြီးပုံရသည်။

"ကျွန်တော့်နာမည် ပြီးပြည့်စုံပါ"

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က မိုးမြင့်ထွန်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့"

တော်ပါသေးတယ်။ ရွှေမှုံ့အနားမှာ ဒီလိုလူကြီးလူကောင်း လူရည်သန့်တစ်ယောက် ကျလို့ပေါ့။ ဖုန်းချင်းလဲလိုက်ကြသည်။ ကိုပြီးပြည့်စုံက နာမည်နှင့်လိုက်ဖက်စွာ ပြီးပြည့်စုံသော ခန့်ညား ချောမောမှုတွေနှင့် ရဲရဲနီစွေးနေသော နှုတ်ခမ်းတီတီပပတွေက ယောကျ်ားပီသမှုကို ပြသနေ၏။ ယောကျ်ားချင်းပင် ငေးမောကြည့် ရှုချင်အောင် ရှင်းသန့်နေသည်။

"ဗျာ"

"ရွှေမှုံ့ရံ့ဆိုတဲ့ ကောင်မလေးကြည့်ရတာ ရိုးသားဖြူစင်ပါ တယ်၊ ကိုယ်ကြည့်ရသလောက် အရမ်းလည်း ရှက်တတ်နေတယ်"

ဒီကောင်မလေးကိုမျှား အရှက်အကြောက် လုံးဝမရှိပေ။ ရုပ်ရှင်ရုံကို တစ်ယောက်ထဲသွားဝင်ကြည့်တာပဲ ကြည့်လေ။ ကိုပြီး ပြည့်စုံက အကြောင်းမသိလို့ပါ။ သူကတော့ မိတ်ဆွေချင်း စောင့် ထိန်းရမယ့်ဝတ္တရားရှိလို့ပါ။ နားပဲထောင်ပြီး နှုတ်ဆိတ်နေလိုက် သည်။

"ထူးခြားတာက ဒီကောင်မလေးက စစ်တားကြိုက်တာပဲ၊ ပြီးတော့ မကြည့်ရဲဘူး ... လန့်အော်သေးတယ်"

သူ့ကိုအရွဲ့တိုက်ပြီး သွားကြည့်တာကို မပြောဖြစ်တော့။





ရွှေမှုံ့ရံ့အပေါ် ဒီလူအတော်လေး စိတ်ဝင်စားပုံပင်။ ရွှေမှုံ့ရံ့က ချစ် စရာကောင်းပြီး ချောမောသူလေးပါ။ သူနဲ့သာ မသင့်မြတ်တာ။ မြင်ရသူတွေ ငေးလောက်သည်။

"ကိုမြင့်ထွဋ်နဲ့ အိမ်နီးချင်းတွေလား"

ရွှေမှုံ့ရံ့ဆိုတဲ့ကောင်မလေးကို ပြီးပြည့်စုံ မထင်မှတ်ဘဲ စိတ် ဝင်စားမိနေသည်။ သူ့ဘဝမှာ မိန်းမချောလေးတွေ မရှားပါဘူး။ ဝိုင်းဝိုင်းလည်နေတာ။ ဒါပေမဲ့ ... ရွှေမှုံ့ရံ့နှင့်ဆုံမိပြီး ကိုပြည့်ရင်ကို ခုန်စေတာကတော့ ဝန်ခံရမည် ဖြစ်သည်။

"ကလေးဆန်လိုက်တာဗျာ၊ မုန့်ထုတ်တွေ တပွေ့တပိုက် သယ်လာတယ် ... ပြီးတော့ ကိုယ့်ခုံပေါ်ချထားတယ်၊ ဒါကြောင့် ပါ ... မျက်နှာလေးတော့ တည်တင်းနေပါတယ်၊ ရုပ်ရှင်ပြီးတာနဲ့ လစ်သွားတာ အစအနတောင် မတွေ့တော့ဘူး"

သူ ရှာနေသေးသည်။ သူက စစ်ကားမို့ အချိန်လုပြီး ရုပ်ရှင် ရုံမှာလာကြည့်တာပါ။ တမင်လည်း အလုပ်တွေများလွန်းပြီး မွန်း ကျပ်လာတာကြောင့် တစ်ယောက်ထဲ စိတ်ပေ့ါပါးလွတ်လပ်စေရန် လာကြည့်ခြင်းဖြစ်၏။ ရွှေမှုံ့ရံ့နှင့်ဆုံမိတာလည်း သူ့စိတ်တွေထဲမှာ ပျော်ရွှင်တက်ကြွလာရလေသည်။ မင်းကိုသတိရနေတယ်။ တွေ့ချင် နေတယ်။ ကလေးရယ် ... ကိုယ်လေ မင်းဖုန်းမှားယူသွားလို့ အလုပ် ကိစ္စတွေ ဘယ်လောက်ကမောက်ကမ ဖြစ်ရလဲသိလား။ ရယ်ချင်

www.burmeseclassic.com



တယ် ... မင်းမှားယူသွားတာပါ။ ကိုယ်ကလဲ ဖုန်းကိုဘေးချထားမိတယ်။ ဒါ ကံကြမ္မာလား ... မင်းနဲ့ ကိုယ်တို့ထပ်ပြီး တွေ့ဆုံစေဖို့လား။

"ကိုဖြိုးပြည့်စုံ"

"ကိုယ့်ကို ကိုပြည့်လို့ပဲခေါ်ပါ ကိုမိုးမြင့်ထွန်း"

"ကျွန်တော့်ကိုတော့ ကိုကိုလို့ပဲ ခေါ်ပါ ... အိမ်မှာ ကိုကိုပဲ ခေါ်ကြတယ်"

ရွှေမှုံရံကြောင့် သူ့နာမည်က ကိုကိုဟုတွင်နေလေသည်။ မိသားစုဝင်တွေရော တခြားသူတွေရော ကိုကိုဖြစ်နေ၏။ ကိုဖြိုးပြည့်စုံကတော့ ခင်မင်ဖို့ ကောင်းပါတယ်။ ရွှေမှုံရံနှင့်ရင်းနှီးသွားအောင် လုပ်ပစ်ရမယ်။ ဒါမှ သူ့ဝင်ငွေကျွတ်မှာလေ။

"မင်း ... ငါနောက်တကောက်ကောက်လိုက်ပြီး မနောက်ယှက်အောင် လုပ်ပစ်ရမယ် ... မင်းလင်ရသွားရင်လည်း ငါကျွတ်ပြီ၊ လွတ်ပြီကွ"

သူ့စိတ်ကူးနှင့်သူ အရမ်းကို ဝမ်းသာပျော်ရွှင်သွားရသည်။ ရွှေမှုံရံ ... နင်တော့သိမယ်။ ကိုဖြိုးပြည့်စုံဆိုလည်း နင့်ဘဝတစ်သက်လုံး ကောင်းစားရမှာလေ။

"ကိုကိုနဲ့ရွှေမှုံရံတို့က တော်တော်လေး ရင်းနှီးပုံပဲ"

"ရင်းနှီးပါတယ် ငယ်သူငယ်ချင်း အိမ်ချင်းကပ်နေလာခဲ့ကြ





တာပါ ... မိဘချင်းတွေကလည်း တစ်အိမ်နဲ့တစ်အိမ် ဆွေမျိုးတွေလိုပဲ နေလာကြတာပါ"

ဖြိုးပြည့်စုံကတော့ ကိုမိုးမြင့်ထွန်းကို ကြည့်မိသည်။ အင်ဂျင်နီယာဘွဲ့ ရပြီးသားတဲ့။ အလုပ်အကိုင်တွေ စတင်ဖို့ စီစဥ်နေတယ်တဲ့။ ရွှေမှုံနှင့် ဘယ်လိုပတ်သက်နေလဲဆိုတာ သူအသိချင်ဆုံးဖြစ်နေသည်။

"ကိုပြည့်က ကိုယ်နဲ့ရွှေမှုံရံကို ဘယ်လိုပတ်သက်နေတာလဲဆိုတာ သိချင်နေတာမဟုတ်လား ... မိတ်ဆွေတွေပါ၊ မောင်နှမတွေလိုပဲ ... ကိုပြည့်ဆန္ဒရှိမယ်ဆိုရင် ကိုယ်မိတ်ဆက်ပေးနိုင်ပါတယ်"

"ကိုယ် မိတ်ဆက်ချင်ပါတယ် ရွှေမှုံရံနဲ့မလောင်မှတ်ဘဲ ဆုံမိလို့ ခင်မင်ချင်ပါတယ်"

"အိုကေ ... ရွှေမှုံရံအိမ် ကိုယ်ခေါ်သွားမယ် ... မိတ်ဆက်ပေးမယ်၊ ရွှေမှုံရံက ခင်မင်တတ်ပါတယ် ... ပွင့်လင်းတယ်၊ သွားကြမယ်လေ"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကိုပြည့်ရာ ... ကိုယ်နဲ့ကိုပြည့်က ရှယ်တူလောက်ပဲရှိမယ် ... မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ ရွှေမှုံရံကြောင့်ဖြစ်ကြရတာလေ ... ဘာပဲဖြစ်ဖြစ် ရွှေမှုံရံလည်း ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ထဲမှာ ပါဝင်သင့်တယ်လေ"

ရွှေမှုံရံနှင့်ကိုကိုတို့ ရိုးသားစွာ ခင်မင်ပတ်သက်နေတာဖြစ်ကြောင်း သူသိလိုက်သည်။ ဒီလောက်ချောမောလှပတဲ့ ကောင်မလေးကို ဘာဖြစ်လို့ စိတ်မဝင်စားရတာလဲ။ သူ့စိတ်ထဲမှာတော့ ထူးဆန်းနေသည်။

"မင်းကို မိတ်ဆွေဖြစ်ချင်လို့ ကိုယ်ဟန်ဆောင်မဆောင်နိုင်ဘူး ကလေးရယ်"

ရွှေမှုံရံက တကာယ်ကို ကလေးဆန်လွန်းပြီး ရိုးစင်းစွာ ရုပ်ရှင်လာကြည့်တာဖြစ်ကြောင်း ပြည့်စုံ သိနေသည်။ တစ်ယောက်ထဲလာလို့ ကိုယ်အထင်မသေးပါဘူး။ မင်းက ဣန္ဒြေရှိပါတယ်။ မင်းနဲ့ကိုယ်နဲ့ စစ်ကားကြိုက်ကြတာချင်းလည်း တူနေပုံပဲ။ သူကတော့ ရင်တွေတဆတ်ဆတ် ခုန်နေသည်။

"သွားမယ် ကိုပြည့် ... ဘာမှမစိုးရိမ်ပါနဲ့ဗျာ၊ ခေတ်ကပွင့်လင်းပါတယ်"

ကိုကိုကလဲ အတင်းခေါ်နေသည်။ ပြည့်စုံကိုယ်တိုင် ရွှေမှုံရံအပေါ် ရင်ခုန်တုန်လှုပ်နေတာ အံ့ဩရသည်။ သူ ... ဘယ်တုန်းက များ မိန်းကလေးတွေကို စိတ်ဝင်စားခြင်းမရှိခဲ့။ မာမီကတောင် သူ့ကို အိမ်ထောင်ပြုသင့်ကြောင်း အကြံပြု၍ ချွေးမလောင်းရှာနေတာ သူငြင်းဆန်နေ၍ အခက်တွေ့နေရ၏။ သူ စီးပွားရေးကရှဲ၍





ဘာကိုမှ စိတ်မဝင်စားမိ။ ရုပ်ရှင်တောင် ခပ်ကြမ်းကြမ်းကားတွေပဲကြိုက်တာ။ ရွှေမှုံရံနှင့်ကျမှပါ။ မထူးတော့၍ သတ္တိတွေမွေးပြီး ရွှေမှုံရံနှင့် တွေ့ဆုံလို၍လည်း ကိုကိုနှင့် လိုက်လာခဲ့မိလေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ဟင် ... ဘယ်ကကားပါလိမ့် ကိုကိုနဲ့လာတာပဲ"

ကားအကောင်းစားကြီးတစ်စီးက ကိုကို့ကားနှင့်အတူ
ဝင်လာသည်။ ရွှေမှုံအပေါ်ထပ်ကနေ လှမ်းကြည့်နေရင်း မျက်ဝ
လေးတွေက ပြုံးကျယ်ဝိုင်းစက်နေ၏။ ကိုကို့ခြံထဲကိုပါ ... ကိုကို
ဒီလောက်ချမ်းသာတဲ့သူငယ်ချင်း မရှိဘူးဆိုတာ သူမအသိဆုံး
ကိုကိုက အခုမှ စီးပွားရေးတွေလုပ်ဖို့ ပြင်ဆင်နေဆဲလေ။ သိချင်စိ
နှင့် တစ်ဖက်ခြံကြီးဆီသို့ အပြုံးအပြ လှမ်းကြည့်နေပေမယ့် သွား
မစပ်စုရဲ။ ကိုကို့နဲ့က ပြဿနာတက်ထားလေသည်။

"ဟွန်း ... ကိုကို ... ရှင်ကြီးက အရမ်းပဲပေးလွန်းတယ်
ရွှေမှုံ့ကိုများ အဖက်မတန်သလိုလိုနဲ့ မခေါ်ချင် မပြောချင်သလို
နဲ့"

မေမေနှင့်အန်တီသူ့ရှေ့မှာဆိုရင် တစ်မျိုး၊ ကွယ်ရာမှာဆို





တော့ မျက်နှာရှစ်ခေါက်ချိုးနှင့် စါးတော့ဝါးတော့မတတ်။ မျက်လုံး
မိန်းစိမ်းကြီးတွေနှင့် ကြည့်တာများ ကြောက်စရာပင် ကောင်းသည်။

"ချစ်သမီးလေး ... ဘာတွေကြည့်ပြီး စပ်စုနေတာလဲ၊ ဟို
ဘက်ခြံကြီးထဲကြည့်လိုက်ရတာလဲ အမေ ... သွားလိုက်လေ၊
ကိုကိုနဲ့က စိတ်ကောက်နေကြပဲ ... ပြေလိုက်ပါ"

"ရွှေမှုံက မကောက်ပါဘူး၊ သူက ကောက်နေတာ ... စိတ်
တတ်တယ် ... လူကြီးတွေရှေ့ကျရင်တစ်မျိုး၊ အမြင်ကတ်လို့မသွား
ဘာ"

"အို ... သမီးလေးရယ် ... ကိုကို့ကို ဒီလိုပြောရလား၊ မေမေ
ဘာပြောထားလဲ ... ကိုကို့ကို ရှိုရှိုသာသာဆက်ဆံပြောဆိုလေ"

"သူကပဲများနေတာ"

မေမေလဲ ကိုကို့ဘက်ကပဲ။ အန်တီသူက ရွှေမှုံ့ဘက်က
သလို မေမေက ကိုကိုမှကိုကို။ သူမ မျက်စောင်းလေးကတခဲခဲ။
မေ စိတ်ပျက်စွာ ခေါင်းခါရမ်းနေသည်။

"ချစ်သမီးလေးရယ် ... မေမေတို့မှာ ကိုကိုတို့သားအမိပဲ
းကိုးခင်မင်နေရတာပါ။ သမီးလေး အရမ်းဂျိကျအနိုင်ကျင့်လွန်း
ဘူး ကိုကို သည်းမခံတာ ဖြစ်မိလိမ့်မယ်"

"ကိုကိုက အရင်နဲ့လုံးဝမတူတော့ဘူး မေမေရ"

ကိုကို့ကို သူမ အမြင်ကတ်ကတ်နှင့် မေမေ့ကို ကားဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပူစာမိသည်။

"သူများကားနဲ့ကပ်လိုက်နေရတာ ရွှေမှုံအားနာရတယ်၊ မျက်နှာလည်းငယ်ရတယ်မေမေ ... ဝယ်ပေးပါနော်၊ ရွှေမှုံအရွယ် ရောက်နေပါပြီ ... ကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ် ပါတယ်၊ သူ့ကားကို လုံးဝပဲ ... "

"သမီး ငယ်သေးပါတယ်၊ မေမေ စိတ်မချသေးဘူး ... ကိုကို့ အပေါ်လည်း သူ့စိမ်းဆန်ရာ ကျမနေဘူးလား"

"ဟွန်း ... "

ရွှေမှုံတို့နှစ်ယောက်က သူစိမ်းတွေပဲဟာ။ ရွှေမှုံကို မေမေက စိတ်မချတာရော ကိုကိုနဲ့ဝေးမကွဲစေချင်တာရောနှင့် ကားမဝယ် ပေးတာပါ။ ဒါပေမဲ့လည်း မျက်နှာကြီးပုတ်သိုးပြီး မာထန်နေရ ကိုကိုရဲ့ကားကို လိုက်ကပ်စီးနေရတာ ရွှေမှုံ စိတ်ပျက်စပြုလာ သည်။

"ကိုကိုနဲ့တိုင်ပင်ပါဦးမယ်ကွယ် ... ကိုကိုက ကျွမ်းကျ တယ်လေ ... ချစ်သမီး တဇွတ်ထိုးစိတ်နဲ့ကားက အန္တရာယ်များ လွန်းပါတယ်နော်"

"ပြီးပါရော ... ပြီးပါရော ... "

မေမေ့ကို စူစူစောင့်စောင့်လေးပြောပြီး ဆက်ပြောနေလည် ဘာမှထူးတော့မှာမဟုတ်၍ တစ်ဖက်ခြံကြီးထဲပဲ ငြိမ်ကြည့်နေ





သည်။

"အမလေး"

ကားကြီးပေါ်ကနေ ဆင်းလာတဲ့ကိုကို့သူငယ်ချင်းကို တွေ့ လိုက်ရတော့ ရွှေမှုံ အထိတ်တလန့်နှင့် အမလေးဟုအော်ပစ်မိသွား သည်။

"ဘုရားရေ ... ဟိုလူပဲ ... ရုပ်ရှင်အတူတူကြည့်တဲ့လူ၊ သေ ချာပါတယ် ... ကိုကို့သူငယ်ချင်းလား သေပါပြီ ... "

ယောက်ျားလေးတစ်ယောက်နဲ့ အတူတူတွဲပြီး ရုပ်ရှင်ကြည့် တာ ကိုကိုသိသွားရင် ရွှေမှုံကို ဒေါသပိုဖြစ်တော့မည်။ အပြစ်မရှိ အပြစ်ရှာချင်နေတဲ့ကိုကို။ သူ ... သူဘာလာလုပ်တာလဲ။ ကိုကို့ သူငယ်ချင်းတွေကို ရွှေမှုံ အကုန်သိသည်။ သူကကားပေါ်ကဆင်း ပြီး ကိုကိုတို့တိုက်ထဲ ဝင်သွား၏။ ရွှေမှုံအကြောက်ဆုံးက ကိုကိုနှင့် အနီးတိသူ အထင်သေးမှာကိုပါ။

"သမီးရေ ... ကိုကိုက ဖုန်းဆက်တယ်၊ သမီးလေးကို သူတို့ ခြံဘက် အခုချက်ချင်းကူးလာခဲ့ပါတဲ့"

"ဟင် ... ဘာလုပ်ဖို့လဲ ... "

"သွားလိုက်ပါကွယ် ... ချစ်သမီးက အငယ်ပဲ ... ကိုကိုက ခေါ်တာလေ"

ကိုကို ဘာဖြစ်လို့ခေါ်ရတာလဲ။ ကိုကို လူလည် ... ရွှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာတော့မယ်ထင်တယ်။ မေမေ့ကိုတော့ ဟုတ်ကဲ့ဟုပြော ပြီး သူမခြေလှမ်းလေးတွေက နှေးနှေးကွေးကွေး။ သူရော ဟုတ်ရဲ့လား။ မဟုတ်ပါစေနဲ့ ... ရွှေမှုံ ဆုတောင်း ဘယ်တုန်းကပြည့်ခဲ့ဖူးလို့လဲ။ သူနဲ့တော့ တော်တော်လေးတူလွန်းနေသည်။

"သူဆိုရင်လည်း ဘာဖြစ်လဲ ... ငါအရမ်းတွေ့ချင်နေတဲ့ အိပ်မက်ထဲက ရွှေမင်းသားလေးတစ်ပါးပဲ ... ကိုကို့ကို ဂရုစိုက်စရာ မလိုပါဘူး ... ပိုတောင်ကဲပြလိုက်ဦးမယ်"

သူမ စိတ်တွေကို ထိန်းချုပ်အားပေးရင်း သတ္တိတွေမွေးကာ ကိုကိုတို့တိုက်ကြီးထဲဝင်ရောက်လာစဉ် ဧည့်ခန်းမှာထိုင်နေတဲ့သူကို မျက်ဝန်းတွေချင်း ဆုံမိသွားသည်။

"သူ ... သူပဲ ဟုတ်တယ် ... သူ ..."

သူ ... သူပဲလေ။ ရွှေမှုံ့မျက်ဝန်းတွေထဲမှာ ဖျောက်စစ်လို့မရဘဲ အရိပ်လေးတစ်ခုလို တွယ်ငြိနေခဲ့ဖြစ်သူ။ ရွှေမှုံ့နှလုံးသားတွေထဲက ရင်ခုန်သံစည်းချက်လေး တငြိမ့်ငြိမ့်လေး စီးမျောသွားသည်။

"ရွှေမှုံရဲ့ ... လာထိုင် ..."

"ဩော်"

ကိုကိုက လာလေဟုခေါ်သံကို အရင်းပြု၍ ရှေ့သို့တိုးကင်သွားတဲ့ ရွှေမှုံ့ခြေလှမ်းတွေက အင်အားတရပ် ပျော်ဝင်စီးဆင်းနေ





ပါသည်။ အံ့ဩမှုတွေ တစ်သီကြီးနှင့် ရင်မှာပိကုလာသလို လေးလံနေတာတော့ ခံစားရ၏။ ပြုံးစစ နှုတ်ခမ်းတစ်စုနှင့် စိုက်ကြည့်လိုက်သော မျက်ဝန်းအစုံရှေ့တွင် သိမ်ငယ်မှုနှင့်စိုးထိတ်မှုများစွာ သူ့ရှေ့မှာ ဝင်ထိုင်မိသည်။

"သူလား ... ရွှေမှုံရဲ့ဆိုတာ"

"ဟုတ်တယ် ကိုကို ... သူလေးပဲ ..."

သူနှင့်ဒုတိယအကြိမ် နီးနီးကပ်ကပ် ယပ်တွေ့လိုက်ရပြန်သည်။ သူ့ဘက်က သာမန်အကြည့်တွေဖြစ်နေပေမယ့် သူမကတော့ ဝမ်းသာအားရလိုက်လှဲစွာ ပြုံးပြမိသွားသည်။

"ကိုကို့သူငယ်ချင်းလားဟင် ... တစ်ခါမှ မတွေ့ဖူးဘူးနော်"

"မဟုတ်ပါဘူး ကလေး ... မင်းနဲ့အကြောင်းပြုပြီးမှ ခင်မင်သွားကြတာပါ"

"ရှင်"

"ကိုယ်တို့ ဖုန်းချင်းမှားယူသွားမိကြတယ်လေ"

"ဘုရားရေ ... အဲဒါ ကိုကို့ဖုန်း ..."

"ဟုတ်တယ် ရွှေမှုံရဲ့"

ကိုကို့ကိုမော့ကြည့်လိုက်တော့ ထုံးစံအတိုင်းပဲ ဒေါသကုမ္ဘာရကြီး။ မျက်လုံးတွေက တင်းတင်းမာမာ။

"သူက နင့်ကိုခင်မင်ချင်တယ်ဆိုလို့ မိတ်ဆက်ပေးဖို့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ငါခေါ်လာတာ"

သိသားပဲ။ ရွှေမှုံ့ကို ပထုတ်ဖို့ မဟာ အကြံအစည်ကြီးဆိုတာ။ ကိုကိုတို့ဖုန်းအပြန်အလှန် ဖုန်းဆက်ကြရင်း ခင်မင်သွားတာတဲ့။ ကိုကိုစိတ်ပုတ်ကြီးကို ဒီတစ်ခါတော့ အရမ်းပဲ။ ကျေးဇူးတွေတင်သွားရပါပြီ။ ရွှေမှုံ့အတွေ့ချင်ဆုံး လူတစ်ယောက်ကို ရွှေမှုံ့ရှေ့မှောက် ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်ဆောင်လာပေးလို့ပေါ့။

"ကိုယ့်နာမည်က ပြီးပြည့်စုံပါ ... မင်းကတော့ ကြိုက်သလို ခေါ်နိုင်တယ်နော် ကလေး ..."

သူမ စဉ်းစားလိုက်သည်။ ဗိုးလို့ ချဲချဲနဲ့နဲ့လေး ခေါ်ပစ်လိုက်ရင် ကောင်းမလား။ ဒါမှမဟုတ် ... ကိုကိုကြီးလို့ ... ဟွန်း ... ကိုကိုထက် သာစေရမည်။ ရွှေမှုံ့ကို တခြားသူလက်ထဲ စိမ်းစိမ်းကားကားကြီး ပို့ပစ်ဖို့ ကြံစည်တဲ့ကိုကို။

"ကိုကိုကြီးလို့ခေါ်မယ် ... ဒါက ကိုကို ... ရွှေမှုံ့မှာ အစ်ကို နှစ်ယောက်ရသွားပြီနော် ... အဟိ ..."

"ကိုကိုကြီးတဲ့လား ... ကောင်းပါတယ် ... ကိုကိုကြီးကတော့ ကလေးလို့ပဲခေါ်မယ်"

သူကလည်း တကယ့်ကို ကောင်မလေးရှေ့မှာ ကလေးကလားနှင့် လူငယ်လေးတစ်ယောက်ကဲ့သို့ မြူးကြွသွက်လက်နေသည်။ မျက်နှာတော့ အပူသားပဲ။ ရွှေမှုံ့ရဲ့ကို ထပ်မံဆုံစည်းခွင့်ရတာ





သူ့အလွန်အမင်းပျော်ရွှင်ပီတိ ဖြစ်ရ၏။ ကိုယ် ထပ်တွေ့ချင်နေတာပါ။ သူ့အချိန်မီ ထိန်းသိမ်းလိုက်ရသည်။

"ခေါ်ပါ ... ရွှေမှုံ့က အရမ်းကလေးဆန်နေလားဟင်"

"အင်း ... မင်းက ဖြူစင်ပါတယ်၊ ကိုယ်က ရိုးသားဖြူစင်ပြီး ပွင့်လင်းမှုကို သဘောကျတယ်"

ကိုကိုဘေးရောက်သွားပြီ။ ကိုပြီးပြည့်စုံရော ရွှေမှုံ့ရော ပြောလို့မဆုံးနိုင်ကြ။ မိသားစုအကြောင်းတွေ စီးပွားရေးလုပ်ငန်းအကြောင်းတွေ ရွှေမှုံ့လည်းသိသလိုလို တတ်သလိုလိုနှင့်ဆရာကြီးလုပ်၍ ဆွေးနွေးနေသည်။

"ရွှေမှုံ့ ကျောင်းပြီးသွားရင်လေ ကိုယ်ပိုင်စီးပွားရေးတွေလုပ်မယ် ကိုကိုကြီး ... အကူအညီပေးနော်"

"ပေးရမှာပေါ့ ကလေးရယ် ... အားပေးရမယ်၊ အောင်မြင်တဲ့အထိပေါ့ ... သင်ပေးပါ့မယ်"

"Thank You"

ဒီကောင်မလေး အသံကိုက နျူကလီးယားဗုံးပေါက်ကွဲတော့မတတ်ဘဲ။ အမြင်ကတ်လိုက်တာ ... သူ ပထမတော့ ကိုပြီးပြည့်စုံလက်ထဲ ဒီကောင်မလေးကို ထိုးအပ်မလို့ပဲ။ ဒီကောင်မလေး ကိုယ်တိုင် ပြိတ်တီနှင့် အရောတဝင်လုပ်နေတာကိုကြည့်နေရင်း ရွှေမှုံ့ရဲ့ တမင်အရွဲ့တိုက်လုပ်ပြနေတာ သိလာရသည်။ ခေါ်သွားတွက်



www.burmeseclassic.com

www.burmeseclassic.com



ချင်လာရပြန်၏။ ဟိုလူကလဲ ကလေး … ကလေးနဲ့ ဆက်ပြီးထိုင်မနေချင်တော့ဘဲ ထထွက်မိတော့မလို။

"ဒါက ကိုယ့်ကုမ္ပဏီကဒ်ပါ … မင်းအချိန်မရွေး ဆက်သွယ်လို့ရပါတယ်"

"ဟုတ်"

"ခွင့်ပြုဦးနော် … ကိုကိုလည်း လိုအပ်တဲ့အကူအညီပြောပါ၊ ကိုယ် အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

သူ ထလိုက်တော့ ရွှေမှုံလည်း ကိုကို့ကို အမြင်ကတ်တာနှင့် သူ့ကို ခြံထဲအထိ လိုက်ပို့ပေးပစ်လိုက်သည်။

"ရွှေမှုံရဲ့"

"ရှင်"

"မင်းကို အမှတ်မထင်တွေ့လိုက်ရပြီးထဲက ကိုယ် … မင်းနဲ့ ခင်မင်ချင်ခဲ့တာပါ၊ အဲ့ဒါကြောင့်ကောင်းတယ် … ဖုန်းချင်းမှားသွားတယ်"

"ကိုကို့ဖုန်းကို ယူလာတာလေ၊ ရွှေမှုံက ဖုန်းကိုင်နေကျမဟုတ်လို့ … ဟင်း ဟင်း …"

"မင်းမှာ ဖုန်းမရှိဘူးလား"

"မရှိဘူး … မေမေလေ ဝယ်မပေးဘူး၊ ရွှေမှုံ ကြောခင်ဝယ်မယ် … ရွှေမှုံက ဟိုဘက်ခြံမှာနေတာလေ၊ လာလည်လို့ရပါတယ်"





"ကိုယ် လာလည်မယ်နော် ကလေး … မင်းနဲ့ဆုံရတာ ကိုယ် ပျော်သလိုပဲ"

"ဟင်း … ဟင်း … ဟင်း …"

ရွှေမှုံလည်း ကိုကိုကြီးလိုပါပဲဟု ပြန်ပြီး ချဲမလို့ဟာ နှုတ်က မထွက်။ မိန်းကလေးတစ်ယောက်အတွက် မာနတွေက တန်ဖိုးပါ။ ကိုကိုကြီးကပဲ ရွှေမှုံဘဝမှာ အချိုသာဆုံးနဲ့အညင်သာဆုံး နူးညံ့စွာ ပြောဆိုဆက်ဆံခဲ့လို့လား မသိပါဘူး။ ရွှေမှုံ့နှလုံးသားထဲမှာ သံယောဇဉ်တွေ ငြိတွယ်သွားခဲ့ရသည် ထင်သည်။

"သွားပြီနော်"

"ဟုတ်"

ကိုပြီးပြည့်စုံကားလေး မောင်းထွက်သွားပြီးမှ ရွှေမှုံရင်ခုန်လိုက်ဖြာတုန်ယင်နေရသေးသည်။ ခြေလှမ်းဆက်လှမ်းဖို့ပင် မေ့လျော့သွားသလို သူ့ကားကိုလည်း ငေးမောကြည့်မိနေ၏။ သူမ အနားသို့ ကိုကိုရပ်လာသည်။

"ရွှေမှုံရဲ့"

"ဟင်"

"နည်းနည်းလေးများ ဣန္ဒြေဆည်ပါဦးဟာ၊ နင်ကတော့လေ အငမ်းမရကြီး …"

"ကိုကိုနော် … လူကို ဒီလောက်အထိ ချိုးချိုးနှိမ်နှိမ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ဖုန်းချင်းမှားလောက်အောင် ဘာတွေဖြစ်နေလို့ မေ့လျော့ရတာလဲ"

"ကိုကို"

"ဘာလဲ"

"သူ ... သူလေ ခန့်ညားချောမောမနေဘူးလား။ အရမ်းလည်းယောကျ်ားပီသတယ် ကိုကိုသိလား ... ချမ်းလည်းချမ်းသာတယ်၊ သူ့နှုတ်ခမ်းမွှေးလေးတွေက စိမ်းမြမြနဲ့ နှုတ်ခမ်းကလဲ နီရွှေးရွှေး"

"ရွှေမှုံရဲ့ ... နင်ဘာဖြစ်နေတာလဲ၊ မိန်းကလေးဖြစ်ပြီး ယောကျ်ားတစ်ယောက်ကို အသေးစိတ်ကြည့်ထားရလားဟ"

"အမလေး ... လန့်လိုက်တာ"

ကိုကို စိတ်ပုတ်ကြီး။ ဒေါသတွေထွက်ပြီး စိတ်တိုနေပြီး တမင်ပြောလိုက်တာပါ။ သူပဲ ရွှေမှုံကို ဟိုလူလက်ထဲထိုးအပ်ဖို့ ကြံမည်နေပြီးတော့။

"စိတ်သဘောထားလည်း ပြည့်ဝတယ် ... အခွင့်အရေးလည်း မယူတတ်ဘူး၊ တကယ့်ကို လူကြီးလူကောင်းပဲနော်"

"နင် ... နင် ပြောလေကဲလေပါပဲလား ... ဒီလူ့အကြောင်း နင်ဘယ်လောက်သိထားလို့လဲ"

"အပွေးမြင် အပင်သိပါတယ်"





"ဘာပြောတယ်"

သူကလည်း အခြောက်တိုက်ဒေါသတွေ ထွက်နေလေသည်။ ရွှေမှုံရဲ့ အရွဲ့တိုက်တတ်တဲ့ ကောင်မလေးဆိုတာ သူသိသိကြီးနှင့် ရွှေမှုံရဲကို သူလုံးဝကြည့်မရ။ သူ့အနားမျာရှိမနေစေချင်တာမှန်ပေမယ့်လည်း သူဒေါသဖြစ်နေရတာကိုပင် သူကိုယ်သူ စဉ်းစား၍ မရတော့။

"အဟီ ... ကိုကို စိတ်ပုတ်ကြီး ပြန်ပြီနော် ... ညစာကိုတော့ ရွှေမှုံတို့အိမ်မှာ လာစားမှာမဟုတ်လား ... စောင့်နေမယ်နော်"

"ဟော့ ... ရွှေမှုံရဲ့ ... မင်း ... မင်း ... ဟာကွာ"

ကိုကိုတစ်ယောက်ထဲ ဒေါသတွေထွက်ပြီး ကျန်ရစ်ခဲ့သည်။ ရွှေမှုံ ပျော်လိုက်တာနော်။ ရွှေမှုံကိုသူများလက်ထဲအပ်ချင်ဦး။ ရွှေမှုံ့ကို ရှောင်နေတာ ကိုကိုပဲလေ။ အခုတော့ ကိုကို့ထက်တောင် ကြင်နာယုယပေးတဲ့ ကိုကိုကြီးတစ်ယောက်ကို ရွှေမှုံ့အနားရောက်လာအောင် ပို့ပေးလိုက်တဲ့ ဖူးစာရေးနတ်မင်းကြီးကိုလည်း ကျေးဇူးတင်တယ်။ သူတော်ကောင်းကို နတ်ကောင်းစောင်မလိုက်တာပါ ကိုကိုရေ။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"ဒီညစာ စားပွဲက ကိုကို့ကို ကျေးဇူးတင်လွန်းလို့ ဂုဏ်ပြုညစာကျွေးတာပါ"

"ဘာပြောတယ်"

"ခန့်ညားချောမောတဲ့ ကိုကိုကြီးလိုယောကျ်ားတစ်ယောက်နဲ့ဆုံမိတာ၊ ကိုကို့ကြောင့်လေ … အဟဲ … ဖူးစာရေးနတ်မင်းကြီးကို အရမ်း အရမ်းကျေးဇူးတင်လွန်းလို့ပါ"

ကိုကိုတော့ခက်ပြီ။ ရွှေမှုံရဲ့ ငရုပ်မလေး လွတ်ကျွတ်ရင်ပြီးရောလို့ အမြဲတမ်း သူ့ရင်ထဲမှာပြင်းပြတဲ့ဆန္ဒတွေ ရှိနေပေမယ့် တကယ်တမ်း ရွှေမှုံရဲ့ ချစ်သူရသွားမှာကျတော့လည်း ထိတ်လန့်တုန်လှုပ်နေပြန်ရော။ ဒီကောင်မလေးက အရွဲ့တိုက်ပြတဲ့နေရာမှာ နှစ်ယောက်မရှိ။ ကိုကို အမူအယာမပျက်စေရန် ပြန်ထိန်းပစ်လိုက်သည်။





"အင်း … ကိုပြီးပြည့်စုံက မဆိုးပါဘူး၊ နင့်အတွက် ရွေးချယ်သင့်ပါတယ်၊ ကိုကိုကတော့ သဘောတူတယ်၊ ငါ့လက်ကနေ လွတ်စေချင်တယ်လေ"

"လွတ်တော့မှာပါ … မကြာခင် လွတ်မြောက်စေရမယ်၊ ကိုကိုကြီးနဲ့ချစ်သူဖြစ်သွားရင် ကိုကို လုံးဝမလိုအပ်တော့ဘူး၊ ရွှေမှုံရဲ့အတွက် အဖော်ရပြီလေ"

ရွှေမှုံ ငိုချင်လိုက်တာ။ ဘာဖြစ်လို့မှန်းမသိဘဲ ကိုကို့ကို သဝန်တိုပြီး ဒေါသတွေ ပေါက်ကွဲစေချင်တာပါ။ အမြဲတမ်း ရွှေမှုံ့ကိုဆိုရင် ဥပေက္ခာပြုထားချင်တဲ့ကိုကို။ ရှောင်ဖယ် ရှောင်ဖယ်နှင့်တကယ်ပဲ ကိုကို့ရင်ထဲမှာ ရွှေမှုံက သာမန်အဆင့်လောက်တောင် သံယောဇဉ်တွယ်ငြိနေခြင်းမရှိတာပါလား။ သူမ ခံစားရတာတွေ ကိုကို မသိစေရန် အငိုမျက်လုံးတွေကို ပုန်းကွယ်ပစ်သည်။

"လာလေ … ကိုကို … ညစာကတော့ နှစ်ယောက်ထဲပဲ ကိုကို့မေမေလည်း နေမကောင်းလို့ မလိုက်လာနိုင်သလို ရွှေမှုံမေမေလည်း ဦးလေးတစ်ယောက်က အရေးတကြီးဖုန်းဆက်ခေါ်လို့ မရှိဘူးလေ"

"နှစ်ယောက်ထဲလည်း ဖြစ်ပါတယ် … ရွှေမှုံရဲ့ဆိုတဲ့ ကောင်လေး ချစ်သူတွေ့တဲ့ အမှတ်တရ ဂုဏ်ပြုပေးချင်တာ"

"အဟိ"



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်မလေး အမြင်ကတ်စရာကောင်းလောက်အောင် ပျော်နေတာပါလား။ လင်တော်တော်ယူချင်နေပုံပဲ။ ကိုပြီးပြည့်စုံကလည်း မဆိုးဝါဘူး။ ဒါပေမဲ့ … ကိုကိုကြိတ်ပြီး ဒေါသက ပေါက်ကွဲချင်လာသည်။

"ကိုပြီးပြည့်စုံက ဘယ်လိုယောကျ်ားမျိုးဆိုတာထက် လူလွတ်ဖြစ်ဖို့က အရေးကြီးတယ်နော် ရွှေမှုံရဲ့"

"လူပျိုပါ"

"နင်က ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

"အဟိ … ထင်တာ"

"နင်ကတော့လေ"

ကိုကိုက ရိုက်ဖို့လက်ရွယ်လိုက်သဖြင့် ရွှေမှုံ ဇက်ကလေး ပုဝင်သွားရသည်။ တဟီးဟီး ရယ်မောနေလိုက်တာကိုပင် ကိုကို ဒေါသထွက်နေသည်။ ရွှေမှုံက ကိုကို့ကို ခံစားစေချင်တာပါ။ မနာလိုဝန်တိုတွေဖြစ်စေချင်တာ။ အမြဲတမ်းပဲ ကိုကို့ကိုနောက်ယှက်ပြီး ဒုက္ခပေးချင်တဲ့ကောင်မလေးဆိုပြီး သံယောဇဉ်တွေ ကင်းမဲ့ချင်နေသည်။

"မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာနဲ့နေရတယ် ရွှေမှုံရဲ့ … တခြားယောကျ်ားလေးတွေက ငါလိုမဟုတ်ဘူးနော် … နင် သတိထားတော့"





"ရွှေမှုံ့နှလုံးသားထဲကလေ … ကိုကိုကြီးကို ယုံကြည်နေမိသလိုပဲ … မထင်မှတ်ဘဲ တွေ့ဆုံကြရတာကပဲ ကျွန်မတို့နှစ်ယောက် ရေစာဖက်တွေလားဟင်"

သူ … ထပြီး ရိုက်ပစ်ချင်သည်။ သူ့ဒေါသတွေကို ရွှေမှုံရဲ့ အမင်ဆွပေးနေတာလည်း ဖြစ်နိုင်၏။ မင်းနှလုံးသားထဲမှာ အချစ်ဆိုတာရောရှိလို့လား ရွှေမှုံရဲ့ … တော်တော်လေး အပြောင်းအလဲမြန်တာပဲ … ငယ်ငယ်တုန်းကတော့ သူ့မှသူ … အခုချက်ခြင်းပဲ ကိုကိုကြီး … ကိုကိုကြီးဖြစ်သွားပြီ။ အင်းလေ … ဒီကောင်မလေး ကိုကြီးပြည့်စုံဆီရောက်သွားတာလည်း ကောင်းပါတယ် … သူ လွတ်ကင်းသွားပြီဟုပဲ တွေးထားသည်။

"ကိုကို …"

"ဟင် …"

"စားနော် … ဒီဟင်းကတော့လေ ရွှေမှုံ မချက်တတ်ချက်တတ်နဲ့ ချက်ထားတဲ့ ကြက်သားဟင်းလေးပါ၊ ကိုကိုကြီးနဲ့တွေ့ပြီးမှာ … ရွှေမှုံ … အိမ်ရှင်မအလုပ်တွေ အရမ်းစိတ်ဝင်စားလာလို့ ဒေါ်ဆီမှာ သင်ကြားလေ့ကျင့်ထားတာ"

"အင်း ကောင်းပါတယ် … ကြိုးစားထား … နင့်ရဲ့ ထောင့်ချိုးတဲ့ … ကလေးဆန်တဲ့အပြုအမူတွေကိုလည်း ပြင်နော် … ဒါဆိုလား … ဟိုလူ အထင်သေးသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ... ဒါကြောင့် ကိုကိုကြီးစိတ်တိုင်းကျဖြစ်အောင်လေ ကျွန်မ ကြိုးစားပြမယ်သိလား ..."

ကိုကို ထပြန်ချင်လာသည်။

ရွှေမှုံ့ရဲ့အမူအရာတွေက ... အလွန်အမင်းပျော်ရွှင်နေပြီး တက်ကြွနေသည်။ သူ့အတွက် ... ပေါ့ပျက်ပျက်ဂျစ်တိုက်တတ်တဲ့ အမူအကျင့်တွေကျတော့ ဘယ်တုန်းကမှမပြင်ခဲ့ ... သူ မလုပ်ချင်တာတွေကိုပဲ ဇွတ်တရွတ်လုပ်နေတတ်တဲ့ ကောင်မလေး ...

"ကျွန်မ ... ဟင်းချက်လက်ရာ ဘယ်ဆိုလဲ ... ဝေဖန်ပေးပါဦး ကိုကိုရယ်နော် ... ကျွန်မမှာက တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ ကိုကိုပဲရှိတာပါ။ မေမေကလေ ကိုကိုသိတဲ့အတိုင်းပဲ ... ကိုကိုကလွဲပြီး ... တခြားယောကျ်ားလေးတွေနဲ့ ပတ်သက်တာမကြိုက်ဘူးတဲ့ ... သမီးလေး အနေအထိုင်ဆင်ခြင်တဲ့လေ ... ဟွန်း"

အန်တီမြတ်မြတ်သော်က ... သူ့ဘက်မှာရှိနေ၍ ကိုကို နည်းနည်းလေးစိတ်သက်သွားသလိုပင် ... ကိုကို့စိတ်ဆန္ဒတွေကလည်း ထူးဆန်းနေသလိုပင် ... ရွှေမှုံ့ရဲ့အပေါ် မုန်းတီးနေသည်ဟုသူ ... ထင်မှတ်နေလာခဲ့တာ ... အခု ဘာဖြစ်လို့မနာလိုဝန်တိုစိတ်တွေ ဖြစ်လာရတာလဲ ... ရွှေမှုံ့ရဲ့ ရုပ်လွှန်းတဲ့ကောင်မလေး ... သူ့အပေါ် အနိုင်ကျင့်ဗိုလ်ကျနေသည်ဟုပဲ စွဲမြဲစွာထင်မှတ်လာခဲ့တာပဲ မဟုတ်လား ... ရွှေမှုံ့ရဲ့က သူနှင့် တပူးတွဲတွဲလာရောက်နေထိုင်





ဘတ်တာ ... သူ လုံးဝမနှစ်မြို့ခဲ့ ... အခုတော့ သူ့ဆန္ဒတွေက သူ့အပေါ်ပဲ အလေးအနက်ထားစေချင်ပြန်သည်။

"ကိုကို ..."

"ဘာလဲဟာ ..."

"ကိုကိုရေ ... ချစ်သူရှာဖို့သင့်နေပြီနော် ... အခုဆို ရွှေမှုံ့ဘလည်း ကိုကို့ကို လုံးဝမနှောက်ယှက်တော့ဘူး၊ အတွဲရသွားပြီ"

"ရွှေမှုံ ..."

"ဟင် ..."

"နင်ကို ... ဟိုက ... ချစ်ပါတယ်လို့ပြောသေးလို့လား၊ ယောကျ်ားလေးဘက်က မစသေးဘူး ... နင် ဘာဖြစ်နေရတာလဲ၊ ဘန်ဖိုးမဲ့အောင် မလုပ်နဲ့နော်"

"သေချာပါတယ် ကိုကိုရဲ့ ... ရွှေမှုံ့ကို သူကြည့်တဲ့အကြည့်တွေထဲမှာလေ ... အချစ်တွေမြောက်များစွာ စီးမျောပါဝင်နေတယ် သူနဲ့ အကြည့်ချင်းဆုံမိတာနဲ့လေ ... ရွှေမှုံ့ ရင်ခုန်နေတယ်၊ ရုပ်ရှင်ရုံထဲမှာလည်းလေ ရွှေမှုံ့ရင်တွေ တဆတ်ဆတ်ခုန်နေတာပဲ ... အချစ်နဲ့ပတ်သက်ပြီး အရမ်းခံစားနေရတာယ်၊ သူက စကားပြောတာလည်း အရမ်းကြင်နာတတ်ပြီး လူကြီးလူကောင်းဆန်တယ်လေ"

"တော်စမ်းပါကွာ"

သူ ... ဆက်ပြီးနားမထောင်လိုတော့ပေ။ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်ပြောနေတာတော့ ... မဖြစ်နိုင်ပါဘူး။ သူ့ရင်ထဲမှာ ခံစားနေရတာတွေ ရင်ဖွင့်နေတာပဲဖြစ်နိုင်သည်။ ရွှေမှုံရဲ့ ... ပတ်သက်ဆက်ဆံတာက သူတစ်ယောက်ထဲရှိသည်။ ယောက်ျားလေးတွေနဲ့ အထိအတွေ့မရှိခဲ့တဲ့ မိန်းကလေးဖြစ်နေ၍ အမှားအယွင်းတွေဖြစ်သွားမှာကိုလည်း သူ စိတ်ပူပင်နေသည်။

"ယောက်ျားတစ်ယောက်ကို ... ဘာအကြောင်းမှ မစုံစမ်း မစစ်ဆေးသေးဘဲနဲ့တော့ ... နင် အရမ်းကြီးလည်း အထင်မသေးနဲ့ဦး ရွှေမှုံရဲ့ ... မိန်းမတို့ဂုဏ်ဒြပ် ရွှေပေးလို့မရတဲ့နော်"

"ဟုတ်ကဲ့ပါ"

"ပေါ့ပျက်ပျက်နဲ့ ဟာသတွေလုပ်မနေနဲ့နော် ... ရွှေမှုံရဲ့ အလေးအနက်ထားစမ်းပါ၊ ငါတောင်စိတ်ပူတယ်"

"ကိုကိုကလား ..."

"ဘာပဲဖြစ်ဖြစ်လေဟာ ... နင်နဲ့က ငယ်သူငယ်ချင်းတွေပဲ မဟုတ်လား ... နင့်ကိုဆုံးမနေတာနော် ရွှေမှုံရဲ့"

ကိုကိုကတော့ ... ရွှေမှုံ့အပေါ် လုံးဝကိုခံစားချက်ကင်းမဲ့လွန်းနေတာပါလား။ သူငယ်ချင်းမိတ်ဆွေတစ်ယောက်ကို ဆုံးမသွန်သင်နေသလိုပဲ ... အေးစက်စက် ... သူမ ဒေါသဖြစ်လာရသည်။ သူမ အရွဲ့တိုက်ပြတာလည်း ဘာမှမထူးခြားပါလား။ ကိုကို့ဆီကနေ ဂရုစိုက်မှုတွေ ... အကြင်နာတွေ ... အချစ်တွေ မျှော်လင့်နေမယ့်





အစား ... သူစိမ်းတရံစာယောက်ျားတစ်ယောက်ဆီကပဲ မျှော်လင့်တာ အကောင်းဆုံးပဲ ... အလကားကိုကို ... မုန်းဖရာကောင်းတယ် ရွှေမှုံ့ကိုဆို ... အနှောက်အယှက်ပေးတတ်တဲ့ ကောင်မလေးပဲဟု တစ်သက်လုံးသတ်မှတ်ထားနေသည်။ သူမ နှုတ်ခမ်းလေးပင် စူပုတ်ချင်လာ၏။ ထိုအချိန်တွင် ကိုကို့ဖုန်းမှ သီချင်းသံမြည်လာ၍ ... ရွှေမှုံရဲ့ မျက်လုံးလေးဝင့်ပြီး ကောက်ယူကြည့်လိုက်တော့ ကိုကိုကြီးဖုန်း ဖြစ်နေသဖြင့် ... ကိုကိုကြီးဟုပြောပြီး သူမပဲ ဖွင့်၍နားထောင်လိုက်သည်။

"ဟဲလို ... ရွှေမှုံရုံပါ"

"ရွှေမှုံလေး ..."

"ရှင် ... ကိုကိုကြီးလားဟင်"

ကိုကို့ဆီသို့ ... မျက်လုံးလေးဝင့်ပြီး တွေ့လားဟုအချက်ပြသာ ... သူမ ပြုံးရယ်ပစ်တော့ ကိုကိုက အဖြစ်သည်းပြုမနေနဲ့ဟု အမူအရာပြပြီး ထသည်။ ဘယ်ရမလဲ ရွှေမှုံရုံပဲလေ ... ကိုကိုထသွားသရာ နောက်ကနေလိုက်လာပြီး ကိုကြီးပြည့်စုံနှင့် ဖုန်းပြောသည်။

"ရွှေမှုံလည်းလေ အရမ်းသတိရနေတာပါ ... ဘာဖြစ်လို့လဲ သိဘူးနော် ... အခုတောင် ကိုကို့ကိုပြောပြနေတာပါ၊ ကိုကိုကြီးနဲ့ ရှိရတာ အရမ်းထူးဆန်းပြီး ... ရင်ခုန်စရာကောင်းတယ်လို့"

ကိုကိုကတော့ ... မသိချင်ယောင်ဆောင်နေသည်။ ရှေ့ခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်လိုက်၏။ တော်တော်နေနိုင်တဲ့ ကိုကို ...

"ကျွန်မနဲ့ကိုကိုလား ... သူငယ်ချင်းတွေပါ။ မောင်နှမတွေလို ခင်မင်ရင်းနှီးမှုရှိတယ်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်လေ"

"ကလေး ..."

"ရှင် ..."

"မနက်ဖြန် ... ကိုကိုကြီးနဲ့ကလေးတို့ တွေ့ကြရအောင်ကွာ ကိုကိုကြီးလေ ... ကလေးကို လက်ဆောင်ပေးစရာရှိတယ်"

"ဘာလဲဟင် ..."

"ကလေးမှာ အလိုအပ်ဆုံးအရာလေ"

"ကလေးမှာက ... လိုအပ်တာတွေ အများကြီးရှိတာနော် ကိုကိုကြီး"

"တစ်ခုချင်းပြောပြနော် ... ကိုကိုကြီး အားလုံးဖြည့်စွမ်းပေးမယ် ကလေးရယ်နော် ..."

ရွှေမှုံရဲ့ပြောတဲ့အသံနှင့် စကားလုံးတွေက ညုတုတုချွဲဖြစ်ဖြစ်နှင့် ကိုကို ... နားမထောင်ချင်လောက်အောင်ပင် အမြင်ကတ်စရာကောင်းနေသည်။ ကလေးတဲ့ ... ဘာတွေလဲ ... ရွှေမှုံရဲ့ကြောင့် မိန်းကလေးတွေနှင့်ပင် ... သူ ပတ်သက်ဆက်ဆံဖို့ စိတ်ကုန်ခဲ့၏ ထို့ကြောင့်ပင် ... သူ့မှာ ချစ်သူရည်းစား မရှိခဲ့ ... ရွှေမှုံရဲ့ အရှက်မဲ့ ဘူး။ ယောကျ်ားလေးကို အထာတွေပေးနေသည်။





"တွေ့မယ်လေ ... ရွှေမှုံတစ်ယောက်ထဲ လာရပါတယ်၊ ကလေးကတော့ ... အရမ်းပဲစိတ်ဝင်စားပြီး ရင်တွေတုန်လာပြီနော်"

ကိုကိုကတော့ ... ငုတ်တုတ်ထိုင်နေသည်။ ရွှေမှုံက ရှုံ့ရှဲ့နှင့် ဒေါသတွေ ပေါက်ကွဲလာစေချင်တာပါ။ ဧည့်ခန်းမှာထိုင်ရင်း စာအုပ်ကိုပင် ကောက်ဖတ်နေသေး၏။ သူမပဲ ... ကိုကိုကြီးနှင့်ဖုန်းပြောရင်း ငိုချင်နေသည်။

"ဒါပဲနော် ကိုကိုကြီး ... မနက်ဖြန်မှတွေ့မယ်"

သူမ ... ဖုန်းပိတ်ပစ်ပြီး ကိုကို့ကိုကြည့်မိသည်။ ကြည့်လေ စာဖတ်မပျက် ... ပြီးတော့ ဘာရယ်စရာတွေ့သည်လဲမသိ ... ရယ်နေသေး၏။ ရွှေမှုံ ... ဒေါသတွေကို ဝုန်းကနဲပေါက်ကွဲ လွှင့်စင် မထွက်စေရန် ... အောင့်အီးထိန်းချုပ်ထားရသေးသည်။

"ကိုကို"

"ဟင် ..."

"ကိုကိုကြီးကလေ မနက်ဖြန် ... ကလေးနဲ့တွေ့ချင်လို့တဲ့ အခုတောင်ဆက်တွေ့ချင်တာ ... အားနာလို့တဲ့လေ ... တွေ့လား ရွှေမှုံ့ကို စိတ်ဝင်စားပါတယ်လို့ ... အပြတ်ကြီးခိုက်သွားတာ"

သူ ... ဖုန်းကိုယူလိုက်သည်။ ရွှေမှုံရဲ့နှင့် ဆက်ပြီးစကားပြောရန်ပင် ... သူ့မှာ အင်အားကုန်ခမ်းလာရ၏။ မနာလိုဝန်တိုမှုတွေနှင့် ဟန့်တားချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... "

"ငါ သွားစရာရှိတယ်"

"ခဏလေးပါ။ ကိုကိုကြီးနဲ့ရွှေမှုံကြားမှာ ရင်ခုန်စရာပဟေဠိလေးရှိလို့လေ ... ကိုကို ဝိုင်းပြီးစဉ်းစားပေးစမ်းပါ"

"နင်တို့ကိစ္စမှာ ငါဝင်မပါဘူးနော် ... ကောင်ရှုပ်မလေး ... ဒီလူ့အကြောင်း ဘာမှမသိဘဲနဲ့ ... သတိတော့ထားနော် ... ငါကတော့ ... လွတ်ပြီကျွတ်ပြီပဲ ... နင် မြန်မြန်ဆန်ဆန် ယောကျ်ားရသွားမှ အေးမယ်"

"ကိုကိုနော်"

"ငါသွားပြီ"

"ခဏနေပါဦး ... ဒီမှာ ... မနက်ဖြန် ရွှေမှုံ့ကို သူပေးမယ့်လက်ဆောင်လေးလေ၊ ရွှေမှုံအလိုချင်ဆုံးအရာလေးတဲ့ ... သူနဲ့ရွှေမှုံတို့ကြားမှာ အလိုအပ်ဆုံးတဲ့ ... "

"ဖုန်းပဲဖြစ်မှာပေါ့ ... နင်က အရမ်းလိုအပ်နေတာလေ"

သူ ... အမြင်ကတ်ကတ်နှင့် ပြောပြီးထွက်လာခဲ့သည်။ ရွှေမှုံရီ ... တဟားဟားနှင့် ရယ်မောနေရင်း ... ကျန်ရစ်ခဲ့သည်။ ရွှေမှုံရီကို ... အန်တီသော်က တမင်ဖုန်းကိုင်ခွင့်မပြုခဲ့တာပါ။ ယောကျ်ားလေးတွေနဲ့ ပတ်သက်ဆက်ဆံမှာ စိုးရိမ်လို့တဲ့ ... ကိုကို တစ်ယောက်ထဲကလွဲပြီး တခြားယောကျ်ားလေးတွေနှင့် ခင်မင်





ရင်းနှီးခွင့် မပြုခဲ့ ... ကိုကြီးပြည့်စုံကိုတောင် သူခေါ်လာ၍ ... ရွှေမှုံရီနှင့် ခင်မင်ရင်းနှီးခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ယယယ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

ကိုကြီးပြည့်စုံရှေ့မှာ … သူမ သတိရတာမ်းတနေမိတာက ကိုကိုဖြစ်သည်။ ကိုကိုမိုးမြင့်မြတ် … သူမအပေါ် အလွန်အမင်း ကြီးကျယ်ခမ်းနားနေလွန်း၏။ အဖွက်မတန်သလိုလို … အေးတိ အေးစက်ကြီး … ဟွန်း … မုန်းတယ်။ ဟုတ်တယ် … ရွှေမှုံ့ချစ်သူ အဖြစ်ရွေးချယ်သင့်တာက ကိုကိုကြီးပြည့်စုံပဲ … သူမ … ရင်တွေ နာကျင်ပူလောင်နေသည်။

"ကိုကိုကြီးနဲ့တွေ့ရတာ … ကလေး စိတ်ညစ်နေတာလား"

"ရှင် …"

"မင်းအတွေးတွေက … တခြားနေရာရောက်နေတာလား၊ စိတ်နဲ့ကိုယ်တော့ မကပ်ဘူးထင်တယ်နော် ကလေး"

"ရှင် … ဟိုလေ … ရွှေမှုံ့ တစ်ခါမှ သူစိမ်းယောကျ်ားလေး တစ်ယောက်နဲ့ အပြင်ထွက်မလည်ဖူးလို့ပါ ကိုကိုကြီး … ကြောက်





တယ်"

သူ … ကလေးကို သံယောဇဉ်တွယ်မိနေသည်။ ဖြူစင်လွန်းသည်ဟုလည်း ထင်မိ၏။ သူ ချစ်မြတ်နိုးစွာ တန်ဖိုးထားလက်ထပ်လိုသည့် မိန်းကလေး … သူ့ဇနီးလောင်းက ရွှေမှုံ့ရဲလိုမိန်းကလေး မျိုးဖြစ်သည်။

"ကိုကိုကြီး …"

"ဟင် … ပြော"

"ကိုကိုကြီးရော … အတွေးတွေနဲ့ စိတ်နဲ့ကိုယ်မကပ်ဘူး မဟုတ်လားလို့"

"ကိုကိုကြီးလည်း ကလေးလိုပဲလေ … မိန်းကလေးတစ် ယောက်နဲ့ ပထမဆုံးအကြိမ် အပြင်ထွက်ဖူးလို့ ကြောက်နေတယ်"

"အဟက် … ပေါက်ကရတွေ … မယုံပါဘူး၊ ကိုကိုကြီးက ရွှေမှုံ့တို့ထက် အသက်ကြီးတယ်၊ ဒီအရွယ်မှ အမြိုးမပေါက်ရင် ဘာ မျောက်လဲ ပြော …"

ရွှေမှုံ့က … မျက်လုံးလေးတွေဝင့်ဝင့်ပြီး သူ့ကို ပြုံးစစနှင့် မေးနေတာက … ကလေးဆန်ပြီး ချစ်စရာကောင်းသည်။ သူ နှစ် သက်စွာကြည့်မိနေရသည်။

"ကိုကိုကြီး … မှန်မှန်ပြောနော် … ရှင့်မှာ မိန်းမရှိလား"

"မရှိပါဘူး၊ လူပျိုပါ … ကိုကိုကြီးကို အထင်မသေးပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေး ... ကိုယ်က စီးပွားရေးကလွဲပြီး အိမ်ထောင်ရေးကိစ္စတွေ စိတ်မကူးနိုင်ခဲ့ဘူး”

“တကယ် ...”

ကိုကိုပြောတယ်။ ကိုကိုကြီးမှာ အိမ်ထောင်မရှိဖို့ အရေးကြီးတယ်တဲ့ ... သူမကတော့ စိတ်အဝင်စားကြီးမဟုတ်ပါဘူး။ အရံထားမိတာ ... ကိုကိုကြောင့်လေ ... ရှင့်ကြောင့်ပေါ့ ... ကိုကိုကြီးလိုယောက်ျားတစ်ယောက်ကတော့ ချစ်သူအဖြစ်ရွေးချယ်သင့်ပါတယ် ရုပ်လည်းရှင်းသန့်ပြီး နုဖတ်နေတာပဲ ... အသားအရည်ကအစ ဖြူစင်သန့်စင်လွန်းသည်။ ရွှေမှုံ စဉ်းစားနေမိတာက အချစ်ပဲ ... ယောက်ျားလေးတစ်ယောက်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံသည် ဖြစ်၍ ... စိတ်တွေလှုပ်ရှားနေတာလောက်ပဲ ရှိနေသည်။

“ကိုကိုကြီးမှာ အိမ်ထောင်မရှိဘူး၊ လူပျိုဆိုတာ အကြွင်းမဲ့ယုံပေးပါ၊ ကိုကိုကြီး အဲဒီလောက်အထိ အောက်တန်းမကျပါဘူး၊ အမှန်အတိုင်းဝန်ခံရရင်တော့ ... ဖြူစင်တဲ့ကလေးကို စိတ်ဝင်စားမိတယ်၊ နှစ်သက်တယ်”

“ဟုတ်လား”

ဘုရား ... ဘုရား ... ရည်းစားစကားတွေပြောလာရင်တော့။ ဒုက္ခပါပဲ ... လူပျိုလူလွတ်ဆိုတာလည်း မသေချာသေးဘူး။ ရွှေမှုံကတော့ ယုံကြည်သည်။ ကိုကိုကြီးက လူလိမ်လူညာမဖြစ်နိုင် ...





ရည်းစားစကားပြောလာရင်တော့ ... ရွှေမှုံ ... ဘယ်လိုဖြေရမလဲ။ ဖုန်းထဲမှာသာ ညှုးကလီးယားတွေလွှတ်ထားပြီး တကယ်တမ်းကျတော့ ... ကိုကို မနာလိုဝန်တိုဖြစ်လာအောင် ရွဲ့ပြီးတွဲပြလိုက်တာပဲ ဖြစ်သည်။

“ကလေး ...”

“ရှင် ...”

“ကိုကိုကြီးလက်ဆောင်ပေးတဲ့ Hand Phone လေးကို ... သဘောကျရဲ့လား”

“ကြိုက်ပါတယ်”

“ကဲပြောလေ ... နောက်ထပ် ကလေးမှာလိုအပ်တာတွေ ဘာရှိသေးလဲ ... အားမနာနဲ့နော်”

“နောက်မှစဉ်းစားပြီးပြောမယ် ... ကိုကိုကြီးကို မေးစရာ တစ်ခုကျန်သေးတယ်”

“မေးလေ”

“အခုလောလောဆယ်မှာ ချစ်သူရည်းစားရောရှိလား”

သူ ... ရယ်မောပစ်သည်။ ရွှေမှုံ့ရဲ့ကို သူလိမ်ညာပြောဆိုရမှာ ဝန်လေးနေခဲ့၏။ ရိုးသားတဲ့ကလေးပါ။ အမှန်အတိုင်းဝန်ခံရလျှင် သူ့မှာ လူကြီးမိဘတွေသဘောတူထားတဲ့ မိန်းကလေးရှိသည်၊ သူမဘာ အမေရိကားမှာပါ။ မကြာခင် ... သူနှင့် စီးပွားရေးအတူတူလုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာမည်ဖြစ်၏။ နေရည်ရှည်တဲ့ ... သူမကို လုံးဝမနှစ်သက်တာက သူ့ကိုဆရာလုပ်နေတတ်တဲ့အပြင် ... အနောက်တိုင်းဆန်နေခြင်းပင် ဖြစ်သည်။

"ဟော့ ... ကိုကိုကြီး ဖြေလေ ... ရှိတယ်မဟုတ်လား ... ဒီအရွယ်ကြီးရောက်မှတော့ ချစ်သူလောက်ရှိတာပေါ့နော်"

"လူကြီးတွေသဘောတူထားတာတော့ ရှိတယ် ... အခုနိုင်ငံခြားမှာလေ ... ကိုယ့်ချစ်သူတော့ မဟုတ်သေးဘူး"

တူလိုက်တာနော် ... ကိုကိုကြီးနဲ့ရွှေမှုံတို့က ဘဝတူတွေပဲ။ ရွှေမှုံမှာလည်း လူကြီးချင်းသဘောတူထားတဲ့ ကိုကိုရှိသည်။ ချစ်သူတွေတော့ မဟုတ်ကြ ... ဒါပေမယ့် သူမကတော့ ကိုကို့ကိုချစ်၏။ ကိုကိုက မချစ် ... ကြည့်မရ ... အမြင်ကတ်နေသေးသည်။

"ကိုကိုကြီးက မချစ်ဘူးဆိုတဲ့သဘောလား"

"အင်း ..."

"အဟက် ..."

"ဘာရယ်တာလဲ"

မင်းက ... ကိုကိုကြီးစကားတွေကို လှောင်နေတာလားကလေး ...

ဒီကိစ္စမှာတော့ ... ရွှေမှုံနှင့်တစ်ထပ်တည်းကျနေ၍ ရယ်ချင်သည်။ တိုက်တိုက်ဆိုင်ဆိုင် တူလွန်း၏။ ကိုကိုရော ချစ်သူတွေ့သွားမှာလား ... တွေးပူပင်လာသည်။ ရွှေမှုံချစ်တာက ကိုကိုပါ။ ဘယ်လိုလုပ်ရမလဲဟင် ... ရွှေမှုံ အသည်းကွဲအက်လာပြီလားပင် မသိတော့။

"ရွှေမှုံ ပြန်တော့မယ်"

"နေပါဦး ကလေးရယ် ... ကိုကိုကြီးနဲ့ အေးအေးဆေးဆေးစကားပြောကြရအောင်ပါ ... ကလေး ဘာမှလည်းမစားရသေးဘူး၊ ဘာစားမလဲ"

ကိုကို့ကို သတိရလာပြီး ရွှေမှုံပြန်ပြေးချင်သည်။ မနက်စာကိုကိုနှင့်စားနေကျပါ။ ကိုကိုက မုန့်ဟင်းခါးကြိုက်၏။ သူမကပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီခါးခါး ... အမြဲတမ်းဆန့်ကျင်ဘက်ဖြစ်သည်။

"မေမေက အိမ်မှာမုန့်ဟင်းခါးချက်ထားလို့ပါ၊ နောက်မှစားမယ်နော် ကိုကိုကြီး"

"ကလေး ..."

"ရှင် ..."

"ကိုကိုကြီး ဖုန်းဆက်မယ်နော် ... ကလေးတို့အိမ်လည်းကိုကိုကြီးလာလည်မယ်"

"ဟုတ် ..."

သူမကို ကားနှင့်လိုက်ပို့သည်။ ရွှေမှုံ လမ်းထိပ်မှာပဲဆင်းပြီးသုတ်ခြေတင်ကာ ပြန်လာခဲ့၏၊ မေမေက ... မနက်စာ ကိုကိုနှင့်




www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို မနက်စာအတူတူစားဖို့ ဖိတ်ထားသည်။

"ဟဲ့ ... ချစ်သမီးလေး ... အမောတကောနဲ့ ဘယ်ကနေ ပြန်လာလဲ"

"ကိုကိုတို့ မနက်စာစားဖို့လာပြီလား မေမေ"

"အင်း ... အခုပဲ သားအမိတွေပြန်သွားတယ်၊ သမီးအန်တီက သမီးကိုမေးနေသေးတယ်၊ မေမေ့ကို ဘာမှမပြောဘဲ ဘယ်ထွက်သွားတာလဲအေ ..."

ကိုကိုကြီးနှင့်သွားတွေ့တာ ... မေမေ သိလို့မဖြစ်ပါဘူး။ ကိုကိုကြီးပေးတဲ့လက်ဆောင်မြင်ရင် သတ်မှာ ... မေမေက တစ်ဦးတည်းသောသမီးလေးကို အလိုလိုက်ထားပေမယ့် ... စည်းကမ်းပိုင်းဆိုရင် လက်မခံဘူး။ ပြီးတော့လည်း ရွှေမှုံ့ကို ဖုန်းဝယ်ပေးနိုင်ပေမယ့် ... တခြားယောက်ျားလေးတွေနဲ့ ဆက်သွယ်မှာစိုး၍ တမင်မဝယ်ပေးထားတာပါ။

"ရွှေမှုံ ..."

"ရှင် ..."

"ကိုကိုမပါဘဲ ... ဘယ်မှမသွားတတ်တဲ့သမီးလေးက တစ်ယောက်ထဲ ဘယ်သူမှမသိအောင် ဘယ်ကိုထွက်သွားရတာလဲ"

"သမီး ... အားကစားသွားလုပ်တာပါ မေမေ ... ကိုကို မပြောပြဘူးလား ... သူသိတယ် ... ခေါ်တော့လည်း မလိုက်ဘူး





ရွှေမှုံ ပြဿနာတက်အောင်မပြောပြတာ ... အကျင့်ပုတ်တယ်"

သူမ သွားတာကို သိနေသည်။ ကိုကိုက ... လူကြီးတွေကို မပြောပြဘူးဆိုတော့ ... ရွှေမှုံ ရည်းစားရသွားလည်း အေးတာပဲလို့ အကျင့်ပုတ်ပြီး လွှတ်ပေးထားတာဖြစ်နိုင်သည်။ သူမက ကိုကို မနာလိုဝန်တိုဖြစ်ပြီး ... လူကြီးတွေကို တိုင်စေချင်တာပါ။ ပြီးတော့လည်း ရွှေမှုံအပြင်ထွက်မယ်ဆိုတာ သိသိကြီးနဲ့ ... မနက်စာကို အစောကြီးလာစားသွားတယ်။ ယုတ်မာလိုက်တာ ... သူမ နှုတ်ခမ်းလေးစုထော်ပြီး ... ဆောင့်ဆောင့်အောင့်အောင့်လုပ်နေ၍ ဘာမှမပြောတော့ဘဲ ... ညည်းလေးအတွက် ကော်ဖီနဲ့မုန့်ပြင်ထားတယ်။ သွားစားတဲ့ ... ညည်းလည်း မုန့်ဟင်းခါးမကြိုက်ပါဘူးအေတဲ့ ... ကိုကို့အတွက် လုပ်ပေးတာပါတဲ့ ... ပြောပြီး သူမရှေ့ကနေ ထွက်သွားသည်။

"ကိုကို ... အကျင့်ပုတ်ကြီး ... သိစေရမယ်၊ နေပေါ့ ... ရွှေမှုံတို့က အရေးမစိုက်ပေါင် ... ကိုကိုက ... အခုမှဘဝင်မြင့်ပြီး ခေါက်မော်ထောင်လွှားလွန်းတယ် ... ကိုကိုကြီးက ကုမ္ပဏီပိုင်ပြီး ဒီဗွားရေးမှာအောင်မြင်နေတယ် ... ရွှေမှုံ့အတွက် ရေကန်အသင့် ကြာအသင့် ..."

သူမတစ်ယောက်ထဲ မကျေမနပ်နှင့် ဒေါသတွေပေါက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



နေကာ စားသောက်ခန်းဆီ ထွက်လာခဲ့သည်။ သူမ တမင်တကာ ကိုကိုနှင့်လက်ဆုံစားချင်လို့ ကိုကိုကြီးနဲ့တောင် မစားဘဲငြင်းပစ်ခဲ့တယ်။ ကိုကို့ဘာဆိုင်လို့လဲ ... ရှင့်လို စိတ်လည်းမပုတ်ဘူး။ စိတ်ဆိုးစိတ်ကောက်စရာလည်း မရှိဘူး။ ယောက်ျားပီသတယ်။ ကော်ဖီခါးခါးက ... ဒီနေ့မှ ပိုပြီးခါးသက်နေသည်။

"တောက် ... ခါးလိုက်တာ ... ဒေါ်ချောကလေ နို့ဆီလေးဘာလေးမထည့်ဘူး ထို ... "

သူမ ... ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိတော့ ... တစ်တိုက်လုံးမှာရှိနေတဲ့ လူတွေအားလုံးကို ရန်ရှာချင်နေသည်။

"ဒေါ်ချော ... ဒေါ်ချော"

"ရှင် မမလေး"

"လာစမ်းပါဦး"

"ဟုတ်ကဲ့ ... လာပါပြီ"

ဒေါ်ချောက ... ကုတ်ကုတ်လေးရောက်လာတာပင် ရွှေ... ဒေါ်သဖြစ်မိသည်။

"ကော်ဖီက အရမ်းခါးလွန်းနေတယ် ... နို့ဆီလေးဘာလေး ထည့်ဖျော်ဖို့ မသိဘူးလား"

"မမလေးက ခါးခါးပဲသောက်တာလေ ... နို့ဆီ မကြိုက်ဘူး မဟုတ်လား ... အဲဒါ"





"တော်ပြီ သွားတော့ ... "

"မမလေး ... "

"ပြော ... "

"နောက်တစ်ခါဖျော်ရင် နို့ဆီထည့်ရမလား"

"မထည့်နဲ့ ... "

"ဟင် ... "

သူမ ထွက်လာခဲ့သည်။ အိပ်ရာပေါ် ပစ်လှဲချလိုက်ပြီး ငိုပစ်ချင်စိတ်တွေပင် ဖြစ်ပေါ်လာ၏။ ကိုကို ရက်စက်တယ်။ ရွှေမှုံကတော့လေ ... သံယောဇဉ်တွယ်လိုက်ရတာ ... အကောင်းစားချစ်သူဆိုတာကိုတောင် ငြင်းခဲ့တယ်။ ကိုကိုနဲ့ပဲ နှစ်ယောက်ထဲနေချင်တာပါနော် ... သူမ ဒေါသဖြစ်ဖြစ်နှင့် ကိုကို့ဆီဖုန်းဆက်လိုက်သည်။

"ဟဲလို ... အမိန့်ရှိပါခင်ဗျာ ... ကျွန်တော် မိုးထက်မြင့်ပါ"

အဟီ ... ရီသေနေလိုက်တာ ... ရွှေမှုံ့ဖုန်းနံပါတ်အသစ်ကိုမှ သေိသေးပါ။ သူမ ရယ်ချင်လာသည်။

"အမိန့်ရှိပါ ... ဘယ်သူပါလဲ ... ကျွန်တော် မိုးထက်မြင့်ပါခင်ဗျာ ... "

"ဟား ... ဟား ... ဟား"

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



တဟားဟားအော်ရယ်ပစ်တော့ ကိုကိုက ဒေါသတကြီးနှင့် ခွေးမလေးရွှေမှုံရဲ့ပဲဟု ပြောသည်။

"ဒီဖုန်းနံပါတ်က ... နှင့်အဆက်ကပေးလိုက်တဲ့ ချစ်သက်လက်ဆောင်လား ရွှေမှုံရဲ့ ..."

ကြည့် ... ပြောပုံက ဘယ်လောက်အထိအမြင်ကတ်စရာကောင်းလဲလို့ ... ချစ်သက်လက်ဆောင်ပေးတာလားတဲ့ ... ရွှေမှုံ စိတ်ဆိုးသွားသည်။

"ဟုတ်တယ်လေ ... ဖုန်းလေးကလည်း အရမ်းအခေ့မြင့်တယ်လေ၊ အနီရောင်လေး ... ရှားတယ်"

"ပြော ... ဘာလဲ ကြွားမလို့လား၊ နှင့်ကို ဟိုလူက ချစ်ကြယ်လို့ ပြောလိုက်ပြီလား ရွှေမှုံရဲ့"

"အင်း ..."

"ကောင်းတယ် ... ငါလည်းထင်ပါတယ် ... နင်ကပေည်းရှည်းစားလိုချင်တာနဲ့ အတော်ပဲဖြစ်သွားတာပေ့ါ၊ ဟိုလေ ဇရက်တောင်ပံကျိုးနဲ့ ကြောင်ခံတွင်းပျတ်"

"ကိုကိုနော် ... ဆက်မပြောနဲ့တော့ ... ရွှေမှုံကို အဲ့ဒီလောက်အထိ ချိုးချိုးဖဲ့ဖဲ့မပြောပါနဲ့ ... အချစ်တွေကို ရှင် ဘာခံစားကတတ်လို့ ထဲ အရူး"

"ဘာ ..."





"အပေါ်အနမ်း"

"ရွှေမှုံရဲ့ ..."

"ကိုကို့ကိုထိတော့ နာတတ်တယ်ပေါ့လေ ... ဘာဖြစ်လို့ ရွှေမှုံတို့အိမ်ကို အစောကြီးလာသွားတာလဲ ... ဂုန်းတိုက်မလို့ မဟုတ်လား ..."

"နင်နဲ့ မျက်နှာချင်းမဆိုင်ချင်လို့ပဲ ရွှေမှုံရဲ့ ... နင့်မှာ ချစ်သူရှိသာပြီဆိုတော့ ငါလွတ်သွားပြီလေ၊ နင့်အနှောက်အယှက် လုံးဝမရှိတော့ဘူးလေ"

"တကယ်လား ..."

"ဟုတ်တယ် ... ငါ ဘယ်တော့မှ နင့်ကိုကြည့်မရခဲ့ဘူး၊ ငါ့ကို သိုက်ရှုပ်နေတဲ့ အရှုပ်ထုတ်မလေးလို့ပဲ သတ်မှတ်ထားတာလေ၊ စိတ်ကူးမလွဲနဲ့နော် ... ကိုကြီးပြည့်စုံကိုပဲ ရွေးချယ်လိုက် ... ငါ အကောင်းဆုံးအကြံပေးတာ"

"ကိုကို တကယ်ပြောတာလား ... လုံးဝသေချာတယ်နော်၊ ကိုကို့စကားကို ကျွန်မနားထောင်မှာ"

"ငါ့ကိုတရားခံမရှာနဲ့နော်, ရွှေမှုံရဲ ... နင်က ငါ့အမေကို အားပြီးအတွဲ့အထောင်လုပ်မလို့ မဟုတ်လား ... နင်ကိုယ်တိုင်လည်း ကြိုက်နေတာပါ၊ ငါကတော့ ရွေးလိုက်လို့ပဲပြောမှာ"

သူမ ဖုန်းလေးကိုပိတ်ပစ်လိုက်သည်။ ကိုကို့စိတ်ရင်းအမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် သံယောဇဉ်နည်းနည်းလေးမှ တွယ်တာမှုမရှိဘဲ … ဖယ်ရှားပစ်ချင်နေတာပါ။ ကိုကို တော်တော်ရက်စက်တာပဲ … ငယ် သံယောဇဉ်တွေကို မေ့ပစ်တယ်။ ကောင်းပါပြီ ကိုကိုရယ် … ရှင် စိတ်ချမ်းသာစေရပ့ါမယ်။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နှက်နေလေသည်။

+++

အခန်း ( ၈ )

ရွှေမှုံရဲ့ … မင်းက ကိုကိုမဟုတ်တဲ့ သူစိမ်းယောကျ်ားလေး တစ်ယောက်ပေးတဲ့ လက်ဆောင်တွေကိုတောင် လက်ခံတတ်နေပြီ လားကွာ … ရွှေမှုံရဲ့ရှေ့မှာသာ သူ အိုင်တင်အပြည့်နှင့်ပျော်ရွှင်ဟန် တွေ ပြောဆိုသရုပ်ဆောင်နေခဲ့ပေမယ့် … ရွှေမှုံရဲ့နှင့်ဝေးသွားရမှာကို တော့ သူ လုံးဝမလိုလားဘဲ နာကျင်ခံစားနေရသည်။

"ရွှေမှုံရဲ့ … မင်းက ပေကပ်ကပ်ဂျစ်ကန်ကန်ကောင်မလေးပဲ ငါ့ကို … အမြဲတမ်းစိတ်ဒုက္ခတွေရောက်အောင် လုပ်နေတတ်တယ်၊ အနိုင်လည်းကျင့်တတ်တယ်၊ လူကြီးတွေကိုလည်း ဂုံးချောတတ် တယ်၊ ကိုကို အမုန်းဆုံးအမူအကျင့်တွေပဲ … တစ်ခါတစ်လေတော့ မင်းကို … ငါ သဝန်ကြောင်ပြီး ငါ့အပေါင်းအသင်းတွေနဲ့တောင် မိတ်ဆက်မပေးချင်ဘူး"

သူ တွေးနေမိသည်။ ကိုကြီးပြည့်စုံနှင့်ရွှေမှုံရဲ့ မနီးစပ်စေရ



www.burmeseclassic.com

www.burmeseclassic.com



သူ လူကြီးတွေကိုပြောပြလိုက်ရင် ကောင်းမလားဘဲ … ဟာ … နေပါစေ … ဒီကောင်မလေးနဲ့ ဝေးလေကောင်းလေပဲ … ကိုကြီး ပြည့်စုံကလည်း မဆိုးပါဘူး။ လူတော်လူကောင်းပါ … သူ့ထက် တောင် အရည်အချင်း ရှိနေသေးသည်။

"ရွှေမှုံကလည်း ရှင့်အနားမှာတွယ်ကပ်နေရတာ မုန်းတယ်၊ ဘယ်အချိန်မှာ ဆားနဲ့အပက်ခံရမလဲလို့ တွေးပူနေရတဲ့ မျှော့တစ် ကောင်လို နေရတာလေ … ကောင်းတယ်၊ ကျွန်မ ရှင့်အနားကနေ ခွာတော့မယ်"

ခပ်စိမ်းစိမ်းလေးပြောပြီး … ဖုန်းပိတ်သွားတဲ့ကောင်မလေး သူ မှားသွားသည်။ ရွှေမှုံရှိနှင့် အဆင်ပြေအောင်နေသင့်သည်။ ငယ် ငယ်လေးထဲက ရွှေမှုံရှိကို မနှစ်သက်ခဲ့ပေမယ့် … တဖြည်းဖြည်း သံယောဇဉ်တွယ်လာသလားပင်မသိ … ရွှေမှုံရှိနှင့်ပတ်သက်ပြီး သဝန်ကြောင်ချင်လာ၏။ သူ့ကြောင့်လည်း ရွှေမှုံရှိနှင့်ကိုကြီးပြည့်စုံ တို့ တွေ့ဆုံခဲ့ရသည်။

"မင်း … ရွှေမှုံရှိနဲ့ချစ်သူဖြစ်ဖို့ သတ္တိမရှိဘူးမဟုတ်လား ဖိုးထက်မြတ် … မင်း ဒီကောင်မလေးကို ချစ်လို့လား"

ကိုကို့နှလုံးသားတွေ … တဆစ်ဆစ်နာကျင်နေရသည်။ အကြောင်းပြချက်ကဘာလဲ … မနက်က ရွှေမှုံရှိမရှိတော့လည်း သူ့ရင်တွေ … ဟာတာတာကြီးနှင့် ခြောက်သွေ့ပူလောင်နေ၏။





တကယ်ပဲ … ရွှေမှုံရှိနဲ့ဝေးသွားပြီလား။ အချစ်ဆိုတာကို သူ စဉ်းစား နေမိသည်။

"သား … "

"ဗျာ … မေမေ"

"စောစောက … ရွှေမှုံလေး ဖုန်းဆက်တယ်မဟုတ်လား"

"ဟုတ်တယ် မေမေ"

"သားတို့နှစ်ယောက်ကလည်း ဘာဖြစ်လို့မသင့်မြတ်နေရ တာလဲကွယ် … မေမေတို့လည်း အသက်ကြီးပါပြီ … မင်းတို့နှစ် ယောက်ကို ချစ်ချစ်ခင်ခင်ဖြစ်နေစေချင်တယ်"

"ရွှေမှုံရှိနဲ့သားတို့ကတော့ ဘယ်တော့မှ ချစ်ခင်နိုင်ကြမှာ မဟုတ်တော့ပါဘူး မေမေ"

"မေမေတို့က … မင်းတို့ကို လက်ထပ်ပေးချင်တာ"

"ဗျာ … "

"သား … မင်း မလွှဲမသွေလက်ထပ်ရမယ့်မိန်းကလေးက ရွှေမှုံရှိပဲ"

"မေမေ"

"မင်းမှာ တခြားမိန်းကလေးတစ်ယောက်ကို ရွေးချယ်ပိုင် ခွင့် လုံးဝမရှိဘူး။ ရွှေမှုံရှိလေးက သားကို သံယောဇဉ် တွယ်တာပြီး ချစ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာဘဲ မေမေရာ ... ဒီကောင်မလေးလား သားကို သူ့ခိုင်းဖတ်အဖြစ်ပဲ သတ်မှတ်ချင်တာပါ ... ရွှေမှုံနှစ်သက်တာပဲ ရွေးချယ်ပါစေ"

ရွှေမှုံ့မှာ ချစ်သူရှိနေပြီမေမေ ... ကိုကြီးပြည့်စုံပါလို့ ပြောမထွက် ... ရွှေမှုံနှင့်ကိုကြီးပြည့်စုံတို့ ချစ်သူတွေကို ခွဲတဲ့တရားခံက သူတော့မဖြစ်စေချင်ဘူး။

"သားနဲ့ရွှေမှုံ့ကိုစေ့စပ်ဖို့ မြတ်မြတ်သော်ကတောင်းဆိုနေပြီ ... သား ... "

မိမိကတော့ ... သားနှင့်ရွှေမှုံလေးကို လက်ထပ်ပေးဖို့ ... မလွှဲမသွေ စီစဉ်ပေးရမည်ဖြစ်သည်။ သားဘက်က ငြင်းနေခဲ့လို့ပါ။ ရွှေမှုံလေးနဲ့ပဲလက်ထပ်ရမယ်။ သားမှာချစ်သူရှိလို့တော့ လုံးဝမဖြစ်ပေ ... သတိပေးထားရမည်ဖြစ်သည်။

"မင်းကို မေမေအထူးသတိပေးထားချင်တာက ရွှေမှုံလေးကလွဲပြီး ... တခြားမိန်းကလေးတစ်ယောက်ကို ... ချစ်သူအဖြစ်ထားခွင့်မရှိဘူး"

"ဗျာ ... "

"သားလက်ထပ်ရမယ့်ရွှေမှုံလေးကို ... မင်း ချစ်နိုင်အောင်ကြိုးစားပါ"

သားလည်း ရွှေမှုံ့အပေါ် တကယ်တမ်းကျတော့ အချစ်ဆို





တာ ရင်ထဲမှာလျှို့ဝှက်သိမ်းထားမိနေခဲ့တာပါ။ အခု ရွှေမှုံ တခြားတစ်ယောက်နဲ့တွဲနေတော့ ... သား အရမ်းခံစားရပါတယ်။ သူ့အောက်မကျချင်။ ရွှေမှုံ့ရဲ့အနိုင်ကို တစ်သက်လုံးခံနေရမှာလည်းကြောက်သည်။

"သားရယ် ... ရွှေမှုံလေးမိဘတွေကြောင့် မေမေတို့မိသားစု ဒီလိုအခြေအနေနဲ့ရပ်တည်နေနိုင်တာပါ။ မင်းအဖေနဲ့ရွှေမှုံ့အဖေတို့ ယောက်ျားချင်း ကတိကိုတော့ လိုက်နာရမယ်"

"မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက် လက်ထပ်ပေါင်းသင်းတယ်ဆိုတာ ဖူးစာကံလည်း လိုအပ်တယ်ထင်တယ် မေမေ"

"ဖူးစာတွေဘာတွေ လျှောက်ပြောမနေနဲ့ မိုးမြင့်မြတ် ... မင်း မေမေ့စကားကိုနားထောင်ပါ၊ မင်းနဲ့ရွှေမှုံလေး လက်ထပ်ရမယ်၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတာလေ ... မကြာခင် မေမေတို့ မုဆိုးမနှစ်ယောက် စီစဉ်ရလိမ့်မယ်၊ မင်း ပြဿနာမရှာနဲ့တော့"

မေမေ ထွက်သွားသည်။ သူကရော ... ရွှေမှုံ့ရဲ့ကိုနှစ်သက်မြတ်နိုးနိုင်မလား။ သံသယရှိနေသည်။ သူ့စိတ်တွေက မပြတ်သားတာကြောင့်ပင် သူ ... မာနတွေ မချနိုင်တာများလား။ ရွှေမှုံ့ရဲ့နှင့်သူ ထာဝရဝေးကွာသွားစေမယ့် အခြေအနေက မထင်မှတ်ဘဲနှင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။

"ရွှေမှုံရဲ့ ... နင်ချစ်တာက ကိုကြီးပြည့်စုံကိုလား၊ ငါ့ကိုတော့ နင်အနိုင်ကျင့်ဗိုလ်ကျချင်တာလောက်ပဲ ရှိတာပါဟာ"

သူနှင့်ရွှေမှုံရဲ့ ငယ်စဉ်လေးထဲက မသင့်မြတ်ကြပေ။ သူ့နား လိုက်ပြီး တွယ်ကပ်လွှန်းနေ၍လည်း သူ မုန်းတီးနေခဲ့သည်။

"ကိုကိုနော် ... ရွှေမှုံ့ကို မကြောက်ဘူးလား"

"မကြောက်ဘူး၊ နင့်ကို ငါက ဘာဖြစ်လို့ကြောက်ရမှာလဲ"

"အား ... အီး ... အီး ... ကိုကို ရိုက်တယ်၊ ရွှေမှုံ့ ခေါင်းကို ထုလိုက်တာ ... သေပါပြီ ... အီး"

"ရွှေမှုံရဲ့ ... နင့်ကို ငါဘာလုပ်သေးလို့လဲ ... အမိပွာယ်မရှိ တာတွေ"

"အီး ... အီး ..."

လူကြီးတွေရောက်လာတော့ မဟုတ်မဟတ်တွေ လုပ်ကြံ ပြီးတိုင်သည်။ ရွှေမှုံ့ကြောင့် သူ အဆူခံ ... အရိုက်ခံရတာ အကြိမ် ကြိမ် ...

"ကြောက်ပြီလား ကိုကို ... နောက်ဆို ... ရွှေမှုံ့ကို လုံးဝ ကလန်ကဆန်မလုပ်နဲ့နော် ... ကြားလား"

သူ့ပစ္စည်းမှန်သမျှ ... ရွှေမှုံက အနိုင်ကျင့်ပြီးယူသွားတတ် သည်။





"နင့်ကို ငါမုန်းတယ် ... ကြောက်တာမဟုတ်ဘူး ရွှေမှုံရဲ့ မုန်းတာ ... ရှင်တာ"

သူ ... နာနာကျည်းကျည်းပဲ ပြောဆိုခဲ့သည် ... မင်းလို မိန်းကလေးတစ်ယောက်ကို ငါ သံယောဇဉ်မတွယ်ချင်ဘူး ရွှေမှုံရဲ၊ မင်းကြောင့် ငါ အမြဲတမ်းပဲစိတ်ဒုက္ခတွေရောက်နေရတယ်၊ မင်းကို ငါချစ်မိနေပြီထင်တယ် ရွှေမှုံရဲ့ ...

ရွှေမှုံရဲကတော့ ... ကိုကြီးပြည့်စုံနှင့် ... အချစ်တွေ တည် ဆောက်နေမှာ သေချာသည်။ ငွေမက်တဲ့ကောင်မလေးပဲ ... သူမ က ဘာစီးတည်းသောသမီးပါ။ ငွေကြေးလည်း ပြည့်စုံ၏။ သူ့ထက် သာတဲ့ယောကျ်ားတစ်ယောက်ကိုမှ အပိုင်ယူချင်တဲ့မိန်းမ ... ရွှေမှုံရဲ ကိုပဲ ဒေါသတွေပေါက်ကွဲနေသည်။ စိတ်တွေရှုပ်ထွေးနေသဖြင့် သူ ကားလေးနှင့် အပြင်ထွက်လာခဲ့သည်။ ရွှေမှုံနှင့်ထိုင်နေကျ ရွှေမှုံ ကြိုက်နှစ်သက်သော အစားအသောက်တွေရှိတတ်တဲ့ ဆိုင်လေးထဲ ဝင်လာခဲ့၏။ သူ ... ရွှေမှုံရဲ့ကို မေ့မရနိုင်တာတော့ ဝန်ခံရမည်ဖြစ် သည်။

"ဟာ ... အတော်ပဲ ... ကိုကိုရောက်လာတာပဲ ... လာလေ ကိုကို ... ရွှေမှုံတို့နဲ့ထိုင်ပါ"

ကိုကြီးပြည့်စုံနှင့်ရွှေမှုံရဲတို့ကို တွေ့နေပြန်သည်။ စိတ်အရှုပ် ဆုံးပဲ ... ရွှေမှုံကတော့ ... ပြုံးပျော်နေ၏။ လူကြီးတွေ သိသွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ဂရုမစိုက်တော့ ... သူ ဒေါသဖြစ်ရသည်။

"ကိုကိုကြီးကလေ ... ရွှေမှုံကြိုက်တဲ့အစားအစာတွေကို မကြိုက်လည်း အကျင့်ရအောင်စားမယ်တဲ့ ... ကိုကိုကြီးအကြိုက်နဲ့ ကိုကို့အကြိုက်တူတယ်၊ ရွှေမှုံ့အကြိုက်နဲ့ တကယ့်ဆန့်ကျင်ဘက်တွေလေ ... အဟိ"

ရွှေမှုံရဲ့ ... မင်း တမင်လုပ်နေတာမဟုတ်လား။ အရွဲ့တိုက်ပြတဲ့နေရာမှာ နှစ်ယောက်မရှိတဲ့ကောင်မလေး ... သူလည်း အပြုံးမပျက် ... ရွှေမှုံရဲ့ကို ရယ်မောကြည့်ရင်း ... သူမှာ ချစ်သူရှိနေပြီဖြစ်ကြောင်း ပြောမိသည်။

"အတော်ပဲ ... ကိုကိုလည်း ကြွားရဦးမယ် ရွှေမှုံရဲ့ ... ချစ်သူရနေပြီ"

"ဘာပြောတယ် ... ကိုကို ဘာစကားပြောလိုက်တာလဲ"

"ကိုကို့မှာ ချစ်သူရှိနေပြီလို့ပြောတာလေ ... ရွှေမှုံနဲ့ မိတ်ဆက်ပေးရမယ်"

"ကိုကို ... ဘယ်တုန်းက ချစ်သူရှိသွားရတာလဲ ... ပြောလေ အရင်ထဲက ချစ်သူရှိနေတာမဟုတ်လား"

"အင်း ... "

"ကိုကိုနော် ... လုံးဝသဘောမရှိဘူး၊ အန်တီနဲ့တိုင်မယ်၊ ကိုကို ဒီလိုလုပ်လို့ ဘယ်ရမလဲ ... "





ကိုကို့စကားကြောင့် ရွှေမှုံ ဟန်ဆောင်မဆောင်နိုင်ဘဲ ... ဒေါသတွေနှင့်ပေါက်ကွဲရတာ ... ကိုကို့အား ထိုင်နေရာမှ ဆတ်ခနဲ ထ၍ရုန့်တွေ့ပစ်သည်။

"ဟ ... ဘယ်လိုဖြစ်ရတာလဲ ကောင်မလေး ... နင်ကများ ငါ့ကို လာရန်တွေ့နေသေးတယ်၊ ထိုင်"

"ဟုတ်သားပဲ ကလေးရယ် ... မင်းက ဘာဖြစ်လို့ဒေါသဖြစ်တာလဲ ... ကိုကိုက သူ့မှာလည်း ရွေးချယ်ပိုင်ခွင့်ရှိတယ်လေ"

ရွှေမှုံ ... ရုတ်တရက်ဖြစ်ပေါ်လာသော ဒေါသစိတ်ကို ... ထိန်းချုပ်ရသည်။ ကိုကို တကယ်ရက်စက်တယ်။ ချစ်သူရှိနေပြီတဲ့။ သူမနှလုံးသားတွေ တစ်စစီကွဲအက်ကြေမွသွားပြီလားတောင် ထင်မိ၏။ မဖြစ်သေးပါဘူး။ ကိုကိုက သူမကို ဘယ်တုန်းကမှချစ်ခဲ့တာမှမဟုတ်တာ။ တော်ပါပြီ ... ကိုကို့ကိုမုန်းတယ်။ ချစ်သူရှိရှိ မရှိရှိ သူမချစ်ရမှာက ကိုကိုကြီးပဲလေ။ အငိုမျက်ဝန်းတွေကို တခြားသူတွေ မရိပ်မိခင် ... အပြုံးမျက်နှာလေး ဖန်ဆင်းထားလိုက်သည်။

"အဟက် ... ရုတ်တရက်ကြီး ... ကိုကိုက ချစ်သူရှိတယ် ပြောလိုက်တော့ ကျွန်မက ကြောင်ပြီးထကောတာပါ။ Sorry နော်"

ကိုကိုသိမယ်။ အိမ်ပြန်ရောက်တာနဲ့ အန်တီယုကို့တိုင်မယ်။ မေမေ့ကိုလည်း တိုင်ပစ်မယ်။ မေမေကပြောတော့ ... ကိုကိုက ချစ်သမီးလေးအပေါ် သံယောဇဉ်မရှိဘဲနေမလားတဲ့ ... ဟွန်း ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ ချစ်သူရှိနေပြီဆိုတာ ဘယ်နှခုနှစ်ထဲကဖွင့်ပြောချင်လည်း မသိဘူး။ သူမ ထပြန်ချင်သည်။

"ကိုကို့ချစ်သူက ကိုကို့ကျောင်းနေဖက်ဝါ၊ သွန်းတဲ့ ..."

"ကောင်းပါတယ် ကိုကို ... ရွှေမှုံလည်း သဘောတူပါတယ်၊ ကျွန်မ ကြိုတင်မသိရတာဘဲ ဒေါကန်တာပါ"

"ကဲပါ ကလေးရယ် ... ဒေါသတွေကိုလျှော့ပစ်လိုက်ပါတော့ ကိုကိုကြီးတို့ စားစရာတွေပဲစားကြရအောင် ... ကိုကိုမှာလေ"

"အင်း ..."

သူ့မှာ ချစ်သူရှိတယ်ဆိုတာသိလိုက်တော့ ဒီကောင်မလေး မနာလိုဝန်တိုဖြစ်သွားတာ ... သေချာသည်။ သူကလည်း ပါးစပ်ထဲ တွေ့တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့နာမည်ကို ပြောလိုက်ခြင်းဖြစ်လေသည်။

"တွေ့လား ကိုကို ... ရွှေမှုံကြိုက်တဲ့အစားအစာတွေပဲ ကိုကိုကြီးက လိုက်စားတာလေ ... ရွှေမှုံ့အပေါ် အရမ်းကြင်နာတာတယ်"

"ကလေးကို ပြောထားပြီးသားပဲလေ ... ကလေးဆန္ဒတွေက ကိုကိုကြီးဆန္ဒတွေပဲလို့ ... ကလေးဘာဖြစ်ချင်လဲ ... ဘာကြိုက်လဲ ကိုကိုဖြည့်ဆွမ်းပေးဖို့ အဆင်သင့်ပါပဲကွာ"

ရွှေမှုံကတော့ ... စကားတွေပင် မပြောနိုင်ဘဲငြိမ်သက်သွား





သည်။ သူမစိတ်တွေကို ဘယ်လိုပဲထိန်းချုပ်ထားပါစေ၊ ကိုကို့မှာ ချစ်သူရှိနေပြီဆိုတဲ့အသိကြောင့် ရင့်တွေလစ်ဟာပြီး နာကျင်နေရ၏။ ရွှေမှုံ့ကိုမနာလိုဖြစ်ပြီး ... အတင်းအကြပ်တားဆီးစေချင်တာပါ။ ကိုကိုကြီးအား ရွှေမှုံချစ်မရ ... ဘယ်လိုလုပ်ရင်ကောင်းမလဲဟုပဲ ခေါင်းစားနေမိသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုကြီးပြည့်စုံ ... အခုမှသတိရတယ်၊ သွန်းက ... သူ့ကုမ္ပဏီကိုလာခဲ့ဖို့ မှာထားတာ Sorry ပဲဗျာ ရွှေမှုံ သွားပြီနော်"

"ကိုကို ..."

"နင်တို့ကို မနှောက်ယှက်တော့ဘူး၊ သွားပြီဟေ့ ..."

ကိုကို ... နှုတ်ဆက်ပြီး ကပျာကယာ ထွက်လာခဲ့ရသည်။ ရွှေမှုံကတော့ အေးအေးဆေးဆေးပဲ ဆက်ထိုင်နေ၏။ ဒီကောင်မလေးက အကျောမာတယ်။ နင်နဲ့ဝေးရတာပဲကောင်းပါတယ်။ နင့်ဘာနင် တွယ်ကပ်ရမယ့်သူတွေ့သွားတော့ ငါ စိတ်ချမ်းသာရတာပေါ့ ရွှေမှုံရဲ့ရာ ... သူ့မှာ ချစ်သူလည်းမရှိဘဲနှင့် လူကြီးတွေကို ခြိမ်းတိုင်လျှင် ပြဿနာကအကြီးအကျယ် တက်နိုင်သည်။

"သွန်းကိုတော့ ... အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရမယ်"

သွန်းနဒီက ... ထူးချွန်တဲ့ အင်ဂျင်နီယာမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မိဘတွေကလည်း ငွေကြေးပြည့်စုံကြသည်။ ကျောင်းတက်နေတဲ့ ဘဝတစ်လျှောက်လုံး ... သူ့အပေါ် ... ကြင်နာသနားပြီး ဂရုတစိုက် စောင့်ရှောက်ကူညီသူ ဖြစ်၏။ သူက ... ခပ်ရှောင်ရှောင်ပဲ နေလာခဲ့သည်။ ရွှေမှုံရံကြောင့် သူ ... မိန်းကလေးကိုစိတ်ကုန်ပြီး ဘယ်မိန်းကလေးနှင့်မှ တွဲချစ်စိတ်တွေ ကုန်ခမ်းနေခဲ့တာလား။ ဒါမှ မဟုတ် ... ရွှေမှုံရံကိုပဲ သံယောဇဉ် မသိမသာတွယ်ငြိနေခဲ့လို့လား သူ ... ရေရေရာရာမသိတာလည်း ဖြစ်နိုင်သည်။

+++

အခန်း ( ၉ )

"ကလေး"

"ရှင် ... "

"မျက်နှာလေးညှိုးသွားတယ် ... မင်း ဘာလိုအပ်နေလဲ ကိုကိုကြီးကိုပြောနော်"

"မဟုတ်ပါဘူး ကိုကိုကြီးရယ် ... မေမေ့ကို သတိရမိသွားလို့ ဒါ့ အပြင် ... ရွှေမှုံ ဘာမှမဖြစ်ပါဘူး၊ ကိုကိုကြီးရော စားလေ"

ရွှေမှုံ ... ပြန်ပြေးချင်နေသည်။ ကိုကို့ကိစ္စ ... အသေအချာ မေးမြန်းစုံစမ်းချင်သေး၏။ ကိုကို့မှာ ချစ်သူရှိနေပြီတဲ့ ... မဖြစ်နိုင်တာ ... ကိုကို တမင်ပြောသွားတာပါ။ ရွှေမှုံ့အပေါ် အနိုင်ယူချင်လို့မဟုတ်လား ... တကယ်တော့ ... ရွှေမှုံ့နှလုံးသားတွေထဲမှာ ကိုကိုကလွဲပြီး တခြားဘယ်သူမှရှိမနေပေ ... ကိုကိုကြီးက ... မိန်းကလေးတစ်ယောက်အနေနှင့် အိမ်ထောင်ဖက်အဖြစ်ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ပေမယ့် ... ရွှေမှုံ မချစ်နိုင်။ ကိုကို့ကိုပဲ ချစ်သည်။

"ကိုကိုကြီး ..."

"ဟင် ..."

"ရွှေမှုံ ပြန်တော့မယ်"

"ကလေးရယ် ... မင်းကလည်းကွာ ... ကိုကိုကြီးနဲ့တွေ့ကြတာ ဘာကြာသေးလို့လဲ ... ခဏလေးနေပါဦး"

"မဖြစ်တော့ဘူး ... မေမေ့ကို လိမ်ပြီးထွက်လာတာပါ မေမေက ရွှေမှုံတစ်ယောက်ထဲ အပြင်ထွက်တာမျိုး မကြိုက်ဘူး စည်းကမ်းနဲ့ပတ်သက်လာရင် မေမေက လုံးဝခွင့်မလွှတ်တတ်ဘူး ဒါကြောင့် ရွှေမှုံပြန်ရမှာပါနော် ... မေမေသိသွားရင် ရွှေမှုံ လုံးဝ အပြင်ထွက်ရမှာမဟုတ်တော့ဘူး၊ နောက်လည်းတွေ့ရမှာပဲလေ"

"ကလေး ..."

"ရှင် ..."

"မင်းကိုချစ်တယ်"

"ဟင် ..."

ပြည့်စုံလည်း ရွှေမှုံလေးအား ရင်ထဲမှာပြောချင်နေတဲ့စကားတွေကို ထိန်းချုပ်ထားမနေချင်တော့၍ ဖွင့်ပြောလိုက်သည်။ ဘာကြောင့်လဲဆိုတော့ မိုးမြင့်မြတ်ကြောင့်ပဲ ဖြစ်နိုင်၏။ ကိုကို့အပေါ် ရွှေမှုံနှင့် သံယောဇဉ်တွေငြိတွယ်နေနိုင်သည်။ ကြည့်ပါလား။ ကိုယ့်





မှာ ချစ်သူရှိနေတယ်ဆိုတာနှင့် ဟန်မဆောင်နိုင်လောက်အောင် ဒေါသတွေ ပေါက်ကွဲသွားသည်။

"ဘယ်လိုလဲ ကလေး ... ကိုကိုကြီး ဟန်မဆောင်ချင်တော့ဘူး၊ ကလေးကို ချစ်တယ်၊ သံယောဇဉ်တွယ်နေပြီ ... ကိုကိုကြီး လက်ထပ်ချင်တဲ့မိန်းကလေးက ... ရွှေမှုံရဲ့လို အပြစ်ကင်းစင်ပြီး ရိုးသားသူပဲ"

"ရှင်"

"အို ..."

ကိုကိုကြီးက ... သူမအား အချစ်တွေပြည့်လျှံဖိတ်ကျမတတ် မျက်ဝန်းတောက်တောက်တွေနှင့် စူးစူးစိုက်စိုက်ကြည့်ရင်း သူမ လက်လေးကို ဆုပ်ကိုင်လိုက်၍ ... မျက်ဝန်းလေးတွေ ပြူးပြူး ကျယ်ကျယ်နှင့် အထိတ်တလန့် ဖြစ်သွားရသည်။

"ဟို ... ဟို လွှတ်ပါနော် ... ကိုကိုကြီးမှာ မိဘတွေသဘောတူထားတဲ့ ချစ်သူရှိတယ်လေ၊ အဲဒါ ဘယ်လိုလုပ်မှာလဲဟင်"

သူမ ... ရှန်းပစ်သည်။ ရင်တွေခုန်လွန်းနေသည်။ ရွှေမှုံ တစ်သက်တာမှာ ယောကျာ်းလေးတစ်ယောက်နှင့် အတွေ့အထိ လုံးဝမရှိခဲ့ဘူးပေ။ ကိုကို့နဲ့ဆို ရန်ပွဲတွေပဲဖြစ်နေရတာ ... ကိုကိုက အနားကပ်တာပင် မကြိုက်ခဲ့ ... ကိုကိုကြီးကတော့ ရွှေမှုံအပေါ် ချစ်ခင်ကြင်နာလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးရော ... ကိုကိုကြီးကို ချစ်တယ်မဟုတ်လား၊ ကလေးစိတ်တိုင်းကျ ပျော်ရွှင်အောင်ထားမှာပါ ... လူကြီးတွေ သဘောတူတဲ့မိန်းမက ကိုကိုကြီးချစ်သူမှ မဟုတ်တာဘဲ ... မေ့ ထားလိုက်ပါ ကလေး"

"ရွှေမှုံ့လက်ကို လွှတ်ပေးပါ၊ နောက်မှနော် ... လောလော ဆယ်ကြီးတော့ ရွှေမှုံ့အဖြေမပေးပါရစေနဲ့ ... တောင်းပန်ပါတယ် စဉ်းစားဖို့ အချိန်ပေးပါ"

ကိုကိုကြီးကိုချစ်ပါတယ်လို့လည်း အဖြေမပေးချင်ဘူး။ မချစ် ဘူးလို့လည်း ငြင်းပစ်ရမှာ နှမျောနေမိသည်။ အရံတော့ ထားရမယ် ကိုကိုက အလကားလူ ... ကိုကို့ထက်သာတဲ့ ယောကျ်ားတစ် ယောက်ကို လက်ထပ်ယူနိုင်ဖို့က ကိုကိုကြီးပဲရှိသည်။

"ရွှေမှုံ့ ပြန်တော့မယ် ... မေမေ အပြင်ထွက်သွားတာ ပြန် ရောက်တော့မယ်လေ ... ရွှေမှုံ့လေ စဉ်းစားချင်တယ်၊ ရွှေမှုံ့ ဘာပဲ လုပ်လုပ် ... မေမေ့ကိုပြောပြရတာမျိုး ရှိတယ်၊ ရွှေမှုံ့ ရုတ်တရက် ကြီး ဆုံးဖြတ်ပိုင်ခွင့်မရှိလို့ပါ"

"ကလေးရယ် ... ကိုကိုကြီးကို မငြင်းပစ်လိုက်ပါနဲ့နော် ... မင်းကို အရမ်းချစ်တယ် ... ကိုကိုကြီး ... ဘယ်လိုအကြောင်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး၊ တစ်ပတ်အချိန်ပေးမယ်နော် ... ကိုကိုကြီးကို ချစ်ပါတယ်ဆိုတဲ့အဖြေပဲ ကြားပါရစေကွာ"





နေရည်ရည်ကို သူ လုံးဝမချစ်နိုင်ကြောင်း ... သူ အသိဆုံး ပင်။ အနောက်နိုင်ငံတွေမှာ ကြီးပြင်းလာပြီး ... အနောက်တိုင်း စရိုက်တွေနှင့် လွတ်လပ်ပျော်ရွှင်စွာ နေထိုင်တတ်သည်။ ပြည့်စုံ မကြိုက်ဆုံးက နေရည်ရည် ... ကလပ်တွေတက်ရတာ ဝါသနာထုံ တာပဲ ... သူ့အိမ်ရှင်မအဖြစ် နေနိုင်မယ့်မိန်းမတစ်ယောက် မဖြစ် နိုင်ပါဘူး။ ရွှေမှုံ့ရဲ့လို မဖြူစင်ဟုထင်သည်။

"ရွှေမှုံ့ ပြန်တော့မယ်"

"ကလေး"

"ဟင် ... "

"ချစ်တယ် ... "

သူမ ထပြန်လာခဲ့သည်။ ကိုကိုကြီးက လိုက်ပို့ပေးမယ်ပြော တာပင် ... ရွှေမှုံ့ လက်မခံတော့ဘဲ အငှားကားနှင့်ပြန်လာခဲ့၏။ ကိုကို့ကြောင့်ပါ။ သူမစိတ်နှလုံးတွေ မပျော်ရွှင်ရတာတွေအားလုံး ကိုကိုကြောင့်ပဲ ... ရှင် ... တစ်သက်လုံး ကျွန်မကိုဥပေက္ခာပြုနေသူ ပဲ ... ရက်စက်တယ်။ ဘယ်တုန်းကများ ချစ်သူရှိရတာလဲ ... ကိုကို တခြားကောင်မလေးနှင့် မတွဲနိုင်စေရန် ... ရွှေမှုံ့ မျှော့တစ်ကောင် လို တွယ်ကပ်နေတာပါ။ ဒါတောင် ဘယ်တုန်းကများ ချစ်သူနဲ့တွဲခွင့် ရသွားတာလဲ ... ကျောင်းတက်တုန်းကလည်း ရွှေမှုံ့ အချိန်ပြည့် အကြိုအပို့လုပ်နေခဲ့၏။ အလွတ်မပေး ... ဒေါ်သတွေနှင့် ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။

"ဟဲ့ ... ချစ်သမီးလေး ... ဘယ်ကနေ အငှားကားနဲ့တောင် ပြန်လာရတာလဲ ... ပြောစမ်း ... မေမေမသိဘဲ တစ်ယောက်ထဲ ဘယ်ကိုသွားရတာလဲ"

သူမကားလေး ခြံဝရပ်တော့ ... မေမေက ရောက်နှင့်နေသည်။ ကံမကောင်းချင်တော့ ... ဒီလိုပဲ ... မေမေ့လေသံကမာနေသလို ... ရွှေမှုံကလည်း ဒေါသပေါက်ကွဲသံကြီးနှင့် ပြောမိသည်။

"ကိုကိုလေ ... မနက်စာစားဖို့ အပြင်ထွက်ကြတာ ... ရွှေမှုံကို သူပဲလာခေါ်ပြီး ... ဆိုင်မှာရန်ဖြစ်ကြတယ်"

"ဘာပြောတယ် ... ကိုကိုနဲ့ရန်ဖြစ်ပြန်ပြီလား ... ညည်း လွန်တာပဲဖြစ်ရမယ်၊ ညည်းလေး အမြဲတမ်းပဲ ကိုကို့ကိုအနိုင်ယူချင်နေတာလေ၊ မဖြစ်ပါဘူး၊ ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်နိုင်ဘူး လူကြီးတွေသဘောနဲ့ပဲ အမြန်ဆုံးစီစဉ်ရမယ်"

"ဘာ ... မေမေ့စကားက ဘာအဓိပ္ပာယ်လဲ ... လူကြီးတွေ သဘောနဲ့ ဘာကိစ္စကို စီစဉ်မှာလဲ"

"ညည်းသိထားဖို့ မလိုသေးပါဘူး၊ အရေးကြီးတာက ကိုကိုနဲ့ အဆင်ပြေအောင်နေစမ်းပါ ရွှေမှုံရဲ့ ... အမေမုဆိုးမစကားကို ညည်း ဖယ်ရှားပစ်ချင်နေတာလား"

"မဟုတ်တာဘဲ မေမေရာ ... မပြောချင်လည်းနေပါတော့

*





အခုလောလောဆယ် ကိုကိုနဲ့တွေ့မှဖြစ်မယ်"

"ဘာလဲ ... ညည်း ရန်သွားထောင်ချင်သေးတာလား"

"နောက်မှပြောပြမယ်၊ ဟွန်း ... အခုတော့ ကိုကိုနဲ့သွားတွေ့မှဖြစ်မယ် မေမေ"

"ညည်း ထပ်ပြီးရန်ဖြစ်ချင်သေးလို့လား ... မသွားနဲ့"

"မသွားလို့မဖြစ်လို့ပါ မေမေ ... တောင်းပန်ပါတယ်"

"ဟဲ့ ... ဟဲ့ ... ရွှေမှုံရဲ့ ... ဟဲ့ ..."

မေမေ ... အတင်းအကြပ် တားဆီးနေသည့်ကြားမှ ရွှေမှုံ ထွက်လာခဲ့သည်။ ကိုကိုနဲ့တွေ့မှဖြစ်မယ် ... မေးရမည်။ ရွှေမှုံ့ကို ဘယ်လိုဆုံးဖြတ်မလဲလို့ ... ပြီးတော့ ... သူမအသိချင်ဆုံးက ကိုကို့မှာ ချစ်သူ အမှန်တကယ် ရှိမရှိပင် ... ရွှေမှုံ တစ်ဖက်ခြံကြီးထဲ ရောက်လာခဲ့သည်။

"သမီးလေးပါလား ... သမီးအစ်ကိုနဲ့ ရန်ဖြစ်ကြပြန်ပြီထင်တယ်၊ သားလည်း မျက်နှာလေးညှိုးနေတယ်"

"ဟုတ်တယ် အန်တီ ... ရန်ဖြစ်လာတယ် ... ကိုကိုဘယ်မှာလဲ"

"အပေါ်မှာလေ ... အန်တီလည်း မြဘ်ဆီသွားမလို့"

"မေမေ အခုပဲပြန်ရောက်တာ ... ရှိတယ်"

အတော်ပဲ ... အန်တီမရှိဘူးဆိုတော့ ကိုကိုနှင့်အပြတ် ရန်

www.burmeseclassic.com



ဖြစ်ရမည်ဖြစ်၍ ရွှေမှုံ ဝမ်းသာအားရ အပေါ်သို့ပြေးတက်လာခဲ့သည်။

"ကိုကို ... ကိုမိုးမြင့်မြတ် တံခါးဖွင့်စမ်းပါဦး"

"ဒုန်း ... ဒုန်း ..."

"ဒုန်း ..."

"ကိုမိုးမြင့်မြတ် ကျေးဇူးပြုပြီး ... တံခါးကို အမြန်ဖွင့်စမ်းပါ"

"ရွှေမှုံရဲ့ ... ဘာဖြစ်လာတာလဲ ... အဲဒီလိုလုပ်တတ်တဲ့ နင့်အကျင့်တွေကို ... ငါ မကြိုက်ဆုံးပဲနော်"

"ကိုကိုကြိုက်ကြိုက်မကြိုက်ကြိုက် ... အရေးမကြီးဘူး။ မေးစရာရှိလို့လာတာ"

"ဘာလဲ မေး ..."

"ကိုကို့မှာ ချစ်သူရှိတယ်ဆိုတာလေ"

"ဘာဖြစ်လဲ ..."

"ကိုကို့မှာ ချစ်သူတကယ်ရှိတာလား ... တမင်ရွဲ့ပြောသွားတာလားဆိုတာ အမှန်အတိုင်းဖြေ ... လုံးဝမညာကြေးနော်"

"အဲဒါ နင်နဲ့ဘာဆိုင်လို့လဲ ရွှေမှုံရဲ့... ငါ့ကိစ္စပဲ ... ဟုတ်တယ်၊ တကယ်ရှိတယ် သွန်းနီဒီတဲ့ ... ငါနဲ့ကျောင်းနေဖက်သူငယ်ချင်း"

"ကိုကိုလိမ်နေတာ ... ရွှေမှုံကိုညာပြောနေတယ်၊ မဖြစ်နိုင်တာဘဲ ... ကိုကို့မှာ ချစ်သူရှိနေတာ ... ရွှေမှုံမယုံဘူး။ လက်လည်းမခံနိုင်ဘူးနော်"





ကိုကို ... မဟုတ်ဘူးလို့ပြောလိုက်စမ်းပါ ... နင့်ကို ... အမြင်ကတ်လို့ ရွဲ့ပြောတာလို့ အရင်ကပြောသလိုမျိုး ပြောပြလိုက်ပါ။ ရွှေမှုံ လက်မခံနိုင်ဘူးနော် ... ကိုကိုက ဟုတ်မှန်ကြောင်းပဲ ပြောနေသည်။

"နင့်ကို ငါကဘာဖြစ်လို့လိမ်ရမှာလဲ ရွှေမှုံရဲ့... တကယ်ပြောတာ ... မေမေ့ကြောင့်ပဲ ငါထုတ်ဖော်မပြောတာ"

"ကိုကို ..."

"ဘာလဲ"

"တော်ပါပြီ ... ရွှေမှုံ ဘာမှမပြောချင်တော့ပါဘူး၊ အင်းလေ ကိုကို ... ရွှေမှုံကို အမြဲတမ်း ဒုက္ခလိုက်ပေးနေတဲ့ကောင်မလေး အဖြစ် သတ်မှတ်ထားခဲ့တာပဲ"

"ဒါပဲမဟုတ်လား ... နင်ပြန်တော့"

"မပြန်ဘူး"

"ငါ ... နင့်ကိုအမြင်ကတ်တာ အဲဒါပဲ ... ငါ့ကိုနှောက်ယှက်ဖို့ လူလာဖြစ်နေတာလား"

"ဟုတ်တယ်"

ကိုကို့ကို လုံးဝမကျေနပ်ဘူး။ ရွှေမှုံအပေါ် ရက်စက်လွန်းတယ်။ သူမ ငိုချင်နေသည်။ ဖြစ်နိုင်လျှင် ကိုကို့နှလုံးသားတွေထဲသာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေကို လုယူအပိုင်စီးချင်လာမိသည်။

"ရွှေမှုံရံ … နင် ကလေးမဆန်ပါနဲ့တော့ … နင် အရွယ်ရောက်နေပြီ၊ ချစ်သူလည်းတွေ့နေပြီလေ"

ဘယ်ကချစ်သူလဲ … ရွှေမှုံရံ့မှာ ဘယ်မှာချစ်သူရှိလို့လဲ။ ကိုကိုမနာလိုအောင် အရွဲ့တိုက်ပြနေတာရှင့် သိရဲ့လား … သူမ အမှန်တရားတွေကို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့ … ကိုကို့ခုတင်ပေါ်ထိုင်ရင်း … စိတ်တွေ မွန်းကြပ်လှောင်ပိတ်နေသည်။ ကိုကို့ကိုတော့ အရှုံးမပေးနိုင်ဘူး။ အနိုင်ယူရမယ် … ရက်စက်တဲ့ယောကျာ်းတစ်ယောက် … သူမ ဘယ်လိုတုံ့ပြန်နိုင်မလဲ စဉ်းစားနေသည်။

"ရွှေမှုံရံ … မင်းရောက်နေတာ … ယောကျာ်းလေးတစ်ယောက်နေတဲ့ အခန်းနော် … မသင့်တော်ဘူး၊ ထွက်သွားပါ"

"မသွားဘူး၊ ကျွန်မငယ်ငယ်လေးထဲက ကိုကိုတစ်ယောက်ထဲနေတဲ့အခန်း ဝင်ထွက်နေထိုင်ခဲ့တာပဲ … အခုမှကြီးကြီးကျယ်ကျယ်တွေ လာပြောမနေနဲ့"

"ကိုကြီးပြည့်စုံကို မင်းအနိုင်မကျင့်သင့်ဘူးနော် … မင်းပဲဓာတ်လမ်းရှာခဲ့တဲ့ကိစ္စလေ"

"ဘာပြောတယ် … "

"စွတ်အော်မနေနဲ့ … တော်ကြာ မေမေပြန်ရောက်လာလို့





ငါပဲ အဆူခံရမယ်၊ တော်ပါတော့ကွာ … မင်း ဒေါသငြိမ်သင့်နေပြီ"

ကိုကိုရယ် … ရွှေမှုံလေ … ကိုကြီးပြည့်စုံရဲ့အချစ်တွေကို လုံးဝလက်မခံသေးပါဘူး။ ရွှေမှုံချစ်တာက ကိုကိုပါ။ ရွှေမှုံ့နှလုံးသားတွေထဲမှာ ဘယ်တော့မှ ပြောင်းလဲမသွားနိုင်တဲ့အရာလေ … ။

"ငါ … မင်းလိုမိန်းကလေးမျိုးကို သဘောမကျဘူး ရွှေမှုံရံ မင်းလျှောက်ရမယ့်လမ်းကိုပဲ ဖြောင့်ဖြောင့်မတ်မတ်လျှောက်စမ်းပါ"

သူ … အပြတ်အသားဆုံးပဲ ဆုံးဖြတ်လိုက်သည်။ ရွှေမှုံရံ့ကို သူချစ်ပေမယ့် … ဘဝတစ်သက်တာလုံး လက်တွဲဖော်အဖြစ် … ရွေးချယ်ဖို့မဖြစ်နိုင်ဟု ထင်မိသည်။ ကိုကြီးပြည့်စုံကိုလည်း ရွှေမှုံ အိစီကလီ ရိုက်နေသေး၏။ ဒီကောင်မလေးက … အမြဲတမ်း ယောကျာ်းတွေကို သူမအတွက် အပျင်းပြေကစားစရာအရုပ်လို့ ထင်မှတ်ထားတဲ့သူ ဖြစ်နေသည်။ ရွှေမှုံရံနှင့် ဝေးဝေးနေတာ အကောင်းဆုံးပဲဟု ဆုံးဖြတ်လိုက်တော့၏။ ကြာကြာနေလျှင် ရွှေမှုံရံ့ကိုဖက်၍ ချစ်သည်ဟုပြောမိတော့မည်ဖြစ်၍ သူပဲ စတင်၍ အခန်းထဲကနေ ထွက်လာခဲ့သည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"ရွှေမှုံရီနှင့်လက်ထပ်ဖို့ သားဘက်ကငြင်းချင်တယ် မေမေ"

"ဘာပြောတယ်သား … မင်းက လူကြီးမိဘတွေရဲ့စကားကို လုံးဝဥပေက္ခာ ပြုထားနိုင်တာလား"

ဒေါ်မမခက် … ဒေါသတကြီးနှင့် သားဖြစ်သူကိုပြောမိသည်။ သားကလိမ္မာတဲ့သားပါ။ မိဘစကားကိုလည်း နားထောင်ပြီး … မိခင်စိတ်သောကရောက်စေမည့် အလုပ်တွေကို … ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပေ။ ခက်နေတာက … ရွှေမှုံရီနှင့်မသင့်မြတ်တာပဲ … ဒီကလေးနှစ်ကောင် … ငယ်စဉ်လေးထဲက အတူတူတွဲပြီးကြီးပြင်းလာတာတောင် သံယောဇဉ် မတွယ်ကြပေ။ သားဘက်ကပဲ ရွှေမှုံရီလေးအပေါ် … နည်းနည်းလေးမှ သံယောဇဉ်ဆိုတာ မရှိခဲ့။ ဒေါ်မမခက်အတွက် ကြီးလေးတဲ့တာဝန်တစ်ခု ဖြစ်နေခဲ့သည်။

"ဖေဖေနဲ့မေမေ့ကို သား အမြဲတမ်း ဦးထိပ်မှာပန်ဆင်ထား





ခဲ့တာပါ။ မိဘတွေကို စိတ်သောကရောက်အောင်လည်း မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ … ရွှေမှုံရီ့ကိုလက်ထပ်ဖို့တော့ လုံးဝမဖြစ်နိုင်ဘူးထင်တယ်၊ သား မကြိုက်ဘူး"

"မင်းကြိုက်တာတွေ … မကြိုက်တာတွေ … မေမေ နားမလည်ဘူး၊ မကြာခင် မင်းတို့နှစ်ယောက်ကို လူကြီးချင်းစေ့စပ်မယ်၊ အမြန်ဆုံးလက်ထပ်ပေးမယ် ဒါပဲ …"

ရွှေမှုံလေးကို … သား … ဘယ်လိုအကြောင်းပြချက်နဲ့ ငြင်းဝယ်မပြုနိုင်ပါဘူး။ သားကို မိမိဘယ်လောက်အထိချစ်မြတ်နိုးခဲ့ရလဲ … ဒါပေမဲ့ ရွှေမှုံလေးနှင့်သွားလေသူရဲ့ဆန္ဒကိုပဲ မိမိ အကောင်အထည် ဖော်ရမည်ဖြစ်သည်။

"ရွှေမှုံလေးကပြောတယ် … ကိုကို့မှာ ချစ်သူရှိနေပြီတဲ့ … သော်ကပြောနေတယ်၊ ကလေးတွေကိစ္စ ဘယ်လိုလုပ်ကြမလဲတဲ့"

"ဘာပြောတယ် မေမေ … ရွှေမှုံရီက ချွန်တွန်းလုပ်တာပဲ သူကျတော့ ချစ်သူတွေ့နေပါပြီလို့ မပြောဘူးလား"

"ရွှေမှုံမှာ ချစ်သူရှိတယ်ဟုတ်လား … မင်း ဘာတွေပြောနေတာလဲသား … မင်း ယောက်ျားပဲ … ရွှေမှုံလေးအပေါ် … မင်း မရိုးသားတဲ့ စိတ်တွေ ရှိနေတုန်းပဲလား"

"မေမေ"

ထုံးစံအတိုင်းပဲ မေမေကတော့ … ရွှေမှုံရီ့ဘက်ကပဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ စိတ်အညစ်ဆုံးက အဲဒါပဲလေ ... အတို့အထောင်မလေး။ သူ ... နှလုံးသားတွေထဲမှာ အချစ်တွေနှင့်အတူ အကြောက်တရားတွေလည်း ရောထွေးဖြစ်တည်နေ၍ ရွှေမှုံရဲ့ကိုလက်ထပ်ဖို့ ဆုံးဖြတ်ချက် မခိုင်မာနိုင်ဘဲ တွေဝေနေသည်။

"မင်းက ... မေမေ့စကားကိုနားမထောင်ဘဲ ချစ်သူတောင်ထားလိုက်သေးတယ်ပေါ့လေ"

မေမေ့ကို ... သူ ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့။ ဆိုးလွန်းတဲ့ရွှေမှုံ ... မေမေ့ကို ချစ်သူရှိတယ်လို့ပြောရင်လည်း သူ့ကိုဒေါသတွေ ပေါက်ကွဲတော့မည်ဖြစ်သည်။

"ရွှေမှုံလေးမှာက ဘာချစ်သူမှမရှိဘူး၊ သားမှာလည်း ချစ်သူရှိတယ်ဆိုတာ ... မေမေမယုံပါဘူး၊ ရွှေမှုံလေးကို လက်မထပ်ချင်လို့ မင်းရွဲ့ပြောနေတာပါ၊ မေမေလည်း မဆိုးမပါ၊ အသက်အရွယ်လည်း ကြီးနေပါပြီ၊ မေမေ အေးချမ်းချင်ပြီကွယ်"

သားကိုအကြပ်ကိုင်လို့ မရနိုင်ဘူးဆိုတာ ... ဒေါ်မမခက် သိလိုက်သည်။ မိမိတို့က ရွှေမှုံလေးဘက်ပါပြီး သားကို နှိပ်ကွပ်လာခဲ့၍ သား နာကျည်းနေတာမျိုးလည်း ဖြစ်နိုင်သည်။

"ရွှေမှုံလေးကိုတော့ သားမငြင်းပါနဲ့ ... သားမှာချစ်သူရှိနေတယ်ဆိုရင်လည်း လမ်းခွဲလိုက်ပါ၊ မင်း ... အန်တီသော်နဲ့မေမေ နှစ်ယောက်လုံး တာဝန်တစ်ခု ပြီးမြောက်သွားစေချင်တယ်"





သားမှာချစ်သူဆိုတာ ရွှေမှုံရဲ့ပါ မေမေ ... ရွှေမှုံရဲ့အပေါ် သားဂျစ်တိုက်နေခဲ့ပေမယ့် မထင်မှတ်ဘဲ ... ရွှေမှုံရဲ့ကို သားချစ်မိနေကြောင်း သိလာတယ် ... သားသူငယ်ချင်းတွေနဲ့ ရွှေမှုံ အရောတဝင်နေတုန်းကစပြီး သူ့စိတ်တွေ မနာလိုဝန်တိုမှုတွေနှင့် သဝန်ကြောင်နေတတ်သည်။ တဖြည်းဖြည်းနှင့် သူသိလာခဲ့တာက ... ရွှေမှုံရဲ့ကို ချစ်နေမိပြီဆိုတာပင် ... ရန်ထောင်ပြီး ဗိုလ်ကျအနိုင်ကျင့်တတ်သည့် သူမအကျင့်စရိုက်ကို သူ ... ကြောက်သည်။

"ရွှေမှုံမှာ ချစ်သူရှိရင်လည်း ကွဲခိုင်းရမှာပဲလေ ... မင်းတို့နှစ်ယောက်ကို စေ့စပ်ပေးတော့မယ်၊ ဒါမှ မေမေတို့စိတ်အေးရမယ်"

ရွှေမှုံရဲ့နှင့် သူ လက်ထပ်ချင်သည်။ ကိုကြီးပြည့်စုံကရော ရွှေမှုံရဲ့ပဲ အခက်တွေ့မှာ သေချာနေ၏။ ဒီကောင်မလေးက သူ့မှာချစ်သူရှိတယ်ပြောလိုက်တာ ... သူ့ကိုပဲ လက်မထပ်ချင်လို့လား။ သူ တွေဝေနေသည်။

"ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ... သားနဲ့ရွှေမှုံကိုတော့ မေမေတို့က လက်ထပ်ပေးရမှာပဲ ... နောက်မှ သားတို့ မချစ်မနှစ်သက်လည်း ကွာရှင်းပြတ်စဲကြလေ ... မင်းတို့သဘောပဲ ... မေမေနဲ့သော်ကတော့ တာဝန်ကျေရလိမ့်မယ်"

သူလည်း ရွှေမှုံရဲ့ကို ဆက်ပြီးငြင်းပယ်မနေချင်တော့ပေ။ မေမေတို့ စိတ်ချမ်းသာစေရန် လက်ထပ်ဖို့ဆုံးဖြတ်လိုက်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း ရွှေမှုံရဲ့ကိုချစ်နေခဲ့တာပဲ ... ရွှေမှုံရဲ့ဘက်ကပဲ ငြင်းပါစေ။ ဒီကောင်မလေးကြောင့်ပဲ ... သူ့စိတ်တွေ အမြဲတမ်း မအေးချမ်းရဘဲ ဖြစ်နေသည်။

"ဟင် ..."

တစ်ဖက်ခြံကြီးထဲ သူလှမ်းကြည့်မိတော့ ... ကိုကြီးပြည့်စုံရဲ့ကားလေး ဝင်လာသည်။ မင်းချစ်သူက မင်းခြံထဲအထိ ရောက်နေပြီပဲ ... ရွှေမှုံရဲ့ ... မင်းက ငါ့ကိုချစ်သူရှိတယ်ပြောပြီး ... ခံတိုက်တာပဲမဟုတ်လား ... သူ့ဆီကို ရွှေမှုံရဲ့ကဖုန်းဆက်ခေါ်သည်။

"ကိုကိုလာခဲ့ပါ ... ဒီမှာ ကိုကိုကြီးရောက်လာတယ်လေ မေမေဆူမှာကြောက်လို့ပါနော် ... ကိုကိုလာခဲ့ပါ"

"မလာနိုင်ဘူး ရွှေမှုံရဲ့ ... မင်းပြဿနာ မင်းရှင်းစမ်းပါ။ ငါလည်း သွန်းနဲ့ချိန်းထားလို့"

"ကိုကိုနော် လာဆိုလာခဲ့ ... ရွှေမှုံ ပြဿနာမရှာချင်ဘူး ကိုကိုကြီးကို မေမေကောမှာ အားနာလို့သိလား"

"မင်း ..."

"လာဖြစ်အောင်လာခဲ့နော် ... နောက်မှ ရွှေမှုံ့အဆိုးမဆိုနဲ့"

"တောက် ..."

"ဒေါသတွေထွက်မနေပါနဲ့ ကိုကိုရာ ... ရွှေမှုံ့အကြောင်း သိတယ်နော် ... ပြဿနာမဖြစ်စေချင်ရင် အမြန်ဆုံးလာခဲ့ပါ"





ကိုကိုကားဝင်လာတာနှင့် ရွှေမှုံ အထိတ်တလန့်နှင့် ကိုကို့ကို အရေးတကြီး လှမ်းခေါ်လိုက်ရသည်။ မေမေရှိတယ်။ အရေးထဲ အန်တီခက်ကလည်း ရောက်လာ၏။ ရွှေမှုံ မျက်နှာပူလိုက်တာ ... ဘာဆက်လုပ်ရမှန်းပင် မသိတော့ ... ကိုကိုရောက်လာပါစေ။ ရှင်မလာရင်တော့ ... ရှင့်ကို အပြတ်ပြဿနာမိုးမီးလောင်အောင် ရှာပစ်မယ်။ ကိုကိုကြီးကို မလွှဲသာ မရှောင်သာ၍ ထွက်ကြိုလိုက်ရသည်။

"ကိုကိုကြီး ... လာလည်တာလားဟင် ... မေမေရှိတယ်"

"ကလေး"

"ရှင် ..."

"ကလေးကို ... ကိုယ့်မာမီဆီခေါ်သွားဖို့ လာခေါ်တာပါ။ မင်းဆီဖုန်းဆက်တာ ဘာဖြစ်လို့ပိတ်ထားရတာလဲကွာ"

"ဟို ... မေမေကြောင့်ပါနော် ... မေမေကလေ ကိုကိုက လွှဲပြီး တခြားယောကျာ်းလေးတွေနဲ့ ပတ်သက်ဆက်ဆံတာမကြိုက်ဘူး။ ရွှေမှုံ အပြင်ထွက်တာတောင် လိမ်လိမ်ပြီးထွက်ရတာပါ"

သူမ ... မျက်နှာငယ်လေးနှင့် ကိုကိုကြီးအား ရှင်းပြနေမိသည်။ မေမေနှင့်အန်တီခက်က မေမေ့အခန်းထဲမှာပါ။ ရွှေမှုံ အပြင်ထွက်လိုက်သွားဖို့ ... ကိုကို့အား အသုံးချရမည်ဖြစ်သည်။

"ကိုကိုကြီး ဆုံးဖြတ်ထားပြီးပြီ ကလေးရယ် ... မင်းကို လုံး



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ်အဆုံးအရှုံးမခံနိုင်တော့လို့ ... မေမေ့ကို ဖွင့်ပြောပြလိုက်တယ်"

"ဟင် ..."

ဘုရားရေ ... သူ့ကိုလည်း ရွှေမှုံက ချစ်တယ်လို့အဖြေမပေးရသေးဘဲနှင့် တကယ်တမ်းရင်ဆိုင်ရမယ်ဆိုတော့ ... ရွှေမှုံ ဓာချွေး တွေပင် ပျံချင်လာသည်။

"မာမီကလေ ... ရွှေမှုံလေးကို တွေ့ချင်တယ်တဲ့ ... ကိုကိုကြီး သဘောအတိုင်းပဲ ဖြစ်စေရမယ်တဲ့လေ"

"ကျွန်မလေ ... ကျွန်မ"

ကိုကို မလာဘူး။ တကယ့်ကိုရက်စက်လွန်းတဲ့ ကိုကို ... ဒီမှာ ဘယ်လိုဖြေရှင်းရမှန်းပင် မသိတော့ ... ချွေးပြန်လာသည်။

"ကိုကိုကြီးကို ရွှေမှုံ ချစ်တယ်လို့ အဖြေမပေးရသေးဘူးလေ၊ စဉ်းစားပါရစေဦးလို့ ပြောထားတာပဲ ... ရွှေမှုံ လိုက်လို့မဖြစ်သေးပါဘူး"

"ကလေး ..."

"မေမေတို့ရှေ့မှာတော့ ကလေးလို့မခေါ်ပါနဲ့နော်"

"ကိုကိုကြီးလည်း ကလေးမေမေနဲ့တွေ့ချင်တယ်၊ မိန်းကလေးရှင်တစ်ယောက် လက်ခံနိုင်တဲ့အရည်အချင်းတွေ ကိုကိုကြီးမှာ ရှိနေပါတယ်"





ရွှေမှုံရဲ့ကို သူ ... စိတ်မချနိုင်တော့ ... ကိုကိုနှင့်တစ်မျိုးပဲ။ ထို့ကြောင့်ပင် သူ လက်ထပ်နိုင်အောင် ကြိုးစားခြင်းဖြစ်သည်။

"သမီးရေ ... ဧည့်သည်ကိုအထဲခေါ်လေ ... ခြံထဲမှာ မသင့်တော်ပါဘူး"

ဒေါ်မြတ်မြတ်သော်ကတော့ သမီးကို မျက်ခြေမပြတ်ကြည့်နေမိ၍ ဘယ်လိုကောင်လေးမျိုးနဲ့ ပတ်သက်ဆက်ဆံနေလည်းဆိုတာ သိမှဖြစ်မည်။ အိမ်ထဲဝင်စေသည်။

"သူက ... သမီးမိတ်ဆွေ ကိုကို့သူငယ်ချင်းပါ မေမေ ... ကိုပြီးပြည့်စုံတဲ့ ... ကုမ္ပဏီထောင်ထားပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်ပါ"

မေမေကတော့ ... ကိုကိုကလွဲပြီး ဘယ်လိုယောကျ်ားမျိုးကိုမှ လက်မခံနိုင်ကြောင်း ပြောထားသည်။ ကိုကိုမလာဘူး ... ဘယ်လောက်ရက်စက်လဲ ... ရှင့်ကို ပြဿနာရှာပြမယ်။ စောင့်ကြည့်နေပါ ကိုမိုးမြင့်မြတ် ... ရှင် သိပ်ပြီးကြီးကျယ်ခန်းနားမနေစမ်းပါနဲ့ သူမ ... ဒေါသထွက်နေသည်။

"ဒါက ရွှေမှုံ့မေမေပါ ကိုကိုကြီး"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ခင်ဗျာ ... ကျွန်တော့်ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုပေးပါ"

"ရပါတယ်ကွယ် ... သမီးလေးက မကြာခင် ... မောင်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်နဲ့ စေ့စပ်တော့မှာပါ"

"ဗျာ ..."

"ဟုတ်တယ်ကွာ ... တကယ်တော့ လူငယ်တွေ ဘာမှမသိပေမယ့် အန်တီတို့က လူကြီးချင်း စေ့စပ်ထားကြတာလေ"

သမီးကို မောင်မိုးမြင့်မြတ်နှင့်ကလွဲပြီး တခြားဘယ်သူ့ကိုမှ လက်ထပ်ပေးဖို့ လက်မခံနိုင်ပေ ... စောစောစီးပဲ အပြတ်သားဆုံး ပြောထားရမည်ဖြစ်သည်။

"မေမေ ... ကိုကို့မှာချစ်သူရှိတယ်၊ ရွှေမှုံတို့ လက်ထပ်လို့ မဖြစ်ဘူးထင်တယ်"

"ဘာလို့မဖြစ်ရမှာလဲ ရွှေမှုံ ... မေမေ့အကြောင်း ရွှေမှုံ သိတယ်နော် ... ဘယ်သူ့မှာပဲ ချစ်သူရှိနေပါစေ ... ညည်းတို့ လက်ထပ်ရမယ်"

ဒေါ်မြတ်မြတ်သော် အပြတ်သားဆုံးပဲ ပြောလိုက်သည်။

"မောင်ပြီးပြည့်စုံ ... သမီးနဲ့ အေးအေးဆေးဆေးစကားပြော ကြဦးနော်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်မြတ်မြတ်သော် အလိမ္မာသုံးပြီး ပြောဆိုရင်း ... အပေါ် ထပ်သို့ တက်လာခဲ့သည်။

"ရွှေမှုံ ... ကလေး ..."





"ရှင် ..."

"မင်းမေမေပြောတာတွေ အမှန်ပဲလား"

"ရွှေမှုံလည်း မကြာခင်လေးကမှသိတာပါ၊ ဒါပေမဲ့ ကိုကိုနဲ့ ရွှေမှုံတို့ကတော့ ခုထိ မိတ်ဆွေအဆင့်တောင်မရှိသေးပါဘူး၊ ငယ်စဉ် လေးထဲက ရန်တကျက်ကျက်ဖြစ်နေကြတာပါ"

"ရွှေမှုံကရော ..."

ကိုကို့ကိုမုန်းတယ် ... ရွှေမှုံ့အပေါ် ရက်စက်လွန်းသည်ဟု ထင်မိသည်။ ရွှေမှုံ့ကို ရှင်မယူချင်လို့ ရှောင်ပြေးနေတာပါ။ သူမ တွေးမိတိုင်း ဒေါသတွေဖြစ်နေရသည်။

"ကလေးပြောပါ ... လူကြီးတွေစီစဉ်တာ ကလေးလက်မခံ နိုင်ဘူး မဟုတ်လား"

"ရွှေမှုံလည်း လက်မခံချင်ပါဘူး၊ ဒါပေမဲ့ ... လူကြီးတွေက အတင်းအကျပ်စီစဉ်ကြလိမ့်မယ်၊ ကိုကိုကြီး ကြားတာပဲလေ"

"ကလေး ..."

"ဟင် ..."

"ရွှေမှုံငြင်းလိုက်ပါ၊ ဒါမှမရရင် ... ကိုကိုကြီးနောက်ကို ရွှေမှုံ လိုက်ခဲ့ပါတော့ကွာ ..."

"မဖြစ်သေးပါဘူး ကိုကိုကြီးရယ် ... ရွှေမှုံငြင်းပါရစေနော်၊ မေမေ အရမ်းဒေါသဖြစ်လိမ့်မယ်၊ ကိုကိုကလည်း ရွှေမှုံ့ကိုမုန်းတီး

www.burmeseclassic.com



နေတာပါ။ အချိန်လေး ပေးပါနော်"

ကိုကိုကြီးကိုလည်း ရွှေမှုံအပြတ်မငြင်းရဲပေ ... ကိုကို့ကို အရွဲ့တိုက်ဖို့က သူမအတွက် အရေးကြီးနေသည်။ ရှင် ရက်စက်သလို ရွှေမှုံ ပြန်ရက်စက်ပြမယ်။ သူမ ဒီလောက်အထိ တောင်းတောင်းပန်ပန်နှင့် ဖုန်းခေါ်တာကိုပင် ကိုကိုက မလာခဲ့ပေ ... ကိုကိုကြီးနှင့် ဇွတ်အတင်းထိုးထည့်ပေးနေသည်။ ရွှေမှုံ ဒိုချင်လာ၏။ ကိုကို့အပေါ်လည်း ဒေါသတွေ အကြီးအကျယ်ဖြစ်နေရသည်။

+++

BURMESE CLASSIC

အခန်း ( ၁၁ )

"ငါ မသွားနိုင်ဘူး။ မင်းကိုယ်တိုင်ချစ်လို့ ကိုပြီးပြည့်စုံကို ခေါ်လိုက်တာပဲ ... မင်းက ငါ့ကိုပြဿနာရှာမယ့် ကောင်မလေးပဲ"

သူ ဆုံးဖြတ်လိုက်သည်။ ရွှေမှုံရှံနှင့်လက်ထပ်ဖို့ သူ ငြင်းပစ်ရမည်ဖြစ်သည်။ အချစ်ဆိုတာကို သူ စဉ်းစားဖို့လုံးဝမဖြစ်နိုင်တော့။ ရွှေမှုံရှံရဲ့အနိုင်ကျင့်ဗိုလ်ကျမှုတွေကို ... သူ့ဘဝတစ်လျှောက်လုံး ခါးသည်းစွာ ရင်ဆိုင်ဖြတ်သန်းရမည်ဖြစ်သည်။

"မင်းရဲ့အစေအပါး ... မင်းအမိန့်ပေးတိုင်း မင်းစိတ်တိုင်းကျ လုပ်ဆောင်ပေးနေရမယ့် ယောကျ်ားတစ်ယောက်ရဲ့ဘဝကိုတော့ ငါ လုံးဝမခံယူနိုင်ဘူး ရွှေမှုံရှံ"

သူ့နှလုံးသားတွေ ကြေကွဲနာကြင်နေရလေသည်။ ရွှေမှုံရှံ့ကို ချစ်မိသွားတာကိုပင် မိုးခြင့်မြတ် မကျေမနပ်ဖြစ်နေရ၏။ ရွှေမှုံရှံ့ကို သူ ... အမြတ်မှန်းတီးနေခဲ့တာပါ။ အနိုင်ကျင့်လွန်း၍ မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသည်။

"မသွားဘူးကွာ ... မင်းနဲ့ဟိုလူ ... ဇွဲရှေ့မှာ အကြင်နာ အယုအယတွေလုပ်နေကြတာ ... ဇွဲမျက်စိရှေ့မှာတင် ဖြစ်မလား။ မင်းက အဲ့ဒါကိုပြချင်နေတာမဟုတ်လား"

သွန်းနုဒီနှင့်တွေ့ဆုံပြီး ... သူ့အပေါ် ဂရုတစိုက်ရှိလွန်းတဲ့ မိန်းကလေးကိုပဲ ချစ်သူအဖြစ်ရွေးချယ်ဖို့ ဆုံးဖြတ်ထားသည်။

"သွန်း ..."

"ဟင် ... ကိုမိုး"

"တွေ့ကြရအောင် ..."

"ကိုမိုး ဘာပြောတယ်၊ ကျွန်မ နားကြားလွဲတာတော့ မဖြစ်နိုင်ပါဘူးနော်"

"တကယ်ပါ၊ ကိုယ်တစ်ယောက်တည်း အရမ်းအထီးကျန်နေတာလေ၊ သွန်းကို သတိရလာလို့"

"တကယ် ..."

သွန်း ... အရမ်းပျော်ရွှင်သွားတာကို ... သူ သိလိုက်သည်။ ကျောင်းတက်စဉ်ထဲက သူ့ကိုစိတ်ဝင်စားနေခဲ့၏။ ရွှေမှုံရဲ့ကြောင့်ပါ။ တစ်နေ့နေ့ ... ရွှေမှုံရဲ့အား သူ လက်ထပ်ရမည်ဆိုတဲ့အသိက ... သူ့နှလုံးသားတွေကို အမြဲတမ်းလွှမ်းမိုးနေခဲ့သည်။

"ကိုမိုး ..."





"ဟင်"

"ရှင့်ရဲ့ အပါးတော်မြဲမလေးက ခွင့်ပြုလားဟင်"

"ဟာကွာ ... ဘာဆိုင်လို့လဲ ... သူ့မှာ ချစ်သူရှိသွားပြီ၊ ဒါကြောင့် ကိုယ်လွတ်လပ်ပျော်ရွှင်သွားလို့ သွန်းနဲ့တွေ့မှာ"

"ဟာ ... သွန်းတော့ အရမ်းဝမ်းသာသွားပြီ၊ စောင့်နေမယ်နော်၊ အိမ်ကိုပဲလာခဲ့"

"OK"

ဟုတ်တယ် ... သူဆုံးဖြတ်ထားလိုက်ပြီ၊ သူရွေးချယ်ရမှာက သွန်းနုဒီပဲ ... အရာရာပြည့်စုံနေတဲ့မိန်းကလေးပဲ ... ချောမောလွန်းတဲ့ မိန်းကလေးမဟုတ်ပေမယ့် ... မိန်းမချောစာရင်းထဲမှာ ပါဝင်နေသူဖြစ်သည်။ သွန်းရဲ့မိဘတွေကလည်း သူ့ကို သဘောကျနှစ်သက်ကြ၏။ သူ ... ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် သွန်းဆီရောက်သွားသည်။

"သားလာမယ်ဆိုလို့ ... အန်တီမေတို့ စောင့်နေတာလေ၊ သား ... ထိုင်ဦး"

သွန်းမိခင်က ... သူ့ကို တရင်းတနှီးဆီးကြို၍ ခြေ့ခံသည်။ သွန်းနှင့်စကားပြောကြဦးဆိုပြီး ... အပြင်သို့ထွက်သွားတော့၏။ မိုးမြင့်မြတ် ယောင်ချာချာနှင့် သွန်းရှေ့မှာထိုင်နေသည်။

"ကိုမိုး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... စကားသံတွေတိတ်ပြီး ကျောက်ရုပ်ကြီး တစ်ရုပ်လို ထိုင်နေတာပါလား"

"ဪ ... ကိုယ်က သွန်းကို ပြောစရာစကားရှိနေတယ်၊ အဲဒါ ပြောသင့်မပြောသင့် စဉ်းစားနေတာပါ"

"အမယ်လေး ကိုမိုးရယ် ... ဖြစ်နေလိုက်တာ ... ခုထိ သွန်းကိုပြောမယ့်စကားအတွက် စဉ်စားချင့်ချိန်နေတုန်းပဲလားလို့"

ကိုမိုးရယ် ... ရှင့်အချစ်တွေကို သွန်း ... ဘယ်လောက်အထိ စောင့်မျှော်နေရလဲ ... ဟို ... ရှင့်အပါးတော်မြဲကောင်မလေးရွှေမှုံရဲ့ ကြောင့် သွန်းနှလုံးသားတွေ ထိခိုက်နာကျင်ရသည်။

"ကိုမိုး ... ပြောလေ"

"သွန်း ..."

"ဟင် ..."

"အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"ပြောလေ ကိုမိုး ... ရှင် ဘာတွေစဉ်းစားတွေဝေနေတာလဲ၊ ပြောပါ ... ရှင် ဘယ်လိုအကူအညီမျိုး လိုအပ်နေလဲ ... သွန်း ကူညီပါ့မယ်၊ သွန်းအသက်ကို ပေးရမယ်ဆိုရင်တောင် ပေးမှာ"

သွန်းကို အားနာသွားရသလို ... မျက်နှာလည်း ပူသွားရသည်။ သူ့နှလုံးသားတွေ တင်းကြပ်နာကျင်သွားရ၏။ သွန်းကို မချစ်နိုင် ... ရွှေမှုံရဲ့ကိုပဲ တမ်းတနေခဲ့သည်။ လုံးဝမကျေနပ်စရာပင်။





သူ့ဆီကအချစ်တွေကို သွန်း ... အမြဲတမ်း မျှော်လင့်စောင့်စားခဲ့ရတာပဲ ... သွန်းကို ကြည့်သည်။

"သွန်း ..."

"ဒုက္ခပါပဲ ကိုမိုးရာ"

"ကိုယ်တောင်းမယ့်အကူအညီက တခြားမဟုတ်ပါဘူး၊ မင်းနဲ့ကိုယ် ချစ်သူတွေအဖြစ် ဟန်ဆောင်ကြဖို့ပါ။ မင်းလက်ခံရင်ပေါ့လေ"

"ရှင် ..."

တကယ့်ကိုအံ့ဩဖို့ကောင်းတဲ့ ကိုမိုးရဲ့အကူအညီတောင်းခံမှုပါလားနော် ... သွန်း အံ့ဩထိတ်လန့်စွာ မော့ကြည့်မိသွားသည်။

"ကိုယ် ... သွန်းကို အရမ်းအားနာပါတယ်ကွာ ... ဒါပေမဲ့လေ မေမေတို့က ရွှေမှုံနဲ့လက်ထပ်စေချင်နေကြတယ်၊ ကိုယ့်ချစ်သူအဖြစ် မင်းဟန်ဆောင်ပေးပါ။ ကိုယ့်မေမေကို လာတွေ့ပေးရုံပါပဲ"

သွန်းကိုချစ်သည်ဟု ပြောလိုက်ရမှာ ... မိုးမြင့်မြတ်တစ်ယောက် ... ဘယ်လိုမှတောင်းဆိုဖို့ဆန္ဒ မရှိဘဲဖြစ်နေသည်။ သူ့အတော်လေးအံ့ဩရသလို ... မျက်နှာလည်းပူနေ၏။ ဟန်ဆောင်ချစ်သူအဖြစ်သာ တောင်းဆိုမိသွားသည်။

"သွန်းလေ ... သွန်း ဘာဖြစ်လို့များ ကိုမိုးဆန္ဒတွေအတိုင်းသာ ဖြစ်စေရလဲမသိတော့ဘူး၊ ကိုမိုးကို ဘယ်လိုပဲဖြစ်ဖြစ် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်ပါတယ်၊ သွန်းလုပ်ပေးပါ့မယ်"

သွန်း ... မျှော်လင့်ချက်ရောင်ခြည်တွေသန်းလာပြီလို့ပဲ ပြောရမလားဟင် ... ကိုမိုးအတွက် ချစ်သူအတုပဲဖြစ်ဖြစ် ... ဟန်ဆောင်ပေးရမယ်ဆိုရင်တောင် ကျေနပ်ပါတယ်။ ကိုမိုးဆန္ဒအတိုင်း သွန်းလုပ်ဆောင်ပေးဖို့ အဆင်သင့်ဖြစ်နေသည်။

"ကျွန်မကူညီမယ်၊ ကိုမိုးဆန္ဒအတိုင်းပါပဲ ... ကိုမိုးအတွက် သွန်း အမြဲတမ်း ဖြည့်စွမ်းပေးချင်နေတာပါ"

"သွန်းရယ် ... ကိုယ် အရမ်းအားနာပါတယ်၊ တကယ်ဆို သွန်းအပေါ် ... ကိုယ် အနိုင်ကျင့်သလို ဖြစ်သွားမယ်ထင်တယ်၊ ဒါပေမဲ့ ... ကိုယ် ရွှေမှုံရံ့ကို လက်မထပ်ချင်ဘူးကွာ ... ဒါကြောင့်ပါ"

ရွှေမှုံရံ့ကို လက်မထပ်ချင်တာများ ကိုမိုးရယ် ... သွန်းကို ချစ်သူအတုအဖြစ် ငှားနေရသေးလား။ ချစ်တယ် သွန်းရယ် ကိုယ်တို့ လက်ထပ်ကြရအောင်လို့ ပြောလိုက်ပါတော့လား။ ရှင့်နှလုံးသား တွေထဲမှာ ရွှေမှုံရံ့ရှိနေတာပါ။ အသေအချာဆုံးပဲ ... ရှင် ချောမော ခန့်ညားသူဖြစ်ပြီး ပျိုတိုင်းကြိုက်တဲ့ရှင်က ဘယ်လိုမိန်းကလေးမျိုး ကိုမှ တရင်းတနှီးမတွဲခဲ့ဘူး။ သွန်းကိုတောင် ရှင် ဝေးဝေးကနေ ရှောင်နေခဲ့တာ မဟုတ်လား ...

"သွန်းရယ် ... ကျေးဇူးတင်ပါတယ်၊ ရွှေမှုံရံ့မှာ ချစ်သူရှိသွားပါပြီ၊ လူကြီးတွေက အတင်းအကျပ်စီစဉ်နေကြတယ်လေ၊ ကိုယ်က





တော့ အိမ်ထောင်ရေးမှာ လူကြီးတွေဆန္ဒအတိုင်း မလွဲမရှောင်သာ လက်ထပ်လိုက်ရတာမျိုး မကြိုက်ဘူး"

"ကိုမိုး ... "

"ပြော ... "

"သွန်းတစ်ခုမေးမယ်၊ ကိုမိုး အမှန်အတိုင်းဖြေပါ"

"အင်း ... မေးလေ"

"ရွှေမှုံရံ့ကို မချစ်ဘူးလား၊ ရှင့်နှလုံးသားတွေထဲမှာ ရွှေမှုံရံ့က လုံးဝမရှိတာလားဟင်"

သူ ... ဘယ်လိုအဖြေမျိုးပေးရမလဲဆိုတာတောင် စဉ်းစား မရ ... ရွှေမှုံရံ့ကိုချစ်တယ် ... သူ့နှလုံးသားတွေထဲမှာ ရွှေမှုံရံ့က ယယ်ရှယ်စဉ်က ရှိနေခဲ့တာပါ။ အဖြေရှိသည်။

"ကိုယ်မဖြေနိုင်ဘူး သွန်း ... အဲဒီအဖြေကို ရေရေရာရာမသိ ဘူး ဖြစ်နေတယ်၊ ကိုယ် အဖြေအတိအကျပေးဖို့ အချိန်ပေးပါ သွန်း၊ ကိုယ်တောင်းပန်ပါတယ်"

သွန်းသိပါပြီ ကိုမိုးရယ် ... ရှင့်နှလုံးသားတွေထဲမှာ ရွှေမှုံရံ့ က ရှိနေပါတယ်။ ရှင်ကြောက်နေတာမဟုတ်လား။ ရှင် အမြဲတမ်း အရှုံးပေးနေရမှာကိုလေ။ သွန်း စောဒက တက်မနေချင်ပေ။ ကိုမိုး ဆန္ဒအတိုင်းပဲ ရှိပါစေ။ သွန်း ရယ်မောပစ်သည်။

"ကိုမိုးလည်း သေသေချာချာ စဉ်းစားပါဦးနော် ... ရှင်



www.burmeseclassic.com

www.burmeseclassic.com



နောင်တတွေ ရနေလိမ့်မယ်"

"ကိုယ် ... ဘာမှမစဉ်းစားချင်တော့ဘူး သွန်းရာ ... လော လောဆယ် ... ကိုယ်တို့ အပြင်ထွက်ပြီး တစ်ခုခုသွားစားကြမယ်"

"ကျွန်မကတော့ ... ရှင့်သဘောပါပဲနော် ကိုမိုး ... OK သွားကြမယ်"

သွန်းက ... အရမ်းပျော်ရွှင်နေသည်။ သူလည်း ပျော်ချင်ပါတယ်။ မပျော်ရွှင်နိုင်ဘဲ ဖြစ်နေ၏။ သူ့စိတ်က ရွှေမှုံရီ့ဆီပဲ မကြာခဏ ရောက်သွားတတ်သည်။

"မင်းဟာ ... အမြဲတမ်း ကိုကို့ကိုစိတ်ဒုက္ခပေးနေတာပဲ၊ မင်း နှလုံးသားတွေထဲမှာ ကိုကို့အတွက် နေရာမရှိဘူး၊ ကိုကို အသေ အချာသိတယ်"

သူ့ကို ခိုင်းဖက် ... အနိုင်ကျင့်ဖို့ ... အပျင်းပြေအသုံးချဖို့ပဲ ရွှေမှုံရီ သဘောထားတာပါ။ ဒီကောင်မလေးအကြောင်း မတွေးဘဲ နေကာမှ တွေးမိနေသည်။ သွန်းကိုအားနာ၍ ... သူ အချိန်ပေးပြီး နေထိုင်နေရပေမယ့် စိတ်က ညစ်နွမ်းနေသည်။

"ကိုယ်တို့ပြန်ကြမယ် သွန်း ... နောက်မှ ထပ်တွေ့မယ်နော်"

"ဟုတ်ကဲ့ပါ ကိုမိုး"

သွန်းကို သူပြန်ပို့လိုက်သည်။ သူ့အမိန့်အတိုင်း နာခံတတ်တဲ့ မိန်းမပါ။ သွန်းကို မချစ်ခဲ့ ... အကြောင်းအရင်းကိုလည်း မသိ ...





သူပြန်လာခဲ့တော့ ရွှေမှုံရီရောက်နေသည်။

"ကိုကို ပြန်လာတာနဲ့အတော်ပဲ ... ရှင်နဲ့ စာရင်းရှင်းစရာရှိ တယ်၊ ရှင် ဘယ်သွားနေတာလဲ"

"သွန်းဆီ"

"ဘာ"

"ဟ ... ဘာဖြစ်လို့ဒေါသတကြီးအော်နေရတာလဲ ... မင်းက ဘာမို့လို့လဲ ရွှေမှုံရီ"

"ကိုကိုလည်း မအော်နဲ့လေ ... ရွှေမှုံ အခက်အခဲဖြစ်နေလို့ ခေါ်တာလေ၊ ဘာဖြစ်လို့ မလာရတာလဲ"

"ငါ ကြားမဝင်ချင်လို့"

"ဘာပြောတယ်"

"နင်ပြန်စမ်းပါ ရွှေမှုံရီ ... ငါတောင်းပန်ပါတယ်၊ မင်းမှာ ချစ်သူရှိနေပါပြီ၊ ငါ့ကို လာပြီးမနှောက်ယှက်နဲ့တော့"

"ကျွန်မက ... ရှင့်ကို တစ်သက်လုံး နှောက်ယှက်နေတယ် ဆိုပဲ သတ်မှတ်နေတော့မှာလား"

"ဟုတ်တယ်"

"တော်ပြီ ... ရှင်နဲ့ နောက်ထပ် ဘယ်တော့မှမပတ်သက် တော့ဘူး ... ရှင်နဲ့ အတင်းအကျပ် လက်ထပ်ပေးရင်လည်း ကျွန်မ အခြားယောကျ်ားတစ်ယောက်နောက် လိုက်သွားမယ်၊ မုန်းစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့လူ ... ”

ရွှေမှုံ ... နာနာကျည်းကျည်း ခါးခါးသီးသီးကြည့်ပြီး ဒေါသ တွေပေါက်ကွဲစွာပြော၍ ပြေးထွက်သွားသည်။ သူ ... နှုတ်ခမ်းတွေ က ရွှေမှုံဟုလှမ်းခေါ်လိုက်ချင်ပေမယ့် ... ခေါ်၍မရ။ သူ နှုတ်ခမ်း သားတွေက စေ့ကပ်နေသည်။

“ဟာကွာ ... ဘာတွေလဲ ... ဒီကောင်မလေး ... ငါ့ကို တော်တော် စိတ်အနှောက်အယှက် ပေးနေတာပါလား”

ရွှေမှုံရဲ့နောက်ကို ပြေးလိုက်ပြီး ... တောင်းပန်ခယ ဦးညွှတ် လိုတဲ့ဆန္ဒတွေပဲ ပြည့်နှက်နေသည်။ ခန္ဓာကိုယ်က လှုပ်ရှားမရ ... မင်း ဘာ့ဆက်လုပ်မှာလဲ မိုးမြင့်မြတ် ... မပြတ်မသားနဲ့ ... မင်းဘာ ကြီး အပူတောထဲတိုးဝင်နေတော့မလားကွာ ... မေမေလည်း မ ပေ။ သူ့ကိုလက်ထပ်ဖို့ အတင်းအကျပ်ပြောလာလျှင် ငြင်းဆန်ပ မည်။ ရွှေမှုံရဲ့နှင့် ကင်းကင်းရှင်းရှင်းနေထိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်

“ရှင့်နှလုံးသားထဲမှာ ရွှေမှုံရဲ့ တကယ်မရှိဘူးလား။ သေသေ ချာချာစဉ်းစားပါဦးနော် ... နောက်မှ နောင်တတွေ ရမနေနဲ့”

သွန်းရယ် ...

ငါ့ဘဝအတွက် မင်းကိုပဲရွေးချယ်တာ အသင့်တော်ဆုံးပဲ ... ငါသိတယ်။ ရွှေမှုံရဲ့ကို အရမ်းချစ်မိနေတဲ့ခံစားမှုတွေကို တစ်နည်း နည်းနဲ့ ငါ့နှလုံးသားတွေထဲကနေ ဖယ်ရှားပစ်ရမယ် ... မင်းကို





ချစ်သူအဖြစ် ကိုယ်ရွေးချယ်လိုက်ပြီ။ သူ့ရင်တွေ ပူနေသည်။

“ကိုကိုက ရွှေမှုံရဲ့အပေါ်းတော်မြဲ ... ကိုယ်ရဲ့တော်၊ ပြီးတော့ ထပ်ပြောမယ် ... ခိုင်းဖတ် ... အစေခံ”

“ရွှေမှုံရဲ့ ... နင် အရမ်းလွန်နေပြီနော် ... ယဉ်ကျေးမှု လုံးဝ ရှိတဲ့ကောင်မလေး”

“ဘာပြောတယ် ... ထပ်ပြောစမ်းပါ၊ ရွှေမှုံရဲ့က ဘာ ... ”

သူ ... ထပ်မပြောရဲတော့ပေ။ မျက်ထောက်နီကြီးနှင့် တူး တူးခါးခါးကြည့်ပြီး ပြဿနာရှာတော့မယ်ဆိုတာ ... သူ သိလိုက်၍ ငြိမ်ကုတ်နေလိုက်ရသည်။

“ဟား ... ဟား ... ဟား ... ဒီလိုမှပေါ့၊ ရွှေမှုံရဲ့အမိန့်ကို နာခံရမယ်၊ ရွှေမှုံ သေဆိုသေ ... ရှင်ဆိုရှင် ... အမိန့်ကိုနာခံမယ် ဟုတ်လား ... ငယ်ကျွန်ကြီး ဟင် ... ဟင်း ... ဟင်း ... ”

သူမ ... ဆယ်နှစ်သမီးအရွယ်ရောက်နေတာပင် ... သူ့ကို တာရှားသဖြင့် အနိုင်ကျင့်နေခဲ့သည်။ သူ ... ဘာမှမပြောရဲ ... ရွှေမှုံရဲ့က မဟုတ်မဟုတ်လုပ်ဖာတ်ခင်းပြီး ... သူ့ကို လူကြီးတွေက ဆူအောင် ... ရိုက်အောင် လုပ်မယ်ဆိုတာ သူသိနေ၍ ... သူမ ပြောဆိုသမျှ ငြိမ်သက်စွာ ခံယူနေခဲ့ရလေသည်။ မင်းကို ငါ အပြတ် အဆုံးဆက်ဆံလိုက်တာ မှန်တယ် ရွှေမှုံရဲ့ ... မင်းဟာမင်း လုပ် ချင်တာလုပ် ... ပြောချင်တာပြော ... ဒီအရွယ်အထိ မင်းရဲ့ငယ်ကျွန်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် မခံနိုင်တော့ဘူးကွ ... ငါလက်ထပ်ပြမယ်။ မင်းထက် အစေ
အရာရာသာနေတဲ့ သွန်းနဒီကိုလေ။ တစ်ခါတစ်ရံ ... သူ့စိတ်တွေ
လုံးဝမပြတ်သားနိုင်တာကိုပဲ သူ ... လုံးဝမကျေမနပ်ဖြစ်နေရသည်

+++

အခန်း ( ၁၂ )

"ချစ်သမီး ... ဟိုကောင်လေး ပြီးပြည့်စုံဆိုတာက ချစ်သမီးလေးနဲ့ ဘယ်လိုအကန့်တွေနဲ့ပတ်သက်နေလဲဆိုတာ ... မေမေ့ကို ပြောပြပါလား"

သမီးရွှေမှုံရဲ့အကြောင်းကို မိမိအသိဆုံးဖြစ်၍ ... အချိုသတ်ပြီး ချော့ချော့မော့မော့လေးမေးရသည်။ ချစ်သမီးက လုပ်ချင်တာလုပ်တာ ... မိမိက စည်းကမ်းနဲ့ကြီးပြင်းစေခဲ့ပေမယ့် စိတ်ကိုကထင်ရာစိုင်းမယ့် ဟာမလေးပါ။ ထို့ကြောင့်ပင် ... မိမိ အကျပ်မကိုင်မိဖို့ဘဲ စဉ်းစားထားသည်။

"သမီးနဲ့ကိုကိုကြီးတို့က ချစ်သူတွေဆိုရင်ရော မေမေ"

"ဘာပြောတယ်"

"ဟုတ်တယ် မေမေ ... သူက ရွှေမှုံချစ်သူပဲ ... ရွှေမှုံကိုနားအလည်ဆုံး ... အချစ်ဆုံး ... ဘဝတစ်သက်တာအတွက် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာစဉ်းစားပြီး ရွေးချယ်ထားတာပါ"

"မေမေ့စကားကို ... ညည်းက ဆန့်ကျင်တာလား ရွှေမှုံရဲ့"

"သမီးဘဝတစ်လျှောက်လုံး ... ပျော်ရွှင်ချမ်းမြေ့စေဖို့ ကိုကိုကြီးကို ရွေးချယ်လိုက်တာပါ မေမေ ... ပြီးတော့လေ ကိုကိုက သမီးကိုမချစ်ဘူး၊ သူ့မှာလည်း ချစ်သူရှိနေပါတယ် ... သမီးနဲ့ကိုကို လက်ထပ်ရင် အမြဲတမ်းတကျက်ကျက်နဲ့ ရန်ပွဲတွေပဲဖြစ်နေရမယ်လေ"

"မရဘူး ... ညည်းလက်ထပ်ရမှာက ကိုကိုပဲ ... ချစ်သမီးလေးရယ် ... မေမေ့စကားကို နားထောင်စမ်းပါကွယ် ... ကိုကိုနဲ့က လူကြီးချင်းတွေ သဘောတူထားခဲ့ကြတာလေ၊ ဟို မောင်ပြီးပြည့်စုံက သမီးနဲ့တွေ့ကြတာမှ မကြာသေးဘူး၊ ချစ်သမီးလေးအကြောင်းကို ဘယ်လောက်သိလို့လဲ ... သည်းခံနိုင်ပါ့မလား ... ယောက္ခမတွေကလည်း အစိမ်းသက်သက်"

"ကိုကိုကြီးက ရွှေမှုံ့ကိုအရမ်းချစ်တယ်၊ ယောက္ခမကြီးကရော ... သူ့သားချစ်တဲ့မိန်းမကို ဘာပြဿနာရှာလို့ရမလဲ"

"လူ့လောကကြီးအကြောင်း ... သမီး သိပ်မသိသေးပါဘူး ကိုကိုက ပြောပြောဆိုဆိုနဲ့ပဲ သမီးလေးကို ဆိုးနွဲ့သမျှ သည်းခံရှာပါတယ်"

"ဒီကိစ္စကို ရွှေမှုံ့ကိုလာပြောနေမယ့်အစား ... ကိုကို့ကိုပဲ





သွားပြောပါ မေမေ ... သူက လက်ခံမလားလို့ ... သူက ငြင်းမှာပဲ ဒါကြောင့် သမီးက သူ့အရင်ငြင်းပစ်တာ ... မိန်းကလေးဂုဏ်သိက္ခာတွေနဲ့ ဆိုင်တယ်"

"ကြီးကျယ်နေလိုက်တာ ... မေမေ့စကားကို နားမထောင်ဘဲ တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုရင် မေမေကတော့ သမီးအဖြစ်ကနေ စွန့်လွှတ်မှာနော်"

"ကိုကို့ကို လူကြီးမိဘတွေ အတင်းအကျပ်လက်ထပ်ပေးလို့ယူလိုက်ရတာတော့ ... ရွှေမှုံ အဖြစ်မခံနိုင်ဘူး မေမေ ... ကိုကို့နှလုံးသားထဲမှာ သမီးမှမရှိတာ ... သူ့ငယ်ချစ် သွန်းနဒီမှသွန်းနဒီ"

"မရဘူး၊ လူကြီးတွေစီမံတာကို နာခံပါ၊ ကိုကို့ကို ညည်းပဲ အမြဲတမ်းအနိုင်ကျင့်နေတာ ... မေမေ အသိဆုံးပဲလေ ... ကိုကို့လောက် ဘယ်သူကသည်းခံနိုင်မလဲ"

ကိုကို ... ဘာသည်းခံလို့လဲ ... ရွှေမှုံ့ဆို အထင်သေးနေတာပါ။ မာရေကျောရေနဲ့ ဆက်ဆံနေတာလေ။ ရွှေမှုံ့ကိုဆိုရင် ငရုပ်မလေး ... ဆိုးသွမ်းတဲ့ကောင်မလေးလို့သတ်မှတ်ပြီး အော်ငေါက်ဆူဆဲနေတာလေ ... ကိုပြီးပြည့်စုံနဲ့တွေ့တာတောင် ကိုကို့ကြောင့်ပဲ ရွှေမှုံ့ကို ... ပညာပြပြီး လမ်းပေါ်မှာထားပစ်ခဲ့လို့လေ ... တွေးလိုက်ရင် လွမ်းစရာတောင်မရှိဘူး။ နာစရာတွေချည်းပဲ ဖြေလို့မရနိုင်ဘဲဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းနဲ့ကိုကိုပဲ လက်ထပ်ရမယ် ... မေမေကတော့ ... စည်းကမ်းနဲ့ပတ်သက်လာရင် မရဘူး၊ ညည်းအဖေဆန္ဒပဲ ... မေမေ ကျန်ရစ်သူက ဖြည့်စွမ်းပေးရလိမ့်မယ်"

"သမီးလက်မခံဘူး မေမေ ... ဒီလိုကိစ္စတွေက ခေတ်အရမ်း နောက်ကျနေပါပြီ၊ သမီး ... တောက်လျှောက် ယောကျ်ားဖြစ်သူရဲ့ အငြိုအငြင် အဆူအဆဲ ခံသွားရမှာလား"

"ရွှေမှုံရဲ ... ညည်း ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြော မနေနဲ့ ... ကိုကိုနဲ့ရေစပ် ... ဟိုကောင်လေး ဘယ်လောက်ပဲ အရည် အချင်းတွေပြည့်စုံနေပါစေ ... မေမေ သဘောမတူနိုင်ဘူးနော် ... အဆက်ဖြတ်လိုက်တော့ ... ညည်း မမခက်ကို နည်းနည်းလေးမှ တောင် အားမနာဘူးလား၊ မျက်နှာ မထောက်ထားမညှာတာတော့ ဘူးလား"

"ကိုကို ... သမီးကိုမချစ်ဘူးလို့ ပြောထားပြီပဲ ... မေမေ သွားမေးကြည့်ပါ၊ ကိုကို ကျွန်မကိုလက်ထပ်မလားလို့"

"ကောင်းပြီလေ ... ကိုကိုငြင်းရင်တော့ ညည်းသဘောပဲ အမြစ်ရှိတာက ညည်းပဲနော် ရွှေမှုံရဲ ..."

"အင်း ..."

ကိုကိုက ... ရွှေမှုံနှင့်လက်ထပ်ဖို့ငြင်းပစ်လိုက်မှာ သေချာ ပါတယ် မေမေရာ ... အမြဲတမ်း အကာပ်မခံချင်လို့ ရန်ရှာနေတာပဲ





ဟာ ... ကိုကိုက ... သမီးကို ဘယ်လိုအကြောင်းနဲ့မှ ချစ်လာမှာ မဟုတ်ဘူးဆိုတာ ... သမီးသိပါတယ်။ ရွှေမှုံ့နှလုံးသားတွေ ဘယ် လောက်အထိနာကျင်ကြေကွဲရလဲ ... ကိုကိုက ... သမီးကပဲ တဖက်သတ်ချစ်နေခဲ့တာပါ။

မေမေ တစ်ဖက်ခြံကြီးထဲ ထွက်သွားသည်။

"ကိုကိုရယ် ... ရွှေမှုံနဲ့လက်ထပ်ဖို့ မငြင်းပယ်လိုက်ပါနဲ့နော်၊ လူကြီးတွေ အတင်းအကျပ်ပေးစားလို့ပဲဖြစ် ဖြစ် ... လက်ထပ်ဖို့ သဘောတူလိုက်ပါစေ ... ရွှေမှုံပြင်ပါ့မယ်၊ ကိုကို့ဇနီးကောင်းဖြစ် အောင် ရွှေမှုံ ကြိုးစားပြုပါ့မယ်နော်"

ရွှေမှုံ ... ဆုတောင်းမိသည်။ မျက်ရည်တွေက သူမမျက်ဝန်း တွေထဲမှာ ပြည့်လျှံလာသည်။ ရွှေမှုံငယ်စဉ်လေးထဲက ကိုကို့ကို ချစ်ခဲ့ရပေမယ့် ... ကိုကိုကတော့ ရန်သူလိုပြောဆိုဆက်ဆံနေလို့ သူမ အနိုင်ပြန်ယူမိနေတာပါပဲ ... ကိုကို ဘာပြောမလဲ။ ဒါပေမဲ့ မျှော်လင့်ချက်ကတော့ မရှိနိုင် ... ကိုကို့ဘက်က ငြင်းမှာပါ။ ထင် ထားတဲ့အတိုင်းပင် မေမေပြန်လာတော့ ... မျက်နှာကမကောင်း။ သူမ ဆုတောင်းမပြည့်ဘူးဆိုတာ သိလိုက်သည်၊

"ငါတို့လူကြီးနှစ်ယောက်လုံးကတော့ ခွေးဖြစ်ပါပြီ ရွှေမှုံရဲ့ ဟိုကလည်း ငြင်းတယ်လေ၊ နှစ်ယောက်အတွက် အကောင်းဆုံးဖြစ် နေလို့ပါတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြောသားပဲ မေမေ"

"ရွှေမှုံရဲ ..."

"ဟင် ..."

"မေမေတော့ လုံးဝလက်မလျှော့နိုင်သေးဘူး ... ညည်း ကြောင့် ကိုကိုက ငြင်းတာပဲနေမှာ ညည်းဘက်က ပြုပြင်သင့်တယ် အချိုးပြင်လေ"

"ဟာ မေမေကလည်း ... ယောကျ်ားတစ်ယောက်ကို ဒီ လောက်ကြီးအောက်ကျမခံနိုင်ဘူး၊ မရရင်လည်း နေပါစေ ... သမီး ကတော့ ကိုကိုကြီးနဲ့ပဲ လက်ထပ်မယ်"

"ကိုယ့်ဘက်ကစပြီး ဖောက်လို့မဖြစ်ဘူးနော် ရွှေမှုံရဲ ... ညည်းက ပြီးပြည့်စုံနဲ့တွဲနေတော့ ပြဿနာက စတက်တာပဲ"

"ကိုကိုလည်း တွဲနေတာပဲလေ ... ကျောင်းတက်နေတုန်း ထဲက တွဲကြတာ၊ ရွှေမှုံတွေ့တာ ဘာကြာသေးလို့လဲ ... အလကား သူများကိုအပြစ်ဖို့ပြီး ... သူတော်ကောင်းလုပ်နေတာ ... သူတော် ကောင်း ကြက်သူခိုး"

"ဒီကောင်မလေးတော့လား ... ကဲဟယ်"

"ဒေါက် ..."

"အား ..."

"နင် အိမ်ထဲကနေမထွက်ရဘူး ... ထွက်တာနဲ့ သတင်းစာ





ထဲကနေ သမီးဆိုး သမီးမိုက် ... မိဘကိုစိတ်ဆင်းရဲအောင်လုပ်တဲ့သူ အဖြစ် ကြေညာပြီး အမွေပြတ်စွန့်လွှတ်မယ် ... ဒါပဲ ..."

မေမေက ... ပြောပြီး အပေါ်ထပ်သို့တက်သွားလေသည်။ သူမငယ်ထိပ်လေး နာကျင်သွားရသည်။ ကိုကို့ကိုထိရင် မေမေက သူမကိုပဲ ခေါင်းခေါက်ပစ်တတ်၏။ စည်းကမ်းနဲ့ပတ်သက်လာရင် တော့ မေမေက သည်းမခံတတ် ... ကိုကို့ဘက်ကနေ ရပ်တည် တတ်လို့ ... သူမ ဒေါသဖြစ်ရတာ ... ကိုကို့အပေါ် အနိုင်ယူဖြစ်သွား တာ။ ငယ်ထိပ်လေးကိုပွတ်ရင်း ... သူမ အိပ်ခန်းလေးထဲ ဝင်လာ ခဲ့သည်။ သူမ ... မျက်ရည်တွေ ဘယ်ကနေဘယ်လိုရောက်လာမှန်း မသိဘဲ ကျဆင်းလာသည်။ အရေးထဲ ကိုကို့မေမေက ဖုန်းဆက် သေး၏။ သူမ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ငိုမိသွားသည်။

"ဟင် သမီးလေး ဘာဖြစ်လို့ငိုနေရတာလဲ ... အန်တီခက် ကိုပြောလေ ... ဘာဖြစ်တာလဲ"

"မေမေက ခေါင်းခေါက်လို့ ..."

"ဟယ် ဖြစ်မှဖြစ်ရလေကွယ် ... သော်တစ်ယောက်ကလေ အန်တီခက်သားကြောင့် အခေါက်ခံရပြန်ပြီထင်တယ်"

"အင်းပေါ့"

သူမ ငိုနေတာက ကိုကိုရဲ့ရက်စက်မှုကြောင့်ပါ။ ကိုကိုနှင့် တကယ်ပဲဝေးရတော့မလားဟု တွေးပြီး ဝမ်းနည်းကြေကွဲနေမိပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"သားကို ... အန်တီခက် သားအဖြစ်ကနေ စွန့်လွှတ်ရလိမ့်မယ်ကွယ် ... အန်တီခက် ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ သမီးလေးမှာ အပြစ်မရှိပါဘူး ... သော်ကပြောတယ် သားလက်ခံမယ်ဆိုရင် လက်ခံမယ်လို့ပြောတယ်တဲ့ ... အန်တီခက်သားက ငြင်းဆန်ပစ်တာလေ"

"ရပါတယ် အန်တီခက်ရယ် ... ကိုကို ရွှေမှုံ့ဆို အမြဲတမ်းမုန်းတီးနေတာပဲ ... မေမေက ရွှေမှုံ့ကိုပဲရိုက်တယ်၊ အားနာလိုက်တာ အဟီး ... ဟီး ... အီး"

"မငိုပါနဲ့ သမီးလေးရယ် ... အန်တီခက်လည်း သေချင်လောက်အောင် စိတ်ညစ်နေပါတယ်၊ သားကို အန်တီခက်ဖျောင်းဖျပါ့မယ်၊ သမီးလေး စိတ်လိုက်မာန်ပါတွေ ဘာမှမလုပ်နဲ့နော်"

"ကိုကို့ကိုပြောလိုက်ပါ၊ ရွှေမှုံ့ဘက်က မငြင်းဘူးလို့ ... မြန်မြန်စဉ်းစားပါဦးလို့"

"အေးပါကွယ် ... အန်တီခက် ... ပြတ်ပြတ်သားသားကို နှိပ်ကွပ်ပစ်မယ်"

ဒေါ်မမခက် ... ဒေါသတွေက သားဆီပဲ ကျရောက်သွားရသည်။

"ကြားလားသား ... ရွှေမှုံ့လေးက မင်းသဘောတူရင် သူ





ကိုကို့ဆန္ဒပဲတဲ့လေ ... ရွှေမှုံ့လေး ခေါင်းတောင်အခေါက်ခံရတယ်"

"အလကားပါ မေမေရာ ... သားကို ချိုးချိုးဖွဲ့ဖွဲ့မညှာမတာ ပုတ်ခတ်ပြောဆိုလို့ အန်တီသော်က ရိုက်တာနေမှာပဲ"

"တော်စမ်း ... "

"ရွှေမှုံ့ရဲ့မှာ ချစ်သူရှိနေတယ်လေ မေမေ ... အိမ်ထဲအထိ ရောက်နေပြီပဲ ... မေမေက ဘာဖြစ်လို့ ကိုယ့်သားကို လှည်းကျိုးထမ်းစေချင်ရတာလဲ"

"မင်း ... သားဆိုးသားမိုက် ... မင်းကြောင့်ပဲ ရွှေမှုံ့လေး ဆိုးရတာ ... မင်းငယ်ငယ်လေးထဲက ရွှေမှုံ့လေးကိုဆိုရင် ရန်သူလို ဆက်ဆံတယ်၊ နည်းနည်းလေးမှ သံယောဇဉ်မရှိဘူး ... ရန်ရှာနေတယ်"

ရွှေမှုံ့ရဲ့တော့ လုပ်ချလိုက်ပြန်ပြီ။ မေမေ့ကို ဘာတွေရန်တိုက်ပေးလိုက်ပြီလဲမသိဘူး။ ငိုယိုပြနေတယ်။ နင့်အကျင့်စရိုက်တွေကို ငါသိတယ်။ သူ့ကို တမင်သက်သက်ပြဿနာရှာနေခြင်း ဖြစ်သည်။

"မင်း ... ထပ်စဉ်းစားထားပါ မိုးမြင့်မြတ် ... မေမေကတော့ ရွှေမှုံ့လေးကလွဲပြီး တခြားသူကို ချွေးမအဖြစ်လက်မခံနိုင်ဘူးနော်၊ အမွေဖြတ်ရင်ဖြတ်ခံမယ် ... ရွှေမှုံ့လေးက ... မင်းအပေါ် သံယောဇဉ် ဘယ်လောက်ကြီးမားလဲဆိုတာ ... မေမေ အသိဆုံးပဲ"

မေမေ့အသံတွေက ငိုသံတွေပါ ရောယှက်လာ၍ ... သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်ရသည်။ ရွှေမှုံရဲ့ ဘာတွေပြောလိုက်ပြီလဲမှမသိတာ ... ဘ၀တစ်လျှောက်လုံး စိတ်သောကတွေနှင့်ပဲ ရင်ဆိုင်ဖြတ်သန်းရတော့မည်ဖြစ်သည်။ မေမေ ... အမွေဖြတ်ချင်လည်း ဖြတ်ပါစေတော့ ... သူ့အိမ်ထောင်ဖက်က ရွှေမှုံရုံမဖြစ်သင့်ဘူး။ ရွှေမှုံရဲ့အတွက် ဘ၀လက်တွဲဖော်ကောင်းက တွေ့နေပြီပဲ ...

"ကောင်းပြီလေ မိုးမြင့်မြတ် ... မင်းသဘောကျသလို ဆုံးဖြတ်နိုင်တယ်၊ ငါ ဘာပြောစရာလိုသေးလဲ ... မင်း ဘယ်တော့မှ ရွှေမှုံရဲ့ကို ချစ်ချစ်ခင်ခင်မဆက်ဆံခဲ့ဘူး၊ ရွှေမှုံလေးက မင်းထက်ငယ်တာပဲ ... မင်းဘက်ကပဲ ရန်ညှိုးထားနေတာ ... မင်းစိတ်ဓာတ်ကို ငါ ကောင်းကောင်းသိပြီ ... မင်းကို ငါ့သားအဖြစ်ကနေ စွန့်လွှတ်လိုက်မယ် ... မင်းက ရွှေမှုံလေးကို ဘယ်တော့မှ အချစ်တွေ၊ သံယောဇဉ်တွေ ရှိလာမှာမဟုတ်ဘူး"

"မေမေ"

မေမေက ... သူ့အိပ်ခန်းထဲပြေးဝင်သွားပြီး သူ့အိပ်ခန်းကို ပိတ်ပစ်သည်။ သူ ... ဘယ်လိုမှခေါ်၍မရတော့ ... ရှင်းပြတာလည်း လက်မခံပေ ... သူ စိတ်ညစ်ရသည်။ မေမေ့ဆန္ဒအတိုင်းပဲ သူ့ဘက်ကလျှော့ပြီး ရွှေမှုံရုံနှင့် လက်ထပ်ဖို့ပဲရှိတော့၏။ ကိုကို့ဘက်ကပဲ ရွှေမှုံကို အောက်ကျခံပြီး လူကြီးတွေဆန္ဒအတိုင်းဖြစ်စေဖို့ပဲ ဆုံးဖြတ်လိုက်၍ ရွှေမှုံရဲ့ထံ ... သူ ဖုန်းဆက်လိုက်သည်။





"ရွှေမှုံရဲ့ ... မင်းကို ငါ လက်ထပ်ဖို့သဘောတူတယ်၊ မင်းပဲ ပြောခဲ့တယ်မဟုတ်လား၊ ငါ့ဘက်ကနေ လက်ထပ်ဖို့သဘောတူရင် မင်းလည်း လက်ခံမယ်ဆို ... ငါ သဘောတူတယ်"

"ဘာတွေလာပြောနေတာလဲ ... ရှင့်ကို ကျွန်မ ဘယ်တော့မှလက်မထပ်ပါဘူး ကိုမိုးမြင့်မြတ် ... ကျွန်မရွေးချယ်လိုက်တာက ကျွန်မကိုအရမ်းချစ်မြတ်နိုးပြီး ကြင်နာယုယတတ်တဲ့ ကိုကိုကြီးပဲ ရှင့်ကိုမုန်းတယ်၊ ရှင်နဲ့ကျွန်မက တန်လို့လား ... ငယ်ကျွန်ကြီးရေ အဲ့ပဲနော် ... တာ့တာ"

"ဟောက် ..."

သူ့ဒေါသတွေ ငုန်းခနဲ ပေါက်ကွဲသွားရသည်၊ ကောင်စုတ်မလေး ရွှေမှုံရဲ့ ... ဖုန်းကို ဒေါသတကြီး ပိတ်ပစ်လိုက်၏။ မေမေ့ကို ပြောပြလည်း လက်ခံမှာမဟုတ်ပေ ... သူ့ကိုပဲ အပြစ်တင်ပြောဆိုမှာပဲ ဖြစ်သည်။

"ရွှေမှုံရဲ့ ... မင်းကတော့လေ ငါ့ကို အမြဲတမ်းဒုက္ခပေးနေတော့မှာ သေချာတယ်၊ ကောင်းပါတယ် ... မင်းရွေးချယ်မှုမှန်တယ်၊ မင်းနဲ့ငါက ဘ၀ပေးကံကြမ္မာကြောင့်ပဲ အမြဲတမ်းရန်သူဖြစ်နေမှာပဲ"

ရွှေမှုံရဲ့ကြောင့် ထင်တယ်။ သူ့ရင်တွေ မွန်းကြပ်ပိတ်လှောင်နေသည် ... မင်းကိုဝေးရမှာ ... ကိုကိုအကြောက်ဆုံးပဲ ... ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတွေထဲမှာ မင်းကိုချစ်ပါတယ်။ သံယောဇဉ်မတွယ်တာဘဲ နေမလား ... မင်းနဲ့ပဲ ကိုကို့ဘဝတစ်လျှောက်လုံး ဖြတ်သန်းလာခဲ့ရတာပါကွာ ... သူ ... ဖော်ပြလို့မရနိုင်သော ကြေကွဲမှုတွေနှင့် ယောက်ျားတန်မဲ့ မျက်ရည်ကျချင်နေတာ ... ရွှေမှုံရဲ့ သိနိုင်မှာ မဟုတ်တော့ ... ။

ခန်း ( ၁၃ )

"သူက ... ကျွန်တော်ပြောနေတဲ့ ရွှေမှုံရဲ့ပါ မာမီ"

မထူးတော့ပြီမို့ သူမ ရွေးချယ်လိုက်သည်က ကိုကြီးပြည့်စုံ ...ဲ့ဖြစ်သည်။ ကိုကို့ရဲ့ ရက်စက်မှုတွေ ထပ်ပြီးပင် မစဉ်းစားချင် ...ခိုနေ၏။ မေမေက ... အမွေပြတ်ပဲတဲ့ ... ကိုကို့ကို မာနနှင့် ...ဆန့်ပစ်လိုက်သည်။

"ကလေး ... ဒါ ကိုကိုကြီးရဲ့မာမီ ဒေါ်ဘရဏီတဲ့ ..."

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ်"

ရွှေမှုံရဲ့ ... သားကတော့ ချစ်စနိုးနှင့်ထင်တယ် ကလေး ... ဒေါ်ဘရဏီက သားကို ငယ်စဉ်လေးထဲက မိမိထိန်းချုပ်မှု ...က်မှာ နေထိုင်စေဖို့ ... နည်းမျိုးစုံသုံး၍ ထိန်းချုပ်လာခဲ့သည်။ ... နေရည်ရည်ကိုပဲ ချွေးမတော်ချင်တာပါ။ ရွှေမှုံရဲ့ ငယ်လွန်းနေ ... သားနှင့် ဘယ်လိုမှ မလိုက်ဖက်ဟုထင်သည်။ နေပါစေ ...



www.burmeseclassic.com

www.burmeseclassic.com



သားသဘောဆန္ဒအတိုင်းပဲ ရှိပါစေ။ ဒေါ်ဘရဏီ သည်းခံနေလိုက်သည်။

"ရွှေမှုံလေးကို သားလက်ထပ်မယ်၊ သားဆုံးဖြတ်လိုက်ပါပြီ မာမီ စီစဉ်ပေးပါ"

"မာမီကတော့ သားပျော်ရွှင်မယ်၊ စိတ်ချမ်းသာမယ်ဆိုရင် သားတောင်းဆိုမှုကို လိုက်လျောပေးမှာပါ ... သမီးလည်း ဘာ အားငယ်စရာမရှိဘူးနော် ... မာမီ့မှာ သားတစ်ယောက်ထဲရှိတာ သားချစ်ရတဲ့သူက မာမီချစ်ရတဲ့သမီးလေးပါပဲ"

ကိုကိုကြီးမာမီက စိတ်သဘောထားပြည့်ဝသူပဲ ဖြစ်နေ တော်ပါသေးရဲ့ဟု ရွှေမှုံတွေးမိသည်။ အနိတိခက်က သူမကို အရ ချစ်မြတ်နိုးသူပါ။ ကိုကိုကြီးမာမီက စိန်တွေညွှတ်နေအောင်ဝ ထားကာ ... အိုင်တင်ကအပြည့် ... တကယ့်ကို သူဌေးမပြ စတိုင်လ်ပါ။ ဒါပေမဲ့ မျက်နှာလေးကတော့ ပြုံးချိုအီနေ၍ ရွှေ စိတ်သက်သာ ရသွားခဲ့သည်။

"သမီးလေးမိဘတွေဆီ မာမီလာတွေ့မယ်လေ"

"ရှင် ..."

မေမေက အတွေ့ခံမှာမဟုတ်ပေ ... ရွှေမှုံကို သမီးအ ကနေ စွန့်လွှတ်မယ်တဲ့ ... ကိုကိုကြီးက ဝင်ပြောသည်။

"ရွှေမှုံ့မေမေကတော့ ငယ်သေးလို့လက်ထပ်တာ လက်





သေးပါဘူး မာမီ"

"ဘာပြောတယ် မာမီ့သားနဲ့များ"

သားက ငယ်ရွယ်သူကလေးကို မုန့်ပေးကြိုက်တာမျိုး ဖြစ် နေပြီလားပဲ ... ဒေါသဖြစ်ရသည်။ မိမိသားကိုမှား ဒင်းသမီးက ဘာမို့လို့လဲ ... ငယ်တာ နုပျိုတာ ချောမောလှပတာပဲရှိသည်။ နေရည်ရည်က အစွမ်းအစအပြည့်ပဲ ... ရွှေမှုံရဲ့အမေက မိမိသားနှင့် သဘောမတူသလိုမျိုး ဖြစ်နေသည်။ စိတ်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲနေရသည်။ ဒါပေမဲ့လည်း ... သားစိတ်ကို မိမိချုပ်ကိုင်နိုင် နေ့ သည်းခံလိုက်သည်။

"မာမီ ... သားကို ကလေးနဲ့ နှစ်ဦးသဘောတူလက်ထပ် ကြမယ်၊ တရားရုံးမှာ လက်မှတ်ထိုးကြမယ် ... မာမီ သဘောတူ သက်ခံပေးပါနော်"

"မာမီက သဘောတူပါတယ်ကွယ် ... ရွှေမှုံလေးက ချစ်စရာ လေးပါ၊ သားနှစ်သက်မယ်ဆိုရင်လည်း နှစ်သက်မှာပဲ ... မာမီ တောင် သမီးလေးကိုချစ်တယ် ... ကဲ ... သား ဘယ်တော့လောက် ဘက်ထပ်မလဲ ... ဘာအစီအစဉ်ရှိလဲ"

"မာမီ ..."

"ပြော ..."

"နေရည်ရည်ရော"



www.burmeseclassic.com

www.burmeseclassic.com



"မာမို့တာဝန်ထားပါ၊ ရွှေမှုံလေးက သားချစ်တဲ့မိန်းကလေး မာမီက လက်ခံတယ်နော်"

သားကိုယ်တိုင်လက်ဆွဲခေါ်လာတဲ့ ရွှေမှုံရံကို ... သား ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ မိမိသိသည်။ ကိုယ်မွေး ထားတဲ့သားပဲ ... ဒါကြောင့် အချိုသတ်နေတာပါ။ ဘုရားပဲ ... သားက နှစ်ဦးသဘောတူလက်ထပ်ရမယ်ဆိုတာကို ဒေါ်ဘရင် မကျေမနပ် ဖြစ်နေရသည်။

"သားက ဘယ်လိုစီစဉ်စေချင်တာလဲကွယ် ... မာမီလုပ်ပေး ရမှာပေါ့ ... စိတ်တွေ သိပ်ပြီးအပမ်းမကြီးကြပါဘဲ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နေထိုင်ကြပါ"

ရွှေမှုံရံကတော့ ... စိတ်မသက်မသာကြီး ဖြစ်နေသေးသည် မေမေ့ကိုလည်း မစွန့်လွှတ်နိုင် ... ရွှေမှုံ နာကျည်းရဆုံးက ကိုကိုနှ ဝေးသွားမှာကိုပင်ဖြစ်၏။ ရွှေမှုံနှလုံးသားတွေထဲမှာ ကိုကိုပဲရှိ တာပါ။ ကိုကို့ကို ချစ်တယ်။ ဒါပေမဲ့လည်း အရမ်းမုန်းတယ်။ သူ ထပြန်လာခဲ့သည်။

"ကလေး ..."

"ရှင် ..."

"အားမငယ်ပါနဲ့ ... ကိုကိုကြီးမာမီက ဘယ်လောက်ဖြည့် လဲ ... ကလေးကို အရမ်းချစ်တယ်၊ ကလေးအမေကလည်း ခ





ပါကွာ"

"မေမေက စိတ်ကြီးတယ်၊ ရွှေမှုံ့ကိုချစ်တာက ချစ်တာပဲ ကိုကိုနဲ့ပတ်သက်လာရင်တော့ ... သည်းမခံဘူး၊ အလိုလည်းမလိုက် တတ်ဘူး"

လူကြီးတွေက မိတ်ဆွေတွေပီသကြသည်။ ကိုကိုနှင့်ရွှေမှုံတို့ ပဲ မသင့်မမြတ်ဖြစ်နေခဲ့ကြသည်။ ရွှေမှုံလွန်တာလား ... ကိုကိုလည်း လွန်တာပဲ ... ကျွန်မကို ငယ်စဉ်လေးထဲက မုန်းနေခဲ့တာပါ။

"ရွှေမှုံပြန်တော့မယ်၊ ကိုကိုကြီးနဲ့လက်ထပ်ဖို့ ရွှေမှုံဆုံးဖြတ် ထားပါတယ်၊ ကိုကို့မာမီကလည်း စိတ်သဘောထားပြည့်ဝတယ် လေ၊ ရွှေမှုံ အားမငယ်တော့ပါဘူး"

"ရွှေမှုန်လေးရယ် ... ကိုကိုချစ်ရတဲ့ ကလေးရယ်"

ကိုကိုကြီးက သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်လိုက်သဖြင့် သူမ အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်သည်။

"ကလေးရယ် ... ဘာဖြစ်လို့များ ရုန်းဖယ်နေရတာလဲ ... ကိုကိုကြီးတို့က ချစ်သူတွေလေ"

"ရှင် ... ဟို ... အဲဒီလောက်အထိ မလုပ်ပါနဲ့နော် ... လွှတ်ပါ၊ ရွှေမှုံ ကြောက်တယ်၊ ကျွန်မ ဘယ်လိုယောကျ်ားမျိုးကိုမှ အထိမခံ ဖူးပါဘူး၊ ကျွန်မတို့က တရားဝင်ချစ်သူတွေမှ မဖြစ်ကြသေးတာပဲ"

သူမ လက်မခံနိုင်ဘဲ ... ဒေါသတွေနှင့်ရုန်းဖယ်ပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလုပ်ရပ်တွေ မှားယွင်းသွားပြီလားပဲ ... နှောင်တရမိလာ၏။ ငိုလည်းငိုချင်နေသည်။

"ရွှေမှုံ ပြန်တော့မယ်"

"ကလေး ... "

"နောက်မှတွေ့မယ်နော်"

"ကိုကို လိုက်ပို့မယ်"

"ဟင့်အင်း ... "

ကိုကိုကြီးကားပေါ်သို့တက်ရန် ရွှေမှုံ ဝန်လေးနေမိသည်။ ကြောက်လာသလိုပင် ... အချစ်ဆိုတာ မြူမှုန်လေးလောက်တောင် မရှိပေမယ့် ... ကိုကို့ကို အရွဲ့တိုက်ပြီး အချမ်းသာဆုံးယောကျ်ား တစ်ယောက်ကို လက်ထပ်တာပါ။ ဘဝတစ်လျှောက်လုံး အမှား အယွင်းအဖြစ် ... သူမ စိတ်တွေခြောက်ခြားနေသည်။

"ကိုကိုကြီးနဲ့ကလေး လက်ထပ်ဖို့ ... တစ်ပတ်အတွင်းစီစဉ်မယ်၊ ကလေး သဘောတူတယ်မဟုတ်လားကွယ်"

"ဟုတ်ကဲ့ ... "

သူမ ပြန်ချင်လာ၍ အလွယ်တကူပဲ ခေါင်းညိတ်ပြလိုက်သည်။ ဟုတ်တယ် ... ကျွန်မလက်ထပ်သင့်တာ ကိုကိုကြီးပြီးပြည့်စုံပဲ ... ရှင့်ကိုမုန်းလို့ ... ရှင့်ထက်သာတဲ့ယောကျ်ားကို လက်ထပ်တာပါ။ သူမ ပြန်လာခဲ့သည်။ မေမေက မျက်နှာချင်းဆိုင်တာတောင်





ချစ်သမီးလေးဟု မနှုတ်ဆက် ... အပြင်ကို မျက်နှာထားတင်းတင်း နှင့် ထွက်သွားသည်။

"မေမေရယ် ... ရွှေမှုံက မေမေရဲ့တစ်ဦးတည်းသောသမီး လေးပါ၊ ကိုကိုကြောင့် ... ရွှေမှုံ တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့ ရွေးချယ်လိုက်ရတာပါ"

သူမ ... အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ မျက်ရည်တွေ က သူမမျက်ဝန်းတွေထဲမှ လိမ့်ဆင်းကျလာ၏။ မေမေရယ် ... သမီးချစ်ကို အရမ်းချစ်ခဲ့တယ်မဟုတ်လား ... မေမေ့ရဲ့စိမ်းကား ရက်စက်မှုတွေကို ရွှေမှုံရဲ့ အရမ်းနာကျင်ခံစားနေရသည်။

"သမီး ... ဒီကနေထွက်သွားတော့မှာပါ' ကိုကို့ကိုပဲ ချစ်ကြ ပါ၊ မေမေက ... မွေးထဲက သားပဲလိုချင်တာမဟုတ်လား"

ကိုကိုကြီးကတော့ ... ကလေးအိမ်က ဘာပစ္စည်းမှမယူခဲ့နဲ့ လူပဲဆင်းလာတဲ့ ... ကိုကိုကြီးက ချမ်းသာပြီးသားပဲ ... ကိုကိုကြီး မာမီကလည်း ဖော်ရွေလွန်းနေသည်။ ရွှေမှုံ ဘာများအားငယ်စရာရှိ လဲ ... မေမေလည်း ကိုကိုမိန်းမယူတဲ့နေ့ ... အမြင်မှန်တွေ ရလာ မှာ သေချာသည်။

"ရွှေမှုံလေး ... "

"ဟင် ... "

အပြင်မှ ... ကိုကို့မေမေ အန်တီခက်အသံကို ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ရွှေမှုံ ဘယ်သူနဲ့မှမတွေ့ချင်တော့ပေမယ့် ... အန်တီခက်ကို အားနာ၍ တံခါးဖွင့်ပေးလိုက်ရသည်။

"ရွှေမှုံလေးရယ် ... ဘာတွေဖြစ်နေရတာလဲ ... အန်တီခက်ကိုတောင် မသနားတော့ဘူးလား"

"ကိုကို့ဘက်ကပါ ရွှေမှုံ့ကိုလက်မခံတာလေ"

"ဟုတ်ပါတယ်ကွယ် ... သားမိုက်ကြောင့်လေ၊ အန်တီခက် စိတ်နာလို့ စကားတောင်မပြောတော့ဘူး၊ ရွှေမှုံလေးရယ်"

"သမီး ... ကိုကိုကြီးနဲ့ နှစ်ဦးသဘောတူလက်ထပ်တော့မယ် အန်တီခက်"

"ဘာပြောတယ် ... ရွှေမှုံလေး ... ဘယ်လို ... ဘယ်သူနဲ့ လက်ထပ်မှာလဲ"

"ကိုကိုကြီးနဲ့ပါ ... မေမေကလည်း သမီးကို စကားမပြောဘူး၊ သမီးအဖြစ်ကနေ စွန့်လွှတ်လိုက်ပါပြီ ... ကိုကို့အမုန်းတွေကို ရွှေမှုံ ဘယ်လိုမှမခံစားနိုင်တော့ပါဘူး"

"ဟုတ်ပါတယ် ... သမီးလေးအပြစ်တွေ မဟုတ်ပါဘူး၊ သားကြောင့်ပါ ... သမီးလေးက အရမ်းသံယောဇဉ်ကြီးရှာတာပါ၊ သားကြောင့်ပဲ သမီးလေးမျက်ရည်ကျရတာပဲ သားအပြစ်တွေ"

အန်တီခက်ကတော့ ... ရွှေမှုံ့ဘက်ကပဲ ရပ်တည်ပေးသည်။ မတတ်နိုင်တော့ဘူး။ သူမ လက်ထပ်ဖို့ကတိပေးလိုက်ပြီဖြစ်





သူမ မျက်ရည်တွေ သိမ်းပစ်လိုက်သည်။

"သမီးလေးက အရမ်းကြေကွဲနေမှာပါ ... အန်တီခက် တောင်းပန်ပါတယ်ကွယ် ... သားကိုစောင့်ပေးပါလား၊ ရွှေမှုံလေးရယ် ... သမီးလေးကို လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ပါ"

"မဖြစ်နိုင်တော့ပါဘူး အန်တီခက် ... ရွှေမှုံ ကတိပေးလိုက်ပါပြီ၊ ကိုကိုကြီးမာမိနဲ့လည်းတွေ့ပြီး နှစ်ဦးသဘောတူလက်ထပ်ဖို့ ရွှေမှုံ ဆုံးဖြတ်လိုက်ပါတယ်"

"အင်းလေ ... ရွှေမှုံလေးကို မျက်နှာမငယ်စေချင်ဘူး ... လိုအပ်တဲ့အကူအညီ တောင်းပါ ... အန်တီခက် ပေးဖို့အဆင်သင့်ပဲလေ"

"မေမေ့ကိုပဲ ဖျောင်းဖျပေးပါနော် ... သမီး မေမေ့ကို လုံးဝ မစွန့်လွှတ်နိုင်ပါဘူး"

"သမီး ..."

"ရှင် ..."

"ဘာဖြစ်လို့ အလောတကြီးလက်ထပ်ရတာလဲ ... သား ကြောင့်လား"

"ကိုကိုကြီးက ငွေကြေးအရလည်းပြည့်စုံပါတယ်၊ ရွှေမှုံ့ကို လည်း ချစ်တယ်လေ ... ပြီးတော့ ... ကိုကိုနဲ့ရှင်းရှင်းနေချင်လို့"

အန်တီခက်ကိုတော့ အားနာပါတယ်လေ ... မိခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုလည်း ချစ်ပါတယ်။ ဒါပေမဲ့ ... ရွှေမှုံ့နှလုံးသားတွေထဲမှာ ကိုကို့ကိုတော့ မုန်းတယ်။

"ယောက်္ခမလောင်းတွေကရော ... ရွှေမှုံ့လေးကို ချစ်ရဲ့လား၊ ဖော်ဖော်ရွှေရွှေရော ရှိရဲ့လား၊ အန်တီခက် စိတ်ပူလို့"

"အရမ်းကိုချစ်ပါတယ်၊ သမီးလေးလိုပဲ ... ကိုကိုကြီးချစ်တဲ့သူက သူ့သမီးလေးပဲတဲ့"

"ဝမ်းသာပါတယ်ကွယ် ... သမီးလေးက လူ့လောကအကြောင်း ဘာမှသိတဲ့သူမှမဟုတ်တာအဲ ... အိမ်ထောင်တစ်ခုကိုတော့ အလွယ်တကူ မပြုစေချင်လို့ပါ"

"ရွှေမှုံ့အတွက် စိတ်မပူပါနဲ့နော် ... ကိုကိုကြီးက ချစ်ပါတယ်၊ အလိုလည်းလိုက်တယ်"

"ရွှေမှုံ့လေး"

"ရှင်"

"ညည်းလေးကို အန်တီခက် တစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်၊ ရွှံ့ပြောတာတွေ ဘာတွေ လုံးဝမပြောရဘူး၊ အန်တီခက် သမီးလေးကို ငယ်စဉ်လေးထဲကထိန်းကြောင်းလာတာပါ၊ စိတ်ပူလို့"

"ဟုတ် ... မေးပါ"

"ရွှေမှုံ့လေးနှလုံးသားတွေထဲကနေ ... မောင်ပြီးပြည့်စုံကို ချစ်ရဲ့လား"





"ရှင် ..."

"အချစ်ရှိရဲ့လား"

"ရွှေမှုံ့က ... ကိုကိုကြီးကို အချစ်နဲ့ရွေးချယ်တာမဟုတ်ပါဘူး"

"ဘာပြောတယ် မှုံ့လေး"

"ဦးနှောက်နဲ့ဆုံးဖြတ်ထားတာပါ၊ ကိုကိုကြီးက မိန်းကလေးတစ်ယောက်အတွက် အားကိုးအားထားပြုသင့်တယ်လို့ ထင်ပါတယ်"

"အင်းလေ ... သမီးလေးဆန္ဒအတိုင်းပဲပေါ့၊ အိမ်ထောင်ပြုတယ်ဆိုတာ ... မိန်းကလေးတစ်ယောက်အတွက် အရေးအကြီးဆုံးရွေးချယ်မှုဖြစ်နေလို့ပါ"

"မေမေ့ကို ဖျောင်းဖျစေချင်ပါတယ်၊ အန်တီခက်ရယ် ... သမီးဘက်ကနေ ရပ်တည်ပေးစေချင်တာပါ"

"စိတ်ချပါ ... အန်တီခက် ကူညီမယ်၊ သမီးလေး မျက်နှာမငယ်စေရပါဘူး"

အန်တီခက်ရင်ခွင်ထဲ ပြေးဝင်ပြီး ... ရွှေမှုံ့ ငိုပစ်ချင်သည်။ ကိုကို့ကို အရှုံးမပေးချင်လို့ပါ။ မာမာကျောကျောပဲ တုံ့ပြန်ချင်မိနေ၏။ ရွှေမှုံ့ချစ်ရတာက ကိုကိုပါဟု အော်ဟစ်ပစ်ချင်သည်။

+++



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"မေမေကပြောတယ် ကိုမိုးရယ် ... သွန်းနဲ့ကိုမိုးတို့ အခြေအနေက ဘယ်လိုလဲတဲ့ ... လူကြီးချင်း စကားပြောဆိုသင့်မယ်ထင်တယ်တဲ့ ... သွန်း ဘာဆက်လုပ်ရမလဲဟင်"

သွန်းပြောတာတွေလည်း ဟုတ်ပါတယ်။ သူ့ဘက်ကနေ သွန်းကို ချစ်သူအတုအဖြစ် အသုံးချဖို့လောက်ဝဲ တွဲနေခဲ့သည်။ သွန်းကိုပဲရွေးချယ်ပြီး သူ လက်ထပ်သင့်လားပဲ ... ရွှေမှုံရံက လက်ထပ်တော့မယ်တဲ့ ... မေမေကပြောနေ၏။ သူ့ကို မင်းဆုံးဖြတ်ပြီးပြီလားတဲ့ ... ရွှေမှုံရံနှင့်လက်ထပ်ဖို့ ပြန်စဉ်းစားပါဦးတဲ့ ... သူ တွေဝေနေခဲ့သည်။

"ကိုမိုး ..."

"ဟင် ..."

"ရှင် ပြောပါဦး"





ကိုမိုးက အေးစက်စက် ... နှုတ်ဆိတ်နေသေးသည်။ သွန်းက ချစ်သူအတုအဖြစ်နှင့်ပင် ကိုမိုးအမေနှင့် တွေ့ခွင့်မရှိခဲ့ ... ရွှေမှုံရံက လွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ ချွေးမအဖြစ် အသိအမှတ်မပြုနိုင်ဘူးတဲ့ ... ကိုမိုးကိုယ်တိုင်လည်း ရွှေမှုံရံ့ကိုပဲ ချစ်နေတာပါ။ သူမ တစ်ခါတစ်ရံ စိတ်ပျက်သည်။

"ကျွန်မနဲ့ကိုမိုး သူငယ်ချင်းအဖြစ်ကနေ ရပ်စဲပစ်လိုက်ကြရအောင်ပါ"

"ဘာပြောတယ် သွန်း ..."

"မေမေတို့က ... ကျွန်မကို သူတို့သဘောကျတဲ့ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့စီစဉ်နေချင်ကြတယ်"

"ဟင် ..."

"သမီးနဲ့ကိုမိုးတို့က ဘာလဲတဲ့ ... ချစ်သူတွေဆိုရင်လည်း လက်ထပ်သင့်တဲ့အရွယ် ရောက်နေကြပြီတဲ့"

"ကိုယ်လေ ... သွန်း ... ဟို ... မင်းကို ချစ်သူအဖြစ်ခံစားလို့ မရသေးဘူး၊ သူငယ်ချင်းအဖြစ်ပဲ ခင်မင်ချင်နေတယ်"

"ဒါဆိုလည်း သွန်းတို့လမ်းခွဲလိုက်ကြရအောင်ပါ၊ ကိုမိုးအနေနဲ့ ဘယ်အချိန်အထိ တွေဝေနေမှာလဲဟင်"

ရွှေမှုံရံကြောင့်လားဟု အော်ဟစ်မေးပစ်ချင်သည်။ ကိုမိုးကို နှစ်ပေါင်းများစွာ စောင့်စားမျှော်လင့်နေခဲ့ရတာပါ။ သွန်း ဘယ်က



www.burmeseclassic.com

www.burmeseclassic.com


စတင် နောက်ဆုတ်ဖို့ကိုပင် ခြေလှမ်းကလှမ်းမရ ... သံယောဇဉ်က မပြတ် ... ရှင့်ကိုချစ်နေတယ်။ သွန်းကိုယ်သွန်းပင် ဒေါသတွေဖြစ်ရသည်။

"ကိုမိုး ..."

"ဟင်"

"ကျွန်မကို နည်းနည်းလေးတောင် ရှင်မချစ်နိုင်ဘူးလား"

"ကိုယ်တောင်းပန်ပါတယ် သွန်းရယ် ... ကိုယ် တကယ်ပဲ ကိုယ့်နှလုံးသားတွေကို မယုံနိုင်အောင်ဖြစ်နေတယ်၊ ကိုယ်ချစ်တာက ရွှေမှုံရီဖြစ်နေတယ်"

"ရှင်ရူးနေပြီလား ကိုမိုး ... ဘာတွေဖြစ်နေတာလဲဟင် ... ရွှေမှုံရီ ကိုချစ်နေရင်လည်း ... ရှင် ဘာဖြစ်လို့မာနတွေပြနေရတာလဲ ကိုမိုးမြင့်မြတ်ရဲ့"

"Sorry ပဲ သွန်း"

"ဘာ ..."

"ကိုယ်တို့နှစ်ယောက် လမ်းခွဲကြရအောင်ပါ ... မင်းလည်း တခြားယောကျ်ားတစ်ယောက်နဲ့ပဲ လက်ထပ်လိုက်တော့"

"ရှင် ..."

"ကိုယ် ... နိုင်ငံခြားကိုသွားမယ်၊ ကိုယ် ပညာသွားသင်မယ်၊ မင်းကို သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်ခင်နိုင်မယ်ထင်တယ်

ဖိုးလပြည့်စာပေ

သွန်းနဒီ"

"ရှင်အရူးပဲ ... ယောကျ်ားမပီသဘူး ... ရွှေမှုံရီက တခြား ယောကျ်ားတစ်ယောက်ကို လက်ထပ်တော့မယ်၊ ရှင့်ကို လုံးဝမေ့နိုင်ပစ် လိုက်ပြီလေ"

"အဲဒါက ရွှေမှုံရီ ကိစ္စပါ၊ ကိုယ်က အသုံးမကျတဲ့သူပါ၊ သတ္တိ မရှိပါဘူး၊ ကိုယ် ... ရွှေမှုံရီကို ချစ်သူအဖြစ်ရွေးချယ်ဖို့ သတ္တိမရှိဘူး ကွာ ... ကြောက်နေတယ်၊ မင်းကြိုက်သလိုစွပ်စွဲ ပုတ်ခတ်ပြောဆို ပါ သွန်း ... ကိုယ်မှားပါတယ် ... မင်းကိုလည်း အနူးအညွတ် တောင်းပန်ပါတယ်"

သူ ... ဘယ်လိုပဲဖြစ်ဖြစ် သွန်းနဒီအား မိတ်ဆွေသူငယ်ချင်း အဖြစ်ကနေ ပို၍မရနိုင်ဘဲဖြစ်နေသည်။ ချစ်၍မရ ... သူ့နှလုံးသား တွေထဲမှာ ရွှေမှုံရီ နေရာအား အစားထိုး၍မရနိုင်ကြောင်း တဖြည်း ဖြည်းသိလာသည်။ မင်းကိုပဲချစ်နေမိတယ် ရွှေမှုံရီ ... အစားထိုးလို့ တောင် မရဘူးကွာ ...

"ကောင်းပြီလေ ... သွန်းတို့ ဒီနေ့ကစပြီးမတွေ့ကြတော့ဘူး၊ ကိုမိုးမြင့်မြတ် ... ရှင့်ကို ကျွန်မအထင်မကြီးတော့ဘူး၊ မိဘတွေ သဘောတူတဲ့ယောကျ်ားကိုပဲ ကျွန်မလက်ထပ်တော့မယ် သွားပြီ"

"သွန်း ..."

"အရူးကောင် ..."

ဖိုးလပြည့်စာပေ
www.burmeseclassic.com

www.burmeseclassic.com



သွန်း … ကားကို ဒရကြမ်းမောင်း၍ ထွက်သွားသည်။ မတားမိလိုက် … မင်းကို လက်ထပ်ဖို့အထိတော့ ကိုယ် မရွေးချယ်နိုင်ဘူး။ မင်းကို စောင့်နေပါလို့လည်း ကိုယ် မပြောချင်တော့ဘူး သွန်းရာ …

"ရွှေမှုံရဲ … မင်းကတော့လေ ငါ့ကို တော်တော်လေး စိတ်ဒုက္ခပေးနေတာပဲကွာ"

သူ … ရွှေမှုံရဲ့ဆီသွားပြီး … တောင်းပန်ပြီး ငယ်ငယ်က အတိုင်းပဲ အလျှော့ပေးလိုက်ရင်ကောင်းမလားဘဲ … မင်း ဘယ်လိုပဲ ငါ့ကိုသတ်မှတ်သတ်မှတ်ကွာ … ငါက မင်းရဲ့ထာဝရကျေးကျွန်ပဲ။ သူ … ကားကိုမောင်းပြီးပြန်လာတော့ ရွှေမှုံရဲက ကိုပြီးပြည့်စုံရဲ့ ကားပေါ် တက်သွားတာ တွေ့လိုက်ရသည်။

"ကိုမိုးမြင့်မြတ် … ပြန်လာပြီလား"

"ဟုတ်ကဲ့ …"

"ကိုယ်တို့လက်ထပ်တော့မယ်၊ နှစ်ဦးသဘောတူပါ။ ရှေ့တစ်ပတ်ထဲမှာ လက်ထပ်ကြမယ်"

"OK"

သူ … ကားကို ခြံကြီးထဲမောင်းဝင်လာခဲ့သည်။ ရွှေမှုံရဲ မင်းကတော့လေ အသဲမာလွန်းတယ်။ ရှေ့တစ်ပတ်ထဲမှာ လက်ထပ်တော့မယ်တဲ့ … နှစ်ဦးသဘောတူတဲ့လား။ သူ့နှလုံးသားတွေ





နာကျင်နေသည်။

"ရှင် … ရွှေမှုံရဲ့ကိုချစ်နေရင်လည်း ပြတ်ပြတ်သားသား ဆိုးဖြတ်လေ အရူး"

ဟုတ်တယ်သွန်း … ကိုယ်က အရူးကောင်ပါကွာ … တွေဝေနေတယ်။ မပြတ်သားဘူး။ ရွှေမှုံရဲ့ကို အရမ်းချစ်တယ်။ ခြံကြီးထဲ ဝင်လာခဲ့သည်။

"သား …"

"မေမေ …"

"ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအားလုံး … ဘယ်သူ့ကိုမှ မေမေ အပြစ်မတင်ချင်ပါဘူး … မင်းလည်း ချစ်သူရှိနေပြီဆိုဟုတ်လား … မေမှုံဆီ ခေါ်လာခဲ့တော့ … မေမေ လက်ခံမှာယ်?

"ဗျာ …"

"အပူသောကတွေ … စိတ်ညစ်စရာတွေကို မေမေ အဆုံးသတ်ချင်တယ်၊ ရွှေမှုံလေးအပေါ်ပဲ အပြစ်တွေ ပုံချမထားစေချင်ဘူး၊ သော်က ရွှေမှုံ့ကို သမီးအဖြစ်ကနေ အမွေပြတ်စွန့်လွှတ်ထားတယ်၊ မေမေကတော့ အဲဒီလိုမလုပ်ချင်ဘူး … သော့်ကိုလည်း ဖျောင်းဖျရမယ်လေ"

သူ … မေမေ့ကို ကယောင်ကတမ်းနှင့် ဘာမှနားမလည်နိုင်အောင် မော့ကြည့်မိသွားသည်။ ရွှေမှုံရဲတစ်ယောက်ထဲကိုပဲ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မတင်စေလို၍ မေမေ အလျှော့ပေးလိုက်တာလည်း ဖြစ်နိုင်သည်။

"မေမေတို့ တစ်အိမ်နဲ့တစ်အိမ် ... မိတ်ဆွေတွေလိုနေလာခဲ့ကြတာပဲ ... အခင်မင်အပျက်မခံနိုင်ဘူး၊ မင်းလည်း မင်းချစ်သူနဲ့ လက်ထပ်ပါ"

"ဗျာ ..."

"မိုးမြင့်မြတ် ... မင်း ဘာတွေကြောင်နေတာလဲ၊ မင်းချစ်သူကို ခေါ်လာခဲ့ပါ။ မေမေ လက်ခံမယ်"

ကျွန်တော့်မှာ ချစ်သူဆိုတာ ... ဘယ်တုန်းကမှ မရှိခဲ့ပါဘူး မေမေ ... တကယ်တမ်းတွေးကြည့်တော့ ကျွန်တော်ချစ်တာရွှေမှုံ… ပါ။ သူ့အပြစ်တွေကိုလည်း သူတွေးမိနေသည်။

"မနက်ဖြန်ခေါ်လာခဲ့ ... အရေးကြီးတာက ရွှေမှုံရဲ့လေး… သော်အသိအမှတ်မပြုလို့ မဖြစ်ဘူး၊ သမီးလေး မျက်နှာငယ်နေ… မယ်"

မေမေကတော့ ... ရွှေမှုံရဲ့ဘက်ကပဲ အမြဲတမ်းရပ်တည်လာ… ခဲ့၍လည်း သူနှင့်ပြဿနာတက်ခဲ့ရသည်။

"အရာအားလုံးကတော့ ကံကြမ္မာပေါ်ပဲ အပြစ်ပုံချရမှာ… သား ... ဖူးစာဖက်တွေ မဟုတ်ကြဘူးထင်တယ်၊ ဒါကြောင့် မေမေ… ကစပြီး အလျှော့ပေးလိုက်တာပဲ ... မနက်ဖြန် ... မင်းချစ်သူ… ခေါ်လာခဲ့ ... လက်ထပ်ဖို့ကိစ္စ စီစဉ်တော့"

သွားပြီ ... သူကိုယ်တိုင် သွန်းကို သူငယ်ချင်းအဖြစ်က…





တောင် အဆက်ဖြတ်ဖို့ပြောလိုက်ပြီဖြစ်သည်။ မိဘပေးစားတဲ့ ယောကျ်ားတစ်ယောက်ကိုတောင် လက်ထပ်ဖို့ပြောထားခဲ့ပြီဖြစ်၏။ ချစ်သူအတုပင် မရှိတော့ ... သွန်းဆီ ပြန်ပြီးဖုန်းဆက်လို့ရပေမယ့် ... သူ ... တွေဝေနေသည်။

"မေမေ ... ဟိုဘက်ခြံသွားမယ် ... သော်နဲ့တွေ့ရမယ်၊ ဖျောင်းဖျရမယ်၊ မင်းလည်း မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်တော့"

မိမိကတော့ ... သားကိုပဲ အပြစ်တင်ချင်သည်၊ ရွှေမှုံလေး အမှားကြီးပဲမဖြစ်စေရန် ... ဒေါ်မမခက် ... သားကိုလည်းလက်ထပ်ပေးရမည်ဖြစ်၏။ ဒေါ်မမခက် တစ်ဖက်ခြံကြီးထဲဝင်လာခဲ့သည်။

"သော်ရယ် ... စိတ်ကိုဖြေလိုက်ပါတော့ ... ခက်သားလည်း ချစ်သူရှိနေပါတယ်၊ အမှားက ကိုယ့်သားပါ၊ ရွှေမှုံလေးမှာ အပြစ်မရှိပါဘူး"

"သော် စိတ်မကောင်းဖြစ်ရလွန်းလို့ပါ ခက်ငယ် ... ဘယ်လိုမှမဖြေနိုင်ဘူးဖြစ်နေတယ်၊ ချစ်သူစထားတာက ရွှေမှုံရဲ့ပဲ ... သားကို စိတ်ဒုက္ခရောက်အောင် နည်းမျိုးစုံနဲ့လုပ်နေတာက သော့်သမီးပါ"

သမီးကို မိမိ ဘယ်လောက်အထိချစ်ခဲ့ရလဲ ... တန်ဖိုးလည်း ထားသည်။ အခုပဲကြည့်လေ။ မိမိက အမွေဖြတ်ထားတာတောင် ခင်းက ချစ်သူခေါ်ရာနောက်သို့ ပေါ်ပေါ်တင်တင်လိုက်သွားသေး၏။ ဒီကောင်မလေး အကျောကိုမာတယ်။ စည်းစနစ်နဲ့ မိုင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖိ ကြီးပျင်းလာစေတာတောင် ထင်ရာစိုင်းနေသည်။

"သမီးတစ်ယောက်ထဲရှိရုံမကလို့ တဖွဲ့ထဲပဲရှိပါစေ၊ သော်လုံးဝခွင့်မလွှတ်နိုင်ဘူး၊ သား ချစ်သူနဲ့လက်ထပ်မယ်ဆိုရင်တော့ သော်လက်ခံတယ်"

မောင်မိုးမြင့်မြတ်မှာ အပြစ်မရှိဘူး။ အရွဲ့တိုက်တတ်တာတွေ ... ကိုကို့ကို လူကြီးတွေဆူအောင် မဟုတ်မဟတ်လုပ်ဇာတ်တွေခင်း၍ တိုင်တောတတ်တဲ့အကျင့်က သမီးမှာရှိသည်။

"သော့်သမီးက ကိုကို့အပေါ် ဗိုလ်ကျချင်တယ်၊ အနိုင်ကျင့်တယ်၊ ကိုကိုက ဒင်းကိုကြောက်နေတာလည်း ဖြစ်နိုင်တယ်"

"ကဲပါ သော်ရယ် ... အားလုံးကိုမေ့ထားလိုက်ပါတော့၊ ကိုယ်တို့တွေ သားနဲ့သမီးကို တာဝန်ကျေကြရအောင်ပါ၊ သူတို့ဖြစ်ချင်တာတွေကို မိဘဝတ္တရားအရ အကောင်းဆုံးဖြစ်အောင် ဖြည့်စွမ်းပေးလိုက်ကြရအောင်ပါ"

"ရွှေမှုံရဲက ... သော့်သမီးမဟုတ်တော့ဘူး ခက် ... အရမ်းမိုက်ရိုင်းတယ်၊ ကိုကို့အတွက်ပဲ စီစဉ်ပါ"

"ကိုကို့အတွက် စဉ်းစားပေးချင်ရင် ရွှေမှုံလေးအတွက်လည်း သော်စဉ်းစားပေးပါ၊ ရွှေမှုံလေး မျက်နှာမငယ်ရအောင် မင်းစီစဉ်ပေးရမယ်၊ ဘယ်လိုလဲ"

သားကိုကိုက လိမ္မာယဉ်ကျေးတဲ့ကလေးပါ။ သမီးကြောင့်ပဲ မိမိကတော့ ... ဖတာဆိုးလေးဆိုပြီး အလိုလိုက်ပြီးချစ်လိုက်ရတာ





အခု ... မိမိကို ဆန့်ကျင်နေသည်။

"ရွှေမှုံလေးကို ဥပေက္ခာပြုမယ်ဆိုရင် ... သားကိုလည်း ခက်လုံးဝဥပေက္ခာပြုမယ်၊ သားအဖြစ်ကနေ မင်းလိုပဲစွန့်လွှတ်မယ်"

"ခက် သားမှာ အပြစ်မရှိပါဘူး၊ သော့်ရင်ထဲကနေ ဖြစ်ပေါ်လာတဲ့စကားပါ"

"တော်ပြီကွာ ... မင်းနဲ့ စကားမပြောချင်တော့ဘူး၊ ခက်သားလည်း မိဘစကားနားမထောင်ဘူး၊ သွားလေသူအပေါ် ခက်တာဝန်မကျေဘူး၊ သော်ရော ... ခက်ရော သားနဲ့သမီးကို စွန့်လွှတ်ကြမယ်၊ ပိုင်ဆိုင်ထားသမျှလှူပစ်မယ် ဘယ်လိုလဲ ..."

ဒေါ်မြတ်မြတ်သော်လည်း ဒေါသဖြစ်ရပေမယ့် ... ကိုကို့ကိုတော့ ဥပေက္ခာမပြုစေလိုပေ ... ထို့ကြောင့်ပင် ခက်ရဲ့ဆန္ဒအတိုင်းပဲဖြစ်ပါစေဟု မိမိ ... စိတ်ကိုလျှော့ပစ်လိုက်သည်။

"သားအတွက်နော် ... သော်မွေးထားတာမဟုတ်ပေမယ့် သားအရင်းလိုပဲ ချစ်တယ်၊ သော် လျှော့ပေးလိုက်မယ်"

ရွှေမှုံရဲ ... သမီးမိုက် ... မိမိက တခြားယောကျ်ားတစ်ယောက်ကို သမီးကစပြီး လက်မထပ်ပါနဲ့လို့ ပြောထားတဲ့ကြားမှ မောင်ပြီးပြည့်စုံအမေကို သွားတွေ့သည်။ ကိုကို့ကို အနိုင်ကျင့်တာပါ။ မိမိ လက်မခံနိုင်ဖြစ်နေသည်။

"ကိုယ့်ချွေးမလောင်းနဲ့လည်း တွေ့ရမှာပါ၊ သွန်းနုဒီတဲ့လေမတတ်နိုင်ဘူး သော်ရေ ... ဖူးစာကံပဲပေါ့၊ ကိုယ်တို့က ဘာလုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ညာလုပ်ပါဆိုပြီး ပြဌာန်းပေးလို့ ရချင်မှရတာလေ”

“ခက်ရယ် ... ကိုယ့်စိတ်တွေပေ့ါပါးအောင် မင်းပြောနေတာပါ။ ကိုယ်အရမ်းခံစားရတယ် ... သားကိုကိုက လိမ္မာရေးခြားရှိတဲ့ ကလေးတစ်ယောက်ပါ”

ဒေါ်မြတ်မြတ်သော် မဖြေနိုင်ခဲ့ ... သားကိုကိုနှင့်ပဲ လက်ထပ်စေချင်သည်။ သွားလေသူတွေရဲ့ဆန္ဒပါ။ ရွှေမှုံရဲ့ ... ညည်းဆိုးတာ လွန်တာ ... သားကိုကိုမှာ ချစ်သူရှိနေတယ်ဆိုတာလည်း မိမိ လက်မခံနိုင် ... မိန်းကလေးတွေနှင့်ပင် ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့သည်။

“သော်ရေ ... ဘာမှလည်း အားနာမနေနဲ့ ... တို့မိသားစုတွေ ... စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြရအောင်ပါနော်”

ရွှေမှုံလေးအတွက် ... ဒေါ်မမခက် တော်တော်လေးစည်းရုံးဖျောင်းဖျရသည်။ သော် စိတ်လျှော့သွား၍ မိမိလည်း စိတ်အေးချမ်းသွားရသည်။ သွားလေသူတွေကိုလည်း ကံကြမ္မာပေါ်ပုံချထားလိုက်ဖို့ တောင်းပန်စကားပြောမိသည်။

+++

## အခန်း ( ၁၅ )

“မေမေ ... ချစ်သမီး လက်ထပ်တော့မယ်၊ ကိုကိုကြီးကိုပဲ ရွှေမှုံရွေးချယ်လိုက်ပါပြီ၊ ရွှေမှုံကို ခွင့်လွှတ်ပေးပါနော်”

“သမီးသဘောဆန္ဒအတိုင်းပဲ လုပ်နိုင်တယ် ရွှေမှုံ ... ငါ မကန့်ကွက်တော့ပါဘူး၊ သူတို့ဘက်က လူတွေခေါ်လာပြီး မင်္ဂလာပွဲကိစ္စ စီစဉ်မယ်၊ ခက်တောင်းဆိုလို့ မေမေ့စိတ်ကို လျှော့ပစ်လိုက်တာပါ”

“ဝမ်းသာလိုက်တာ မေမေရယ် ... ရွှေမှုံ မျက်နှာမငယ်ရတော့ဘူးပေါ့နော် ... သမီးမင်္ဂလာပွဲမှာ မေမေရှိနေပေးမယ်ဆိုရင်ပဲ ရွှေမှုံ ကျေနပ်ပျော်ရွှင်ရပါပြီ”

“ရွှေမှုံ ... ”

“ရှင် မေမေ ... ”

“ညည်း ယောကျ်ားအိမ်မှာပဲနေရမယ် ... မေမေကတော့



www.burmeseclassic.com

www.burmeseclassic.com



သမက် ဘယ်လောက်ပဲတော်နေပါစေ၊ ကိုကို့ကိုပဲ အသိအမှတ်ပြု နေမှာပဲ"

ရွှေမှုံမကြိုက်တာ ... မေမေရဲ့ ကိုကို့အပေါ်ထားတဲ့ သဘော ထားပဲ ... ကိုကို့ကိုပဲ အထင်တကြီး ... ရွှေမှုံ့အပေါ် ကိုကိုရက်စက် ပြနေတာကရော ... ရွှေမှုံ လုပ်ကြံဖန်တီးနေတာလား ... ရွှေမှုံ ပြောမနေချင် ... ငယ်ငယ်လေးထဲက ဖြစ်ပျက်လာခဲ့တဲ့ပြဿနာ တွေပါ။ ဟုတ်တယ် ... ကိုကိုကြီးနဲ့ လက်ထပ်ပစ်လိုက်တာက ရွှေမှုံ့ ရွေးချယ်မှုမှန်သည်။

"ညည်းယောက်ျားမတွေ စိတ်တိုင်းကျစီစဉ် ... ငါကတော့ ထိုင်ဆိုထိုင် ထဆိုထမယ်"

"ကောင်းပါပြီ မေမေ ... ရွှေမှုံက မေမေ့ရဲ့တစ်ဦးတည်း သောသမီးလေးဖြစ်နေလို့ မေမေ မစွန့်လွှတ်ပစ်လိုက်ပါနဲ့နော်"

"ညည်းက အမေကို စပြီးစွန့်ပစ်ခဲ့တာလေ ... ညည်းကို အလောတကြီးလက်မထပ်ပါနဲ့လို့ ငါတောင်းဆိုခဲ့တာပဲ ယောက်ျား တစ်ယောက်ကို ဒီလောက်အထိ ငမ်းငမ်းတက်လက်ထပ်ဖို့ လိုအပ် လို့လား ရွှေမှုံရဲ့"

"မေမေကလည်း ..."

ကိုကို့ကြောင့်ပါ မေမေ ... သမီးကို ဥပေက္ခာပြုနေလို့လေ။ ရွှေမှုံ့ဘဝကို အဆုံးသတ်ချင်တယ်။ ရွှေမှုံ တခြားယောက်ျားတစ်





ယောက်ကိုလက်ထပ်မှ ပြဿနာတွေငြိမ်းချမ်းသွားမယ်လေ ... သူမ အံသွားလေးကို တင်းကြပ်စွာဖိကိုက်ထားပစ်မိသည်။

"ညည်းအိမ်ထောင်ပြုပြီးတာနဲ့ ... မေမေ ရိပ်သာမှာသွားနေ တော့မယ်၊ ညည်းချစ်သူရှိနေပြီပဲ ... မေမေ စိတ်အေးပြီ"

ဒေါ်မြတ်မြတ်သော်က စိတ်ပြတ်သားသူဖြစ်သည်။ စည်း ကမ်းအရတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး။ သမီးကိုချစ်တာက ချစ်တာ ပဲ ... ကိုကို့မှာအပြစ်မရှိဘူးဟုပဲ ဆုံးဖြတ်ထား၏၊ ဒေါသတွေ ပေါက် ကွဲနေဆဲဖြစ်သည်။ ဒေါ်မြတ်မြတ်သော် တစ်ဖက်ခြံကြီးထဲ ရောက် လာခဲ့၏။ ကိုကို့အတွက်ပဲ မိမိဦးဆောင်လုပ်ပေးရမည်ဖြစ်သည်။

"ခက် ... ကိုကိုရော"

"သော် ... ကိုကိုက သွန်းနုဒီကိုခေါ်ဖို့ သွားနေတယ်လေ၊ သော်ရောက်လာတာနဲ့အတော်ပဲ ... မင်းလည်း ဆုံးဖြတ်လို့ရတာ ပဲပေါ့"

"ဒါကြောင့် ရောက်လာတာလေ"

ကိုကို့ကိုတော့ မိမိချစ်တယ်။ သားယောက်ျားလေး ရှုးသွပ် ခဲ့၍ ကိုကို့ကိုပဲ သားအရင်းလိုချစ်မိသည်။

"ခက် ..."

"ဟင် ..."

"မင်း ဘာမှပြဿနာမရှာပါနဲ့ ... သားကလိမ္မာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်ထက်မြက်ပါတယ်၊ အကောင်းဆုံးလုပ်ပေးရဲ့လား သော်"

"အင်း ..."

"သားဆီ ဖုန်းဆက်လိုက်ဦးမယ်နော်"

ဒေါ်မမခက် ... သားဆီ ဖုန်းဆက်လိုက်သည်။

"သား ... မင်းအန်တီသော်ပါ ရောက်နေတယ်၊ သားချစ်သူကို ခေါ်ခဲ့နော်"

သူ ... ဘယ်လိုလုပ်ရမှန်းမသိဘဲ ... အာရုံနောက်နေကာမှ မေမေက ဖုန်းဆက်ပြီး အန်တီသော်ပါ ရောက်နေသည်ဟုပြော၍ စိတ်တွေ ပိုပြီးညစ်နွမ်းသွားရ၏။ ဘယ်လိုလုပ်ရမလဲ ... သူ့စိတ်တွေက သွန်းနှင့်လက်ထပ်လိုတဲ့ဆန္ဒ မရှိပေ ...

"မေမေ ..."

"ပြောလေ သား ..."

"သွန်းက နိုင်ငံခြားခရီးထွက်သွားပါတယ်၊ နှစ်လလောက်ကြာမယ်ထင်တယ်၊ ရက်တရက်ကြီးပါ"

"ဘယ်တတ်နိုင်ပါ့မလဲ သားရယ်"

သူ ... လိမ်ညာစကားတွေပင် ပြောဆိုတတ်နေပြီ။ မေမေ့ကို ဘယ်တော့မှ မုသားစကားတွေမပြောခဲ့ပေ ... မတတ်နိုင်ဘူး။ ရွှေမှုံရီရေ... မင်းကြောင့်ပါ။ အန်တီသော်က မင်းအပေါ် အမြစ်တင်ပြုဆူနေမှာ ကိုကို မလိုလားလို့ပါ။ သူ့မှာချစ်သူဆိုတာ မရှိပါဘူး





ဟုပြောပြီး ရွှေမှုံရီနှင့်လက်ထပ်ဖို့ ပြန်ကြိုးစားမယ်ဆိုတော့လည်း သူ ကြောက်နေသည်။ သတ္တိမရှိ ... ရွှေမှုံနှင့်သူ လူကြီးချင်းသဘောတူလို့ လက်ထပ်ရတာမျိုး အဖြစ်မခံချင်ပေ ... အချစ်တွေနှင့်တည်ဆောက်စေချင်သည်။

"ကျွန်တော်လက်ထပ်ဖို့ကိစ္စကတော့ နောက်မှပဲစဉ်းစားကြရအောင်ပါ။ မေမေ ... သားလည်း လုပ်ငန်းတစ်ခုအတွက် ခရီးထွက်ရမယ်၊ တစ်ပတ်အတွင်းပဲ မေမေ"

"မင်းချစ်သူနောက်လား သား"

"ဟုတ်တယ် မေမေ"

မေမေ့ကို သူ ပြီးစလွယ်ပဲဖြေလိုက်သည်၊ ရွှေမှုံလက်ထပ်ပါစေ။ သူ ... စိတ်ညစ်ပြီး အိမ်လည်းမပြန်ချင်။ ညဉ့်နက်မှ သူပြန်လာခဲ့၏။ မေမေက သူ့ကိုစောင့်နေသည်။

"သား ..."

"မေမေ ..."

"သားမှာချစ်သူရှိတာရော အမှန်ပဲလားကွယ် ... ရွှေမှုံရီလေးနဲ့ လက်မထပ်ချင်လို့လား"

"မဟုတ်ပါဘူး မေမေ ..."

"မေမေကတော့ မယုံဘူး၊ မင်းဆန္ဒမရှိဘူးဆိုရင်လည်း လက်မထပ်ပါနဲ့ မိုးမြင့်မြတ် ... လိမ်ညာပြောတတ်တဲ့အကျင့်စရိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မေမေ မကြိုက်ဘူး”

“မေမေ ...”

“ရွှေမှုံလေးကို သော်ကအပြစ်တင်မှာ စိုးရိမ်လို့လား”

“ဟုတ်ပါတယ် မေမေ”

“မင်း ... ဘာဖြစ်လို့များ ရွှေမှုံလေးကိုမနှစ်သက်ရတာလဲ သားရယ် ... မိဘတွေ စိတ်သောကဘယ်လောက်ရနေရလဲ၊ မိုက်မဲတဲ့သားပဲ”

မေမေ ... စိတ်ထိခိုက်ကြေကွဲစွာပြောရင်း အပေါ်ထပ်သို့ တက်သွားသည်။ သူလည်း နာကျင်နေရတာပါပဲ ... ရွှေမှုံနှင့် ဘဝ တစ်လျှောက်လုံး အတူတူနေထိုင်ဖို့ သတ္တိမရှိပေ။ ခြံထဲဆင်းလာခဲ့ သည်။

“ရွှေမှုံ ... ကိုကိုတို့နှစ်ယောက် ဖူးစာကံမပါလို့ဘဲ သတ်မှတ် ရမယ်၊ ကိုကို အသုံးမကျတာပါ၊ သတ္တိမရှိပါဘူး”

ရွှေမှုံရုံတို့ခြံဘက်ကြည့်လိုက်တော့ ရွှေမှုံ အိပ်ခန်းတံခါးက မီးရောင်လင်းနေတာကို တွေ့နေရသည်။ ယခင်အချိန်တွေကဆို လျှင် ရွှေမှုံက သူ့အရိပ်အကဲကို အလစ်မပေးဘဲကြည့်နေတတ်၏။ မိုးလင်းကနေမိုးချုပ် သူ့အနားမှာကပ်နေဖို့ပဲ စဉ်းစားနေသည်။

“ကိုကို သတ္တိမရှိတာပါ၊ မင်းကိုကြောက်တယ်၊ ကိုကိုတို့ အိမ်ထောင်ရေး အဆင်မပြေနိုင်ဘူးလို့ ကိုကိုစိတ်တွေထဲမှာ စွဲနေ





တယ်”

သူ့မှာ ချစ်သူဆိုတာမရှိခဲ့ ... ရွှေမှုံကို သူချစ်နေမိကြောင်း သူသိလိုက်တာတောင် မကြာသေးဘူးထင်တယ်။ ရွှေမှုံကို စွဲလမ်း နှစ်သက်မှုတွေက ထုထည်ကြီးမားနေပြီ ဖြစ်သည်။

“မင်းလက်ထပ်ပါ ရွှေမှုံ ... ကိုကိုကတော့ ဘယ်တော့မှ လက်မထပ်တော့ဘူး”

သူ ... အလုပ်ကိစ္စအကြောင်းပြပြီး နိုင်ငံခြားသို့ထွက်သွား ဖို့ပဲ ဆုံးဖြတ်ထားလေသည်။

“မင်းနဲ့အဝေးဆုံးကို သွားတော့မယ် ... မင်းဘဝလေး အေး ချမ်းဖို့ပဲ ကိုကိုဆုတောင်းပေးနေချင်တာပါ”

သူ ... တိုက်ကြီးထဲ ပြန်လာခဲ့သည်။ မေမေလည်း အိပ်စက် နိုင်ရန် မလွယ်သေးပေ ... သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။

“ကိုကို့အမှားတွေပါ ရွှေမှုံ ... မင်းအပေါ် သည်းမခံနိုင်ခဲ့တာ သည်း ကိုကိုပါကွာ ... မင်းနဲ့ကိုပြီးပြည့်စုံတို့ တွေ့ဆုံရတာလည်း ကိုကို့ကြောင့်ပါ”

သူ့စိတ်နှလုံးတွေ ... မီးလောင်တိုက်သွင်းခံထားရသလို လောင်မြိုက်နေသည်။ သူ ... ညဉ့်နက်မှ အိပ်ပျော်သွား၏။ မိုးလင်း တော့ မေမေ လာနှိုး၍နိုးသွားသည်။

“သား ... ထတော့လေ ... ဒီမနက် ရွှေမှုံလေးတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ တွေ့ဆုံပွဲရှိတယ်လေ"

"ဗျာ ..."

"သော်က ဖုန်းဆက်တယ်၊ မေမေ့ကိုပဲ ခေါ်တာပါ ... သား ကိုကိုမလာချင်ရင် မလာပါနဲ့တဲ့ ... ဒါပေမဲ့ မေမေကတော့ အခင်မင် မပျက်အောင်ပါ၊ သား ... သွားစေချင်တယ်လေ"

"ကောင်းပါပြီ မေမေ ... သားသွားပါ့မယ်၊ ရွှေမှုံရဲ့အတွက် ဒီလောက်တော့ လုပ်ပေးရမှာပဲလေ"

သူသွားရမယ်။ ရွှေမှုံရဲ့အတွက် ကိုပြီးပြည့်စုံရဲ့အမျိုးတွေကို လေ့လာချင်သည်။ မင်းဘဝလေး ပျော်ရွှင်ချမ်းမြေ့ရမယ်ဆိုရင် လည်း ကိုကိုကျေနပ်ပါတယ်ကွာ ... အန်တီသော်ကျေနပ်စေရန် လည်း သူ့ဘက်က ဘာမှမဖြစ်သလိုလို ... လုပ်ဆောင်ပြရမည်ဖြစ် ၏။ သူ ... အဝတ်အစားလဲပြီး မေမေနဲ့လိုက်လာခဲ့သည်။

"သော်ကပြောတာပဲ ... သမီးကိစ္စ ဟိုဘက်ကအမြန်စီစဉ် နေတာတဲ့ ... ရက်တရက်ကြီးပြောလို့ လက်ခံလိုက်တယ်တဲ့"

အန်တီသော်က သူ့ကိုချစ်သည်။ သူ့ဘက်ကပဲ အမြဲတမ်းရပ် တည်ပေးတတ်၏။ သူ့အမှားတွေပါ။ သူ့အညှိုးအတေးတွေကြောင့် ရွှေမှုံတို့ဘိုက်ကိုရောက်တော့ ... ရွှေမှုံ အလှအပတွေပြင်ထားတာ လှပနုဖက် အိစက်နေသည်။

"ကိုကိုမှားပါတယ်ကွာ ... တကယ်တော့ ကိုကိုငယ်ငယ်





လေးထဲက ရွှေမှုံ့ကို ချစ်မြတ်နိုးခဲ့ရတာပါ"

ရွှေမှုံကတော့ အပြုံးလေးတွေဝေနေသည်။ သူ့ကို ဖော်ရွေ ပြူငှာစွာဆီးကြိုခဲ့၏။ ပျော်ရွှင်ချမ်းမြေ့နေပုံပင် ... ရွှေမှုံလောက် သူ ပျော်ရွှင်မှု မပြနိုင်ဘဲ ဖြစ်နေသည်။

"ကိုကိုလာတာကိုး ... ရွှေမှုံ အရမ်းဝမ်းသာတာပဲ ... ဒီလို ဆိုတော့လည်း ... ကိုကိုက ရွှေမှုံ့အပေါ် သံယောဇဉ်ကြီးသားပဲ"

ရှင်ရောက်လာကို ကျွန်မ အရမ်းဝမ်းသာတာပဲ ... ရှင် ကျွန်မနဲ့ပတ်သက်ပြီး လုံးဝခံစားချက်မရှိဘူးပေါ့လေ ... သိမယ်။ ရှင်ဟာလေ အမြဲတမ်း ဥပေက္ခာပြုတယ်။ ရှင့်ကြောင့်ပဲလေ ... ကျွန်မ လုံးဝမချစ်တဲ့သူကို လက်ထပ်ဖို့ဆုံးဖြတ်လိုက်တာပဲ ...

"သားကိုကို လာထိုင် ... မင်းရောက်လာတော့ အန်တီသော် စိတ်ချမ်းသာလိုက်တာ ... သမီးရွှေမှုံရဲ့ အစ်ကိုတစ်ယောက်အဖြစ် ရပ်တည်ပေးပါ"

"ဟုတ်ကဲ့ပါ အန်တီသော် ... အတိတ်ကအဖြစ်အပျက်တွေ ကို မေ့ပစ်လိုက်ကြရအောင်ပါ"

ရွှေမှုံရဲ့ ... အရမ်းလှနေသည်။ သူ ... ငေးမောကြည့်ရသည် အထိပင် ... မင်းက ငါ့အပေါ် ဘယ်တုန်းကမှသံယောဇဉ်ရှိတာမှ ဟုတ်တာဘဲ ရွှေမှုံရဲ့ ... ဒါကြောင့်လည်း မင်းယောကျာ်းတစ် ယောက်ကို အလွယ်တကူလက်ထပ်နိုင်တာပဲ ... သူလည်း အပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆုံးမျက်နှာကို သရုပ်ဆောင်ထားသည်။

"ကိုကိုရော ... လက်မထပ်သေးဘူးလားဟင်"

"ကိုကို့ချစ်သူက နိုင်ငံခြားကို အလုပ်ကိစ္စနဲ့သွားနေတာလေ ရွှေမှုံ ... လက်ထပ်ဖို့ အဆင်သင့်မဖြစ်ကြသေးဘူး။ နှစ်ယောက်လုံးက အလုပ်တွေများကြတယ်လေ"

"ဒီလိုပဲပေါ့လေ ... ရွှေမှုံသာ လူအထင်ကြီးစရာ ဘာမှမရှိတာပါ၊ မမသွန်းနုဒီကိုလည်း တွေ့ချင်ပါတယ်"

ရွှေမှုံ ငိုပစ်ချင်သည်။ ကိုကို့နှလုံးသားတွေထဲမှာ ... ရွှေမှုံအတွက် နေရာလပ်မရှိဘူးဆိုတာ ရွှေမှုံသိလိုက်ပါပြီ။ ဟုတ်တယ်။ ရွှေမှုံ့ဘဝကို ရွှေမှုံကိုယ်တိုင် အဆုံးသတ်ပစ်လိုက်သည်။

"ဧည့်သည်တွေရောက်လာတော့မယ် ကိုကို ... အန်တီသော်ရော လာထိုင်ကြပါ"

"သမီးလေးရွှေမှုံက ချောလိုက်တာကွယ် ... အခုလို တင့်တင့်တယ်တယ်လေးဖြစ်ရတာ ... သမီးရွေးချယ်မှု မှန်ပါတယ်"

"ကိုကိုကြီးက သမီးကိုအရမ်းချစ်ပါတယ်၊ ကြင်ကြင်နာနာနဲ့ဂရုတစိုက်လည်းရှိပါတယ်၊ ယောက္ခမလောင်းကြီးကလည်း အရမ်းကို ဖော်ရွေပျူငှာပြီး သမီးလေးတစ်ယောက်လို ချစ်ပါတယ်"

"ရွှေမှုံ ... ညည်း ဘယ်သူတွေရှေ့မှာ ဘာတွေပြောနေတာလဲ ... ညည်းအကျင့်တွေကိုမြင်"





မေမေက လေသံမာမာဖြင့်ဟောက်သည်။ ရွှေမှုံ စိတ်အရင်းတိုင်းပြောတာပါ။ ဘယ်သူ့ကိုရွဲ့လို့လဲ ... ကိုကို့ဘက်စာရင်တော့ ကိုကိုကြီးက ... သူမကို ချစ်မြတ်နိုးတာပဲလေ ...

"သော်ရယ် ... သမီးလေးပြောတာ သဘောရိုးပါ၊ ဘယ်သူ့ကိုမှလည်း မထိခိုက်ပါဘူး၊ အမှန်တွေပဲဟာ"

ရွှေမှုံ့ဘက်က အန်တီသော်က သူ့ဘက်မှရပ်တည်သည်။ အမြဲတမ်း ... ပြဿနာရှန်မီးက ဖြစ်နေခဲ့၏။ ရွှေမှုံက အဆုံးသတ်ဖို့ကြိုးစားသည်။ မိုးမြင့်မြတ်လည်း ဘယ်လိုအဆုံးသတ်ရမလဲ ... သွန်းနုဒီကိုပဲ သူ ရွေးချယ်၍ရနိုင်သည်။

"ကျွန်မဘက်ကနေ ရှင့်ကို တစ်လတိတိဆက်ပြီးစောင့်မယ်၊ ရှင်ဆက်သွယ်ပါ ... ကျွန်မ ရှင့်ကိုစောင့်နေချင်သေးတယ်"

သွန်းနုဒီ နောက်ဆုံးပြောသွားတဲ့စကားတွေကို သူ ... ပြန်၍ကြားယောင်နေခဲ့ပေမယ့် ... ဆန္ဒတွေက တားဆီးထားသည်။ သွန်းနုဒီကို မချစ်နိုင် ... ကြောက်တဲ့စိတ်မဟုတ် အချစ်မရှိလို့ပါ။ ရွှေမှုံ့ရဲ့က ဟန်ဆောင်နိုင်စွမ်း ပိုမိုရှိနေ၏။ မိုးမြင့်မြတ် ဧည့်ခန်းမှာထိုင်သည်။ သူ့စိတ်တွေက မတည်ငြိမ် ... အဝင်အဝဆီသို့ ဝင်ရောက်လာမည့် ကိုပြီးပြည့်စုံတို့အဖွဲ့တွေ ဝင်လာကြမှာကိုပဲ စိုးရွံ့သိတ်လန့်ကာ တားဆီးပစ်ချင်သည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

ကိုဖြိုးပြည့်စုံတို့ဘက်က တစ်လအတွင်း မင်္ဂလာပွဲကျင်းပဖို့ စီစဉ်ကြသည်။ ညှိနှိုင်းပွဲကို အကြီးအကျယ်မလုပ်ဘဲ ... မင်္ဂလာဦး ဆွမ်းကျွေးပြီး ... ရွှေမှုံရံက ကိုဖြိုးပြည့်စုံတို့အိမ်ကိုလိုက်သွားရသည်။ ထိုနေ့သည် မိုးမြင့်မြတ်အတွက်ကတော့ အကြေကွဲဆုံးနေ့ ဖြစ်နေ၏။ ဘယ်သူမှ မသိနိုင်ကြ ...

"ကိုကို"

"ဟင်"

"ကျွန်မထွက်သွားရင် ... ကိုကို့အတွက် စိတ်ရှုပ်စရာတွေ မရှိနိုင်တော့ပါဘူးနော် ... ကိုကို့ကို တောက်တဲ့တစ်ကောင်လို တွယ်ကပ်နေတတ်တဲ့ ရွှေမှုံရံလေ ကိုကို့စိတ်တွေ လွတ်လပ်ပျော်ရွှင်နိုင်ဖို့အတွက်ပါ"

"ဘာပြောတယ် ရွှေမှုံရံ ..."





"အဟက် ..."

"မရယ်ပါနဲ့ ... မင်းရဲ့ပေါ့ပျက်အမူအယာတွေကို ငါ အရှမ်းမုန်းခဲ့တာကွ ..."

"အဟင်း ... ဟင်း ... ကိုကိုနဲ့ရွှေမှုံက မိတ်ဆွေဘဝနဲ့တောင် နေထိုင်ခွင့်မရှိတော့တဲ့သူတွေပါ ... ရွှေမှုံ့အပေါ် ရန်လိုနေတဲ့ကိုကို့ စိတ်ရင်းတွေကို နည်းနည်းလေးတောင် ဟန်ဆောင်မထားပေးနိုင်ဘူးလား"

"ရွှေမှုံရံ ... မင်း ... မင်း ငါ့ကိုတရားခံလာမလုပ်နဲ့ ... ကိုဖြိုးပြည့်စုံကို မင်း ချစ်တာမဟုတ်လား ... မချစ်ဘဲနဲ့ ငါ့ကိုရှုံ့ပြီး လက်ထပ်တာလို့တော့ ငယ်ငယ်ကလို ငါ့ကိုလူကြီးတွေဆူအောင် ရိုက်အောင် အကွက်ဖန်မသွားနဲ့နော်"

"ဟုတ်တယ် ... အန်တီခက်ရေ ရွှေမှုံ့ယောကျ်ားယူရတာ ကိုကို့ကြောင့်ပဲ ... ရွှေမှုံ့ကို လက်ထပ်ရမှာအရမ်းကြောက်ပြီး ငြင်းနေလို့ ... တမင်အရွဲ့တိုက်ပြီး တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်တာ"

"ရွှေမှုံရံ ... မင်း ... မင်း မဟုတ်မဟက်တွေ"

"တော်တာ ... သွားပြီနော် ... ကားပေါ်မှာ ကိုကိုကြီးစောင့်နေတယ်၊ အန်တီခက်ရေ ... ရွှေမှုံသွားပြီနော် ... လာနှုတ်ဆက်တာ"

ရွှေမှုံရံကတော့ ထုံးစံအတိုင်း ရန်မီးမွှေးပြီး အော်ဟစ်ပြောသည်



www.burmeseclassic.com

www.burmeseclassic.com



ကာ သူတို့တိုက်ကြီးထဲကနေ ပြေးထွက်သွားလေသည်။ ပြီးတော့ ကားပေါ်ပြေးတက်၍ သူ့ကိုပင် တစ်စက်လေးမှလှည့်မကြည့်တော့ဘဲ မောင်းထွက်သွား၏။ သူ့ရင်တွေ ပူလောင်ပြင်းပြစွာ လစ်ဟာသွားရသည်။

"မိုးမြင့်မြတ်"

"ဟင် ... မေမေ"

"မင်း ... တော်တော်လေးကို လွတ်လပ်ပျော်ရွှင်သွားမှာပဲနော်"

"မေမေရာ ..."

"ဘာမဟုတ်ရမှာလဲ ... သွားလေသူငါ့ယောက်ျား တတွတ်တွတ်မှာထားခဲ့တဲ့ဆန္ဒ ... ငါ လုံးဝမဖြည့်စွမ်းပေးနိုင်တော့ဘူး။ မင်းသိလား ..."

စောစောက အကောင်း ... မေမေကိုယ်တိုင် ဖြေသိမ့်နိုင်ပြီး ကံကြမ္မာပေါ် ပုံချထားတဲ့ မေမေပါ ... ရွှေမှုံရဲ့ မီးရှို့သွား၍ ထုံးစံအတိုင်းပဲ သူ့အပေါ် အပြစ်တွေပုံကျလာပြန်သည်။

"ရွှေမှုံလေးပြောသွားတာတွေက အမှန်တွေပဲ ငါသိတယ်။ မင်းဘက်က အမြတ်မ်း စိမ်းကားရက်စက်နေတာလေ"

ရွှေမှုံရဲ့ ... နင်ဟာလေ တော်တော်အမြင်ကတ်စရာကောင်းတယ်။ ဒါကြောင့် နင်နဲ့လက်ထပ်ဖို့ ငါကြောက်ခဲ့တာ ... သွားစရာ





တာ အေးအေးဆေးဆေး မသွားဘဲ ... ဝင်နှုတ်ဆက်ပြီး မေမေ့ကို ပြဿနာမီးစ မွှေးသွားခဲ့သေးသည်။

"မင်းလည်း လက်ထပ်တော့ ... ဒါမှမျှတမှာ ... မင်းလည်း ငါ့အနားကနေ ထွက်သွားပါတော့ သားမိုက် ..."

"မေမေ ..."

"ဖယ်စမ်းပါ။ မင်း ဒီဘဝရောက်လာတာ ဘယ်သူ့ကြောင့်လဲ သိလား ... ငါအမြဲတမ်းပြောခဲ့တာလေ ... ရွှေမှုံလေးတို့မိဘတွေကြောင့်ပဲ ... ရွှေမှုံလေးမှာ ဘာတွေများ မုန်းတီးစရာရှိလို့လဲ ... အရမ်းချစ်စရာကောင်းတဲ့ကလေး"

သားလည်း ... ရွှေမှုံရဲ့ကိုချစ်မိနေတာ မသိလိုက်တာပါ။ မိုးမြင့်မြတ်ရင်ထဲမှာ ... ဘယ်လိုမှ အစားထိုးလို့မရတဲ့အချစ်တွေနဲ့ ရွှေမှုံရဲ့ကို ချစ်နေခဲ့တာပါ။ သားယောက်ျား မပီသဘူး။ သတ္တိမရှိဘူးလို့ မေမေဆူတိုင်း ... သူ ဘာမှတုံ့ပြန်ပြောဆိုမနေတော့ဘဲ ထွက်လာခဲ့သည်။ သူ ... အရမ်း စိတ်ထိခိုက်ကြေကွဲနေ၏။ ရွှေမှုံရဲ့မရှိဘဲ သူ ဘယ်လိုမှရပ်တည်နေနိုင်စွမ်းမရှိတာ တဖြည်းဖြည်းသိလာသည်။

"ရွှေမှုံရေ ... မင်းကို အရင်ကလို ကိုကို စိတ်ဆိုးဒေါသဖြစ်တာတွေ မရှိတော့ဘူးကွ ... ကိုကို့အနားမှာ မင်းကိုရှိနေစေချင်တယ်၊ ကိုကို ဘာလုပ်ရမလဲ"

သူ ... အရက်သောက်သည်။ တစ်ခါတစ်ရံသာ သောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့အရက်က သူ့ရင်ကို မီးစနှင့်ထိုးလိုက်သလိုပင် ... ရွှေမှုံကို တွေ့ချင်တယ်။ ကိုကို့ရင်ခွင်ထဲမှာ ဖက်ထားချင်တယ်။ အရမ်းချစ်တယ်။ ရွှေမှုံ့ကို မေ့ပစ်ချင်သည်။ ပြီးတော့ ... သူ အထီးကျန်တော့ အရက်ကို တစ်ခွက်ပြီးတစ်ခွက်ဆက်သောက်ပစ်သည်။

"ကိုမိုး ... ရှင် ဘာတွေဖြစ်နေတာလဲ အရက်တွေသောက်နေတာပါလား ... အရမ်းမူးနေပြီ"

သွန်း ... ညည့်သည်တွေနှင့်ညစာစားဖို့ စားသောက်ဆိုင်လာစဉ် ... အပြင်မှာ ကိုမိုးကားကိုတွေ့လိုက်၍ အထဲဝင်လာခဲ့သည်။ ကိုမိုးပဲ ... ဒီနေ့က ရွှေမှုံရဲ့လက်ထပ်တဲ့နေ့ဟု သွန်းအသိတွေဆီက ကြားခဲ့ရ၏။ ရှင် ... အရမ်းခံစားနေရပြီလား ကိုမိုးရယ် ...

"ကိုမိုး ... မိုးမြင့်မြတ် ... နင် ဘာတွေဖြစ်နေတာလဲ ကိုမိုး"

"ဟင် ..."

"ကျွန်မလေ ... သွန်း ... သွန်းနဒီ"

"ဘယ်သူ ... ရွှေမှုံလား ... မင်း ... မင်း ကိုကို့ဆီပြန်လာတာလားကွာ ... အမယ်လေး ကိုကိုအရမ်းပျော်သွားပြီ၊ ဟိုကောင့်ရင်ခွင်ထဲမှာ မင်းမနေနိုင်ဘူးဆိုတာ ကိုကိုသိနေပါတယ်"

"ကိုမိုး ..."

သူမ ... စိတ်မရှည်တော့သဖြင့် လူမှန်းမသိအောင်မူးနေတဲ့ ကိုမိုးကို ဆောင့်တွန်းလှုပ်ခါပစ်မိသည်။

ဖိုးလပြည့်စာပေ



"ဘယ်ကရွှေမှုံရဲ့လဲ ... ကိုမိုး ရှင်သတိထားစမ်းပါ၊ ရှင့်ရဲ့ ဂုဏ်သိက္ခာတွေ တည်ကြည်ခန့်ညားမှုတွေက ဘယ်ရောက်သွားပြီလဲ ... ကိုမိုးမြင့်မြတ်ရဲ့"

သွန်း ... စိတ်မရှည်ချင်တော့ ... မာမီကတော့ ထားပစ်ခဲ့ဖို့ လာပြောသည်။

"ထားလိုက်စမ်းပါ သမီးရယ် ... မိုးမြင့်မြတ်မှာ ဘာမှအထင်ကြီးစရာ မရှိတော့ပါဘူး၊ လာခဲ့ ... ဒီမှာညည့်သည်တွေ စောင့်နေတယ်လေ"

"သူ့ကို ... သမီးမထားခဲ့ရက်ဘူး မာမီ ... သူက သွန်းရဲ့ကျောင်းနေဖက်သူငယ်ချင်းပါ၊ သွန်းကူညီရမယ် ... ကိုမိုးက ဒီလိုယောကျ်ားတစ်ယောက် မဟုတ်ပါဘူး၊ အရမ်းထူးချွန်ထက်မြက်သူပါ"

"သွန်းနဒီ ... သမီး ဘာတွေပြောနေတာလဲ ... သူက သမီးကို"

"ထားလိုက်ပါတော့ မာမီရာ ... သွန်း ဘယ်လောက်အထိ ကိုမိုးအပေါ် ချစ်ရလဲဆိုတာ မာမီသိပါတယ်၊ သွန်းပြန်ပို့ပေးရမယ်၊ ဒီကောင် အရမ်းမူးနေပြီ"

"သမီး မပူစမ်းပါနဲ့ ... မာမီ ဒရိုင်ဘာကိုအပို့ခိုင်းမယ်"

"သမီးပဲပို့မယ် မာမီ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သွန်းနဲ့မာမီက သားအမိဆိုပေမယ့် ... ညီအစ်မတွေလိုပဲ ဆက်ဆံရေး ပွင့်လင်းမှုရှိကြသည်။ သွန်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ မာမီက ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးထားခဲ့၏။ သူမရဲ့ဆုံးဖြတ်မှုကို မာမီက သတိပေးပြီးပြန်သွားသည်။

"သမီးလည်း သတိထားပါ။ ကိုယ့်အပေါ်မချစ်မနှစ်သက်ဘဲ ကိုယ့်ကို အသုံးချဖို့ကြံစည်တဲ့ယောက်ျားလေးအတွက် ... ဘဝတစ်လျှောက်လုံး မပေးဆပ်သင့်ဘူးနော်"

ကိုမိုးရယ် ... ရှင့်ဘက်ကပဲ သွန်းရပ်တည်ပေးနေချင်သည်။ တကယ်ဆို ... သွန်းလက်ထပ်ရတော့မှာပါ။ ဒါပေမဲ့ သွန်းစောင့်ချင်သေးတယ်။ မျှော်လင့်ချက်ရောင်ခြည်လေးတစ်မျှင်လောက်ပဲ သမ်းသမ်းပါ သွန်းစောင့်မယ်။ ကိုမိုးနှုတ်ကနေ ရွှေမှုံရဲ့ ကိုပဲ တမ်းတနေသည်။

"မှုံလေး ... ရွှေမှုံလေး ... ကိုကို့ရင်ခွင်ထဲမှာနေစမ်းပါ။ ရွှေမှုံလေးအနားမှာမရှိရင် ကိုကိုလုံးဝမနေတတ်ဘူးဆိုတာ ... မင်းလေးအသိဆုံးပါကွာ"

"ကိုမိုး ... သတိထားပါဦး ... သွန်းပါ ... ရှင်အရမ်းမူးနေပြီ ပြန်ကြရအောင်ပါ"

စားပွဲထိုးကောင်လေးတွေအကူအညီနှင့် ... ကိုမိုးကိုတွဲပြီး ကားဆီခေါ်လာခဲ့ရသည်။ ကိုမိုး ဘယ်လိုမှကားမမောင်းနိုင်၍ သွန်း





ပဲ မောင်းလိုက်ရ၏။ လမ်းတစ်ဝက်ရောက်မှ ... ကားက မထင်မှတ်ဘဲ ပျက်သဖြင့် လမ်းဘေးမှာထိုးရပ်ရသည်။

"ဒုက္ခပါပဲ ကိုမိုးရယ် ... ဘယ်လိုတွေဖြစ်နေရတာလဲ"

"ရွှေမှုံလေး ... "

"ရွှေမှုံလေးရယ် ... "

ကားပေါ်မှာ သူမ လှုပ်ရှားလို့ပင်မရ ... ကိုမိုးက ဖက်ထားသည်။ တတွတ်တွတ်နှင့် ရွှေမှုံရဲ့ကိုချစ်တယ်ဟု တမ်းတနေ၏။ သွန်း လှုပ်မရ ... ကိုမိုးရင်ခွင်ထဲနေချင်ပါတယ်၊ ကိုမိုးကို အရင်ထဲက ချစ်မြတ်နိုးပြီး လက်ထပ်ချင်ခဲ့တာပါ။ အချိန်တွေက တဖြည်းဖြည်းနောက်ကျလာသည်။

"ကိုမိုး ... ကိုမိုးရေ ပြန်ကြရအောင် ... သွန်းမာမီ ဖုန်းဆက်နေပြီ၊ လွှတ်ပါနော်"

ကိုမိုးကို နိုးလို့မရတော့ ... နှုတ်ခမ်းသားတွေကို နမ်းရှုပ်ဖို့ပင် ကြိုးစားနေသေးသည်။

"လွှတ်ပါကိုမိုးရယ် ... တောင်းပန်ပါတယ်၊ ကျွန်မက ရွှေမှုံရဲ့ မဟုတ်ပါဘူးနော်"

"မှုံလေးရယ် ... ကိုကိုမှားသွားပါတယ်၊ မင်းကိုစွန့်လွှတ်ဖို့ ကိုကို့နှလုံးသားတွေက ဘယ်လိုမှ လက်မခံနိုင်ဘူးဖြစ်နေတယ်"

ကိုမိုး လုံးဝသတိမရတော့ ... မာမီ့ဆီက ဖုန်းဆက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းကိုပိတ်ပစ်လိုက်သည်။

"မတတ်နိုင်တော့ဘူး မာမီ ... သွန်းလေ ... ကိုမိုးအပေါ် မရက်စက်နိုင်ဘူး"

"မှုံရယ် ... ရွှေမှုံလေးရယ်"

"ကိုမိုးရယ် ..."

သူမလည်း မထူးတော့ပြီမို့ ... သူ့ရင်ခွင်ထဲမှာပဲ ငြိမ်သက်နေမိသည်။ မိုးလင်းလာတော့မှ ကိုမိုး သတိရလာတော့၏။ သူမကို ဖက်ထားတဲ့လက်တွေက ပြေလျော့သွားသည်။

"သွန်း ... မင်း ... မင်း ... ကိုယ့်ကို ဘယ်ခေါ်လာတာလဲ၊ ကိုယ် ဘယ်ကိုရောက်နေတာလဲကွာ"

"ကိုမိုး ..."

"သွန်း ..."

"ရှင်အရက်ဆိုင်မှာ လူမှန်းမသိအောင်မူးနေလို့ ... ကျွန်မ ကားမောင်းပို့တာလေ ... လမ်းမှာကားပျက်လို့"

"ဘာပြောတယ် သွန်း ..."

"ရှင်အရမ်းမူးပြီး ရွှေမှုံရုံကိုပဲ တမ်းတနေတာလေ"

"ဘာ ..."

"ကိုမိုးရယ် ... ရွှေမှုံရဲ့ ကိုချစ်ရဲ့သားနဲ့များ ရှင် ဘာဖြစ်လို့ ငြင်းရတာလဲ"





သွန်းကိုအားနာစွာဖြင့် ... သူ မော့ကြည့်မိသည်။ ရွှေမှုံရုံနှင့် သူက လုံးဝပတ်သက်ဆက်ဆံခွင့်မှ မရှိတော့ကာဘဲ ... သွန်းကို လက်ထပ်ဖို့ သူ တောင်းဆိုနိုင်တဲ့အခွင့်အရေးက သူ့ရှေ့မှာရှိနေ၏။ ဒါပေမဲ့လည်း သူ့နှလုံးသားတွေက လက်မခံနိုင်ဖြစ်နေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ကလေး ... ကိုကိုကြီးတိုက်မှာ ဘာမှအားငယ်စရာမရှိဘူး နော် ... မာမီမရှိတာ ... မာမီက ကိုကိုကြီးကိုအရမ်းချစ်တယ်၊ ကလေးကိုလည်း ချစ်မှာပဲနော်"

"ဟုတ်ကဲ့ ..."

"ဟင် ..."

"ဘာဖြစ်လို့လဲ ... ကြောက်နေတာလား ... မင်းလေးကို ပျော်ရွှင်အောင်ထားမှာပါ"

ကိုကိုကြီးကတော့ သူမကိုချစ်သည် ... သူမဇကိုယ်တိုင်ပဲ တွေဝေနေတာပါ။ ကိုကို့ကိုလွမ်းနေတယ် ... သူမ အနားမှာ တွယ်တပ်နေတာမရှိလို့ ကိုကိုပျော်နေပြီလားပဲ ... ကိုကို့ချစ်သူ သွန်းနဒီ ကရော ...

"ကလေး"





"ရှင် ..."

"ဘာတွေစဉ်းစားနေတာလဲ ... မာမီက ညစာစားရအောင် တဲ့ ... သွားကြမယ်"

"ဟုတ် ..."

ကိုကိုကြီးက သူမလက်လေးကိုဆွဲပြီး စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

"လာကြ သားနဲ့သမီးလေး ... မာမီကတော့လေ ... သား အကြိုက်တွေကို အမြဲတမ်းစီစဉ်ပေးပေမယ့် သမီးလေးအကြိုက်ကို တော့ မသိသေးဘူး၊ ပြောပြထားနော်"

"ဟုတ်ကဲ့ ... ရပါတယ်၊ မှုံကလေး ဘာပဲဖြစ်ဖြစ်စားပါတယ် မာမီ ... တကူးတကတွေ မစီစဉ်ပေးပါနဲ့"

"ရွှေမှုံစားချင်တာတွေ ပြောလိုက်လေ၊ မာမီက ဒီလိုပဲ ... ဟင်းတွေစီစဉ်ပေးတာ ဝါသနာပဲ ... ကိုယ်တိုင်စီခဉ်ရမှ ကျေနပ်မှာ လေ"

"ဟုတ်တယ်ကွယ် ... မာမီ့အကျင့်ပဲ ... အလုပ်သမားတွေ ဘယ်လောက်ပဲရှိရှိ ... မာမီ့သားအတွက် မာမီကိုယ်တိုင်စီစဉ်ပေးမှ ကျေနပ်တတ်တယ်၊ သမီးလေးလည်း ပြောပါ။ မာမီ ဘာလုပ်ပေးရ မလဲ"

"ရွှေမှုံက ဘာမဆိုစားပါတယ်၊ မုန့်ဟင်းခါးတွေ၊ အသုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ မစားတာပါ”

ချွေးမဖြစ်သူက မြန်မာ့ရိုးရာအစားအစာတွေကို မကြိုက်ဘူးဆိုတော့ ... ဒင်းက ကြီးကြီးကျယ်ကျယ်နဲ့။ ချွေးမကို ဒေါ်ဘရဏီ နည်းနည်းလေးမှလက်မခံနိုင် ... မေတ္တာလည်းမရှိဘူး။ မိမိသားကို နေရည်ရည်နှင့်ပဲ သဘောတူတာပါ။ နေရည်ရည်ကိုပဲ ချွေးမအဖြစ် လက်ခံမယ် ... ဒါပေမဲ့ ... ရွှေမှုံရံ့ကို ဆန့်ကျင်လို့မဖြစ်ဘူးဆိုတာ ဒေါ်ဘရဏီ သိနေသည်။

“ရွှေမှုံလေးရယ် ... မာမီ့ကို ဘာအားနာစရာရှိလို့လဲ ... မာမီ့သားနဲ့ပတ်သက်တာရင် ဒီအိမ်ကြီးရဲ့အရှင်သခင်ပါပဲအေ”

ဒေါ်ဘရဏီကတော့ သားရှေ့မှာ ချွေးမကို ဖက်လှဲတကင်းနှင့် နှုတ်ချိုချိုပြောဆိုဆက်ဆံလိုက်သည်။

“သမီးလေးစားချင်တာ ပြောပါကွယ် ... သား ပျော်ရွှင်ချမ်းမြေ့တယ်ဆိုရင် မာမီလည်း ချမ်းမြေ့ပျော်ရွှင်ရပါတယ်”

ရွှေမှုံရံ့ပန်းကန်လေးကို ... ပွေ့ဖက်ဖျစ်ညှစ်၍ ဒေါ်ဘရဏီ အားပေးနှစ်သိမ့်ရင်း ... ရွှေမှုံရံ့ကြိုက်တဲ့အစားစာတွေကို မိမိ ကိုယ်တိုင် ပြင်ဆင်ပေးနေသည်။

“သမီးလေးက အရမ်းချောတယ် ... သားပြည့်စုံချစ်တာလည်း အပြစ်ပြောလို့မရပါဘူး၊ အဟင်းဟင်း ... မာမီလည်း ပျော်တယ် ... သမီးအမေနဲ့လည်း ခင်မင်အောင်နေချင်ပါတယ်၊ ဒီလိုပဲ





ဖူးစာဆိုတာ ကိုယ့်စိတ်ကြိုက် ရွေးချယ်လို့မှ မရတာပဲ”

“ကျေးဇူးတင်ပါတယ် မာမီရယ် ... မေမေကတော့ စိတ်ပူတယ်”

“အို သမီးလေးရယ် ... စိတ်သောကရောက်စရာကိစ္စတွေ မေ့ပစ်လိုက်တော့ ... မာမီ့ရင်ခွင်ထဲမှာနေပါ၊ ပျော်ပျော်နေနော်”

“မာမီရယ် ...”

ရွှေမှုံမေမေကတော့ ရွှေမှုံ့အား အမြဲတမ်းပဲ ကိုကိုကြောင့် ဆူနေတော့တာပဲ ... ကိုကိုကြီးမာမီကလည်း ကြင်နာတတ်လွန်းသည်။ ရွှေမှုံ ... နည်းနည်းလေးတော့ စိတ်အေးသွားရ၏။ ကိုကိုကြီးကလည်း ဂရုတစိုက်ကြင်နာလွန်း၍ ရွှေမှုံပျော်ရသည်။

“သား ... ကုမ္ပဏီကိစ္စတွေရှိသေးတာပဲ ... သွားနော် ... ရွှေမှုံလေးကိုတော့ စိတ်ချ ... မာမီရှိပါတယ်”

“ဟုတ်တယ်နော် ကိုကိုကြီး ... ကုမ္ပဏီကိုပစ်ထားတာကြာပြီလေ၊ စီးပွားရေးလုပ်ငန်းတွေမှာ အာရုံစိုက်တော့နော် ... ရွှေမှုံ နေခဲ့ပါ့မယ်”

“ရွှေမှုံလိုက်ခဲ့ပါ။ ကလေးလည်း ကိုကိုကြီးလုပ်ငန်းတွေမှာ နားလည်အောင် လေ့လာထားသင့်ပါတယ်”

“သားရယ် ... ရွှေမှုံလေး အနားယူပါစေဦးကွယ် ... မာမီနဲ့လည်း အတူတူနေချိန်လေးပေးပါဦး ... နောက်မှပဲခေါ်ပါ၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တယ် ... သမီးလေးလည်း သားစီးပွားရေးလုပ်ငန်းတွေမှာ လွှဲလာထားသင့်ပါတယ်လေ"

"ဟုတ်တယ် ကိုကိုကြီး ... ရွှေမှုံနေခဲ့မယ်၊ မာမီနဲ့အတူတူနေချင်သေးတယ် ... ရွှေမှုံ့ မေမေနဲ့ဆို ဒီလောက်အထိ တရင်းတနှီးမနေခဲ့ဘူး"

မေမေက ရွှေမှုံ့ကိုအရမ်းချစ်ပေမယ့် ... ကိုကိုနှင့်ပတ်သက်လာရင်တော့ မေမေက ကိုကို့ဘက်ကပါ။ ကိုကိုရော ... သွန်းနုဒီနဲ့လက်ထပ်တော့မလို့လား ... ရွှေမှုံ့ရင်တွေ ကြေကွဲနာကျင်စွာ ကိုကို့ရှေ့မှာ အပြုံးမပျက်ခဲ့ ... ရွှေမှုံ့ သည်းသည်းထန်ထန်ကိုငိုကြွေးပစ်ချင်နေတာပါ။ ကိုကိုကြီးနောက်လည်း မလိုက်လိုပေ ... ရွှေမှုံ့ အိမ်ထဲမှာပဲနေချင်သည်။

"ကဲ ... ကိုကိုကြီး ကုမ္ပဏီကိုသွားမယ်နော် ... ကလေးနေခဲ့နောက်ကျရင်တော့ ရွှေမှုံလေးလိုက်ရမယ် ... ကိုကိုကြီးနဲ့အတူတူစီးပွားရေးလုပ်ငန်းတွေ လုပ်ရမယ်"

"အင်းပါ"

ကိုကိုကြီးက ... သူမမျက်နှာလေးကိုဆွဲယူလိုက်ပြီး ဖွဖွလေး နမ်းသည်။ ရွှေမှုံ့ကိုချစ်သည်ဟုပြောကာ ထွက်သွား၏။ ရွှေမှုံတစ်ယောက်ထဲ ခုတင်ပေါ်မှာငုတ်တုတ်လေးထိုင်၍ ကျန်ရစ်ခဲ့သည်။





"ခေါက် ... ခေါက်"

"တံခါးဖွင့်ဦး ... ရွှေမှုံရဲ့"

"ဟင် ... မာမီ့အသံရောဟုတ်ရဲ့လား၊ ဘယ်သူလဲ ... ဒီတိုက်ကြီးထဲမှာ မာမီပဲရှိနေတာပဲ"

"ခေါက် ... ခေါက် ..."

"ဟဲ့ ... ရွှေမှုံရဲ့ ... ညည်း ဘာဖြစ်လို့တံခါးမဖွင့်ပေးရတာလဲ"

"ဖွင့်ပါပြီ မာမီ"

သေသေချာချာနားထောင်မှ မာမီ့အသံဖြစ်နေ၍ ... ကပျာယာ တံခါးဖွင့်ပေးလိုက်သည်။

"ဟင် ... မာမီ ဘာကိစ္စရှိလို့လဲ"

"ရွှေမှုံရဲ့ ..."

"ရှင် ..."

"ညည်းကိုပြောစရာရှိလို့ လာခဲ့တာပဲ ... ငါဝင်မယ်"

မာမီ့လေသံက မာထန်လွန်းနေကာ ... မျက်ဝန်းတွေကညည်း ဒေါသတွေပြင်းထန်စွာပေါက်ကွဲမတတ်ပင် ... သူမ အံ့ဩတတ်လန့်သွားရသည်။

"ဒီမှာ ..."

"ရှင် ..."

"ညည်းကို ကျုပ်လက်ခံတာ ... ကျုပ်သားရှေ့မှာမို့ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သဘောတူတဲ့ချွေးမ နေရည်ရည်တစ်ယောက်ထဲပဲ မှတ်ထား"

"ဟို ... မာမီ ... ဟို ရွှေမှုံလေ"

"ဘာလဲ ... ဘာတွေပြောနေတာလဲ၊ ညည်းကို ... ကျုပ် ရှင်းရှင်းပဲပြောမယ် ... ကျုပ်သားက ညည်းကိုချစ်တယ်ဆိုပြီး နေရာတကာ ဝင်ကြီးကျယ်နေလို့တော့ မဖြစ်ဘူးနော်၊ ညည်းအမေက ကြီးကြီးကျယ်ကျယ်နဲ့ ... ကျုပ်ကို အဖက်မတန်သလိုလို ... ညည်းကလည်း ကျုပ်သားကို မာယာတွေနဲ့ဖြားယောင်းသိမ်းသွင်းနေတယ်"

"မဟုတ်ပါဘူး မာမီ ... ကိုကိုကြီးက သမီးကိုဇွတ်အတင်း လက်ထပ်တာပါ"

"ဘာ ... "

ယောက္ခမကြီးက ဟန်ဆောင်ဖုန်းကွယ်ထားမှုတွေနှင့် သားရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်ပြနေတာပဲ ... အခုတော့ မျက်နှာဖုံးက ကွာကျသွားပြီဖြစ်သည်။

"ငါလက်ခံတဲ့ချွေးမက အဆင့်အတန်းမြင့်ပြီး အရည်အချင်းတွေ၊ အစွမ်းအစတွေ အများကြီးပိုင်ဆိုင်ထားတဲ့ နေရည်ရည်ပဲ"

ရွှေမှုံရံဆိုတဲ့ကောင်မကို ... ဒေါ်ဘရဏီ ဘယ်လိုမှလက်ခံနိုင်ဘဲဖြစ်နေသည်။ သားက အချစ်ကြီးချစ်နေတာလည်း မနှစ်သက်မိ ... ဒီကောင်မလေးကို နှိပ်စက်ဖို့ပဲစဉ်းစားနေသည်။





"ဒီမှာ ... "

"ရှင် ... "

"ညည်းက ... အိမ်ရှင်မဖြစ်နေပြီလေ၊ ညည်းအိမ်မှာလို လက်ကျောမတင်းဘဲ ... အခန့်သား ထိုင်နေလို့မရဘူးနော် ... ထွက်ခဲ့"

"ရှင် ... "

"ဘာရှင်လဲ ... "

ရွှေမှုံ ... အိမ်မှုကိစ္စတွေကို ဘာတစ်ခုမလုပ်ခဲ့ရ ... အိမ်ဖော်တွေကတော့ ရွှေမှုံ့ဝေယျာဝစ္စအားလုံးကို ဂရုတစိုက်လုပ်ဆောင်ပေးနေကြရသည်။ တစ်စုံတစ်ခုလို့အပ်နေရင်တောင်မှ ... ရွှေမှုံ ဆူပူသောင်းကျန်းတတ်သည်။

"ညည်း ... မီးပူတွေတိုက်ပေးရမယ်၊ ညည်းလင်နဲ့ညည်း ယောက္ခမအဝတ်တွေပဲ ... အိမ်ထောင်ရှင်မတစ်ယောက်တာဝန်မို့ ကျုပ်က သင်ပေးနေတာပါ"

"မာမီ ... ဟိုလေ ... ရွှေမှုံ မီးပူမတိုက်တတ်လို့ပါ"

"မတိုက်တတ်ဘူးဆိုပြီး ဒီအတိုင်းနေလို့ရမလားအေ ... ဒါလိုသူဌေးမကြီးတောင် အိမ်မှုကိစ္စတွေလုပ်နေတယ်၊ အိမ်ရှင်မအလုပ်လေ ... အိမ်ဖော်တွေကို ထိထိမိမိအုပ်ချုပ်ထားနိုင်အောင် ညည်း သင်ထားရမယ်"

ယောက္ခမကြီး ဒေါ်ဘရဏီရဲ့သဘောထားကို ရွှေမှုံ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြီး သိလိုက်ပြီဖြစ်သည်။ ကြောက်စရာကောင်းလိုက်တာ။ သူမလက်ကို ခပ်ကြမ်းကြမ်းဆွဲခေါ်နေသည်။

"နင့်အမေက ငါ့ကိုအံ့တုချင်တယ်၊ ငါ့သားနဲ့သဘောမတူ သလိုလိုပဲ ... နင့်ယောက်ျားမလောင်းကလည်း နေရာတကာ နင့်ရှေ့ ကဝင်ပါချင်တယ်၊ နင့်မှာ ဘာအစွမ်းအစမှမရှိဘူးဟဲ့ ..."

သူမ ... စားသောက်ခန်းဘက်ရောက်လာပြီး သူလင်အဝင် အစားတွေ မီးပူတိုက်ဖို့ပြင်ဆင်ပေးလိုက်ဟု ပြောသည်။

"ချမ်းချမ်း ... ဒင်းကို အိမ်မှုကိစ္စတွေသင်ပေးလိုက်စမ်း အိမ်ရှင်မ အလုပ်တွေကို ငါ့လိုပဲ တတ်စေချင်လို့ပါ"

"ဟုတ်ကဲ့ မေမေကြီး ... စိတ်ချပါ၊ ချမ်းချမ်း သင်တန်းပေး လိုက်မယ်"

"ကောင်းပြီ"

ဒေါ်ဘရဏီ ပြန်ထွက်သွားလေသည်။

"ဒီမှာ ရွှေမှုံရီ ..."

"ရှင် ..."

"လာခဲ့ ..."

သူမအိမ်မှာဆိုလျှင် အိမ်ဖော်တွေက ရွှေမှုံ့အား မော့၍ မကြည့်ရဲကြ ... ကြည့်စမ်း ... ရိုင်းစိုင်းလိုက်တာ ... ဒေါ်ဘရဏီ၏ လက်ပါးစေလူယုံတွေဖြစ်နိုင်သည်။





"ငါတို့မာမီကြီးက ညည်းလိုကောင်မလေးမျိုးကို အထင် မကြီးဘူးနော် ... မမလေး နေရည်ရည်က အရမ်းတော်တယ်၊ ချော လည်းချောတယ်၊ ကိုပြည့်က ညည်းကိုရွေးချယ်တာ ... အရမ်းအံ့ဩ တယ်"

ချမ်းချမ်းဆိုတဲ့မိန်းမက သူမအား မညှာမတာ ရက်ရက်စက် စက်နိုင်းတော့မည့်ပုံပဲ ... သူမ ဘယ်တုန်းကမှ အိမ်မှုကိစ္စတွေမလုပ် ဖူး၍ ကြောက်နေသည်။

"ညည်းက ကိုကြီးပြီးပြည့်စုံကို ဘယ်လိုစည်းရုံးသိမ်းသွင်း ဖြားယောင်းပြီး ယူခဲ့တာလဲ ... တို့သခင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီ ခိုင်နော်"

"ဒီမှာ ... နင်နဲ့မဆိုင်တဲ့ကိစ္စတွေ ဝင်မရှုပ်ဖက်နဲ့ ... လာပြီး စပ်စုမနေနဲ့နော် ... နင့်အဆင့်နဲ့နင်နေ"

"ဘာပြောတယ်"

"တောက် ..."

"အမယ်လေး ... မာမီကြီးရေ ... ဒီမှာ ရွှေမှုံရီဆိုတဲ့ကောင်မ က ချမ်းချမ်းကို ရိုက်တော့မလို့ အော်ငေါက်နေတယ် လာပါဦး"

ချမ်းချမ်းက အသံပြဲကြီးနှင့်အော်သဖြင့် ... မာမီ ပြန်ရောက် လာသည်။

"ဘာဖြစ်တာလဲ ချမ်းချမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ချမ်းချမ်းကိုရန်စွာပြီး ... ရိုက်တော့မလို့ ... တောက်ခေါက်လိုက်တဲ့အသံကြီးက ကြောက်စရာကောင်းလိုက်တာ၊ ဒေါသတကြီးနဲ့"

"နင်ဘာလုပ်တာလဲ ... ငါ့အလုပ်သမားကိုစော်ကားတာက ငါ့ကိုဆန့်ကျင်တာပဲ"

"သူ့အဆင့်နဲ့သူနေပါလား ... ရွှေမှုံကိုလာပြီး စော်ကားနေတယ်လေ"

"မာမီကြီးရယ် ... ဒီကောင်မက ဂုံးတိုက်နေတာပါ။ ချမ်းချမ်းက မာမီကြီးအမိန့်အတိုင်းပဲ တာဝန်ထမ်းဆောင်တာပါ"

"မာမီ ကြိုက်သလောက်ပြောနိုင်ပါတယ်၊ သူ ပမာမခန့်ပြောနေတာကိုတော့ ... ရွှေမှုံ လုံးဝလက်မခံနိုင်ဘူး"

"ဘာပြောတယ်၊ ညည်းကများ"

ရွှေမှုံ ... ရန်တွေ့ပြီး အိမ်ကိုပြန်သွားချင်သည်။ ဒေါ်ဘရဏီပြောတာခံနိုင်သေး၏။ အလုပ်သမားကပါ ဝင်ပြောတာတော့ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေသည်။

"မာမီကြီးရယ် ... ချမ်းချမ်းကို ဒီမိန်းကလေးနဲ့ပတ်သက်ပြီး ဘာတာဝန်မှမပေးပါနဲ့နော် ... ကြောက်လို့ပါ"

"ဟဲ့ ... ချမ်းချမ်းက ငါ့သားသမီးလိုထားတာ ... ငါ့အိမ်ကငယ်မွေးခြံပေါက် ... နင်က အလုပ်သမားဆိုပြီး မစော်ကားနဲ့နော်"





ရွှေမှုံ ... ဘာမှမပြောချင်ပေ ... ယောက္ခမကြီးစိတ်က ယုတ်လွန်းနေသည်။ အန်တီခက်နဲ့ တခြားစီပါပဲ ... သူမ ပြန်သွားဖို့စဉ်းစားမိပေမယ့် ... မေမေက လက်ခံမှာမဟုတ် ... ရွှေမှုံ့အား လက်မထပ်ဖို့တားဆီးနေခဲ့တာ ... ရွှေမှုံက ဖွတ်ကြီး ကိုကို့ကိုအရွဲ့တိုက်ပြလိုက်ခြင်းဖြစ်သည်။ ရွှေမှုံ ... ဘယ်လိုမှမီးပူတိုက်လို့ အဆင်မပြေခဲ့ပေမယ့် ... ယောက္ခမကြီး တမင်နှိပ်စက်ဖို့ အကြံအစည်ရှိနေ၍ တတ်သလောက် လုပ်ပစ်လိုက်လေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

ကိုကိုကြီး ပြန်ရောက်လာတော့ … မာမီ့အချိုးက တစ်မျိုး ဖြစ်သွားသည်။ အပြုံးတွေ ချိုအီပြစ်ခွေနေသည်။

"သမီးလေးကို မာမီကလေ ပျင်းနေမှာစိုးရိမ်လို့ အိမ်မှုကိစ္စ တွေ နည်းနည်းပါးပါးသင်ပေးနေတယ်ကွယ်"

"ရွှေမှုံက အရမ်းကလေးဆန်တယ် မာမီ … အိမ်မှုကိစ္စတွေ လည်း ဝါသနာမပါဘူးထင်ပါတယ်၊ ထားလိုက် မာမီ … သားကုမ္ပဏီ မှာ ရွှေမှုံလေးဝင်ရမယ် … ကလေးပျင်းလား … ဒါဆို မနက်ဖြန်ပဲ ကိုကိုကြီးနဲ့ အလုပ်ဝင်လေ"

"လိုက်မယ် ကိုကိုကြီး … ရွှေမှုံက အဟဲ့ … အိမ်မှုကိစ္စတွေ သိပ်ဝါသနာမပါလို့ပါ"

ယောက္ခမကြီးခေါ် ရွှေဘုရား ဘာတတ်နိုင်သေးလဲ။ သား ရှေ့မှာအချိုသတ်ပြီး သားကွယ်တာနှင့် နှိပ်စက်ချင်လို့ရမလား





ရွှေမှုံရုပ်ပဲဟာ … မွေးကတည်းက ရွှေလင်ဗန်းနဲ့အချင်းဆေးပြီး ခြေ မွေးမီးမလောင် … လက်မွေးမီးမလောင် ဘော်ကျော့နေလာတာ သူမကတော့ အကျင့်အတိုင်း ယောက္ခမကြီးအား အရွဲ့တိုက်ရန် စတင်ပြင်ဆင်လိုက်သည်။

"မဟုတ်တာဘဲ သားရယ် … သမီးနားပါစေဦး … ကဲပါ အိမ်မှုကိစ္စတွေ သမီးလေးဝါသနာမပါလည်း နေပါ၊ မာမီသင်မပေး တော့ပါဘူးကွယ် … မာမီက စေတနာနဲ့ပါ၊ မာမီ့လို အိမ်မှုကိစ္စတွေ နိုင်နင်းစေချင်တယ်"

"ဟုတ်တယ် ကလေးရယ် … မာမီက နားစေချင်တယ်လေ၊ နားလိုက်နော်"

မာမီ့ကိုလည်း ချွေးမရှေ့မှာ ဦးစားပေးဖို့ လိုအပ်သည်ဟု ပြည့်စုံထင်မိသည်။ လက်ခံပေးခဲ့၏။ ထို့ကြောင့်ပင် ရွှေမှုံကို မာမီ သဘောကျ ထားခဲ့ရန် ဆုံးဖြတ်လိုက်သည်။

"သား … အလုပ်ကိစ္စတွေ စိတ်ဖြောင့်ဖြောင့်လုပ်စမ်းပါ ကွယ် … ရွှေမှုံလေးက ငယ်သေးတယ်၊ မာမီ သင်ကြားပေးစရာတွေ ရှိသေးတယ်"

"ကောင်းပါတယ် မာမီရယ် … သားကတော့ ကလေးကို မာမီ့လက်ထဲအပ်ထားပါတယ်၊ ကလေးလည်း မာမီ့စကားတွေကို နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ... နားမထောင်နိုင်ဘူးဟု အော်ပစ်ချင်သည်။ ကိုကိုကြီးရော ... ဘာလဲ အမေ့ဘက်လိုက်တော့လား။ ရွှေမှုံ ဒေါသတွေ ထွက်နေခဲ့ပေမယ့် မေမေ့ဆီပြန်လို့လည်း မဖြစ်နိုင်ဘူးမဟုတ်လား။ သည်းခံနေလိုက်၏။ မာမီ နေရာတကာဘာဝင်ပါပြီး အမိန့်ပေးဖို့ ကြံစည်နေတာ ရွှေမှုံမသိဘဲနေမလား ...။

"ကလေး"

"ဟင် ... "

"လောလောဆယ်တော့ မာမီ့စကားနားထောင်ပါ ကလေး ရယ်နော် ... ချွေးမလေးက ငယ်ရွယ်ပေမယ့် လိမ္မာတယ်လို့ ... မာမီသိသွားစေချင်တယ်၊ ကိုကြီးစကားကို နားထောင်မယ်မဟုတ်လား"

"ကိုကိုကြီး ... "

"ပြောလေ ကလေး ... "

"ရွှေမှုံတစ်ယောက်ထဲနေရတာ ပျင်းတယ် ... ကိုကြီးကိုပဲ လွမ်းနေတယ်၊ အရမ်းအထီးကျန်တယ် ... အိမ်မှုကိစ္စတွေလည်း မသင်ချင်ပါဘူး နော် ... ကိုကြီး ... "

"မာမီက နေစေချင်တာလေ ... နေလိုက်ပါကွာနော် ... ကိုကြီး မကြာခဏ ဖုန်းဆက်မယ်၊ ကလေးက လိမ္မာပါတယ်"

ကိုကြီးက ... ရွှေမှုံ့ခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲဆွဲယူ





ပွေ့ဖက်ရင်း အနမ်းတွေနှင့်နှစ်သိမ့်ပေးပေမယ့် ... ရွှေမှုံငိုပစ်ချင် လာသည်။ တကယ်တော့ ... ကိုကြီးက မာမီ့ဘက်ကပဲရပ်တည်နေ တာပါ။ ရွှေမှုံ နည်းနည်းမှမကျေနပ် ... မေမေ့ဆီလည်း ပြန်လို့မှ မဖြစ်တာ ... မေမေ ရက်စက်တယ်။ ကိုယ့်သမီးတစ်ယောက်ထဲရှိ တာ ဥပေက္ခာပြုထားသည်။

"ကလေး ... "

"ဟင် ... "

"ကိုကြီးစကား နားထောင်ပါကွာနော် ... မာမီက စိတ် သဘောထားပြည့်ဝသူပါ၊ ကိုကြီးဆန္ဒအတိုင်း ဖြည့်စွမ်းပေးတယ်၊ ကလေးကိုလည်း သမီးတစ်ယောက်လိုချစ်တယ်လေ"

ဘာချစ်တာလဲ ... ကိုကြီးမာမီက အကျင့်ဟုတ်ကြီး ... ဟန် ဆောင်လိမ်ညာနေတာ ... သူ့မ ပြောပစ်ချင်ပေမယ့် ချွေးမက ဝံ့တိုက်တယ်ဖြစ်ဦးမယ် ... ကိုကြီးမာမီက မျက်နှာလေးပြုံးချိုနေ တာပဲ ... ကြောက်စရာကောင်းသည်။

"ကလေးနေခဲ့နော် ... အခွေကြည့် ... တဖတ်ပျင်းရင် မာမီ့ သင်တန်းတက်နေပါလားကွာ နော်"

"အင်း"

"အိမ်ထောင်ရှင်အမျိုးသမီးဖြစ်နေပြီနော် ကလေး ... လူကြီး ဆန်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

သူမ ... နှုတ်ခမ်းစူပြီး မျက်စောင်းတွေ ဆတ်ခနဲ ထိုးပစ်လိုက်ချင်ပေမယ့် ... သူမ အမူအကျင့်တွေကို ဖြင်မှဖြစ်မည်။ ကိုကို့ကို သတိရမိနေသည်။ သူမ အနိုင်ကျင့်ချင်တိုင်းကျင့်လာခဲ့၏။ ရွှေမှုံ ဝင်္ခလည်ပြီထင်တယ် ... ကိုကြီးကရော ... သူမှာမိအကြောင်း အကောင်းတွေပဲ ပြောနေသည်။

"ကိုကြီး ကုမ္ပဏီကိုသွားတော့မယ်၊ ကလေး ကားနားအထိ လိုက်ပို့နော်"

"ဟုတ် ..."

သူမ ... တာကယ့်ကို မလွှဲမရှောင်သာ စိတ်ပါဘဲ လိုက်ပို့ရသည်။ ကိုကြီးကိုမှ မချစ်တာ ... သံယောဇဉ်တွယ်ဖို့ကလည်း စလာထဲက ယောက္ခမကြီးက ကောက်ကျစ်စဉ်းလဲမှုတွေနှင့် စိမ်ခေါ်နေလေသည်။

"ကလေး ... ကိုကြီးသွားပြီနော်"

"ဟုတ် ..."

"ကလေးဘာဖြစ်နေတာလဲ ... အေးတိအေးစက်နဲ့"

ပြည့်စုံကတော့ ... မိုးမြင့်မြတ်အပေါ် ရွှေမှုံရဲ့ချစ်နေသည်ဟု ထင်သည်။ သူ့ကိုတော့ အရွဲ့တိုက်ပြီးလက်ထပ်ခဲ့တာပါ။ ရွှေမှုံ့ရင်ထဲမှာ မိုးမြင့်မြတ်ကိုပဲ တမ်းတနေသည်ဟုထင်နေ၏။ မာမီကလည်း ရွှေမှုံရဲ့အပေါ် သမီးအရင်းလေးလိုချစ်ခင်ယုယနေတာ သူ့အမြင်။





"မင်း ... ကိုကို့ကိုသတိရနေတာလား ကလေး ..."

"ရှင် ..."

"မင်းမျက်နှာလေးညှိုးနေလို့ ကိုကြီးစိတ်ပူပြီးမေးနေတာပါ၊ ကလေးရယ် ..."

ဘယ်လိုလူလဲ ... ရှင့်အမေကြောင့်ဟုပြောချင်ပေမယ့် ပြောလို့ကလည်း မဖြစ်ပေ ... ရွှေမှုံ ဘယ်တုန်းကများ သည်းခံနေတတ်လာတာလဲ ...

"ကိုကို့အပေါ် မင်း သံယောဇဉ်တွယ်နေတာ ... ကိုကြီးသိပါတယ်ကွာ ... ရွှေမှုံ့ကို အရမ်းချစ်လို့ ... ကိုကြီးဘက်က အတင်းအကြပ် လက်ထပ်ခဲ့တာပါ"

"တော်ပါတော့ ကိုကြီးရယ် ... ဒါတွေပြောမနေပါနဲ့တော့ ရွှေမှုံ အထဲဝင်တော့မယ်"

"ရွှေမှုံ ..."

"ရှင် ..."

ကိုကြီးက သူမခန္ဓာကိုယ်လေးအား အတင်းအကြပ်ပွေ့ဖက်နမ်း၍ ချစ်တယ်ဟု အထပ်ထပ်ပြောနေသည်။ ပြီးမှ ကားပေါ်တက်ပြီးမောင်းထွက်သွား၏။ သူမရင်ထဲမှာ ပူလောင်လောင်ကြီးဖြစ်၍ ကျန်ရစ်ခဲ့သည်။

"ရွှေမှုံရဲ ..."


www.burmeseclassic.com

www.burmeseclassic.com


မာမီ့အသံကြီးက သူမနောက်ကျောဆီမှ ခက်ထန်မာကျောစွာ မိုးထစ်ချုန်းသံကြီးအလား ထွက်ပေါ်လာသည်။

"ညည်းက ... ကျုပ်သားကို ဘာတွေအလွမ်းသယ်ဖြနေရတာလဲ"

"မဟုတ်ပါဘူး မာမီ ... ကိုကြီးကပဲ ရွှေမှုံ့ကိုအလွမ်းသယ်နေတာပါ"

"ဘာပြောတယ်အေ့"

အဖွားကြီးအော်လိုက်၍ အကြောက်အလန့်မရှိတဲ့ရွှေမှုံ့ရုပ်ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ သားကွယ်သည်နှင့် အချိုးကတစ်မျိုး ... အိမ်မှာလို အော်ဟစ်ဆူပူသောင်းကျန်းပစ်ချင်သည်။

"ညည်းအချိုးကို ပြင်နော် ... ကျုပ်သားက လူမျိုးကြီးဆိုပြီး ညည်း မာယာထောင်ချောက်ဆင်ဖို့ မကြိုးစားနဲ့နော် ... ငါ့သားက ငါ့စကားပဲနားထောင်မှာ ... ညည်း ကျုပ်ကိုယှဉ်ပြိုင်ဖို့ မကြိုးစားပါနဲ့"

ဒုက္ခပါပဲ ... ဘယ်သူကယှဉ်ပြိုင်နေလို့လဲ ... ဒေါ်ရွှေဘရဏီကပဲ ချွေးမငယ်ငယ်လေးနဲ့ မာယာထောင်ချောက်တွေဆင်နေတာပါ။ ရွှေမှုံ့ကိုချစ်တဲ့ ကိုကို့မေမေသာဆိုရင် ... ရွှေမှုံ့ရဲ့ချွေးမဘဝက အရမ်းကိုပျော်ရွှင်အေးချမ်းမှာပါ။ အန်တီခက်ကို သတိရလာသည်။

"ဟဲ့ ..."



"ရှင်"

"နင် ဘာတွေစဉ်းစားနေတာလဲ ... နင့်အဆက်ဟောင်းကိုလား"

"ကျွန်မသတိရနေတာက ... မတော်လိုက်ရတဲ့ယောက္ခမလောင်းကြီး အန်တီခက်ကိုပါ ... ကျွန်မကို အရမ်းချစ်တယ်၊ စိတ်သဘောထားပြည့်ဝပြီး ဖြူစင်တယ်လေ"

"ဘာပြောတယ်၊ ညည်းက ကျုပ်ကိုရွဲ့ပြောတာလား၊ နင့်လို မလောက်လေး မလောက်စား ဟာမလေးကများ"

ဒေါ်ရွှေဘရဏီ ... ဒေါသတကြီးနှင့် ဒင်းရဲ့ပါးကိုရိုက်ပစ်လိုက်ဖို့ လက်ရွယ်လိုက်ပြီးမှ ... စိတ်ကိုထိန်းချုပ်ပစ်လိုက်ရသည်။ မဖြစ်သေးဘူး ... အနုနည်းနဲ့ ဒီဟာမလေးကို တိုက်ထုတ်ပစ်ရမယ်။ အကျောက သေးတာမဟုတ်ဘူး ... သားက ဒင်းလေးကို ချစ်ခင်နှစ်သက်နေသည်။ မိမိသားကိုတော့ လုံးဝအဆုံးရှုံးမခံနိုင်ပါဘူး။ ဒေါ်ဘရဏီ မီးဝင်းဝင်းတောက်တဲ့မျက်ဝန်းတွေနှင့် ကြည့်ပစ်လိုက်သည် ... အကြောက်အလန့်မရှိတဲ့ဟာမလေးဘဲ ... မိမိရှေ့ကနေ ဆတ်ခနဲကျော်တက်၍ တိုက်ကြီးထဲဝင်သွားသည်။

"တောက် ... ဒင်းတော့လား၊ ညည်း သတိထားနေစမ်းပါ။ ငါ့သားအနားမှာ ကပ်နေလို့ရမယ် မထင်နဲ့နော်"

ဒေါ်ဘရဏီ ... ဖွေ့ဖွေ့ခုန်မတတ် ဒေါသတွေဖြစ်ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရွှေမှုံရံက ဖွတ်ဆတ်ဆတ်မာကျောကျော ကောင်မလေးပါ။ သားအနားကနေ မောင်းထုတ်ပစ်ချင်တယ်။ ဘယ်လိုလုပ်ရမလဲ။ ချွေးမလောင်းဖြစ်သူ နေရည်ရှည်ရောက်လာတော့ ဒေါ်ရွှေဘရဏီ ပိုပြီးအားတက်သွားသည်။

"အန်တီဘရဏီ ... ဘာတွေဖြစ်နေတာလဲ ... ခြံစောင့်ကြီး ကို မကျေမနပ်တွေ ဖြစ်နေတာလား"

"ဟယ် ... နေ ... အမယ်လေး ... သမီး ဘယ်တုန်းက မြန်မာပြည်ကိုရောက်လာတာလဲ ... အန်တီဘရဏီ့ကိုတောင် အကြောင်းမကြားဘူး၊ လာကြို့မှာပေါ့ သမီးရယ်"

"ပြည့်စုံရောဟင် ... နေလည်း အလုပ်ကိစ္စရှိတာနဲ့ အမြန် ထွက်လာခဲ့တာပါ။ အကြောင်းမကြားနိုင်ခဲ့ဘူးလေ၊ ပြည့်စုံကောင်း အလုပ်တွေပဲ လုပ်နေတာလား"

ဒေါ်ဘရဏီလည်း ... သားလက်ထပ်လိုက်ပြီဟု ပြောရမှာ ပြောမထွက် ... ကြည့်စမ်း ... နေရည်ရှည်လေး ဘယ်လောက် တင့်တယ်လဲ ... ဟိုဟာမရွှေမှုံရံလို ... ဘာအစွမ်းအစမှမရှိသော မိန်းကလေးကိုမှ မိမိ ချွေးမတော်နေရသည်။

"လာလေ ... အထဲဝင်ရအောင်ပါ"

နေရည်ရှည်လက်ကလေးကိုဆွဲ၍ တယုတယလေးခေါ်လာ ခဲ့သည်။ မပြောဘူး။ သားအိမ်ထောင်ပြုသွားပြီဆိုတာ နေရည်ရှည့်





ကို အသိပေးလို့မဖြစ်ဘူး။ နေရည်ရှည့်လိုချွေးမလေးအား ဒေါ်ဘရဏီ လက်လွှတ်မခံနိုင်ဘဲ ဖြစ်နေသည်။

"အန်တီဘရဏီ့အတွက် ... နေလေ ... စိန်တွေ မေတ္တာ လက်ဆောင်ပေးမလို့ ... ဒီညနေ အိမ်မှာညစာကျွေးမယ်၊ နေ့မာမီ လည်း အန်တီဘရဏီနဲ့တွေ့ချင်တယ်တဲ့"

တော်သေးတယ်။ ဟိုဟာမလေးနဲ့သားက အကြီးအကျယ် လာမဆောင်လိုက်ရလို့ ... မိတ်ဆွေတွေကိုလည်း အသိမပေးခဲ့။

"အန်တီဘရဏီ ... ဘာတွေစဉ်းစားနေတာလဲ ... နေပြော တာကို ကြားရဲ့လား"

"ဪ ... အေးကွယ် ... အန်တီက သမီးအကြောင်း စဉ်း စားသွားတာပါ။ အရမ်းထက်မြက်တဲ့သမီးကို ချွေးမတော်ချင်လိုက် တာလို့"

"အဟင်းဟင်း ... ဒါများတွေးနေစရာလား၊ အခု ... နေက မြန်မာပြည်ပြန်ရောက်နေပြီလေ ... အရင်အတိုင်း ဇွဲစပ်မယ်၊ လက်ထပ်မယ်၊ ပြည့်စုံက နေ့ကိုငြင်းနေတုန်းပဲလား"

"မဟုတ်ပါဘူးကွယ် ... သားက စီးပွားရေးပဲစိတ်ဝင်စားနေ တာ"

"အန်တီဘရဏီကိုယ်တိုင် အမြန်ဆုံးစီစဉ်ပေးပါ ... ညနေ ကျရင်ပါ ခေါ်လာခဲ့နော်"


www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ် ..."

"ဒါဆို နေပြန်မယ်၊ ပြည့်စုံဆီ ဖုန်းဆက်လိုက်မယ်လေ"

"သားကို အန်တီဘာရဏီကိုယ်တိုင် ခေါ်လာပေးမှာပါကွယ် သမီးမဆက်နဲ့နော် ... သားက အလုပ်တွေရှုပ်နေရင် သမီးနေကို ဘုတောနေပါဦးမယ်"

"ဒါပဲနော် အန်တီဘာရဏီ ... ပြည့်စုံနဲ့လက်ထပ်ပေးဖို့ အမြန် ဆုံးစီစဉ်ပေးပါ"

"စိတ်ချပါကွယ် ... သားက နေသိတဲ့အတိုင်းပဲ ... အရင်း စီဖာကြောင်တယ် ... သူ့ကို ဆရာလုပ်မယ့်မိန်းမဆိုရင်လည်း မနှ သက်တတ်ဘူး၊ သမီးနေကို အန်တီဘာရဏီ ချွေးမတော်ချင်တာ တစ်ပိုင်းကိုသေနေတာ သိလား"

"ဒါဆို နေပြန်မယ် ... ညနေ မျှော်နေမှာနော်"

"အေးပါ"

မတော်လိုက်ရတဲ့ချွေးမကို ဖက်လှည်းတကင်းနှင့် ဒေါ်ဘ ဏီ မျက်နှာချို သွေးနေမိသည်။ နေရည်ရည်က ချမ်းသာတယ် အရည်အချင်းလည်းရှိ၏။ ဟိုဟာမလေးနဲ့ ဘာဆိုင်လို့လဲ။ ရွှေမှုံ့ အထင်မကြီးမိ ... သားနှင့်ဝေးသွားအောင်ပဲ လုပ်ချင်နေသည်

"မာမီကြီး ... စောစောက အစ်ကိုကြီးရဲ့ဇနီးလောင်းလာ အရမ်းသွက်လက်ပြီး ချောလိုက်တာနော်"





"အေး ဟုတ်တယ် ... မာမီကြီး ဘယ်လောက်အထိ ခံစား နေရလဲ ချမ်းချမ်းရယ် ... ဟိုဟာမလေးက မာမီကြီးကိုတောင် ခံပက်ချင်နေတယ်"

"လူပါးဝလိုက်တာနော်"

"တစ်နေ့နေ့မှာ ... ဒင်း ... မာမီကြီးသားအနားကနေ လွင့် ထွက်သွားစေရမယ်၊ စောင့်ကြည့်နေစမ်းပါ ချမ်းချမ်း"

ဒေါ်သတကြီးကြိမ်းဝါးပြီး ညနေကျရင် သားတစ်ယောက်ထဲ ရွှေးပြီး ... နေရည်ရည့်အိမ် ဘယ်လိုခေါ်သွားရမလဲဆိုတာ စဉ်းစား နေရသေးသည်။ ရွှေမှုံ့ရုံက ငယ်ရွယ်နုပျိုသူ ... အိစက်မှုညက်နေ အောင်လည်း ချောမောလှန်းနေ၏။ သားက ချစ်ခင်နှစ်သက်စွဲလမ်း နေတော့ ဒေါ်ဘရဏီ အခက်ကြီး ခက်နေရလေသည်။

+++

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"သမီးလေးရွှေမှုံရဲ့ အခြေအနေကိုတော့ ခက်တို့စုံစမ်းသင့်တယ် သော်ရယ် ... မင်းရဲ့ တစ်ဦးတည်းသောသမီးလေးပါ"

"ပစ်ထားလိုက်စမ်းပါ ခက်ရာ ... ဒင်းက မအေ့စကားကို နားမထောင်ချင်ဘူး၊ ရွှံ့တယ်ပဲထားပါဦး၊ ယောက်ျားတစ်ယောက်ကို ဘာမသိဘာမသိနဲ့ အရွဲ့တိုက်ပြီးလက်ထပ်ခဲ့တာလေ ... သူ့အပြစ် သူခံပါစေ"

ဒေါ်မြတ်မြတ်သော်မွေးထားတဲ့သမီးပဲ အကျင့်စရိုက်တွေကို သိနေသည်။ အရွဲ့တိုက်တဲ့နေရာမှာ ပြိုင်စံရှား နှစ်ယောက်မရှိ ... ကိုကိုဒဏ်မခံနိုင်တာ အပြစ်မှမရှိတာဘဲ ... သမီးက စဖောက်တာ ကိုကို့မှာချစ်သူကောင်မလေး မရှိနိုင် ... သမီးရွှေမှုံရဲ့ကြောင့်ပါဘဲ

"ခက် ..."

"ဟင် ..."





"ရွှေမှုံရဲ့အကြောင်း ဆက်မပြောပါနဲ့တော့ကွာ ... ထားလိုက်ပါ"

"သော်ရယ် ... မင်းနဲ့ကိုယ်ကတော့ တကယ့်ဆန့်ကျင်ဘက်ပဲ ... ကိုယ် ရွှေမှုံလေးအတွက် စိတ်ပူတယ်၊ ဒီလောက်အထိ ပစ်ပစ်ခါခါ မလုပ်သင့်ပါဘူး"

"သူရွေးချယ်တဲ့လမ်းပဲလေ ... သော်လည်း မပူဘဲနေမလား ခက်ရယ် ... တစ်ဦးတည်းသောသမီးလေးပါ၊ ဒါပေမဲ့ ... သူ့အပြစ် သူသိစေချင်တယ် ခက် ..."

"ကိုယ့်သားမှာလည်း တာဝန်ရှိပါတယ်သော် ... ည်။ ရွှေမှုံရဲ့ နေထိုင်

ဒေါ်မခက်ရင်ထဲမှာ ... ထိခိုက်ကြေ ချင်နေ၏။ အဆင်မှပြေပါ့ ဖွင့်မပြောပေမယ့် သားလည်းခံစားနေပုံ ကြီး ... ပွတ်ဆတ်ဆတ် ... တာကိုလည်း ဒေါ်ဆောင်မလာခဲ့ သား။ သူ ဆုံးမစကားတွေပြောချင် သတိမှတ်ရတော့မယ်ထင်

ကျောလွန်း၏။ ရွှေမှုံ့

အိမ်ပြန်လာပြီး " မေမေ"

"ဟဲလို ... ရွှေမှုံလေးက ... သားကြောင့် ... ဟိုကောင်လေးကို

"ရွေးလိုက်တာပါ၊ ငယ်ငယ်လေးထဲက မင်းဆီကအချစ်တွေကို လွန်းလို့ ဆ နခဲ့တဲ့ ရွှေမှုံလေးပါ၊ ဥပေက္ခာပြုမထားစေချင်ဘူး

ရွှေမှုံရဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ... သူမ ဖုန်းအားဆွဲယူပိတ်ပစ်လိုက်ပုံပင် ... ဒေါ်မမခက် ထပ်ခေါ်၍မရတော့ ... စိတ်ပူသွားမိပြန်သည်။

"မေမေ"

"ဟင် ... သား"

"ဘာဖြစ်လို့လဲ ... ရွှေမှုံနဲ့ စကားပြောခွင့်မရဘူးလား၊ သူ ယောက်ျားထင်တယ် မေမေ"

မေမေက ရွှေမှုံ့ဆီဖုန်းဆက်နေပုံကြား၍ မိုးမြင့်မြတ် စိတ်ဝင်တစား ရောက်ရှိလာခြင်းဖြစ်သည်။

"ရွှေမှုံလေးတော့ တစ်ခုခုဖြစ်နေပြီထင်တယ် သားရယ် ...

င်မရှိဘူးထင်တယ်၊ မေမေတော့ အရမ်းစိတ်ပူနေ

နားမထောင်ချင်ဘူး

ကို ဘုမသိဘမသိနဲ့ အရှု

ာ်။ ရွှေမှုံရဲ့က ထင်ရာလုပ်တတ်သည့်

သူခံပါစေ"

ကို မချစ်ဘူးဆိုတာလည်း ကိုကို

ဒေါ်မြတ်မြတ်သော်မွေးထားမှု

တွေပါကွာ ... ရွှေမှုံက

သိနေသည်။ အရွဲ့တိုက်တဲ့နေရာမှာ ပြိုင်စံ့ရှု

ားမိတာတွေက

ကိုကိုဒဏ်မခံနိုင်တာ အပြစ်မှမရှိတာဘဲ ... သမီ

ရွှေမှုံလေးအား

ကိုကို့မှာချစ်သူကောင်မလေး မရှိနိုင် ... သမီးရွှေ

ငင်း သိလာရ

"ခက် ..."

"ဟင် ..."

ည့်စုံနဲ့သားက





ခင်နေတာပဲ ... သားသွားတွေ့လိုက်ပါနော်၊ မေမေ စိတ်ပူတယ်၊ ရွှေမှုံလေးကို ပစ်မထားသင့်ဘူး၊ သားရဲ့အန်တီသော်က တစ်ခုခု ပေးနိုင်းတဲ့သဘောလေ"

"ဖြစ်ပါ့မလား မေမေ ... ရွှေမှုံ့ယောက်ျားက အထင်လွဲနေပါဦးမယ်"

"ဘာအထင်လွဲစရာရှိလို့လဲ ... သားတို့က မောင်နှမတွေလို နေထိုင်လာခဲ့ကြတာပဲ ... သားမသွားရင် မေမေသွားမယ်"

"နေပါဦး မေမေရာ ... သားပဲသွားကြည့်ပေးပါ့မယ်၊ လူကြီးချင်းတွေ ပြဿနာမတက်စေချင်လို့ပါ"

မိုးမြင့်မြတ်ပဲ သွားတွေ့ဖို့ဆုံးဖြတ်ထားသည်။ ရွှေမှုံ့ရဲ့ နေထိုင်စားသောက်မှုတွေကို သူကိုယ်တိုင်သိချင်နေ၍။ အဆင်မှပြေပါ့မလား။ ဒီကောင်မလေးက မာနကြီးကြီး ... ဂျုတ်ဆတ်ဆတ် ... ယောက်ျားမနှင့်ရော သင့်မြတ်ပါ့မလား။ သူ ဆိုးမစကားတွေပြောချင်သည်။

"သား ..."

"ဗျာ မေမေ"

"ရွှေမှုံလေးက ... သားကြောင့် ... ဟိုကောင်လေးကို လက်ထပ်လိုက်တာပါ။ ငယ်ငယ်လေးထဲက မင်းဆီကအချစ်တွေကို မျှော်လင့်နေခဲ့တဲ့ ရွှေမှုံလေးပါ၊ ဥပေက္ခာပြုမထားစေချင်ဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆန္ဒအရရော ... သူကိုယ်တိုင်လည်း သိချင်နေ၍ ရွှေမှုံရဲ့ထံ သွားတွေ့ဖို့ပဲဆုံးဖြတ်ထားသည်။ ပထမဆုံး ကိုပြီးပြည့်စုံနှင့်သွားတွေ့ဖို့ စိတ်ကူးမိပြီး ကိုပြီးပြည့်စုံကုမ္ပဏီကိုသွားတော့ ကိုပြီးပြည့်စုံရဲ့မာမီက ကားနှင့်ခေါ်ဆောင်သွားတာတွေ့လိုက်ရ၏။ အိမ်ပြန်ကြတာထင်တယ်ဟုတွေးမိပြီး ရွှေမှုံရှိနေတဲ့အိမ်ကို ရောက်လာသည်။

"ကျွန်မနာမည်က ချမ်းချမ်းပါ၊ မမလေးရွှေမှုံ ရှိပါတယ်၊ မာမီကြီးနဲ့အကိုကြီးတို့ကတော့ မရှိကြပါဘူး"

"ဟုတ်လား ..."

"မမလေးကိုတွေ့ချင်ရင် အထဲဝင်သွားလေ၊ သွားပါ"

"ကျေးဇူးပါပဲ မချမ်းချမ်း"

ကိုပြီးပြည့်စုံနှင့် ဘယ်လိုပတ်သက်နေမှန်းမသိဘဲ ချမ်းချမ်းဆိုတဲ့မိန်းမက အတင်းကြီး အထဲခေါ်လာသည်။ ပြီးတော့ ရွှေမှုံကို ခေါ်ပေး၏။ သူ ဧည့်ခန်းကနေပဲထိုင်စောင့်ရင်း ... ရွှေမှုံယောက်ျားမိသားစုက ဘယ်ဆိုးလို့လဲဟု ထင်မိသည်။

"ကိုကို"

"ရွှေမှုံ"

"ဘာလာလုပ်တာလဲဟင်"

"မေမေက အရမ်းစိတ်ပူနေလို့ပါ၊ ကိုကို့ကို လာကြည့်ခိုင်း





တာလေ၊ ရွှေမှုံတို့ယောက်မလား ကိုကို့ကို တိုက်ထဲအတင်းခေါ်နေတယ်၊ မချမ်းချမ်းတဲ့ ..."

အိမ်ဖော်ပါဟု ရွှေမှုံမပြောချင်။ မာမီက ရွှေမှုံ့ကိုနှိပ်ကွပ်ဖို့ အထူးတာဝန်ပေးအပ်ထားသည်။ အခုလည်း ကိုကို့ကို ရွှေမှုံနဲ့တွေ့ဖို့ အတင်းခေါ်တာ ... ထောင်ခြောက်ဆင်တာ ကိုကိုရဲ့ ... စိတ်ကောင်းရှိတယ်ထင်နေလို့လား။ ယောက်ျားကွယ်ရာမှာ ကိုကိုနဲ့တွေ့ဖို့ ဖန်တီးနေတာ ... မချမ်းချမ်း ဘယ်လောက်အကျင့်ယုတ်တာ မပြောပြချင်ပေ ... မေမေရော ... အန်တီကော်ရော ... ရွှေမှုံ့ကြောင့် စိတ်သောကတွေမရောက်စေချင်၍ ဖြစ်သည်။

"ရွှေမှုံ အဆင်ပြေပါတယ်ကိုကို ... ဘာမှမဖြစ်ပါဘူး၊ စိတ်မပူဖို့ပြောပေးပါနော်"

ရွှေမှုံနှင့်အန်တီခက် ဖုန်းပြောဖို့ပြင်နေတုန်းပဲ ယောက္ခမကြီးက ဖုန်းကိုဆွဲယူပြီး သိမ်းထားလိုက်သည်။ မတော်ရတဲ့ယောက္ခမနဲ့ အလွမ်းသယ်မနေနိုင်တဲ့ ... ရွှေမှုံ ... အသားတဆတ်ဆတ်တုန်နေအောင် ဒေါသထွက်ရပေမယ့် သည်းခံနေလိုက်၏။ ဘယ်တုန်းကမှ သည်းမခံတတ်တဲ့ ဇော်ဇော်ကြွမလေးရွှေမှုံရဲ ... သည်းခံတတ်လာသည်။

"ကိုကို ပြန်ပါ၊ ရွှေမှုံအတွက် စိတ်ပူစရာဘာမှမရှိဘူးဆိုတာ ကိုကိုအမြင်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှုံ ..."

"ရှင် ..."

"ကိုကို တောင်းပန်ပါတယ်၊ ရွှေမှုံ့အပေါ် ကိုကို အကြင်နာမဲ့ခဲ့တယ်၊ တကယ်တော့ ကိုကို ... ရွှေမှုံ့အပေါ် သံယောဇဉ်တွယ်ရပါတယ်"

"အဟက် ... ရယ်ရတယ်နော် ... တော်ပါတော့ ကိုကိုရာ ပြန်ပါ၊ မေမေ့ကို စောင့်ရှောက်ပေးပါ၊ အန်တီခက်ကိုလည်း သတိရကြောင်း ပြောပြပေးပါ၊ ရွှေမှုံ ပျော်ရွှင်စွာနေနေပါတယ်လို့"

"ရွှေမှုံ့ဆီ ဘာဖြစ်လို့များ ဖုန်းဆက်လို့မရတာလဲ"

"ရွှေမှုံ မဆက်ချင်လို့ပါ ... နောက်မှ မေမေ့ဆီလာခဲ့မယ်၊ အခုတော့ ကိုကြီးလည်း အလုပ်တွေရှုပ်နေလို့ပါ"

"ကိုပြီးပြည့်စုံရဲ့ကုမ္ပဏီကိုသွားတော့ သူ့မာမီနဲ့ထွက်သွားတာတွေ့တယ်၊ ကိုကိုက အိမ်ပြန်တယ်ထင်ပြီး လာခဲ့တာပဲ ရွှေမှုံ"

ကိုကို ... အခုမှ ဘာဖြစ်လို့များ ရွှေမှုံ့ကိုဂရုတစိုက်လုပ်ပြနေရတာလဲ။ အမြဲတမ်း ရွှေမှုံ့အတွက် စိတ်အနှောက်အယှက်တွေဖြစ်ရတယ်ဆိုပြီး ဥပေက္ခာပြုနေခဲ့တာပါ။ သူမ ငိုပစ်ချင်သည်။ ကိုကြီးတို့သားအမိ ဘယ်သွားကြတာလဲ ... ယောက္ခမကြီးဒေါ်ဘရဏီက ကွယ်ရာမှာဆိုရင် ... ရွှေမှုံ့ကိုနှိပ်စက်တယ်။ ကိုကို့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်၍ တိုင်ပစ်ချင်နေ၏ ... ကိုကို ထပြန်တော့ ... သူမ





မျက်ရည်တွေအပြည့် ... အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။ ငိုပစ်မိ၏။ ညဉ့်နက်မှ ကိုကြီးရောက်လာလေသည်။

"မင်းဆီကို မိုးမြင့်မြတ်လာတွေ့တယ်ဆို ရွှေမှုံ"

ကလေးဟုခေါ်နေကျအသုံးအနှုန်းကနေ ရွှေမှုံဟု မာမာတင်းတင်းပြောဆိုလိုက်တဲ့ ကိုကြီးအား ... ရွှေမှုံ မော့ကြည့်မိသည်။

"ကိုကိုက ဘာလာလုပ်တာလဲ ... မင်းငိုထားတာလား ရွှေမှုံ"

"ကိုကြီးကရော ဘယ်သွားတာလဲ ... တကယ်တော့ ကိုကိုက ကိုကြီးကုမ္ပဏီကိုလာတာပါ၊ ကိုကြီးအမေနဲ့ထွက်သွားတာတွေ့လို့ အိမ်ပြန်တယ်ထင်ပြီး လိုက်လာတာတဲ့"

ချမ်းချမ်း ... ကြိုတင်၍ အတိုအထောင်လုပ်လိုက်ပြီဆိုတာ ရွှေမှုံ သိလိုက်သည်။

"ဘာကိစ္စလဲလို့ မေးနေတယ်လေ"

ရွှေမှုံက ... မိုးမြင့်မြတ်ရှေ့မှာငိုသည်ဟု ချမ်းချမ်းဖုန်းဆက်ထဲက သူ့ရင်တွေ မီးတောက်မတတ် ခံစားခဲ့ရသည်။ ကိုကိုနဲ့ရွှေမှုံ့တို့က လူကြီးချင်းစေ့စပ်ဖို့အထိ ခရီးရောက်ခဲ့ကြသူတွေ ...

"ကျွန်မကို စိတ်မချလို့လာကြည့်တာပါ၊ မေမေနဲ့အန်တီခက်က ကြည့်ခိုင်းတာတဲ့ ..."

"မင်း ငိုတာကရော"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မက ဘာဖြစ်လို့ငိုပြရမှာလဲ ... မငိုပါဘူး ... ကျွန်မ ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ကိစ္စလေ၊ ကျွန်မ မျက်ရည်ခံမထိုးတတ်ဘူး"

"ရွှေမှုံရဲ့ ... မင်း ... မင်း ... မိုးမြင့်မြတ်ကို ခေါ်လိုက်တာ မဟုတ်လား၊ ငါတို့သားအမိ မရှိတာ သိလို့လေ"

"ဘာပြောတယ် ... စကားပြောတာ ... ကြည့်ပြောပါ ကိုပြီးပြည့်စုံ ... ကျွန်မကို အတင်းအကျပ် ရှင်ပဲလက်ထပ်ယူတာ နော်"

"ဟုတ်တယ် ... ငါက မင်းကိုချစ်လွန်းလို့ အတင်းအကျပ် ယူခဲ့တာ ... မင်းကတော့ ငါ့ကိုခုတုံးလုပ်ပြတာ ... မင်းချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို အရွဲ့တိုက်ပြတာလေ"

"ရှင် ဘယ်လိုလူလဲ ... သဘောထားသေးသိမ်လိုက်တာ"

"ငါ ဘယ်ကိုသွားတာလဲလို့ မင်းမေးတယ်နော်၊ ပြောပြမယ် ငါ့ချစ်သူဟောင်း ... ငါ့အမေ အရမ်းသဘောကျတဲ့ချွေးမလောင်း နေရည်ရည်က ညစာကျွေးဖို့ဖိတ်လို့လေ ... ထပ်ပြောမယ် ... ငါ လက်ထပ်တာ ခုထိမသိသေးဘူး၊ သိပြီလား"

"ရှင်"

ကိုကိုကြီးအား ... သူမ အထိတ်တလန့်နှင့် မော့ကြည့်လိုက်တော့ မင်းသားခေါင်းတပ်ထားတဲ့ ဘီလူးရုပ်က ထင်းခနဲပေါ်လာသည်။ ရှင့်ကို လူကြီးလူကောင်းတစ်ယောက်လို့ အထင်ကြီးခဲ့ရတာ





ပါ။ ကျွန်မ ... ဘယ်လောက်ပဲကလေးဆန်ပြီး အရွဲ့တိုက်တတ်ပါစေ။ လင်ကြီးငုတ်တုတ်ရှိလျှက်နဲ့ ... ဘယ်လိုယောကျ်ားမျိုးနဲ့မှ မဖောက်ပြန်ဘူး။ ကျွန်မ ဒီလောက်အထိအောက်တန်းမကျသေးပါဘူးနော် ... ရွှေမှုံ နှုတ်ခမ်းသားလေးတွေကို စေ့ကပ်ထားမိသည်။

"တော်ပြီကွာ ... မင်းနဲ့ စကားမပြောချင်တော့ဘူး၊ မင်း နှလုံးသားထဲမှာ ကိုကိုပဲရှိတယ်ဆိုတာ ... ငါ ... အစောကြီးထဲက သံသယရှိနေခဲ့တာကွ ... မင်း သေသေချာချာစဉ်းစားပါ ... မင်း ပြန်သွားချင်ရင် ငါကွာရှင်းပေးမယ်"

ချမ်းချမ်းကတော့ ကိုကိုကြီးအား အတို့အယောင်လုပ်လိုက်ပြီဆိုတာ ... ရွှေမှုံ သိလိုက်သည်။

"ဒီမှာကိုကြီး ... အချစ်ဟောင်းရောက်လာလို့ ... ရွှေမှုံကို စွန့်ပစ်ဖို့ကြိုးစားတာလား"

"မင်းကရော ... မင်းချစ်တဲ့ကိုကို ရောက်လာလို့"

"တော်ပါတော့ကိုကြီး ... ရွှေမှုံငယ်ပေမယ့် ကလေးဆန်တဲ့ အလုပ်တွေ ဘယ်တော့မှမလုပ်ပါဘူး၊ ကွာရှင်းပြတ်စဲဖို့စကားတွေ ကိုကိုကြီးဘက်ကစပြောတာ ရွှေမှုံအရမ်းအံ့သြတယ်"

"မင်းကရော ... ငါ့ကွယ်ရာမှာ ငါ့အမေကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံနေတာ ... မင်းကိုချစ်လို့ ငါ့အမေ ဘာပဲပြောပြော နားမဝင်နိုင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ... ရွှေမှုံလုပ်တာမဟုတ်ဘူးနော် ... ကိုကြီးအမေ လုပ်တာ"

"ဘာပြောတယ်၊ မင်းကများ ငါ့အမေကို တောက်"

ကိုကိုကြီးက ဒေါသတကြီး တောက်ခေါက်ပြီး ထွက်သွားသည်။ တကယ်ပါပဲ ... ဘယ်လိုလူတွေလဲ ... စိတ်သဘောထား မပြည့်ဝလိုက်တာ ... ကိုပြီးပြည့်စုံကိုအားကိုးမိတာ ... ရွှေမှုံ နောင်တတွေ ရနေမိ၏။ ရွှေမှုံ ဘယ်လိုလုပ်ရမလဲ။ ကြောက်လိုက်တာ ... ရွှေမှုံ ယောကျ်ားယူတာ ဘယ်လောက်များကြာသေးလို့လဲ။ မေမေ လက်ခံမှာမဟုတ်ဘူးဆိုတာ ရွှေမှုံသိသည်။

"ရွှေမှုံရဲ့ ... ညည်း ကျုပ်သားကို ဘာဖြစ်လို့စိတ်ထိခိုက်ကြေကွဲအောင်လုပ်ရတာလဲ၊ ရည်းစားဟောင်းကိုများအေ ... ကျုပ်တိုက်ထဲအထိ ခွဲသွင်းပြီးတွေ့ရလား"

"ဒီမှာ မာမီ"

"ငါ့ကို မာမီလို့မခေါ်နဲ့ ... နင့်အသံလည်း မကြားချင်ဘူး၊ နင့်အိမ်နင်ပြန်တော့ ... အခု ငါရွေးချယ်ထားတဲ့ချွေးမလောင်းက ပြန်ရောက်လာပြီ၊ နင့်ကြောင့် လက်လွှတ်လိုက်ရတာ ... ငါ့သားကို နင်ဖြားယောင်းမြှူဆွယ်ပြီး အပိုင်ချိုင်တာပဲ"

"ရှင် ... ရှင်"

ရွှေမှုံ ... ဘာပြန်ပြောရမှန်းပင်မသိတော့ ... ကိုကြီးမာမီရဲ့





အကွက်ထဲ ရွှေမှုံတိုးဝင်မိသွားပြီဖြစ်သည်။ ယောကျ်ားနဲ့ကွာရှင်းပြီး မေမေ့ဆီပြန်သွားလို့ မဖြစ်ဘူး။ ဒေါ်ဘရဏီကို ခြေသလုံးဖတ်ပြီး တောင်းပန်လိုက်ချင်တဲ့စိတ်တွေပင် ... ရှုံးသွပ်စွာဖြစ်ပေါ်နေခဲ့၏။ မေမေက အရှက်တွေ ဂုဏ်သိက္ခာတွေနဲ့ လူလုပ်တာပါ။ အန်တီခက်ဆီ အကူအညီတောင်းလို့ရနိုင်ပေမယ့် ... ရွှေမှုံ့အရှုပ်ထုပ်ကို သယ်ဆောင်မသွားချင်တော့ ... အဖြစ်အပျက်တွေအားလုံးက ရွှေမှုံ့အမှားတွေပါ။ ကိုကိုလည်း မှားတာပဲ ... ရွှေမှုံ့ကိုသာ ဂရုတစိုက်ရှိနေခဲ့ရင် ... ယောက္ခမကြီးဒေါ်ဘရဏီက ရွှေမှုံ့အား ခါးခါးသီးသီးပဲ ပြောဆို၍ မောင်းထုတ်နေလေသည်။

+++

[redacted]

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ညည်း ... ဘာဖြစ်လို့များ ယောကျ်ားတစ်ယောက်ကို ငမ်းငမ်းတက်အမိဖမ်းရတာလဲ ရွှေမှုံရဲ့ ... အင်းလေ ... ညည်းက အစွမ်းအစမှ မရှိတာဘဲ"

"ဘာပြောတယ် ... ရှင် ... ရှင် ... အခြောက်တိုက် လူကို လာပြီးစော်ကားနေတာပဲ ... ကိုကြီးက ကျွန်မကိုအတင်းအကျပ် မြူဆွယ်ဖြားယောင်းပြီး လက်ထပ်ခဲ့တာရှင့် ... သိရဲ့လား"

"ပြည့်စုံကပြောတော့ ညည်းကမြူဆွယ်တာတဲ့ ... အခု ညည်းကို အန်တီဘရဏီကလည်း ချွေးမအဖြစ် လုံးဝလက်မခံတော့ ဘူး ... ထွက်သွား ... အရှက်မရှိတဲ့ဟာမ"

"လူယုတ်မာတွေ ... လူလိမ်လူညာ ... ကိုပြီးပြည့်စုံ ... လူယုတ်မာကြီး ... ကိုကို ... ကိုကိုရေ ..."

"ကိုကိုရေ ..."





"ရွှေမှုံရဲ့ ... မင်း ဘာတွေအော်နေတာလဲ ... အိပ်မက်ထဲမှာ တောင် မင်းအဆက်ဟောင်းကို တမ်းတနေတုန်းပဲလားကွ"

သူမခန္ဓာကိုယ်လေး ကြမ်းတမ်းစွာတွန်းဖယ်ခံလိုက်ရ၍ ရွှေမှုံ လန့်ပြီးနိုးသွားရသည်။

"ဟင် ..."

"ဒီမှာရွှေမှုံရဲ့ ... မင်းက တို့မိသားစုကို လူယုတ်မာတွေလို့ စွပ်စွဲချင်တာလား၊ မင်းတမ်းတနေတာ ကိုကိုပဲ"

"ရှင် ..."

"ဘာရှင်လဲ"

ဘုရားရေ ... သူမ အိပ်မက်မက်နေတာပဲ ... ဟိုမိန်းမ နေရည်ရည်က လာပြီးရန်တွေ့နေသည်။ ကိုကြီးမျက်နှာကနီရဲတွတ် နေ၏။ သူမ စိတ်တွေလျှော့ပစ်ပြီး နှိမ်ချတောင်းပန်တာတစ်ခုပဲ လုပ်ဖို့ရှိတော့သည်။

"မဟုတ်ပါဘူး ကိုကိုကြီးရယ် ... အိပ်မက်ကကြောက်စရာ ကောင်းလို့ပါ၊ ရွှေမှုံ တောင်းပန်ပါတယ်၊ ယောင်သွားတာပါ"

ပြီးပြည့်စုံကတော့ ရွှေမှုံရဲ့ကိုချစ်မြတ်နိုးပေမယ့် ရွှေမှုံ့ရင်ထဲ ဖိုးမြင့်မြတ်အား ... ဖယ်ထုတ်၍မရနိုင်ကြောင်း သိလာရသည်။ ရွှေမှုံက မျက်နှာငယ်လေးနှင့်တောင်းပန်နေ၍ သနားမိရ၏။ မာမီက နေရည်ရည်နှင့် လက်ထပ်စေလိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှုံ့နှလုံးသားက မိုးမြင့်မြတ်ရှိနေတာ ... ဘယ်လိုမှ ဖယ်ထုတ်လို့မရနိုင်ပါဘူး သားရယ် ... မင်းကိုအသုံးချခဲ့တာပဲ ... မင်းအသိဆုံးပါ၊ အခု ဘယ်လောက်အထိအတင့်ရဲလဲ ... တိုက်ထဲအထိခေါ်သွင်းရဲတယ်၊ နောက်ပိုင်း သားအရှက်သိက္ခာမဲ့စရာတွေ ဖြစ်လာလိမ့်မယ်"

ပြည့်စုံအကြောက်ဆုံးက သူ့ဇနီး ဖောက်ပြန်မှာကိုပင်ဖြစ်သည်။ ခေတ်ရှေ့ပြေးလွန်းနေတဲ့ နေရည်ရည်ကိုပင် ... သူ လက်မထပ်လိုခဲ့ ... မင်းရင်ထဲကနေ ကိုကို့ကို မောင်းထုတ်ဖယ်ရှားပစ်ပေးပါကွာ ...

"ကိုကြီး ... "

"ဟင် ... "

"ရွှေမှုံ့တို့ အိမ်ခွဲနေကြရအောင်ပါ၊ ဆင်းရဲတာ၊ ချမ်းသာတာကို ရွှေမှုံ့ ရင်ဆိုင်ဖြတ်သန်းပါ့မယ်နော်"

"မဖြစ်နိုင်ပါဘူး ရွှေမှုံ့ ... ကိုကြီးက မာမီ့ရဲ့တစ်ဦးတည်းသောသားပါ၊ ကိုယ် ခွဲထွက်သွားဖို့ မလိုအပ်ပါဘူး"

ရွှေမှုံ့ရဲ့ကို သူလက်ထပ်မိတာ မှားသွားပြီဆိုတဲ့အသိတွေ သူ့နှလုံးသားတွေထဲ ဝင်ရောက်လာသည်ကို စိုးရိမ်ထိတ်လန့်နေသည်။

"ရွှေမှုံ့ တောင်းပန်ပါတယ် ကိုကြီးရယ် ... ကွာရှင်းပြတ်စဲလို့





တော့ မဖြစ်နိုင်ပါဘူး၊ ရွှေမှုံ့ လိမ်လိမ်မာမာနဲ့ မာမီ့စိတ်တိုင်းကျ ဖြစ်အောင် နေထိုင်ပါ့မယ်"

"ရွှေမှုံ့"

"ရှင်"

အရင်ကတော့ ကလေး ... ကလေးနဲ့ ... အခု ရွှေမှုံ့တဲ့ ... ကိုကြီးရဲ့ပြောင်းလဲမှုက မြန်ဆန်လွန်းသည်။ ဒါပေမယ့်လည်း ရွှေမှုံ့ သည်းခံရုံကလွဲပြီး တခြားနည်းလမ်း ရွေးစရာမှမရှိတာ ... သူမ ဒူးထောက်အညံ့ခံတာ ရှင်ပထမဆုံးပဲ ...

"ရွှေမှုံ့ရဲ"

"ရှင်"

"မိုးမြင့်မြတ်ကို မင်းနှလုံးသားတွေထဲက ဖယ်ထုတ်ပစ်ပါ"

"ရှင်"

ရွှေမှုံ့ ... အံ့ဩထိတ်လန့်စွာဖြင့် ကိုကြီးပြည့်စုံကိုမော့ကြည့်မိသည်။ ကိုကို့ကို ဘာအကြောင်းနဲ့ဖယ်ထုတ်ပစ်ရမှာလဲ ... ကိုကိုနဲ့ ဘူနှမ ဖောက်ပြန်မယ်လို့ ရှင်ထင်နေတာလားဟင် ... သဘောထားသေးသိမ်တဲ့ ယောကျာ်းမျိုးကို ရွှေမှုံ့ မုန်းသည်။

"မင်းပြောလေ ... မင်းချစ်နေတာ ကိုကိုပဲ ... မင်း နောက်သည်းပတ်သက်နေဦးမှာပဲမဟုတ်လား၊ ရွှေမှုံ့ရဲ့ ပြောလေ"

ရွှေမှုံ့ရက ... ရုတ်တရက်အဖြေမပေးနိုင်လေ ... ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးမကျေမနပ် ဖြစ်ရလေပါဘဲ ...

"ရွှေမှုံရဲ့ ... မင်း ဘာဖြစ်လို့ရုတ်တရက်ကြီး အဖြေမပေးနိုင်ရတာလဲ ... ပြောစမ်းပါ၊ မင်း ဒီကောင့်ကိုအရမ်းချစ်ခဲ့တာပဲ ... ကိုယ့်ကို မင်း အသုံးချပစ်လိုက်တာ"

ကိုကြီးက ... သူမလက်မောင်းသားတွေကို တင်းကြပ်စွာဆုပ်ကိုင်လှုပ်ခါရမ်းပစ်နေသဖြင့် လက်မောင်းသားတွေ နာကျင်လွန်းပေမယ့် ... သူမနှုတ်ခမ်းတွေက ကိုကြီးလိုချင်တဲ့အဖြေတစ်ခုပေးဖို့ ဝန်လေးစွာ စေ့ကပ်နေသည်။

"မင်းကို ငါကွာရှင်းမှဖြစ်တော့မယ် ရွှေမှုံရဲ့ ... မင်း သစ္စာမရှိဘူး၊ မင်းနဲ့ကိုကိုတို့ အချိန်မရွေးဖောက်ပြန်သွားနိုင်တယ်၊ မင်းကိုကြောက်တယ်"

"အဓိပ္ပာယ်မရှိတဲ့စကားတွေကို ... ဆက်မပြောပါနဲ့တော့ ကိုကြီးရယ် ... ရွှေမှုံ တောင်းပန်ပါတယ်နော်"

"တော်ပြီကွာ ... မင်းနဲ့ ဆက်ပြီးစကားမပြောချင်တော့ဘူး ငါ့တောင်းဆိုမှုတွေကို မင်းက လိုက်နာဖို့ငြင်းတာလား ... မင်းကို လက်ထပ်မိတာမှားသွားပြီ ငါအရမ်းမှားတယ်"

ရွှေမှုံ့အတွက် ဆက်ပြောစရာစကားတွေ ပြည့်စုံမှာမရှိတော့ နေရည်ရည့်မှာက ... တရားဝင်ချစ်သူဆိုတာမရှိခဲ့ ... ရွှေမှုံရဲ့မှာက ကိုကိုရှိနေတယ်။ သူ နာကျင်နေရသည်။





"ငါတို့ကွာရှင်းကြမယ် ရွှေမှုံရဲ့ ... ငါရွေးချယ်သင့်တာက နေရည်ရည်ပဲ ... မင်းနဲ့လက်ထပ်တာ နေရည်ရည်တို့မိသားစု မသိသေးဘူး"

"ကိုကြီး ... ကျွန်မနဲ့က တရားဝင်လက်ထပ်ထားတာလေ၊ ကိုကြီးပဲ ကျွန်မကို အတင်းအကျပ်လက်ထပ်ဖို့ စည်ရုံးလုပ်ဆောင်ခဲ့တာပဲ ... ကျွန်မ လုံးဝမကွာရှင်းနိုင်ဘူး၊ ကျွန်မ ဒီတိုက်ကြီးထဲမှာပဲနေမယ်"

ရွှေမှုံ ဆုံးဖြတ်လိုက်သည်။ မေမေ့ဆီရော ... အန်တီခက်ဆီပါ ရွှေမှုံ မသွားလိုပေ ... လက်ထပ်တာ ဘယ်လောက်များကြာသေးလို့လဲ။ ရွှေမှုံက တစ်ခုမှတိတိကျကျမသိတော့ဘဲ ဒီတိုက်ကြီးထဲကနေ ဘယ်မှထွက်မသွားဖို့ဘဲ စဉ်းစားထားသည်။

"မင်း ... မင်း ... ငါ့ကိုဒုက္ခပေးဖို့လား ရွှေမှုံရဲ့ ... ကိုကို့ကို ရွှေမှုံ လုံးဝမကြိုက်ပါဘူးလို့ မင်းနှုတ်ခမ်းတွေထဲကနေ ထွက်ကျလာမယ့်စကားတွေကို ကိုယ်ကြားချင်တယ်"

"ကျွန်မတို့ကြားမှာ ဒါမျိုးတွေမလိုအပ်ဘူးလို့ ကျွန်မထင်တယ်၊ ကျွန်မက ကိုကြီးရဲ့ဇနီးဖြစ်နေပြီပဲ ... ဒါက တရားဝင်ပါတယ်"

ကိုကို့ကို မုန်းတီးနာကျည်းမှုတွေ ရွှေမှုံ့ရင်ထဲမှာရှိနေခဲ့ပေမယ့် ... ကိုကို့ကို မချစ်ဘူးဆိုတဲ့စကားတွေကို ပြောထွက်ဖို့ ရွှေမှုံ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းသားတွေက စေ့ကပ်နေသည်။ ကိုကို့ကို ချစ်တယ်ဆိုတဲ့ စကားတွေပဲ ပြောပစ်ချင်ခဲ့၏။ ချစ်တာနှင့်လက်ထပ်တာကို ရွှေမှုံ တစ်ထပ်တည်းကျစေရန် စွမ်းဆောင်ဖို့အင်အားတွေ ကင်းမဲ့နေသည်။

"မင်းပြောစမ်းပါ၊ မင်းပြောလေ၊ မင်းချစ်နေတာက ကိုကိုပဲ တကယ်တော့ မင်းကို ငါမချစ်သင့်ဘူး၊ လက်ထပ်ဖို့မကြိုးစားသင့်ဘူး"

ကိုကိုကြီးက ပြန်ထွက်သွားသည်။ သူ ... အခုတလော လသာဆောင်မှာ အရက် သွားပြီးသောက်နေတတ်သည်။ မေမေ ပြောသလိုပဲ ယောက်ျားတစ်ယောက်ကို စုံစမ်းလေ့လာခြင်းမပြု။ သူမ အရွဲ့တိုက်တတ်တဲ့အကျင့်တစ်ခုထဲနဲ့ လက်ထပ်ခဲ့တာပါ။

"ရှင် တော်တော်သဘောထားသေးသိမ်တဲ့လူပဲ ... မထင် ရဘူး၊ လူကြီးလူကောင်းပီသမယ်လို့ ကျွန်မထင်ထားတာပါ"

ရွှေမှုံတစ်ယောက်ထဲ ... ကျိန်ရစ်ခဲ့သည်။ လောကကြီး အကြောင်းကို ရွှေမှုံ ဘာမှမသိ ... လူမှန်းသိတတ်စအရွယ်ထဲကစပြီး ကိုကို့အကြောင်းပဲ စဉ်းစားလာခဲ့တာ ... ကိုကို့ကိုပဲ ရွှေမှုံ့ဘဝ ... ရွှေမှုံ့ကမ္ဘာဟု ထင်မှတ်နေခဲ့သည်။

"ရွှေမှုံ ဒီကနေတစ်ဖဝါးမှမခွာဘူး ... ဒီမှာပဲနေမယ်၊ ဒီတိုက်ကြီးထဲမှာ ဘယ်လိုဘဝမျိုးနဲ့ နေရနေရ နေမယ်"





ရွှေမှုံ ... ဘာဆက်လုပ်ရမှန်းပင်မသိတော့ သူပါးပြင်လေး ပေါ်သို့ မျက်ရည်တွေလိမ့်ဆင်းကျလာသည်။

"ကိုကို့ကြောင့်ဖြစ်ရတာ ... ကိုကိုလူဆိုး ... ရွှေမှုံ့နှလုံးသား တွေထဲမှာ ကိုကို့ကိုချစ်တယ်"

ကိုကိုကြီးကိုလည်း သူမ ကွာရှင်းပေးခ င်ပေမယ့် ... ရွှေမှုံ ဘယ်သွားနေရမှန်းလည်းမသိဘူး ... အိမ်လည်းမပြန်ချင်ဘူး။ လက်ထပ်ထားတာ ဘယ်လောက်ကြာသေးလို့လဲ ... သေချင်တယ် သေပစ်ချင်ပါတယ်။ ကိုကိုကြီးက သူမထံ တစ်ညလုံးပြန်မလာပေ။ နေပေါ် ... သူမ အိပ်ပစ်လိုက်သည်။

"ရွှေမှုံရဲ့ ... ဟဲ့ရွှေမှုံရဲ့ ... ငပျင်းမ ... ဒီလောက်အထိ အိပ် နေရလား ... နင်ကျတော့အိပ်ခန်းထဲမှာ ငြိမ့်နေ့ပြီး ... ငါ့သားက လသာဆောင်မှာအိပ်နေရတယ်"

"ရှင် ... "

ယောက္ခမကြီး အသံကျယ်လွန်းသဖြင့် ... သူမ လန့်နိုးလာ၍ ငုတ်တုတ်ထိုင်မိသွားသည်။

"ဟဲ့ ... နင့်ကို ငါပြောနေတာကြားလား၊ နင် ဘာဖြစ်လို့များ ဒီလောက်အထိခေါင်းမာနေရတာလဲ ရွှေမှုံရဲ့"

"ကျွန်မ အိပ်ပျော်သွားလို့ပါ မာမီ ... ကိုကြီးကိုစောင့်နေရင်း နဲ့ပါ၊ တောင်းပန်ပါတယ်နော် ... အခုပဲ ကျွန်မသွားခေါ်လိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ရွှေမှုံရံ ..."

"ရှင် ..."

"ကျူပ်သားကို ကွာရှင်းပေးပါ"

"မဖြစ်နိုင်တာဘဲ မာမီ ... ကျွန်မတို့လက်ထပ်ထားတာမှ မကြာသေးတာဘဲ ... မာမီကိုယ်တိုင် အတင်းအကျပ်လက်ထပ်ပေးခဲ့တာပဲ"

"ဘာပြောတယ်"

"ကျွန်မ ဒီမှာပဲနေမယ်၊ ပြန်စရာလည်း မရှိဘူး"

"ညည်းမှာ အိမ်ရှိတာပဲ ... ညည်း ... မတော်လိုက်ရတဲ့ ယောက္ခမကြီးက ညည်းကိုချစ်တယ်ဆို ... ကိုကိုဆိုတာက ညည်းရည်းစားဟောင်း မဟုတ်လား"

"အဲဒါတွေက ကျွန်မအပျိုစင်ဘဝကအခြေအနေတွေပါ မာမီ အခု ကျွန်မအိမ်ထောင်ကျနေပြီ ... ကျွန်မရဲ့အပျိုစင်ဘဝလေးကို မာမီ့သားက ဝါးမျိုဖျက်စီးပစ်လိုက်တယ်လေ ... ကျွန်မကို အရမ်းနစ်နာအောင်မလုပ်ပါနဲ့ ... ကျွန်မ သက်ဆိုင်ရာကိုတိုင်မှာနော်"

"ဘာ ..."

အမြင်ကတ်လာသဖြင့် ဒေါ်ဘရဏီအား ခြိမ်းခြောက်ပစ်လိုက်သည်။ ရွှေမှုံရံ့ကို ဒီလိုအချိုးမျိုးလာချိုးလို့ မရဘူးနော် ...





အစထဲက သဘောမတူရင်ကန့်ကွက်လေ ... သားရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်နေတာတော့ ရွှေမှုံမုန်းသည်။

"မာမီ့သားကို ထောင်ထဲပို့ပစ်လိုက်မှာနော် ... စီးပွားရေးလုပ်ငန်းရှင်ကြီး ... နာမည်ပျက်သွားချင်လား ... ကျွန်မအသက်ဆယ့်ရှစ်နှစ် မပြည့်သေးဘူးနော်"

"ညည်း ... ညည်း ... တော်တော်လူပါးဝတဲ့ ကောင်မလေးပဲ ... ကြောက်စရာကောင်းလိုက်တာ ... ငါ့သားကို မြူဆွယ်ဖြားယောင်းပြီး အရယူသေးတယ်၊ ထောင်ထဲပို့မယ်လေးဘာလေးနဲ့"

"ပို့မယ် ... ပို့မယ် ... ထောင်ထဲကိုပို့ပစ်မယ်၊ ရွှေမှုံရံ့ကို ဘာထင်နေလို့လဲ"

"ပိုင်းလုံးမ ... ငါ့သားတင်မကဘူး၊ ငါ့အိမ်ကိုပါ အပိုင်စီးချင်တယ်၊ ဘရဏီအကြောင်း နင်ကောင်းကောင်းသိစေရမယ်"

"ရွှေမှုံရံ့အကြောင်းလည်း ကောင်းကောင်းသိစေရမယ်လေ၊ နေရည်ရည့်ကို သွားပြောမယ်၊ ကိုပြီးပြည့်စုံက ကျွန်မနဲ့ တရားဝင်လက်ထပ်ထားပြီးသားပါလို့"

"ဘာပြောတယ်"

ဒေါ်ဘရဏီ ဒေါသတွေပေါက်ကွဲပြီး ... ရွှေမှုံရံ့ပါးကို ရိုက်ပစ်ဖို့ လက်ပြင်လိုက်ပြီးမှ ... မိမိအလွန်ဖြစ်မှာစိုး၍ မရိုက်တော့ဘဲ ဒေါသတကြီး ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် … ဒေါသဖြစ်လိုက်တာ … နင် သတိထားနော်၊ စိတ်ရှိလက်ရှိသာ ထုရိုက်ပစ်ချင်တယ်"

ဒေါ်ဘရဏီ ထွက်သွားသည်။ သူမ တဟားဟားနှင့်အော် ရယ်တော့ … ဒေါ်ဘရဏီ ဒေါသတကြီး နောက်ပြန်လှည့်ကြည့်၏။ သူမ ရယ်ပစ်သည်။

"ဘုရားရေ … ရွှေမှုံ နင်ဘာတွေလုပ်နေတာလဲ၊ နင် ဒီအရွဲ့တိုက်တတ်တဲ့အကျင့်ကိုက မပျောက်ဘူး … ဒေါ်ဘရဏီက နင့်ယောက္ခမလေ … သေပြီ"

သူမ … တဟားဟားအော်ရယ်ပြီးမှ အသိတွေဝင်လာကာ ကြောက်သွားမိသည်။ ကိုကြီး ဘယ်မှာအိပ်နေလဲ … သူမက သိပ်ပြီး အပူအပင်ထားတတ်သူမှ မဟုတ်တာ … ကလေးဆန်တဲ့ အပြုအမူတွေပြင်ရမယ် … သူမ ထလိုက်သည်။ လသာဆောင်ရောက်တော့ စားပွဲပေါ်မှာ ကိုကြီးမှောက်နေ၏။ အချစ်ဆိုတာကို ရွှေမှုံ မခံစားရ … ကိုကြီးကိုလည်း သနားကြင်နာမှုမရှိ … သူမ အနားရောက်သွားတော့ ကိုကြီးကနိုးလာသည်။

"ကိုကြီး … တောင်းပန်ပါတယ်နော်၊ ရွှေမှုံလေ … ကိုကြီးကိုစောင့်နေရင်း အိပ်ပျော်သွားတယ် … ရွှေမှုံ့ကို စိတ်မဆိုးပါနဲ့တော့ ကိုကြီးရယ်"

ပြည့်စုံကတော့ ရွှေမှုံ့ရဲ့ ဘယ်လောက်အထိကလေးဆန်လဲ





ဆိုတာကို သိသိကြီးနှင့် လက်ထပ်ခဲ့မိသဖြင့် ဒီကောင်မလေးအား ဘယ်လိုချုပ်ကိုင်ရမှန်းမသိတော့ … အိပ်ချင်မူးတူးမျက်နှာလေးနှင့် ချောမောလှပတဲ့မျက်နှာပြင် နုနုဖူးဖူးလေးကို အတူးချစ်မြတ်နိုးနေဆဲပင်ဖြစ်သည်။ သူပဲ စိတ်တွေလျှော့ပစ်လိုက်ချင်နေ၏။ ရွှေမှုံ့ရဲ့ရင်ထဲမှာ သူရှိမနေတာ သူ သိသိကြီးပဲကြည့်လေ … သူ့ကိုသာခေါ်နေတာ … သူ့လက်မောင်းကို လာရောက်ချိတ်တွဲခေါ်ဆောင်ခြင်း မရှိပေ။ အေးစက်စက်နှင့် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေသည်။

"သား … "

"ဟင် … မာမီ"

"ဒီကောင်မကို လုံးဝအဖက်မလုပ်နဲ့ … သားကို ထောင်ထဲပို့ပစ်မယ်တဲ့"

"ဘာပြောတယ် မာမီ"

"မာမီ့ကိုပြောဆိုလိုက်တာ သားကိုထောင်ချမယ်ဆိုတာရော … အရှက်ခွဲမယ်ဆိုတာရော … ဂရုမစိုက်ဘူးဆိုတာတွေရော သားရယ် … ဒီလိုကြမ်းတမ်းတဲ့မိန်းကလေးမျိုး မတွေ့ဖူးပါဘူး၊ ရိုင်းလွန်းတယ်"

ကိုကြီးအကြည့်တွေက ရွှေမှုံ့ကို ခပ်ဆတ်ဆတ်မာမာထန်ထန် မော့ကြည့်သည်။ ရွှေမှုံ မှင်သေသေနှင့်ရပ်နေ၏။ ယောက္ခမကြီးပြောနေတာတွေကို မသိသလိုလို …



www.burmeseclassic.com

www.burmeseclassic.com

"မာမီ ဘာတွေလာပြောနေတာလဲဟင် ... ရွှေမှုံက ကိုကြီး မျက်နှာနဲ့ ဒီမှာလာနေရတာပါ။ ကိုကြီးအမေကို စော်ကားပါ့မလား ကိုကြီးရယ် ... မာမီပြောတာတွေကို မယုံပါနဲ့နော်"

"ဘာ ... ဘာပြောတယ်၊ ငါ့စကားကိုမယုံပါနဲ့ ဟုတ်လား၊ ရွှေမှုံရဲ့ ... နင် တော်တော်တတ်နိုင်တဲ့ဟာမပဲ ... ပိုင်းလုံးမ"

"ကိုကြီးရယ် ... ကျွန်မကို ကွာရှင်းပေးရမယ်တဲ့ ... ကျွန်မ တို့ လက်ထပ်တာမှ မကြာသေးတာဘဲ ... ကျွန်မမှာ ဒီကနေ ဘယ်လိုမှ ထွက်မသွားနိုင်ဘူး"

"ဟဲ့ကောင်မ ... နင် တော်တော်လေး မာယာများတာပဲ ကောင်စုတ်မ ... သား သူနဲ့ကွာရှင်းလိုက်ပါ ... ဒီလိုအဆင့်မရှိတဲ့ ကောင်မကို မာမီ့ချွေးမအဖြစ် လက်မခံနိုင်ဘူး"

"တော်ပါတော့ မာမီရာ ... သား ဘာမှမကြားချင်တော့ဘူး၊ ရွှေမှုံရဲ့ ... မင်းလည်း သိပ်ပြီးကလေးမဆန်စမ်းပါနဲ့ ... ဒုက္ခပါပဲကွာ"

ကိုကြီးက အော်ဟစ်တားဆီးပြီး ... ကားမောင်း၍ အပြင် ထွက်သွားသည်။ ရွှေမှုံတစ်ယောက်ထဲ ယောင်ချာချာနှင့်ကျန်ရစ်ခဲ့၏။ ယောက္ခမကြီး ဒေါ်ဘရဏီတစ်ယောက် ... ဒွေ့ဒွေ့ခုန်အောင် ဒေါသတွေပေါက်ကွဲနေသည်။

+++

အခန်း ( ၂၃ )

ရွှေမှုံ ... ဗိုက်အရမ်းဆာလာသည်။ ကိုကြီးကို စောင့်နေတာ ပြန်မလာသေးဘူး။ သူ့ကိုစောင့်မနေပါနဲ့တဲ့ ... နောက်ကျမယ်တဲ့။ မင်းဟာမင်း မနက်စာစားနှင့်တဲ့ ... အရင်က သူမနှင့်ထမင်းလက်ဆုံ စားဖို့ ဘယ်လောက်ပဲအလုပ်ကိစ္စတွေရှိရှိ ကိုကြီး ပြန်ရောက်လာ တတ်သည်။ အခုတော့ ... ကိုကြီးရောက်မလာခဲ့ ... ရွှေမှုံ အောက် ထပ်ဆင်းလာပြီး စားသောက်ခန်းထဲဝင်၍ စားစရာတွေရှာသည်။

"ဟဲ့ ... နင် ဘာဝင်လုပ်တာလဲ"

"ကျွန်မ စားစရာတွေ ရှာနေတာပါ"

"မရှိဘူး ... နင်စားချင်ရင် နင့်ဟာနင် အပြင်ထွက်စားနော် ရွှေမှုံ"

အလုပ်သမားကပါ မျက်နှာထားတင်းတင်းနှင့်ပြောနေ၍ ရွှေမှုံ ဒေါသဖြစ်သွားရပေမယ့် ... စိတ်ကိုထိန်းချုပ်ထားလိုက်ရသည်။

စိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဖြိုးပြည့်စုံကို ယုံကြည်ပြီး ... ရွှေမှုံလိုက်လာခဲ့တာ မှားပါပြီ။ ကွာရှင်းလိုက်ဖို့ကျတော့လည်း လက်ထပ်ထားတာ ဘာကြာသေးလို့လဲ။ မေမေ ရှက်လို့သေမယ် ... ရွှေမှုံကိုလည်း လက်ခံမှာမဟုတ် ... ရွှေမှုံ ဗိုက်ဆာလွန်း၍ အပြင်သို့ထွက်လာခဲ့သည်။

"ဟဲ့ ... ကားကိုမယူသွားနဲ့နော် ... ငါ သွားစရာရှိတယ်၊ နင့်ဟာနင် အငှားကားနဲ့သွား"

ယောက္ခမကြီးက အော်ပြောလိုက်၍ သူမ ကားမယူတော့ဘဲ ကိုကိုကြီးဆီဖုန်းဆက်ကြည့်တော့လည်း မိန်းမတစ်ယောက်က ကိုင်သည်။

"ဟဲလို ... ကိုကိုကြီးလား"

"နေရည်ရည်ပါ"

"ရှင် ... "

"ညည်းက ရွှေမှုံရဲ့လား"

"ဟုတ်ပါတယ်"

"ကိုပြည့်စုံ မအားဘူး၊ ညည်း ဘာကိစ္စရှိလို့လဲ"

"ကိုကြီးနဲ့တွေ့ချင်လို့ ဖုန်းပေးလိုက်ပါ"

"အမယ်လေး ညည်းလေသံကမာလိုက်တာ ... ကိုပြည့်စုံက ညည်းနဲ့စကားမပြောချင်လို့ ငါ့ကိုပြောခိုင်းတာ ရှင်းပြီလား"

"ကိုကိုကြီးကိုဖုန်းပေးလိုက်ပါ ... ရွှေမှုံ အပြတ်သားဆုံးမေး





မယ်၊ ဖုန်းမပြောရင် ... ကျွန်မ လူကိုယ်တိုင်လိုက်လာမှာနော်"

"ညည်းလိုက်လာရင်လည်း ... ညည်းကို ဘယ်သူမှဝင်ခွင့်ပေးမှာမဟုတ်ဘူး ... ဒီကုမ္ပဏီက ငါလည်းတစ်ဝက်ဆိုင်တယ်ဟဲ့ သိလား"

ဖုန်းချသွား၍ သူမ ဘာမှဆက်မလုပ်နိုင်တော့ ... ကုမ္ပဏီကို လိုက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။

"ဒီကိစ္စ အပြတ်သားဆုံးရှင်းပစ်ရမယ် ... ကိုကြီးသဘောဆန္ဒကို အသေအချာမေးမြန်းရမယ်၊ ဒီအိမ်မှာဆက်နေဖို့က မဖြစ်နိုင်တော့ဘူး"

ကိုကြီးက အိမ်လည်းပြန်မလာပေ ... သူမ ဖုန်းဆက်၍လည်းမရ ... သူမ အပြတ်သားဆုံးလုပ်ဆောင်ဖို့ပဲ လိုအပ်တယ်။ ကိုကြီးနဲ့ နေရည်ရည်တို့ ဖောက်ပြန်နေတာလား။ သူမက ကုမ္ပဏီကို ရောက်လာတော့ ... အထဲသို့ ဝင်ခွင့်မရပေ ...

"ကျွန်မက ဒီကုမ္ပဏီရဲ့ MD ကိုဖြိုးပြည့်စုံရဲ့ဇနီးပါ၊ အရေးကြီးလို့ ခဏလောက်တွေ့ပါရစေ"

"အစည်းအဝေးလုပ်နေပါတယ် ... ကုမ္ပဏီရဲ့လူကြီးတွေနဲ့ ဒီနေ့ တစ်နေ့လုံး တွေ့ခွင့်မရှိပါဘူး"

သူမ ... သိမ်ငယ်လိုက်တာ ... ဝန်ထမ်းတွေကပင် မခြေမင် ... အသုံးမကျတဲ့မိန်းမတစ်ယောက်အနေနဲ့ သူမ ကြီးစွာသော



www.burmeseclassic.com

www.burmeseclassic.com



အရှက်ကို ရစေသည်။

"ညည်းကိုပြောသားပဲ ... ဝင်ခွင့်မရပါဘူးလို့ ... ကျုပ်စကားကို ညည်းမှနားမထောင်တာဘဲ ... အခုတော့ အရှက်ရပြီမဟုတ်လား၊ ညည်းလို အသုံးမကျတဲ့မိန်းမ တွယ်ကပ်နေလို့ ... ကိုပြည့်စုံဒုက္ခရောက်ရတော့မယ်ဟဲ့"

နေရှည်ရှည် ထွက်လာပြီး ... သူမအား ချိုးချိုးဖဲ့ဖဲ့ပြောနေသည်။ ရွှေမှုံ ဝုန်းဒိုင်းကျဲသွားအောင် သော်င်းကျန်းပစ်ချင်ပေမယ့် ကိုကြီးဂုဏ်သိက္ခာအတွက် ... ဘာမှမလုပ်တော့ဘဲ ပြန်လာခဲ့၏။ ဗိုက်ဆာလာသဖြင့် ကိုကိုနှင့်စားနေကျ စားသောက်ဆိုင်လေးသို့ ရောက်လာသည်။

"ရွှေမှုံ ... ညီမလေး တစ်ယောက်ထဲ ဘာလာလုပ်တာလဲ"

"ကိုကို ..."

မထင်မှတ်ဘဲ ကိုကိုနှင့်တွေ့လိုက်ရသဖြင့် ... ရွှေမှုံ ဝမ်းသာပျော်ရွှင်သွားရသည်။

"ကိုကိုကြီးရော"

"အလုပ်များနေလို့ပါ"

ကိုကိုရယ် ... ရွှေမှုံ နောင်တတွေရနေပါပြီ။ ကလေးဆန်လွန်းပြီး နေရာတကာ ကိုယ်ပဲအနိုင်ယူချင်ပြီး အရွဲ့တိုက်တတ်တဲ့ သူမအပြုအမူတွေကြောင့် ဘဝတစ်ခုလုံးမှာ ဖျက်၍မရနိုင်တော့တဲ့





အမည်းစက်ကြီးကို ကျူးလွန်မိသွားခဲ့ရသည်။

"မမေရောဟင် ကိုကို ... အန်တီခက်ရော နေကောင်းလား၊ ရွှေမှုံ အရမ်းသတိရနေတယ်"

ရွှေမှုံကိုကြည့်ရတာ ... အိမ်ထောင်ရေးအဆင်မပြေပုံဘဲဟု သူ တွေးနေမိသည်။ မျက်နှာလေးက မသာမယာ ... အမြဲတမ်းအပျော်တွေနှင့် ရွှင်လန်းတက်ကြွနေတတ်တဲ့ ရွှေမှုံရုပ်ပါ။

"ရွှေမှုံ"

"ဟင်"

"ဗိုက်ဆာနေတာလား၊ ညီမလေး ဘာဘွေဖြစ်လာလဲ"

"အဟက် ... ဘာမှမဖြစ်ပါဘူး ကိုကိုရ ... အိမ်ကိုလွမ်းလို့ပါ၊ ကိုကိုရော မိန်းမဘယ်တော့ယူမှာလဲ ... ဇီဇာချကြောင်မနေနဲ့ဦး၊ လူပျိုသိုးကြီး ဖြစ်နေဦးမယ်နော်"

ရွှေမှုံ ... ဘာမှမဖြစ်သလိုလို ရယ်မောပြောဆိုနေပေမယ့် သူကတော့ ... ရွှေမှုံအကြောင်း သိပြီးသားဖြစ်နေသည်။ မင်းလေး အခုလိုအိမ်ထောင်ကျပြီး ... ဒုက္ခအခက်အခဲတွေရောက်ခဲ့ရတာ ကိုကိုရဲ့ မပြတ်သားမှုတွေကြောင့်ပါကွာ ... ကိုကို သိနေပါတယ်။ ရွှေမှုံလေးက ကိုကို့ကို အရမ်းချစ်မြတ်နိုးတာလည်း ကိုကိုသိနေပါတယ်။ သူမမျက်နှာလှလှလေးအား ငေးမောကြည့်နေသည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

“မိန်းမယူတော့လေ”

“မယူပါဘူး”

ကိုကို့ဆီကအချစ်တွေကို အမြဲတမ်း မျှော်လင့်နေခဲ့ရတဲ့ ရွှေမှုံပါ။ ကိုကို အရင်ကနှင့်မတူဘဲ ... ကိုကို့မျက်ဝန်းတွေထဲမှာ အကြင်နာတွေကို ... သူမ တွေ့နေရသည်။ ဒါပေမဲ့ ... ရွှေမှုံ မမျှော်လင့်တော့ပါဘူး။ ကိုကိုကြီးနှင့်ပဲ ဇနီးကောင်းပီသစွာနေထိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်။

“အိမ်ထောင်ရှင်မဖြစ်လာရင် ... အပျိုစင်ဘဝကလို နေချင်တိုင်းနေ ... သွားချင်တိုင်း သွားနေလို့မဖြစ်တော့ဘူး ရွှေမှုံ၊ သည်းခံတတ်ရတယ်၊ အသိုင်းအဝိုင်းကမတူတော့ဘူးလေ ... သည်းခံခြင်းသည် အောင်မြင်ရာတဲ့ ... မင်း သတိနဲ့ထိန်းမတ်ပါ။ အန်တီသော်ကလည်း တစ်ဦးတည်းသောသမီးလေးကို မချစ်ဘဲနေပါ့မလား။ မင်း လိမ္မာလာတာကို မြင်ချင်နေပါကွာ ... နော်”

“ရွှေမှုံသိလာပါပြီ ကိုကိုရာ ... အိမ်ထောင်ရှင်မဘဝက အရမ်းခက်ခဲတာပဲလေ၊ ဒါပေမဲ့ ... တည်တန့်ခိုင်မြဲအောင် ရွှေမှုံနေထိုင်မှာပါ”

“လိမ္မာလိုက်တာ ကလေးရယ်”

ကိုကို့ကို ရွှေမှုံချစ်နေမိတာတွေ ရွှေမှုံနှလုံးသားတွေထဲက





နေ ဖယ်ထုတ်ပစ်နိုင်အောင် ကြိုးစားမှာပါ။ ကိုကြီးရဲ့ဇနီးကောင်းအဖြစ်ပဲ ရွှေမှုံနေထိုင်သွားမှာပါ။ ရွှေမှုံ အိမ်ထောင်ရေးအဆင်မပြေတာတွေကိုလည်း ပြောမပြချင်တော့ ... သူမ ပြန်ဖို့ထသည်။

“ပြန်တော့မလား ရွှေမှုံ ... မင်း ကားကို ဘာဖြစ်လို့ယူမလာရတာလဲ”

ရွှေမှုံ အငှားကားနှင့်လာတာကို သူ ... စိတ်မကောင်းဖြစ်ရသည်။ ဘာကြောင့်လဲ ... အိမ်ထောင်ရေးအဆင်ပြေရဲ့လား။ ရွှေမှုံလေးရယ် ... ကိုကို့အပြစ်တွေပါကွာ ... ကိုကိုက ရွှေမှုံလေးအပေါ် အမြဲတမ်းရန်လိုနေခဲ့တာပါ။

“ကိုကို လိုက်ပို့ပေးမယ်နော်”

“ဟင့်အင်း ... ရွှေမှုံ အငှားကားနဲ့ပဲပြန်ပါ့မယ် ... တမင်လွတ်လွတ်လပ်လပ် ထွက်လာခဲ့တာလေ၊ ကိုကြီးက အလုပ်များတယ်”

“ရွှေမှုံ ...”

“ရှင် ...”

“မင်း ဘာလိုအပ်လဲ ... မေမေ့ကို လွှတ်လိုက်ရမလား၊ အန်တီသော့်ဆီလည်း မင်းသွားသင့်တယ် ရွှေမှုံ”

“လောလောဆယ်တော့ ရွှေမှုံအသားမကျသေးလို့ပါ ကိုကို၊ မေမေနဲ့အန်တီခက်ကို အရမ်းသတိရတယ်လို့ပြောပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှုံ့ကို တောင်းပန်ပါတယ်၊ အရာအားလုံးက ကိုကို့ဘက်က အတ္တကြီးမှုတွေကြောင့်ပါ၊ ကိုကို တောင်းပန်ချင်ပါတယ်"

"မလိုပါဘူး ကိုကိုရာ ... ရွှေမှုံ့ကလည်း မှားတာပဲ ... အရမ်းဂျီကျပြီး အနိုင်ကျင့်တာတာတယ်လေ"

ရွှေမှုံ့ ရယ်မောပြောဆိုပြီး ပြန်ထွက်သွားသည်။ သူ့စိတ်ထဲမှာ တစ်မျိုးပဲ ... ရွှေမှုံ့ တစ်ခုခုဖြစ်နေတာတော့ သေချာနေပါပြီ။ ဝင်ပြီးစွက်ဖက်ဖို့ကလည်း ... ဘဝက ခြားသွားပြီမဟုတ်လား။ ကိုပြီးပြည့်စုံကို မင်းမချစ်ဘူးဆိုတာ ကိုကိုသိပါတယ် ... သူ တစ်ယောက်ထဲ ထိုင်နေမိသည်။

"ကိုမိုးမြင့်မြတ်"

"ဗျာ ... ဟာ ကိုပြီးပြည့်စုံ"

ကိုပြီးပြည့်စုံက မိန်းကလေးတစ်ယောက်နှင့်တွဲ၍ ဆိုင်ထဲဝင်လာပြီး သူ့စားပွဲမှာထိုင်သည်။

"ဟင် ... ဒါက ဘာလဲ ... ဒီပိုက်ဆံအိတ်က ရွှေမှုံ့ရဲ့အိတ်ပဲ ဒီကောင်မလေး ဒီမှာလာထိုင်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ် ကိုပြီးပြည့်စုံ ... ရွှေမှုံ့ရောက်လာတာပါ ... ကျွန်တော်နဲ့ မထင်မှတ်ဘဲတွေ့ကြတာပါ"

ရွှေမှုံ့ ... ဘာဖြစ်လို့ ကိုကိုနဲ့လာတွေ့ရတာလဲ ... သူတို့ချိန်းတွေ့နေကြတာလား။ နေရည်ရည်က ဗိုက်ဆာတယ်ပြောပြီး





ဇွတ်အတင်းခေါ်လာ၍ သူ လိုက်လာခြင်းဖြစ်သည်။

"ကိုပြည့်က မနူးမနပ် ကလေးသာသာလေးကိုမှ လက်ထပ်လိုက်တာကိုး ... ယောကျ်ားကွယ်ရာမှာ သွားချင်ရာသွားနေတော့တာပဲ ... ရှင် ရွေးချယ်တာတော့ မဖြစ်နိုင်ပါဘူး၊ ရှင့်ကိုအမိဖမ်းလိုက်တာပဲဖြစ်မယ်"

"ဒီမှာ ... ခင်ဗျားစကားပြောတာ ကြည့်ပြောပါ၊ ရွှေမှုံ့ရဲ့က ဘယ်လိုယောကျ်ားမျိုးကိုမှ ... မမြူဆွယ် မဖြားယောင်းဘူး၊ ကိုပြီးပြည့်စုံကိုယ်တိုင် အတင်းအကျပ်လက်ထပ်ခဲ့တာပဲ ... ခင်ဗျား အမှန်ကိုပြောပြလိုက်ပါ"

"တော်ပြီနေရည် သွားကြစို့ ... ဒီကိစ္စ ကိုယ်ဘာမှမပြောချင်ဘူး။ မင်းလည်း ဝင်ပြီးမစွက်ဖက်ပါနဲ့ ... သွားမယ်"

ပြီးပြည့်စုံ စကားတွေကိုဆက်မပြောချင်တော့ပေ။ ရွှေမှုံ့ရဲ ဘာတွေလုပ်နေတာလဲ ... ကိုမိုးမြင့်မြတ်နှင့် တွေ့ကြတာ နှစ်ကြိမ်လောက်ရှိနေပြီ ... ကလေးဆန်လွန်းတဲ့ကောင်မလေးကို သူ အတင်းအကျပ်လက်ထပ်ယူခဲ့တာပါပဲ ... အမှန်ကိုဝန်ခံဖို့ကျတော့လည်း သူ ... တွန့်ဆုတ်နေမိသည်။

"ကိုပြည့် ... ရှင် ဘယ်လိုဆုံးဖြတ်မှာလဲ ... ဒီကောင်မလေး အကျင့်စရိုက်ကြောင့် ရှင့်ဂုဏ်သိက္ခာတွေမဲ့ရမှာနော်"

ရွှေမှုံ့ရဲ ရောက်လာတာကို ... သူမ လုံးဝမပြောပြဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးပြည့်စုံလိုယောကျ်ားတစ်ယောက်ကို သူမထံမှ လုယူသွားသော ရွှေမှုံရံ့အား ခွင့်မလွှတ်နိုင်ဘဲဖြစ်နေသည်။ ညည်းကိုနှိပ်ကွပ်ပြမယ် ရွှေမှုံရံ … တွေ့မယ်လေ … ယောကျ်ားမလောင်းကြီးကိုယ်တိုင်က ရွှေမှုံရံ့ကို လက်မခံဘဲဖြစ်နေသည်။

"ကိုယ်အိမ်ပြန်တော့မယ် နေရည် … တောင်းပန်ပါတယ်ကွာ ကိုယ်ပြန်တော့မယ်"

"ကိုပြည့်ရယ် … ရှင် အရမ်းအလုပ်တွေများပြီး စိတ်ဖိစီးမှုတွေနဲ့ ရင်ဆိုင်နေရတာ နေသိပါတယ်၊ အိမ်မပြန်ရဘူး … ကျွန်မနဲ့ ကလပ်ကိုလိုက်ခဲ့ပါ"

"ကိုယ် … မလိုက်ဘူး နေရည် … ဝါသနာလည်းမပါဘူး။ အိမ်ပဲပြန်မယ်"

သူ … ရွှေမှုံရံနဲ့ရှင်းရမယ်။ ဆက်ရမယ့်ခရီးအတွက် ပြတ်သားဖို့တော့ လိုအပ်သည်ဟုထင်သည်။ ရွှေမှုံရံက သူ့ကိုမချစ်မနှစ်သက်ဘဲ ကိုမိုးမြင့်မြတ်ကြောင့် လက်ထပ်ခဲ့တာလည်း … အသိဆုံးဖြတ်နေသည်။ ရင်ထဲမှာ နာကျင်ပူလောင်၏။ ရွှေမှုံရံ့ကို သူ ချစ်မြတ်နိုးခဲ့တာ အမှန်ပဲ … ဖြူစင်သူလေးဟုလည်း ထင်မှတ်ထားခဲ့၏။ မင်းဖောက်ပြန်နေတာလား။ ကိုကိုနဲ့ ငါ့ကွယ်ရာမှာ ဘာဖြစ်လို့တွေ့နေရတာလဲ ရွှေမှုံရံ …

"လာပါ ကိုပြည့်စုံရယ် … ရှင့်စိတ်တွေ အရမ်းမွန်းကျပ်နေ





တာမဟုတ်လား … ရှင့်ကောင်မလေးက ဖောက်ပြန်နေတာအသေအချာပဲ … ရှင် ခေါင်းအေးအေးထားပြီးဖြေရှင်းနိုင်အောင် နေကူညီမယ်လေ"

နေရည်ရည် အတင်းဆွဲပြီး … ကိုပြည့်အား ကလပ်သို့ခေါ်ဆောင်လာခဲ့သည်။ ကိုပြည့်က ရိုးသားသူ … နေရည့်စရိုက်တွေနှင့် ဆန့်ကျင်ဘက် … ကလပ်တက်တာကိုလည်း မနှစ်သက်သူဖြစ်နေ၏။ ရှင်က ဖြူစင်တဲ့ရွှေမှုံရံ့ကို အရယူခဲ့တာမဟုတ်လား။ တွေ့မယ်လေ … နေရည်ရည့်ကို အထင်သေးလို့ရမလား … ရှင် မလွဲမသွေလက်ထပ်ရမှာက နေရည်ရည်ပဲလေ … ကလပ်ရောက်တော့ … ကိုပြည့်အား ချော့မော့၍အရက်တွေ အလွန်အကျွံတိုက်ပစ်လိုက်သည်။

"ရှင် စိတ်ညစ်နေတယ်လေ … အသက်ရှူလို့မရအောင် ရှင့်စိတ်တွေ မွန်းကြပ်နေတာ နေရည်သိနေပါတယ်၊ သောက်စမ်းပါ၊ တစ်နေ့တစ်လေ ရှင်ပျော်ပျော်ကြီး နေပစ်စမ်းပါ ကိုပြည့်ရယ်"

ကိုပြည့် … လူမှန်းမသိအောင် မူးရစ်လာတော့ … သူမနေထိုင်တဲ့တိုက်ခန်းကို ခေါ်ဆောင်လာခဲ့သည်။

"အား … ရွှေမှုံလေး … ချစ်တယ် … မင်းကိုအရမ်းချစ်တယ်၊ မင်းကတော့ ကိုကြီးကိုမချစ်ဘူးကွာ … မင်းချစ်တာ ကိုကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုပြည့်နှုတ်ခမ်းတွေက ညည်းညူတမ်းတနေတာက ရွှေမှုံရဲ့ပဲ။ သူမရင်ထဲမှာ မနာလိုဝန်တိုမှုတွေနှင့် ဒေါသတွေကပေါက်ကွဲချင်နေသည်။ နှုတ်ခမ်းတွေကို တင်းကျပ်စွာစေ့ကပ်ထားပစ်လိုက်၏။ ကိုပြည့်အား အိပ်ခန်းထဲကခုတင်ပေါ် တွဲပြီးတင်ပစ်လိုက်သည်။

"ရွှေမှုံ ... ကလေးရယ် ... ချစ်တယ် ... ကိုကြီးရင်ကွဲတော့မယ်၊ အား ... အင်း ..."

နေရည်ရည်ကတော့ ကိုပြည့်စုံဘေးမှာ ဝင်ရောက်အိပ်ပစ်လိုက်ပြီး ကိုပြည့်စုံကိုဖက်တွယ်ထားမိသည်။ နေရည်ရည် အရယူချင်တဲ့ပစ္စည်းတစ်ခုကို ဘယ်သူမှလုယူခွင့်မပြုနိုင်ပါဘူး။ ကိုပြည့် ... အချစ်ရေးမှာ မတရားတာမရှိဘူးလေ။ မုန့်ကိုသာ ဝေစားနိုင်မယ်။ အချစ်ကိုတော့ ဝေမစားနိုင်ပါဘူးနော် ... ကိုပြည့်က ရွှေမှုံရယ် ... ကလေးရယ်ဟု တမ်းတရေရွတ်ရင်း ... သူမခေါ်ဆောင်ရာ အချစ်ရေယာဉ်ကျောမှာ မျောပါလာခဲ့လေသည်။

+++

အခန်း ( ၂၂ )

"ရွှေမှုံရဲ့ညည်းတွေ့လား ... ငါနဲ့ကိုပြည့်ကို့လေ နှစ်ကိုယ်တူ အချစ်ရေယာဉ်ကျောမှာ မျောနေကြတယ်လေ၊ ညည်း ဖုန်းကိုဖွင့်ကြည့်လိုက်ပါဦး"

"ရှင် ... ရှင် ... နေရည်ရည်"

သူမ ဖုန်းကိုဆက်ပြီး ... သူမ ဓာတ်ပုံရှော့ပို့ထားကြောင်း ပြော၍ သူမဖွင့်ကြည့်လိုက်တော့ ... ကိုကိုကြီးနှင့်နေရည်ရည်တို့ အချစ်ပလူးနေကြတဲ့ဓာတ်ပုံတွေ ... သူမ အထိတ်တလန့်နှင့်တုန်လှုပ်ခြောက်ခြားစွာ ပြန်ပိတ်ပစ်လိုက်ရသည် ... သူမကတော့ ... ကိုကိုကြီးအား တစ်နေကုန်ရော ... တစ်ညလုံးရော စောင့်မျှော်နေလိုက်ရတာ ... ယောက္ခမကြီးရဲ့ အနှိပ်စက်အညှင်းပမ်းကိုခံ၍ ကိုကိုကြီးနှင့် သည်းခံပေါင်းဖို့ ရွှေမှုံဆုံးဖြတ်ထားတာပါ။

"ကိုကြီး အရမ်းရက်စက်တာပဲ ... ရွှေမှုံအပေါ် နည်းနည်းလေးမှ ငဲ့ညှာထောက်ထားမှုမရှိဘူး"

ရွှေမှုံမျက်ဝန်းတွေထဲမှ မျက်ရည်တွေစီးကျလာသည်။ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းကြေကွဲမှုတွေက အတိုင်းအဆမရှိတော့ ... ရွှေမှုံ ဘာဆက်လုပ်ရတော့မလဲ ... တစ်ယောက်ထဲ ကြောက်ရွံ့ထိတ်လန့်နေသည်။

"ရွှေမှုံ့ကိုကယ်ပါဦး မေမေ ... အန်တီခက်ရေ ... ကိုကိုရေ ... ရွှေမှုံ ဆက်ပြီးတောင်မနေရဲတော့ဘူး"

အိပ်ခန်းထဲမှာ ... သူမ ငုတ်တုတ်လေးထထိုင်ပြီး ဆောက်တည်ရာမရဖြစ်နေသည်။

"ရှက်စရာကောင်းလိုက်တာနော် ... ရွှေမှုံတောင် ထိန်းချုပ်ထားနိုင်ပါရက်နဲ့"

သူမ ... အိပ်စက်လို့ပင်မရ ... မျက်လုံးတွေကြောင်တောင်တောင်နှင့် မနက်မိုးလင်းတဲ့အထိ ငုတ်တုတ် ... ကိုကိုကြီးလည်းပြန်မလာဘူး။ ရွှေမှုံ့အိပ်ခန်းထဲသို့ ယောက္ခမကြီးဒေါ်ဘရဏီ ရောက်လာသည်။

"ငါ့သားက နေရည်ရည်နဲ့လက်ထပ်တော့မယ် ရွှေမှုံရဲ့ ... ညည်း ထွက်သွားပေးပါတော့"

"ဟင့်အင်း ... ဟင့်အင်း ... ဘာဖြစ်လို့ထွက်သွားပေးရမှာလဲ ... ကျွန်မနဲ့ကိုကိုကြီးတို့က တရားဝင်လက်ထပ်ထားကြတာလေ ရှင်ကြီးလည်း သက်သေပါတာပဲ ... သူဟာသူ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ဒီမှာပဲနေမယ်"

သူမ ... အိမ်ပြန်ရမှာကြောက်သည်။ ပတ်ဝန်းကျင်မှာလည်း ရင်မဆိုင်ရဲပေ ... မေမေက စည်းကမ်းကိုတင်းကြပ်စွာလိုက်နာမှ သဘောကျသူဖြစ်သည်။

"ညည်း ... တော်တော်ပြောရခက်တာပဲ ရွှေမှုံရဲ့ ... ဘယ်လို





ဟာမလဲ ... လူ့စကားနားမလည်ဘူးထင်တယ်၊ ငါ့သားက နင့်ကို မပေါင်းချင်လို့ ရှောင်နေတာလေ"

"ကျွန်မတောင်းပန်ပါတယ် မာမီရယ် ... ကိုကြီး ဘယ်သူနဲ့ပဲ လက်ထပ်ပါစေ ရွှေမှုံရုံကျေနပ်ပါတယ်၊ မနှောက်ယှက်ပါဘူး၊ ရွှေမှုံ ရွှေမှုံလေ ... ဒီမှာပဲနေပါရစေနော်"

"မရဘူး ... ညည်းကို ငါ့ချွေးမအဖြစ်လည်း မသတ်မှတ်နိုင်ဘူး၊ ညည်းထွက်သွားပါတော့ ... ငါ့သားကို ကွာရှင်းပေးစမ်းပါ။ ညည်းအဆင့်နဲ့မတန်လို့ပါ။ ညည်းအမေလို သာမန်မိန်းမတစ်ယောက်ကိုလည်း ငါ ခမည်းခမက်မတော်နိုင်ဘူး၊ အဆင့်အတန်းမရှိလို့ဟဲ့"

မေမေ့ကိုပါ စော်ကားတဲ့စကားတွေ ပြောလာသဖြင့် ... ရွှေမှုံ သည်းမခံနိုင်တော့ဘဲ ဒေါသတွေပေါက်ကွဲသွားရ၏။ ထိုင်နေရာကနေ ဝုန်းခနဲမတ်တပ်ထရပ်ပစ်လိုက်သည်။

"ကျွန်မအမေကိုတော့ မစော်ကားပါနဲ့ ... မာမီပြောတာတွေ အရမ်းလွန်နေပြီနော်"

"လွန်တော့ဘာဖြစ်လဲ ... ညည်းက ဘာဖြစ်ချင်လို့လဲရွှေမှုံရဲ့ နင့်အဆင့်နဲ့များ ငါ့ကိုပြန်ပြောနေရသေးတယ်၊ ခွေးသမီး"

"ဘာပြောတယ်"

"ဝုန်း ..."

"ဒိုင်း ..."

"ဂျွလွမ်းလွမ်း"

"အမယ်လေး ..."

ရွှေမှုံ ... ဒေါသတွေပေါက်ကွဲပြီး ... သူမရှေ့မှာရှိနေသည့် ပန်းအိုးအားကောက်ယူ၍ နံရံကိုပစ်ပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှုံရဲ ... မင်းဘာလုပ်တာလဲ ... ငါ့မာမီကို မင်းအရမ်းရိုင်းစိုင်းတဲ့မိန်းကလေးပဲ"

"ဟင် ... ကိုကိုကြီး"

တစ်ယောက်ယောက်က ဖုန်းဆက်ခေါ်လိုက်၍ထင်သည်။

"ကိုကိုကြီး ... ရွှေမှုံ တောင်းပန်ပါတယ်၊ မေမေ့ကိုပုတ်ခတ်ပြောဆိုလို့ ... ရွှေမှုံဒေါသထွက်ပြီး ဝန်းအိုးကိုပဲ ပေါက်ခွဲပစ်လိုက်တာပါနော်"

သူမ ... တောင်းပန်မိသည်။ ကိုကိုကြီးအကြည့်တွေက ဒေါသတွေနှင့် မာထန်ရဲတောက်နေ၏။ သူမကို စူးစူးဝါးဝါးကြည့်နေသည်။

"သားရယ် ... မင်းက ... ကိုယ့်ထက် အရမ်းငယ်ရွယ်တဲ့မိန်းကလေးကိုမှ ရွေးချယ်ယူထားတော့ ... မာမီ့ကိုတောင် မထေမဲ့မြင်လုပ်လာပြီ၊ မင်းပြန်မလာလို့ သောင်းကျန်းနေတာပါ ... မာမီ ဘယ်တုန်းက ကြမ်းတမ်းတဲ့စကားမျိုးတွေ စွပ်စွဲပုတ်ခတ်တာတွေ မလုပ်ခဲ့ပါဘူး၊ သားသိပါတယ်ကွယ်"

မာမီ ... မျက်ရည်တွေကျလာတော့ ပြည့်စုံ ပိုပြီးဒေါသဖြစ်ရသည်။ သူ့ဘဝလည်း အမှားကြီးမှားသွားရပြီ နေရည်ရှည်ဆင်ထားတဲ့ထောင်ချောက်ထဲ တိုးဝင်သွားခဲ့ရသည်။

"မာမီ သွားပါတော့ ... သား မှန်ကန်တဲ့အခြေအနေတစ်ခုကို ဆုံးဖြတ်မှာပါ"

"ဒီမိန်းကလေးကို ကွာရှင်းလိုက်ပါသားရယ်၊ ကြောက်စရာကောင်းလိုက်တာ ... မာမီ့ကိုတောင် သတ်တော့မလားဘဲ"

"မဟုတ်ပါဘူး ကိုကြီး ... သူပြောတာတွေ မတရားပြောနေ





တာပါ။ ကိုကြီးရှေ့မှာတစ်မျိုး ... ကွယ်ရာမှာတစ်မျိုး လုပ်ပြနေတာပါ"

"ဘာပြောတယ် ... ညည်း တော်တော်ယဉ်ကျေးမှုမရှိတဲ့ဟာမလေးပဲ ... ငါက နင်ယူထားတဲ့ယောကျ်ားရဲ့အမေနော်"

"ကျွန်မတောင်းပန်ပါတယ် မာမီရယ် ... ကိုကြီးနဲ့ကွဲအောင်မလုပ်ပါနဲ့ ... ကိုကြီးယူချင်တဲ့မိန်းမကို ယူပါ၊ ရွှေမှုံ ဒီမှာပဲနေပါရစေနော်"

"မဖြစ်ဘူးသား ... လုံးဝမဖြစ်တော့ဘူး၊ မာမီ့ကို တစ်ခွန်းမခံပြန်ပက်နေတယ်၊ မာမီ ထပ်ပြီးအစော်ကားမခံနိုင်တော့ဘူး အမယ်လေး ... သေရပါတော့မယ်၊ ငါ့မှာ ဂုဏ်သိက္ခာတွေတပြားသားမှမရှိတော့ပါဘူး၊ သေပါရစေ ... အား ..."

"မာမီကြီး ... စိတ်ကိုလျှော့ပါ ... အသက်အရွယ်က စကားပြောနေပါပြီ၊ အစ်ကိုကြီးရယ် ... မာမီကြီး စိတ်အနေမ်းထိခိုက်နေပါပြီ၊ တကယ်တော့ ရွှေမှုံရဲက အရမ်းရိုင်းစိုင်းနေတာပါ"

"ရှင် ... ရှင် ..."

"တော်စမ်း ရွှေမှုံရဲ"

ပြဿနာတွေက မီးမီးလောင်တော့မလားဘဲ ... ဘာတွေလဲ ... အိမ်ဖော်မကအစ အတို့အထောင်လုပ်နေသည်၊ သူမ ပြောတဲ့စကားတွေကို လက်ခံဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ကိုကိုကြီးမျက်ဝန်းတွေကလည်း ဒေါသရောင်တွေ ဖုံးလွှမ်းခက်ထန်နေသည်။

"ကိုကြီးရယ် ... ရွှေမှုံမှားသွားပါတယ်နော် ... မာမီ့ကိုလည်းတောင်းပန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမှုံရဲ့ ..."

"ရှင် ..."

"မင်းနဲ့ ကွာရှင်းပြတ်စဲလိုက်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့ဘူး ... ကိုယ် နေရည်ရည့်ကိုပဲလက်ထပ်ရလိမ့်မယ်၊ မင်း ပြန်ပါတော့"

"ဟင် ..."

"ကိုယ်တို့နှစ်ယောက် ရှေ့ဆက်မဖြစ်နိုင်တော့ဘူး၊ မင်းကို လက်ထပ်တာ ... ငါ အရမ်းနောင်တရမိတယ်၊ မင်းကလေးဆန်တာ မဟုတ်တော့ဘူး၊ ရိုင်းစိုင်းပြီး အရွဲ့တိုက်ချင်တယ်၊ မာမီ့ကိုစော်ကား လာတဲ့အထိတော့ ငါလက်မခံနိုင်တော့ဘူး"

"မဟုတ်ပါဘူး ကိုကြီးရယ်"

"ဘာကိုကိုလဲ ... မင်းစွဲလမ်းနေတာက ကိုကိုပဲ ... မိုးမြင့် မြတ်"

ရွှေမှုံရဲ့ ... မင်းမှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ... မင်းကို ကွာရှင်းပေးတော့မယ်။ မင်းနှလုံးသားထဲမှာရှိနေတာက ကိုကိုပဲ။ တကယ်တော့ ... မင်းကို ... ကိုယ်ကအတင်းအကျပ်လက်ထပ်ဖို့ ကြိုးစားခဲ့တာပါ။ နေရည်ရည်နှင့် လွန်ကျူးမိသွားတဲ့အဖြစ်တွေက သူ့စိတ်နှလုံးကို ညစ်နွမ်းနာကျင်သွားစေခဲ့၏။ နေရည်ရည့်ကို သူ ဘယ်တုန်းကမှလက်မထပ်ချင်ခဲ့ပေ ... နောက်လည်း လက်ထပ်ဖို့ ဆန္ဒ ရှိလာမှမဟုတ် ... သူ ... နိုင်ငံခြားကို အပြီးအပိုင် ထွက်ခွာ သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့နစ်နာကြေးအတွက် ... မင်းနာမည်နဲ့ ဘဏ်စာရင်း





ထဲ ထည့်ပေးပါ့မယ်"

"ရှင် ..."

"တို့နှစ်ယောက် ကွာရှင်းကြမယ်၊ ကိုယ် လုံးဝမပြောင်းလဲ တော့ဘူး၊ အခုပဲ တရားရုံးမှာ ကွာရှင်းကြမယ်၊ ကိုယ့်မိတ်ဆွေရှေ့နေ တွေဆီ ဖုန်းဆက်ထားပြီးပြီ ရွှေမှုံရဲ့"

"ဩော် ... ရှင်က အစောကြီးထဲက ကျွန်မနဲ့ကွာရှင်းဖို့ အစီ အစဉ်တွေလုပ်ထားပြီးသားပဲကိုး ... ကောင်းပါပြီ ... ကျွန်မ ရှင့်ဆီ ကနေ ဘာနစ်နာကြေးမှလည်းမယူချင်ပါဘူး၊ ကွာရှင်းကြမယ်လေ ကြိုက်တဲ့တရားရုံးကိုသွားပါ"

ရွှေမှုံ့ဆီမှာ သည်းခံနိုင်တဲ့အတိုင်းအတာတွေက ကုန်ဆုံး သွားရပြီဖြစ်၏။ ဖြစ်ချင်ရာဖြစ် ... သူမဘဝကို ရပ်တည်နိုင်အောင် သူမ ကြိုးစားတည်ဆောက်ရမည်ဖြစ်သည်။ ကိုကိုကြီးပြောသလိုပါပဲ အချစ်မရှိတဲ့အိမ်ထောင်ရေးက ... ဘယ်လိုနည်းနှင့်မှ အောင်မြင်နိုင် ခြင်း မရှိပေ ... ရွှေမှုံရဲ့ ကလေးဆန်နေလို့မဖြစ်တော့ပါဘူး။ ကိုကို ကြီးပြီးပြည့်စုံနှင့် ကွာရှင်းပြတ်စဲဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။

"ကျွန်မ နစ်နာကြေးလက်မခံပါရစေနဲ့ ... ကိုကြီးလည်း ကျွန်မနဲ့လက်ထပ်လိုက်ရလို့ နစ်နာခဲ့ရတာပါပဲလေ ... ကျွန်မက မိကောင်းဖခင်သားသမီးပါ၊ ငွေကြေးအရလည်း ပြည့်စုံပြီးသားပဲ လေ၊ ယောက်ျားတစ်ယောက်နဲ့လက်ထပ်ပြီး နစ်နာကြေးယူသွား တယ်ဆိုတဲ့နာမည်ဆိုးကြီး ယူဆောင်မသွားချင်တော့လို့ပါ"

ပြီးပြည့်စုံကတော့ ရွှေမှုံရဲ့နှင့်ကွာရှင်းရမှာကို နာကျင်ရပေ မယ့် ... ရွှေမှုံရဲ့ရဲ့ရှေ့ရေးအတွက် သူ ... လူကြီးပီသစွာ အကောင်း ဆုံးရွေးချယ်ပေးခဲ့ခြင်းတစ်ခုပါပဲ ... မာမီကိုယ်တိုင်က ရွှေမှုံရဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်လက်ခံခဲ့တယ်ဆိုတာရော ... သူ သိလာခဲ့၍ဖြစ်သည်။ နေရည်ရည်နှင့်ဖောက်ပြန်ခဲ့တဲ့ အဖြစ်အပျက်တွေက သူ့ကိုယ်ကျင့် တရားတွေပျက်ပြားခြင်းအစဟု ထင်မိ၏။ ရွှေမှုံရီ့ကို တရားရုံးသို့ ခေါ်ဆောင်သွားခဲ့သည်။

"မင်း သေသေချာချာကွာရှင်းနော်သား ... ဒီဟာမလေးရဲ့ ညွှတ်ကွင်းထဲ ထပ်ပြီးမဝင်နဲ့တော့ ... လူကြီးမိဘမှန်းမသိတဲ့ဟာမ ရိုင်းစိုင်းလွန်းတယ်"

"ဟုတ်တယ် အစ်ကိုကြီး ... ဒီမှာ မာမီကြီးအသက်တိုတော့ မယ်၊ မြန်မြန်သာမောင်းထုတ်ပစ်လိုက်ပါ"

ရွှေမှုံ ... ဒေါသတွေပေါက်ကွဲသွားရပေမယ့် ... လူကြီးဆန် စွာဖြင့် ဒေါသတွေကိုထိန်းချုပ်ပစ်လိုက်သည်။ သူမ ကားထဲဝင်ထိုင် ပြီး ကိုပြီးပြည့်စုံခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့၏။ ရွှေမှုံ့ ရင်တွေ ပေါ့ပါးလွတ်လပ်နေသလိုတော့ ခံစားနေရသည်။

"ရွှေမှုံရီ"

"ပြောပါ ကိုပြီးပြည့်စုံ ..."

"မထင်မှတ်ဘဲ တို့နှစ်ယောက်တွေ့ဆုံခဲ့ရပြီး လက်ထပ်ခဲ့ရ တယ်၊ အမှတ်တရလေးပါပဲ ... ကိုယ်တို့နှစ်ယောက်လုံး ဆုံးဖြတ် ချက် မှားယွင်းခဲ့ကြမှုပဲ"

"ကျွန်မအတွက်ကတော့ သင်ခန်းစာတွေအများကြီးရခဲ့ပါ တယ် ကိုပြီးပြည့်စုံ ... ကျွန်မစိတ်တွေ တည်ငြိမ်ရင့်ကျက်သွားလို့ ကျေးဇူးတင်ပါတယ်"

တရားရုံးရောက်တော့ ကိုပြီးပြည့်စုံက ကွာရှင်းဖို့ကိစ္စကို ကြိုတင်စီစဉ်ထား၍ ... အခက်အခဲမရှိ ကွာရှင်းစာချုပ်မှာလက်မှတ်





ထိုးကြသည်။ ရွှေမှုံလျှောက်လှမ်းရမည့်လမ်းက မရေမရာနှင့် ဝေဝါး နေသည်ဟု ထင်မိ၏။ မေမေ့ဆီပြန်ရမှာလား။ ကိုကြီးဆီကလည်း နစ်နာကြေးအဖြစ် တစ်စုံတစ်ခုလေးတောင်မယူချင်ပါဘူး။ သူမက လည်းစတင်၍ ကိုပြီးပြည့်စုံအား ကျောခိုင်းထွက်ခွာလာခဲ့လေ သည်။

"သမီးလေး ရွှေမှုံရီ"

"ဟင် မေမေ"

"သမီးလေး"

"အန်တီခက်လည်း ရောက်လာတာပဲ ... ဘယ်ကနေဘယ် လိုကြားပြီး လာကြတာလဲဟင်"

"မောင်ပြီးပြည့်စုံက ဖုန်းဆက်တာလေ၊ သမီးကိုပြန်အပ်ချင် လို့ပါတဲ့ ... တောင်းလည်းတောင်းပန်တယ် ... သူ့အမှားတွေပါတဲ့ ရွှေမှုံရီကငယ်သေးတော့ ကလေးဆန်တာလေးနဲ့ အရွဲ့တိုက်တတ် တဲ့အကျင့်လေးပဲ ရှိတာပါတဲ့လေ၊ ဟိုမှာ သမီးကိုကိုလည်းပါတယ်"

"ဟုတ်လား ..."

မေမေ လက်ညှိုးထိုးပြရာကိုကြည့်လိုက်တော့ ကိုကိုက ကားလေးကိုမှီ၍ရပ်နေသည်။ ကိုပြီးပြည့်စုံ ဖုန်းဆက်ပေးထားတာပဲ ဖြစ်နိုင်၏။ သူမကတော့ စိတ်အေးချမ်းသွားရသည်။

"ဝမ်းသာလိုက်တာ မေမေရယ် ... ရွှေမှုံလေ ဘယ်ကိုသွားရ မှန်းတောင် မသိတော့ဘူး အရမ်းအားငယ်နေရတာပါ၊ ကိုပြီးပြည့်စုံ က လျော်ကြေးပေးပေမယ့် ... သမီး လက်မခံခဲ့ပါဘူး"

"ကောင်းလိုက်တာကွယ် ... မေမေကတော့ သမီးတည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်လာပါစေလို့ပဲ ဆုတောင်းနေတာပါ။ အင်း ... သမီးလေး လူကြီးဖြစ်လာပြီပဲ"

"ဟုတ်တယ် မေမေ ... ရွှေမှုံစိတ်တွေ အရမ်းတည်ငြိမ်လာပါပြီ၊ မေမေ့ရင်ခွင်ထဲမှာ သမီးအလိမ္မာလေးအဖြစ် နေထိုင်ပါတော့မယ်၊ ကတိပေးပါတယ်နော်"

"လိမ္မာလိုက်တာကွယ် ... ဒါဆို မေမေကျေနပ်ပါပြီ၊ လာသွားကြမယ်၊ ကိုကိုစောင့်နေပြီ ... မောင်ပြီးပြည့်စုံကလည်း လူကြီးလူကောင်းပီသပါတယ်လေ ... သမီးလေးကို မိခင်လက်ထဲအထိ ပြန်အပ်ပေးလို့လေ"

မေမေနှင့်အန်တီခက်တို့က ရွှေမှုံကိုတွဲဖက်၍ ကားရှိရာကို ခေါ်ဆောင်လာကြလေသည်။ ရွှေမှုံ ရှက်တယ် ... မျက်နှာလည်း အရမ်းပူတာပဲ ... ရွှေမှုံကိုယ်ရွှေမှုံ အသုံးမကျတဲ့မိန်းကလေး ... ညှို့မှုင်းလွှမ်းတဲ့မိန်းမတစ်ယောက်အဖြစ် ခံယူမိနေခဲ့၏။ ကိုကိုကတော့ တည်တည်ငြိမ်ငြိမ်ပင် ... ငကောင်ဆိုးမလေး တားထဲဝင်ဟု မာမာဆတ်ဆတ်လေးပြောလိုက်၍ ... သူမနှုတ်ခမ်းလေး ပြုံးသွားပြီ။ စိတ်တွေမလုံမလဲနှင့် ကားလေးထဲဝင်ထိုင်လိုက်ရလေသည်။

+++

အခန်း ( ၂၃ )

ကိုကိုက နိုင်ငံခြားမှာ ပညာတော်သင်သွားဖို့ရှိတယ်ဆိုတော့ ရွှေမှုံလိုက်မလားတဲ့ ... သူမက ဟင့်အင်းဟုငြင်းပစ်လိုက်တော့ ကိုကို မျက်ဝန်းပြူးတွေနှင့် သူမကိုဆတ်ခနဲကြည့်သည်။

"မင်းပြောင်းလဲသွားပြီပဲ ရွှေမှုံ"

"ကျွန်မ ကလေးမဆန်ချင်တော့ပါဘူး ကိုကို"

"ရွှေမှုံလေး စိတ်ပြေလက်ပျောက်ပါ၊ လိုက်ခဲ့ပါလားကွာ"

"အဟက် ... "

"ဘာရယ်တာလဲ ... "

"လောကကြီးကတစ်မျိုးပဲနော် ... ငယ်ငယ်ထဲက ကိုကိုသွားရာနောက်ကို ကျွန်မလိုက်ခဲ့တုန်းကတော့ ကိုကိုက မခေါ်ခဲ့ချင်ဘူးလေ၊ ရွှေမှုံရဲ့ အကျင့်ပုတ်မလေး ... သိပ်နှောက်ယှက်တယ်ဆိုပြီး ကိုကို အမြင်ကတ်နေခဲ့တာလေ"

"ဟာကွာ ... အတိတ်ကအကြောင်းတွေ ဘာဖြစ်လို့ပြော



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ၊ ရွှေမှုံ … မေ့ပစ်လိုက်တော့ … လောလောဆယ် ညီမလေးကို တစ်ယောက်ထဲမထားခဲ့ရက်တော့ဘူး၊ ကိုကိုသွားလေရာ လိုက်ခဲ့ရမယ်”

ရွှေမှုံစိတ်တွေ … ထူးဆန်းစွာဖြင့် တည်ငြိမ်နေလေသည်။ ကိုကို့နောက်သို့ ကလေးဆန်စွာ သူမ လိုက်နေလို့မဖြစ်သေးပေ။ သူမက ခင်ပွန်းနှင့်ကွာရှင်းပြတ်စဲထားတာ ကြာမှမကြာသေးတာဘဲ … ထိန်းသိမ်းရမည့် ကိုယ်ကျင့်တရားတွေကို ရွှေမှုံ နားလည်နေသည်။

“ကိုကို”

“ပြော …”

“ဒီမှာ ကျွန်မ စီးပွားရေးလုပ်ငန်းတွေလုပ်ရဦးမယ်၊ မေမေ့ကိုလည်း စောင့်ရှောက်ရဦးမယ်လေ … အန်တီခက်ကိုလည်း အကူအညီပေးရမယ်၊ ကိုကိုမှမရှိတာ … ရွှေမှုံ တာဝန်ယူရမယ့်အပိုင်းတွေက အများကြီးပဲရှင့်”

မိုးမြင့်မြတ်ကတော့ လောကဒဏ်တရားတွေကို ကြံ့ကြံ့ခံနိုင်လာတဲ့ ရွှေမှုံလေးကိုကြည့်၍ စိတ်ချမ်းသာရလေသည်။ သူ့နောက်သို့ အလွယ်တကူလိုက်မလာတာကဘဲ … ရွှေမှုံ လူကြီးဆန်စွာအတွေးအခေါ်တွေ မှန်ကန်လာပြီဟုထင်မိနေ၏။ ရွှေမှုံလေး လိမ္မာလာပြီပဲ … ခင်ပွန်းနှင့်ကွာရှင်းပြီးတာ မကြာသေး၍ သူနှင့် ရွှေမှုံတို့ အနေအထိုင်ဆင်ခြင်တာမျိုးလည်း ရွှေမှုံဘက်မှ ကြိုးစားနေသည်။





“ကောင်းပါပြီကွာ … ရွှေမှုံလေး စဉ်းစားဆင်ခြင်တဲ့တရားတွေ ပြည့်လာလို့ ကိုကိုအရမ်းကျေနပ်တယ်၊ စီးပွားရေးတွေလုပ်ပါ၊ လိုအပ်တာ ကိုကိုကူညီမယ်”

“ဟုတ်ကဲ့”

ကိုကို့မျက်ဝန်းအကြည့်တွေထဲမှာ သူမအပေါ် အချစ်တွေ အကြင်နာတွေ ပြည့်နှက်နေပေမယ့် … သူမ ရင်မခုန်တော့။ ကိုကို့ကို ချစ်ပါတယ်။ ကျွန်မနှလုံးသားထဲမှာပဲ သိမ်းထားတော့မယ်။ ကိုကို နိုင်ငံခြားထွက်သွားတော့ … သူမ တည်တည်ငြိမ်ငြိမ်နှင့် လူ့လောကကြီးကိုဖြတ်သန်းနေနိုင်ခဲ့တာ … ကျွန်မဘဝရဲ့အောင်မြင်တိုးတက်မှုတစ်ခုပါပဲ။ မေမေနှင့်အန်တီခက်တို့လည်း ပျော်ရွှင်နေကြသည်။

“ချစ်သမီးလေး … အခုလိုရင့်ကျက်တည်ငြိမ်သွားတာ … မေမေ အရမ်းဝမ်းသာပါတယ်ကွယ် … ဆုံးဖြတ်ချက်တွေမှန်ကန်လာတာလည်း အမြတ်ပါပဲ … စိတ်ချမ်းသာလိုက်တာ”

“အန်တီခက်လည်း အခုမှပဲ စိတ်ချမ်းသာရတော့တယ်၊ လူ့လောကကြီးက ဒီလိုပါပဲလေ”

ဒေါ်ဘရဏီနှင့်အန်တီခက်က … လုံးဝတခြားစီပါပဲ … ဒေါ်ဘရဏီရဲ့ ရက်စက်ယုတ်မာမှုတွေက ကမ်းကုန်နေသည်။ ဒီလောက်လေးနဲ့ပဲ ရွှေမှုံဘဝလေးရပ်တန့်သွားခဲ့လို့ပါ။ သူမ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ ကြိုးစားနေ၏။ ဘယ်သူ့ကိုမှ အားကိုးမနေဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝကို သူမကိုယ်တိုင် ကြိုးစားတည်ဆောက်နိုင်ရမည်ဖြစ်သည်။

"ရွှေမှုံလေး"

"ရှင် အန်တီခက်"

"ဒီနေ့သတင်းစာတွေထဲမှာတော့ ... သမီးအတွက် သတင်းကောင်းတစ်ပုဒ်တော့ မဟုတ်ဘူးထင်တယ်"

"ဘာသတင်းလဲ အန်တီခက် ... ကိုပြီးပြည့်စုံနဲ့မနေရည်ရည်တို့ လက်ထပ်လိုက်ကြတဲ့သတင်းလား၊ ရွှေမှုံ သိပြီးပါပြီ၊ ကိုပြီးပြည့်စုံ ကိုယ်တိုင် ဖုန်းဆက်ပြောတာပါ"

"သြော် ဟုတ်လား ... တော်သေးတာပေါ့လေ၊ သမီးလေး ရွှေမှုံ လူ့လောကကြီးထဲမှာ ကောင်းကောင်းရပ်တည်နေထိုင်သွားနိုင်ပြီပဲလေ"

ကိုပြီးပြည့်စုံက ဖုန်းဆက်ပြောခဲ့သည်။ မထင်မှတ်ဘဲ လုံးဝ မရည်ရွယ်ခဲ့ဘဲနဲ့ ... နေရည်ရည်နဲ့သူ လက်ထပ်ရတော့မယ်တဲ့ ... နေရည်ရည့်မှာ သူ့နဲ့ရတဲ့ကိုယ်ဝန် ရှိနေလို့တဲ့ ...

"မင်းကြောင့်ပဲ ကိုယ် အမှားအယွင်းတွေလွန်ကျူးမိတာပဲ ရွှေမှုံရဲ့ ... ကိုယ်တို့နှစ်ယောက်လုံး ရှေ့ဆက်ပြီး ဘယ်သူ့ဘယ်သူမှ အပြစ်မတင်ကြေးနော်တဲ့"

သူ အရက်တွေသောက်ထားပြီး မူးနေပုံပင် ... ကိုပြီးပြည့်စုံ ဘယ်တော့မှ အရက်မသောက်ခဲ့တာ သူမ သိထားသည်။





"ကိုကြီးချစ်တာ မင်းပါပဲ ကလေးရယ် ... မင်းလည်း ကိုကိုနဲ့ လက်ထပ်ပါ၊ မင်း ပျော်ရွှင်စေချင်တယ်လေ"

သူမ နှုတ်ဆိတ်နေခဲ့သည်။ ကံကြမ္မာပေါ်မှာပဲ သူမ ပုံချထားပစ်ခဲ့၏။ အန်တီခက်ကတော့ အန်တီခက်စိတ်အေးပါပြီကွယ် ဟု ပြော၍ ပြန်ထွက်သွားသည်။

"ကိုကို ... ကျွန်မတို့ ပြန်လည်ဆုံစည်းကြဖို့ ဖြစ်လာတာလား၊ အချစ်စစ်အချစ်မှန်ဆိုတာ ဘယ်တော့မှ မဖြောင့်ဖြူးတတ်ဘူးတဲ့"

ကိုကိုက ပညာတော်သင်သွားတာ သုံးနှစ်လောက်ကြာဦးမှာပါ။ သုံးနှစ်ဆိုတဲ့ အချိန်ကာလကြီးကို ကျွန်မ တည်တည်ငြိမ်ငြိမ်လေးပဲ ဖြတ်သန်းနိုင်ခဲ့သည်။

"ချစ်သမီးလေးက အောင်မြင်တဲ့ဒီဇိုင်နာတစ်ယောက် ဖြစ်နေပြီပဲ ... မေမေ့ချစ်သမီးလေးကို ဒီ့ထက်စိတ်ချပြီး ... မေမေ တရားဓမ္မနဲ့ အေးအေးချမ်းချမ်းနေနိုင်တဲ့အထိ စီစဉ်ပေးထားခဲ့ချင်တယ်ကွယ်"

"ဘာတွေလဲ မေမေ ... အခုလည်း ရွှေမှုံတည်ငြိမ်နေပြီလေ"

"မဟုတ်သေးဘူးလေ၊ ချစ်သမီးလေး ဘဝတစ်လျှောက်လုံးအတွက်ပါ"

"အင်း ... မေမေ ဘယ်လိုပဲစီစဉ် ချစ်သမီးလေးလက်ခံမယ်၊ ဘာလုပ်ချင်တာလဲ ပြော"

"ကိုကိုနဲ့ လက်ထပ်ပေးခဲ့ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ချစ်သမီးလေး ... ဘာတွေအံ့ဩတုန့်လှုပ်သွားရတာလဲ၊ မောင်ပြီးပြည့်စုံလည်း မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်သွားပြီလေ၊ သမီးတို့ကွဲကွာသွားတာလည်း သုံးနှစ်တောင်ကျော်သွားပြီပဲ၊ မေမေတို့လူကြီးမိဘတွေရဲ့ အကြီးမားဆုံးဆန္ဒမဟုတ်လား၊ လက်ခံပေးပါ ချစ်သမီးလေးရယ်"

ရွှေမှုံ ... အံ့ဩတုန်လှုပ်သွားတာတော့ မဟုတ်ပါဘူး မေမေ။ အရမ်းပျော်လို့ ရင်တွေတုန်ပြီး အသက်ရှူဖို့တောင် မေ့သွားရတာပါ။ မကြာခင် ကိုကိုပြန်လာတော့မယ်။ သူမဆီ နေ့စဉ် မပျက်မကွက် ဖုန်းဆက်ခဲ့သည်။

"ကိုကို့ဆန္ဒကရော မေမေ"

"လာပြန်ပြီလားကွယ် ... ကိုကို့ဆန္ဒတွေရော ... သမီးဆန္ဒတွေရောမေးပြီး အလွဲလွဲအချော်ချော်တွေဖြစ်ကုန်တယ်၊ မေမေတို့လူကြီးတွေဆန္ဒအတိုင်းပဲ လက်ခံလိုက်ကြပါတော့ကွယ်"

ဒေါ်မြတ်မြတ်သော်ကတော့ လုံးဝအလွဲမခံနိုင်တော့ဘူး။ အတင်းအကြပ်လက်ထပ်ပေးဖို့ပဲ စဉ်းစားဆုံးဖြတ်ထားသည်။

"မေမေတို့ဆန္ဒအတိုင်းပဲ လက်ခံသဘောတူပေးကြပါတော့ကွယ်"

ရွှေမှုံသိချင်တာက ကိုကို့နှလုံးသားတွေထဲက ဆန္ဒပဲ ... ရွှေမှုံ့အား ချစ်သည်ဟု တစ်ခွန်းတစ်စလေးတောင် မပြောခဲ့ဖူးပေ။ လူကြီးတွေဆန္ဒနှင့် ကိုကို့ကိုလက်ထပ်လိုက်ရမှာ ... ရွှေမှုံ သဘော





မတူမီ ... အောင့်သက်သက်နဲ့ ... ကိုကိုက ရွှေမှုံ့ဆီဖုန်းဆက်ထားခဲ့၏။ မနက်ဖြန်ပြန်လာမယ်။ လေဆိပ်မှာလာကြိုပါတဲ့ ... မေမေကတော့ ကိုကိုက ရွှေမှုံနဲ့လက်ထပ်ဖို့ သူ့ဘာက်ကနေသဘောတူပါသည်တဲ့ ... ရွှေမှုံမကြိုက်ဆုံးက ဒီအချက်ပဲ ... ရွှေမှုံအသိချင်ဆုံးက ကိုကို့နှလုံးသားတွေထဲမှာ ရွှေမှုံရှိရဲ့

နပြီလားလို့ ...

"ချစ်သမီးလေး ... အရင်ကအကျင့်တွေကို ပြင်လိုက်ပြီဆို မေမေတို့ဆန္ဒတွေအတိုင်းပဲ စိတ်စဉ်ရလိမ့်မယ် ... ကိုကို့ကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်နဲ့နော်"

မေမေကတော့ ... အမြဲတမ်း ကိုကို့ဘက်ကပဲရပ်တည်နေသည်။ ရွှေမှုံ ဂျီမကျတော့ပါဘူး။ ကိုကို့ကိုသွားကြိုတော့ မေမေနှင့် အန်တီခက်တို့က လိုက်မလာကြပေ ... သူမ တစ်ယောက်ထဲ ... ဝတ်စားပြင်ဆင်မှုကအစ ရင့်ကျက်တည်ငြိမ်သော မိန်းကလေးတစ်ယောက်အဖြစ် ဝတ်စားဆင်ယင်လာခဲ့သည်။ လေယာဉ်ဆိုက်လာ၍ သူမ တက်တက်ကြွကြွနှင့် ရှေ့ဆုံးမှ ကိုကိုထွက်အလာကို ကြိုနေလိုက်၏။ ချောမောခန့်ညားလှန်းတဲ့ အနောက်တိုင်းဝတ်စုံနှင့် ထွက်လာတဲ့ကိုကို့ကို တွေ့လိုက်ရသည်။

"ကိုကိုရေ ... ရွှေမှုံ ဒီမှာ ... ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



သူမအပျော်တွေ ဘယ်လိုပျောက်ဆုံးသွားပြီလဲဟုပင် မသိတော့ ... နှုတ်ခမ်းသားလေးတွေ ရှုတ်တရက် စူထွက်သွားသည်။

"ကိုကို ... ဘယ်ကမိန်းကလေးနဲ့ တွဲလာတာလဲ၊ ကြည့်စမ်း ရွှေမှုံလက်ပြနေတာတောင် မမြင်ဘူး၊ မုန်းစရာကောင်းလိုက်တာ နော်"

လူကြီးဆန်ဆန်နှင့် ကိုကို့ကိုဆီးကြိုမယ် ဆုံးဖြတ်ထားကာမှ မိန်းကလေးတစ်ယောက်တွဲလာ၍ ဒေါသထွက်ရပြန်သည်။

"ကိုကို ... ရွှေမှုံ ဒီမှာ"

"ဩော် ... "

ကြည့်လေ ... သူမကို လက်ကာပြပြီး ဘေးမှာကပ်ပါလာတဲ့ မိန်းကလေးကို စကားတွေရပ်ပြောနေသေးသည်။ ကိုကို့ချစ်သူလား နိုင်ငံခြားမှာတွေ့ကြတဲ့ မိန်းကလေးပဲလား ... အန်တီခက်ကပြောတော့ ရွှေမှုံနဲ့လက်ထပ်ဖို့ ကိုကို့ဆန္ဒပါတဲ့ ... သူမ စောင့်မနေတော့ဘဲ ... ကားဆီသို့ တစ်ယောက်ထဲလျှောက်လာခဲ့သည်။ အကြာကြီး စောင့်နေရပြီးမှ ကိုကိုရောက်လာ၏။ သူမနှုတ်ခမ်းလေးက စူစူတင်းတင်းဖြစ်နေသည်။

"ကောင်မလေး ... ဘာတွေစိတ်ကောက်ပြီး နှုတ်ခမ်းက စူနေရပြန်တာလဲ ... ရွှေမှုံလေး ... အရင်ကအတိုင်း မပြောင်းလဲသေးဘူးပဲ"

"ဟင် ... "





ဘာဖြစ်လို့မှန်းမသိဘဲ ကိုကိုနှင့် ပြဿနာဖြစ်ရမှာကိုတော့ ရွှေမှုံကြောက်မိသည်။ စူတင်းနေတဲ့နှုတ်ခမ်းလေးက ဘယ်လိုကနေ ဘယ်လို ပြေလျှော့သွားမှန်းမသိ။ အပြုံးလေးတွေပင် သူမနှုတ်ခမ်းလေးပေါ် ပြန်ရောက်လာ၏။ ကိုကိုလည်း ရယ်သည်။

"စိတ်ကောက်တတ်တဲ့ကောင်မလေးဆိုရင် ... ကိုကို အာရုံနှောက်တယ်နော် ကောင်မလေး"

ကိုကိုကရော ဘာဖြစ်လို့ ကောင်မလေးတစ်ယောက်နဲ့ တွဲနေရတာလဲလို့ ... အရင်ကဆို ရန်တွေ့ပစ်ပြီ၊ ဒါပေမဲ့ ကိုကို့ကို စိတ်အနှောက်အယှက်ဖြစ်အောင် ရွှေမှုံ မလုပ်လိုတော့ပေ ... ဟုတ်တယ်၊ ကလေးဆန်တာ ကိုကိုမကြိုက်ဘူး၊ ကိုကိုက သူမ ခေါင်းလေးကို ပုတ်သည်။

"သွားကြမယ်"

"ဟုတ် ... "

ရွှေမှုံလေး ... မင်းနှုတ်ခမ်းလေး ဘာဖြစ်လို့ဆူပုတ်နေတာလည်းဆိုတာ ကိုကိုသိပါတယ်။ ကိုကို ကောင်မလေးတစ်ယောက်နဲ့ တွဲလာလို့မဟုတ်လားကွာ ... သူ ရယ်ချင်သည်။ ရွှေမှုံလေး ... လူကြီးဆန်လာတယ်။ ကိုကို့ကို အနိုင်မကျင့်တော့ဘူးလား၊ စူပုတ်နေတဲ့မျက်နှာလေးကိုလည်း ချက်ခြင်းပြင်ဆင်လိုက်နိုင်သည်။

"ရွှေမှုံလေး"

"ရှင် ... "

"လူကြီးတွေက ကိုကို့ရွှေမှုံကို လက်ထပ်ပေးဖို့စီစဉ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုံလေးသိလား"

ရုတ်တရက်ကြီး ကိုကိုကမေးလိုက်တော့ ... ရွှေမှုံ ရှက်သွားရပြီး ဘယ်လိုဖြေရမှန်းပင်မသိ ... အဖြေက ရှာမရ ...

"မင်းဘက်က သဘောတူရဲ့လား"

"ရှင် ... "

"ကိုကိုနဲ့လက်ထပ်ချင်တဲ့ဆန္ဒ ရှိရဲ့လားလို့ပါ"

"ကိုကိုကရော"

"မင်းဆန္ဒအတိုင်းပဲလေ"

ကြည့် ... လာပြန်ပြီ။ အရင်တုန်းကလည်း ရွှေမှုံသဘောကိုကို့သဘောနဲ့ ပြဿနာတွေ အများကြီးတက်ခဲ့ကြရသည်။ အခုလည်း ထပ်ပြီးဖြစ်ဖို့ အကြောင်းဖြစ်လာရ၏။ ကိုကို တကယ်ပဲမပြတ်သားဘူး။ ကိုကိုနဲ့တွဲလာတဲ့ မိန်းကလေးအကြောင်းလည်းသိချင်သည်။ မေးလည်းမမေးရဲ ... ကိုကို့ချစ်သူဟု ဖြေလိုက်မှာကိုသူမ ကြောက်မိနေ၏။ ကိုကိုက ရွှေမှုံ့ကိုမချစ်ပါဘူး။ လူကြီးတွေအတင်းအကျပ်စီစဉ်လို့ ... ကိုကို မလွှဲသာမရှောင်သာ လက်ထပ်ယူမှာ မဟုတ်လား။ သူမရင်တွေ ပူပြင်းလောင်မြိုက်နေသည်။

"ရွှေမှုံလေးကို ပြောစရာရှိတယ် ... ကားကို ... ဟိုရှေ့က စားသောက်ဆိုင်မှာ ရပ်လိုက်လေ"

"ဟင် ... ဘာပြောမလို့လဲ ကိုကို ... ပြောစရာရှိရင် အိမ်ကျမှပဲပြောပါ"

ကိုကိုရယ် ... ရွှေမှုံ မကြားရဲလို့ပါ ... ကိုကိုနဲ့တွဲလာတဲ့





မိန်းကလေးက ကိုကို့ချစ်သူလို့ ပြောမှာမဟုတ်လား။ လူကြီးတွေစီစဉ်တာကိုငြင်းဖို့ ပြောမှာသေချာပါတယ်။ သူမ ကားကိုမရပ်တော့ဘဲ အိမ်အထိပဲမောင်းလာခဲ့သည်။

"ရွှေမှုံ ... ခဏလောက်ရပ်ပေးပါကွာ ... ကိုကို့ရင်ထဲကမဖြစ်မနေပြောရမယ့်စကားကို ပြောမှဖြစ်မှာမို့ပါ၊ လူကြီးမိဘတွေရှေ့မှာ မပြောချင်လို့ပါ"

"မပြောနဲ့ ... ရွှေမှုံ ဘာမှမကြားချင်ဘူး၊ လူကြီးတွေရှေ့ရောက်မှ ကိုကိုပြောချင်ရာပြောပါ၊ မကြားချင်ဘူး ... ရွှေမှုံ လုံးဝမကြားချင်ဘူး"

"ဟော့ကောင်မလေး ... အဲဒီလိုကလေးဆန်တာ ... ကိုကိုလုံးဝမကြိုက်ဘူးနော် ... ရွှေမှုံ့ကို ဘာမှမပြောရသေးဘဲနဲ့ ဘာလို့မကြားချင်ရတာလဲ ... ကိုကိုပြောချင်တဲ့စကားက ရွှေမှုံလေးကိုချစ်တယ်လို့ ပြောမလို့"

"ရှင် ... "

"မကြားချင်ရင်လည်း ကိုကိုမပြောတော့ပါဘူး၊ ကဲ ... ကားကို ဆက်မောင်းတော့"

"ကိုကို ... ဘာပြောလိုက်တယ်"

"မကြားချင်ဘူးဆို"

"ပြောစမ်းပါ ... စောစောက ကိုကိုဘာ[illegible] ရွှေမှုံ ထပ်ကြားချင်လို့ပါ၊ သေချာအောင်ထပ်[illegible]"

"တော်ပြီကွာ ... လူကြီးတွေရှေ့မှာပဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com

"အို ... ဒီစကားမျိုးက လူကြီးတွေရှေ့မှာ ပြောဖို့မှမကောင်းတာ ... ရွှေမှုံကြားချင်တယ်၊ ထပ်ပြောပါနော် ကိုကို"

"ကလေးရယ် ... ကိုကို ... ရွှေမှုံလေးကိုချစ်တယ်လို့ ပြောတာပါ၊ ငယ်ငယ်လေးထဲက ချစ်တယ်၊ ကိုကို အိုင်တင်ခံတာများသွားတယ်လေ၊ ဟိုအရင်ထဲက ကိုကို့နှလုံးသားတွေထဲမှာ ရွှေမှုံလေးကိုချစ်တဲ့အချစ်တွေ ရှိနေခဲ့ပါတယ်ကွာ"

"ကိုကိုရယ် ... ရွှေမှုံ အမြဲတမ်းမျှော်လင့်တောင်းတနေခဲ့ရတဲ့စကားတွေပါ၊ ကိုကို့နှလုံးသားတွေထဲက အချစ်တွေနဲ့ လက်ထပ်တာကိုပဲ ရွှေမှုံလိုလားတောင်းတခဲ့ရတာပါနော် ... ကိုကို့ကိုလည်း ရွှေမှုံချစ်တယ်"

"ရွှေမှုံလေးရယ် ..."

ကိုကိုက ... သူမ ခန္ဓာကိုယ်လေးအား ... ဆွဲယူပွေ့ဖက်၍ သူ့ရင်ခွင်ထဲမှာ ခိုဝင်မှီတွယ်စေသည်။ အနမ်းမိုးလေးရွာချခဲ့၏။ လောကကြီးတစ်ခုလုံး အေးချမ်းသွားရသည်။

မေမေ ဖုန်းဆက်မှ အသိတွေဝင်လာရပြီး ... ဟုတ်ကဲ့မေမေ စိတ်မပူပါနဲ့ ... ကိုကို့ကို ကြိုလာပြီဟုပြောရင်း ကားစက်ကိုပြန်နှိုးပြီး မောင်းထွက်လာခဲ့ရ၏။ ကိုကိုက သဘောကျစွာရယ်တော့ ... ရွှေမှုံလည်း ခန္ဓာကိုယ်လေး သိမ့်သိမ့်တုန်အောင် ရယ်မောပစ်လေသည်။

ရှင်မြတ်နိုး

ဖိုးလပြည့်စာပေ